
www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ

BURMESE CLASSIC .com



(ဒုတိယအကြိမ်)

Design

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ


စာမူခွင့်ပြုချက်အမှတ် – ၅၀၁၈၄၆၁၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၈၄၀၁၁၀

၂၀၁၀ ခုနှစ်၊ ဧပြီလ

ဒုတိယအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉–လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိုး(ဆေးတက္ကသိုလ်)

ကောင်းကင်ပေါ်ကချစ်သူတို့ရဲ့ပွဲ/ရှင်မိုး(ဆေးတက္ကသိုလ်)–ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

စာ – ၈၁ ၊ ၁၂×၁၈ စင်တီ။

(၁) ကောင်းကင်ပေါ်ကချစ်သူတို့ရဲ့ပွဲ


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com








စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# ရင်ငိုမိုး (ဆေးတက္ကသိုလ်)



## ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ

ဒု တိ ယ အ ကြိ မ်

www.burmeseclassic.com

www.burmeseclassic.com








သူမဟာ ချစ်သူထံမှ ချစ်ခြင်းဟူသမျှကို ပိုင်ဆိုင်ခွင့် ရလိုသော မိန်းမတစ်ယောက်ဖြစ်ကြောင်း ဝန်ခံပါရစေဦး။ ချစ်သူ၏ စိတ်ကူးများ၊ ရူးသွပ်မှုများ၊ ခုံမင်တွယ်တာမှုများ၊ ချစ်ခင်မြတ်နိုးမှု များ ... အိုး ... အားလုံး ... အားလုံးပဲပေါ့။ အဲဒီသက်ဆိုင်ခြင်းများ ကို နေရာပေးတဲ့အခါ သူမဟာ "ပထမ"နေရာမှာ ရှိချင်သူလည်း ဖြစ်သေးသည်။

စဉ်းစားကြည့်။ ချစ်သူ၏ ဂရုစိုက်ခံမှုများ၊ သည်းသည်းလှုပ် စွဲလမ်းခြင်း ခံရမှုများနဲ့ ပြည့်စုံကြွယ်ဝတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝ လောက် ကျေနပ်စရာကောင်းတာမရှိ။ အဲဒါဟာ သူမ တော်တော်ပဲ လက်ခံခဲ့သည့်အချက်ပင်ဖြစ်ပါသည်။

သို့သော် လက်တွေ့မှာတော့ သူမ၏ချစ်သူသည် သူမအား မြတ်နိုးချစ်ခင်သည်မှန်သော်လည်း သူမ လိုလားသည့် ချစ်သူက ပထမနေရာပေး၍ ဂရုစိုက်ခံရခြင်းကို မရခဲ့ပေ။ သူမသည် အမြဲတမ်း ချစ်သူဘက်မှ ဂရုစိုက်မှုကို ဒုတိယနေရာ၌သာ ထားရှိခံစားသူဖြစ်နေ ခြင်းမှာ အရာဝတ္ထုတစ်ခုကြောင့်ပင် ဖြစ်ပါသည်။

ထိုအရာဝတ္ထုကား သူမအမြင် ဝေဖန်ရသော် အသုံးကျခြင်း နည်းပါးလျက် အဆင်မသင့်လျှင် အသက်အန္တရာယ်ထိခိုက်ဖို့ အခွင့် အလမ်းများသည့် ဆိုင်ကယ်တစ်စီးပင် ဖြစ်ပါသည်။

ထိုဆိုင်ကယ်က သူမ၏ချစ်သူ ပိုင်ဆိုင်သော ဆိုင်ကယ် တစ်စီးဖြစ်သောအခါ ...

ရွှေစင်ဖြာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းဆီရောင်တောက်နေသော သတို့သမီးကလေး၏ အပြုံးက ရင်ထဲကလာသော အပြုံးရော ဟုတ်ရဲ့လား။ ထိုအပြုံးဟာ တကယ်ရော လှိုက်လှိုက်လှဲလှဲ ရှိရဲ့လား။

နေဦး ... အဲဒါတွေထားတော့။ သေချာတာက သူမရဲ့အပြုံးမှာ ခနဲ့ခြင်းတွေ၊ မထေ့မဲ့မြင်ခြင်းတွေ၊ လှောင်ပြောင်ခြင်းတွေ အနိုင်ရယူခြင်းတွေနဲ့ တောက်ပနေခဲ့တာတော့ အမှန်ပဲ။

ဟုတ်တယ်။ ဒီခန်းမတစ်ခုလုံးမှာရှိသမျှ ဧည့်သည်တွေထဲမှာ သူတစ်ယောက်သာ ခွဲခြားစိတ်ဖြာ သိရှိနိုင်တဲ့ အပြုံးမျိုးကို သူမရဲ့ ပန်းဆီရောင် နှုတ်ခမ်းဖျားမှာ တင်ထားလေရဲ့။ ဒီလိုပြုံးရတာကို မင်းကျေနပ်တယ် မဟုတ်လား ... ရွှေစင်ဖြာ။ အထူးသဖြင့် ကိုယ့်ရှေ့မှာ ဒီလို ပြုံးနေရတာကို မင်း ပီတိဖြစ်တယ် မဟုတ်လား ... အဲဒီ့အတွက် ကိုယ်က မင်းအစား ဝမ်းသာပေးရမှာပေါ့။

"ကိုကို ... သူက ကျွန်မ မိတ်ဆွေရင်းချာတွေထဲက တစ်ယောက်ပဲ ... ဆိုင်ကယ်မင်းသားပေါ့ ... ဆိုင်ကယ်စတန့်စီးတာ သိပ်ကြည့်ကောင်းတယ်ကိုကိုရဲ့ ... သူ့ဘဝမှာ ဆိုင်ကယ်ကိုတော့ ဘယ်အရာနဲ့မှ နေရာလဲမပေးနိုင်တဲ့ အထိ ရူးသွပ်တာလေ ... နောက်ကြုံရင် သူ့ဆိုင်ကယ်ကြီး ကိုကို့ကို ယူလာပြဖို့ ကျွန်မတောင်မှာမလို့ စဉ်းစားနေတာ ... ဘယ်လိုလဲ တော်လှ ... ရှင့်ဆိုင်ကယ်ကြီး အခုရော ဝါမှ ပါရဲ့လား ... ခြစ်ရာပွန်းရာမပြောနဲ့ ဖြူတစ်မှုန် တင်တာတောင် သူက မကြိုက်ဘူးရှင့် ... ကိုကို အံ့သြပြီ မဟုတ်လား ... သူ့နာမည်က တော်လှဝင်းတဲ့ ကိုကို"





သူ ပြုံးလိုက်မိသည်ထင်သည်။ သူ့ကို ခနဲ့သော စကားပေမယ့် သူ ခံနိုင်ရည်ရှိစွာ၊ ပြီးတော့ သူ မြတ်နိုးသော မိန်းမတစ်ယောက်က သူ့မဟုတ်သော အခြားယောကျ်ားတစ်ယောက်၏ လက်မောင်းကို တွဲချိတ်နှဲ့မှီနေခြင်းကို မလိုလားနိုင်ခဲ့ပေမယ့် ဟန်ဆောင်ကောင်းစွာ သူ ပြန်လည်ပြုံးပြနိုင်ခဲ့ပါသည်။

ဝန်းဆီရောင် တောင်ရှည်ချိတ်ပုဆိုး ပိုးရင်ဖုံးတိုက် ပုံအဖြူကို ဝတ်ဆင်ထားသော သတို့သားက သူ့ကို ညာလက်ကမ်းပေး၏။ ထိုသူ့လက်ဖဝါးတွေကို သူ မုန်းသည်။ ထိုတောင် မထိချင်။ သူ မြတ်နိုးရသော မိန်းမတစ်ယောက်ကို သူ့လက်ထဲက ဆွဲခေါ်သွားတော့မည့် လက်ဖဝါးတွေ။ ဖြစ်နိုင်ရင် ထိုလက်ဖဝါးတွေကို ဓားထက်ထက်နဲ့ ဖြတ်တောက်ပစ်လိုက်ချင်၏။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုတော်လှဝင်း ... ခင်ဗျား အကြောင်းတချို့ကို ကျွန်တော် မဂ္ဂဇင်းမှာ ဖတ်ဖူးတယ်ထင်တယ် ... ဗွီဒီယိုကားတွေမှာ ဆိုင်ကယ်စတန့် မင်းသားအဖြစ် ပါဝင်နေကျ ... ဆိုင်ကယ်ဝါသနာအိုးတစ်ယောက်မဟုတ်လား ... ကြည့်စမ်း ရွှေစင့်မိတ်ဆွေ ဖြစ်နေလိမ့်မယ်ဆိုတာ ကျွန်တော် လုံးဝ တွေးမထားခဲ့မိဘူး"

"ကျွန်တော်တို့ ခင်နေကြတာ ကြာပါပြီ ... လူချင်းခင်ပေမယ့် ရွှေစင်ဖြာက ကျွန်တော့်ဆိုင်ကယ်ကိုတော့ မခင်ဘူးဗျ ... သူက ကျွန်တော့်ဆိုင်ကယ်ကို မုန်းသတဲ့ဗျာ ... ဈေးကြီး ပေးရတာခြင်းအတူတူ လူနှစ်ယောက်ပဲ စီးခွင့်ရလို့ ကား တစ်စီးနဲ့ယှဉ်ရင် လုံးဝ အသုံးမကျဘူးဆိုပြီး သူက ဝေဖန် နေကျပေါ့ဗျာ ..."

ရှိုးသားစွာ ပြုံးတတ်သော သတို့သားနှင့် သူတို့ လက်ဆွဲနှုတ်ဆက်ကြလေသည်။ သူမက ခပ်တည်တည် မာနကြီးသောမျက်လုံးများ၊ သို့သော် နှုတ်ခမ်းများက အနိုင်ပြုံးကိုဆင်လျက် သူ့ကို စိုက်ကြည့်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဝန်းဆီရောင် အသွေးကြွသော မိတ်ကပ်မျက်နှာကလေးကို နောက်ဆုံးတစ်ချက် ငေးကြည့်လိုက်သည်။ မာနကို တစ်စက်မှမလျှော့သော မျက်နှာကလေးကို သူ စပြီးချစ်ခဲ့တာ၊ ပြီးတော့ မာနကြီးသော စကားသံကလေးတွေကို သူစပြီး စွဲလမ်းခဲ့တာ၊ ပြီးတော့ မာနကြီး သူကလေးရဲ့ နှလုံးသားထဲမှာနေရာရဖို့ သူပဲ အတင်းကြိုးစားခဲ့တာ။

ကဲ အခုတော့ သူမ၏မာနကြောင့်ပင် သူ မလိုလားခဲ့သော အဖြစ်အပျက်တစ်ခုက ဖြစ်ပွားခဲ့လေပြီ။

"ရှင်လည်း ... မာနကြီးတာပါပဲ တော်လှ"

ဟု သူမက စွပ်စွဲခဲ့လေသည်။

မဟုတ်ဘူး။ ကိုယ် မာနကြီးတာ မင်းအပေါ် မာနထားတာ မဟုတ်ဘူး ရွှေစင်ဖြာ။ အဲဒါကို မင်း ဘယ်တော့မှ သဘောပေါက်မှာ မဟုတ်ဘူး။ ကိုယ်က ကိုယ့်ရဲ့ စွဲလမ်းရူးသွပ်မှုကို လက်မလွှတ်နိုင်ခဲ့တာပါ။

တော်လှဝင်း







ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ

အပိုင်း(၁)

တော်လှဝင်း၏ ရွှေစင်ဖြာ





www.burmeseclassic.com

www.burmeseclassic.com






ရွှေစင်ဖြာသည် နံဖူးပေါ် ဝဲကျနေသော ဆံမျှင်တချို့ကို တစ်ချက်သပ်တင်လိုက်၏။ ခြင်းတောင်းကလေးပါသော တွန်းလှည်းထဲမှာ ဝယ်စရာပစ္စည်း တော်တော်လည်း စုံလင်လှပြီ။ မာတိုဗာတစ်ပုလင်းပဲ ဝယ်ဖို့ ကျန်တော့သည်။ အဲဒါဝယ်ပြီးရင်တော့ Asia Light ထဲက မြန်မြန်ထွက်မှ နောက်မို့ မြင်မြင်ကရာ ဝယ်ချင်သော သူမ၏စိတ်ကို သူမ မနိုင်။ မေမေမှာသမျှပစ္စည်းအပြင် ထပ်ဝယ်ထားတာဖြင့် များနေပြီ။ တော်ကြာ မေမေက မလိုတာတွေ ဝယ်လာရသလားလို့ ခြည်တွန်ဦးမှာကို သူမ တော်တော် နားငြီးတတ်ပါသည်။

ကျောပိုးအိတ် သေးသေးကလေးကို တစ်ချက်ပြင်လွယ်၍ မာတိုဗာပုလင်းများထဲမှ တစ်ပုလင်းကို လက်လှမ်းလိုက်ပါသည်။ အဲဒီအချိန်မှာပင် တိုက်ဆိုင်လှစွာ သူမ၏ လက်ဖဝါးပေါ်သို့ နောက်ထပ် လက်ဖဝါးတစ်ဖက်က လာအုပ်ကိုင်မိလျက်သား





အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့လေသည်။

ကြည့်စမ်း။ ဒါ တမင်လုပ်တာဟု ဒေါသဖြစ်သွားကာ သူမ၏ လက်ဖမိုးအား အုပ်ကိုင်ထားသူအား ချက်ချင်း မော့ကြည့်လိုက်၏။ ဟင်း၊ ခေါင်းတငုံ့ငုံ့နဲ့ ကိုယ်လိုချင်တဲ့ပစ္စည်းကိုပဲ လိုက်ကြည့်နေမိတာကိုက ငါ့အမှားလို့တော့ တိတ်တိတ် ဝန်ခံပါရဲ့။

"ဟင် ... ရှင် ဒါ တမင်ဇာတ်လမ်းထွင်တာ မဟုတ်လား မာတိုဗာပုလင်းတွေ ဒီလောက်အများကြီး စီထားတာတွေ့ရက်နဲ့ ကျွန်မယူထားတဲ့ ပုလင်းကိုမှ တမင် လာကိုင်တယ် ရှင် မျက်စိမပါဘူးလား ... သူများယူထားပြီးသားကို မြင်ရက် လာကိုင်ရလောက်အောင် မျက်စိတော်တော်မှုန်တယ် ထင်တယ် ... "

"ဟာ ... တရားစပ်ပါလား ... တစ်စက်မှဘောင် မရပ်ဘူး ... ခင်ဗျား ပါးစပ်ကထွက်တဲ့ စကားသံတွေဟာ ကျည်ဆန်ဖြစ်ရင် ... အင်း ... ကျွန်တော်တော့ တစ်ကိုယ်လုံး ဆန်ခါပေါက်များ ဖြစ်သွားမလားဘဲ ... "

သူက သူ့လက်ကို ပြန်ရုပ်လိုက်၏။ ကြည့်စမ်း သူ့မျက်နှာကို သူမ သိပ်မြင်ဖူးတာပဲ။ ဘယ်နေရာမှာ မြင်ဖူးပါလိမ့်။ သူမ ဇဝေဇဝါဖြစ်သွားစေသော မျက်နှာတစ်ခု၏ပိုင်ရှင်ပင် ဖြစ်သည်။ သူ့အရပ်ကြီးက သူမအပေါ် မိုးထားလေသည်။ သူနဲ့ သူမ၏ အနေအထားက မျက်နှာချင်းဆိုင်ဖြစ်၍ သူမအား စူးစိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော သူ့မျက်လုံးများကို တိုက်ရိုက်ရင်ဆိုင်ရသောအခါ သူမ ခပ်မြန်မြန် မျက်နှာလွှဲရလေသည်။

အင်း … ဒီမျက်လုံးတွေက သိပ်တောက်ပလွန်းနေသလားပဲ။ ပြီးတော့ သိပ်ပြီး ညှို့ငင်တတ်သလိုပဲ။

"ကျွန်တော် … တမင် ဓာတ်လမ်းလုပ်တာမဟုတ်ပါဘူး တကယ် မမြင်မိလို့ပါ … ဟိုဘက်က ပစ္စည်းတွေကို ငေးရင်း မာတိုဗာပုလင်းကို လက်လှမ်းလိုက်မိလို့ ခင်ဗျားယူထားပြီးသားကို ကိုင်မိသွားတာပါ … ဆောရီး … ဆောရီး ကဲ … ခင်ဗျားယူထားပြီးသားပုလင်းကို ခင်ဗျားပဲ ယူလိုက်ပါတော့ … ကျွန်တော် နောက်တစ်ပုလင်း ယူလိုက်ပါ့မယ်"

ပန်းနုရောင် ဖျော့ဖျော့တင်ထားသည့် နှုတ်ခမ်းရှုရှုကလေးက တော်တော် ချစ်ဖို့ကောင်းလေသည်။ ပခုံးထိသာသာ ဆံပင်ပျော့ပျော့များက နက်မှောင်မနေဘဲ ခပ်ညိုညိုအရောင်ကလေး သမ်းနေသေးရဲ့။ နဖူးပေါ် ဖရိုဖရဲ ဝဲကျနေသည့် ဆံမျှင်ပျော့ပျော့ ခညီမညာတွေနဲ့ ဝန်းရံထားသော မျက်နှာလုံးလုံးကလေးသည် မာနကြီးသော မျက်ဝန်းများနှင့် နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်မထားဘူးဆိုလျှင် ဒီ့ထက်မက ချစ်စရာကောင်းမည်။

နေစမ်းပါဦး သူ တဒင်္ဂ ဘာဖြစ်သွားသလဲ။ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို သေသေချာချာ ကြည့်မိခြင်းဖြစ်ပေသည်။ သူမသည် သူ့ကို ရန်





ထွက်နိုင်စေသော ဆွဲအားတချို့ဖြင့် စတင် ညှို့ငင်ပြီဟု သူ လက်ခံချင်သွား၏။

မင်းကို ကိုယ် စိုက်ကြည့်မိတဲ့အတွက် အနေခက်သွားတယ်ဆိုရင် ကိုယ့်ရဲ့ ရိုင်းပျမှုအဖြစ် ခွင့်လွှတ်ဖို့ တောင်းပန်ချင်ပါရဲ့။

"ဝယ်ထားတာတွေ … တော်တော်များတယ် … "

သူက သူမဝယ်ထားသမျှတွေကို စပ်စပ်စုစု ကြည့်ရင်း မိတ်ဆွေဖွဲ့ဖို့ စတင်ပြင်ဆင်မိ၏။ သို့သော် အချည်းနှီး။ သူမက မာနကြီးစွာ ဆတ်ခနဲ မျက်နှာလွှဲလျက် မာတိုဗာပုလင်းကို တွန်းလှည်းခြင်းတောင်းကလေးထဲထည့်ကာ သူ့ရှေ့မှ ထွက်သွားဖို့ ပြင်ဆင်လေသည်။

ဒီလိုတော့ ဘယ်ရမလဲ အမျိုးသမီးကလေးရဲ့။ ကိုယ်က ဒီလောက်ကလေးနဲ့ စိတ်ပျက်သွားမှာမဟုတ်ဘူး။ ကိုယ် စိတ်ဝင်စားမိပြီဆိုရင် ဘယ်တော့မှ လွယ်လွယ်နဲ့ အလျှော့မပေးတတ်ဘူးဆိုတာ မင်း နောက်တော့ သိမှာပါ။

သူမက ငွေချေဖို့ ကောင်တာဆီကို တွန်းလှည်းကလေးကို တွန်းယူသွား၏။ သူကတော့ တွန်းလှည်းကလေးနဲ့ ဘယ်ရလောက်အောင် ပစ္စည်းများများစားစား မရှိလှ၍ လက်ကိုင်ခြင်းကလေးလောက်သာ ကိုင်ထားပြီး သူမနောက်မှ တိတ်တဆိတ် လိုက်လာမိခဲ့သည်။

ကိုခန်း



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျွတ်အိတ်များထဲ ပစ္စည်းတွေ တနင့်တပိုး ထည့်ကာ ကိုင်ထားရတာကိုမြင်လျှင် သူ အင်မတန် ကူညီချင်သွားပါသည်။ မယုံမရှိနဲ့။ တော်လှူဝင်းဟာ တော်ရုံနဲ့ ဘယ်မိန်းမတစ်ယောက်ကိုမှ သနားတာ၊ ကူညီချင်တာ၊ ဖေးမချင်သွားတာတွေ မရှိဖူးဘူး။

"လူက သေးသေးလေးနဲ့ … ပစ္စည်းတွေက များနေပြီ … သယ်နိုင်ရဲ့လား … ကျွန်တော် ကူသယ်ပေးမယ်လေ … နောက်မို့ ပစ္စည်းအလေးချိန်ကြောင့် ခပ်ဖျားမှာ နဂိုရှိတဲ့ ငါးပေကျော်ကျော်အရပ်ထက်တောင် ပိုနိမ့်သွားနိုင်တယ်ဗျ"

အင်မတန် ဗရုတ်ကျတဲ့လူပဲ။ ပြောစမ်း ကြိုက်သလောက်စကားတွေ ပြောပြီး အရောဝင်စမ်း။ ရှင်နဲ့ လုံးဝ အသိအကျွမ်း ဖြစ်မသွားစေရဘူးမှတ်။ ရွှေစင်ဖြာသည် သူမမှတ်ဉာဏ်ထဲတွင် မြင်ဖူးသလိုလိုရှိသော ရုပ်ရည်ပိုင်ရှင်ကလေးကို သေချာသွားအောင် နောက်တစ်ခါ ပြန်ကြည့်ချင်သော်လည်း သူ့ထံမှ ဗရုတ်ကျကျ။ ခပ်ရူးရူးစိုက်ကြည့်ပြီးတော့ ရီဝေညို့ငင်သော မျက်ဝန်း။ အင်းအဲဒါတွေကိုလန့်လို့ နောက်တစ်ခါ ထပ်ကြည့်ချင်သည့်ဆန္ဒကို ချိုးနှိမ်လိုက်ပါသည်။

သူက သူမနံဘေးမဟုတ်သော်လည်း နံဘေးရောက်မှာ မ၏ နောက်ကျောခပ်ကျကျမှာ ခပ်ဖြည်းဖြည်း လျှောက်သော၏။ မိန်းကလေးတစ်ယောက်ကို ချက်ချင်းတွေ့၊ ချက်





ချင်းအရောဝင်၊ ချက်ချင်းစိတ်ဝင်စားတတ်သော ယောက်ျားကလေးများကို သူမ မုန်းတီးလေသည်။

သို့သော် သူ့အမူအရာများကိုကျတော့ မနှစ်မြို့ပေမယ့် မုန်းတီးသွားတာမျိုးမဖြစ်တာကိုက ရွှေစင်ဖြာ နည်းနည်းလွန်နေသလား။

TAXI ဟု ခေါင်းစီးကလေး ကားခေါင်မိုးပေါ်မှာ တင်ထားသည့် "ကက" နံပါတ် ဆလွန်းကားတစ်စီးကို သူမ လက်ထားတာကိုလည်း သူ ရပ်ကြည့်ခဲ့၏။ သူ ရပ်ကြည့်နေသလားဆိုတာကို သူမ သိနေတယ်ဆိုကတည်းက စဉ်းစားကြည့်။ သူမ ကိုယ်တိုင်က သူရှိရာနောက်ဘက်နားဆီ မကြာခဏ မျက်စိစွေကြည့်နေခဲ့လို့ပဲပေါ့။

"ဟော့ … ခဏနေဦး … မင်း ဘယ်မှာနေလဲဆိုတာ ကျွန်တော် သိခွင့်မရှိဘူးလား … "

ကားနောက်ခန်းထဲ ဝင်ထိုင်အပြီးမှာ သူသည် သူမ၏ အငှားကားနံဘေးသို့ ကြီးမားခန့်ညားလှသော ဆိုင်ကယ်ကြီးတစ်စီးကို စီးလျက်သား ရောက်ရှိလာခဲ့သည်။ ကြည့်စမ်း … ကားနောက်ခန်းထဲ ကျွတ်ကျွတ်အိတ်တွေ ထည့်ရ၊ ဒရိုင်ဘာနဲ့ သွားမဲ့နေရာ ပြောရ၊ ဈေးညှိရနဲ့ ခဏလေး သူ့ကို မျက်ခြေပြတ်ချိန်မှာ သူက သူ့ဆိုင်ကယ်ကြီးနဲ့ သူမအနားကို ရောက်နှင့်ပြီးနေခဲ့သည်။

အငှားကား ဒရိုင်ဘာကတော့ သူမရှိရာနေ[illegible]ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ကြည့်ကာ မောင်းထွက်သွားရကောင်းနိုး၊ မမောင်းရကောင်းနိုးဖြင့် ဇဝေဇဝါ ဖြစ်နေလေသည်။

သူ၏ အတင့်ရဲမှုများအတွက် တုံ့ပြန်စရာ စကားက သူမ၌ တစ်ခွန်းတည်းသာရှိကြောင်း ဒရိုင်ဘာရော သူပါ သိခွင့်ရသွားခဲ့သည်။

"လဲသေလိုက် ... "

ဟူသော တစ်ခွန်းဖြင့် သူ့ကို ကျိန်ဆဲပြီးလျှင် ကားမှန်ကို တင်ပစ်လိုက်သည်။

"ကဲ ... ကျွန်တော် မောင်းလို့ရပါပြီနော် ... "

"ရှင်မောင်းသင့်တာ ကြာပြီ ... ကျွန်မ ကားထဲဝင်ထိုင်ပြီးကတည်းက ရှင်မောင်းထွက်ခဲ့ရင် ကျွန်မအတွက် အကုသိုလ်နည်းတာပေါ့ရှင့် ... "

ဒရိုင်ဘာက လျှို့ဝှက်စွာ ပြုံးလိုက်သည်။

ကားက မင်္ဂလာဈေးကျော်လာသောအခါ သူများနောက်က လိုက်လာမလားဟု သူမ သိချင်လာပြန်သည်။ နောက်ဘက်သို့ စောင်းငဲ့ကြည့်လျှင် ထင်သည့်အတိုင်းပင် သူ့ဆိုင်ကယ်ကြီးက သူမ၏ အငှားကားနောက်ပါးမှာ ကပ်ပါလာခဲ့တာ တွေ့ရသောအခါ ရွှေစင်ဖြာက အဲဒီအတွက်တော့ ကျေနပ်သတဲ့လေ။

သူ့မှာ သူမလောက်နီးပါး အရှည်ရှိမည့် ဆံပင်ရှည်တစ်ချို့နှင့်ဖြစ်သည်။ သို့သော် သူကတော့ အဲ့ဒီဆံပင်တွေကို ဝိုနီ





www.burmeseclassic.com



တေးလ်ကလေးလို နောက်ဘက်မှာ စုစည်းချည်နှောင်ထား၏။ ရှေ့ဘက်မျက်နှာပြင်ကိုတော့ မညီညာသောဆံပင်နက်နက်တွေက ဝဲကျနေတတ်ပြီး သူက သူမကဲ့သို့ပင် ထိုဝဲကျသောဆံပင်များကို မကြာခဏ သပ်တင်တတ်တာခြင်း အကျင့်တူ၏။

သူ့အသားအရေများက ညိုပါသည်။ သို့သော် စိုပြည်သန့်ပြန့်နေ၏။ သူ့မျက်ခုံးများက...................။ ပြီးတော့ သူ့မျက်ဝန်းရူးရူးရှုရှုတွေ။ အင်း ဟုတ်ပါပြီ။ သူ့ကို သူမ ဘာကြောင့် မြင်ဖူးနေရသလဲဆိုတာ အခုမှ သူမ သိလိုက်ပြီ။ တွေ့စက ဒီရုပ်ရည်မျိုး မြင်ဖူးလိုက်တာ မြင်ဖူးလိုက်တာနဲ့ အံ့သြမိခဲ့ခြင်း၏ အဖြေက ထွက်ခဲ့လေပြီ။

သူသည် ရွှေစင်ဖြာ အနုတလောကလေးတွင် ငှားကြည့်ဖြစ်ခဲ့ပြီးသည့် နိုင်ငံခြားဗွီဒီယိုကားထဲက မင်းသားတစ်ယောက်နဲ့ တူနေခြင်းဖြစ်သည်။

ကြည့်စမ်း။ သူက သူမ အင်မတန်သဘောကျနေခဲ့ပြီးဖြစ်သော ANTONIO BANDERAS ဆိုသည့် အမေရိကန်ကားတွေထဲက နာမည်ကြီး စပိန်မင်းသားနဲ့ ချွတ်စွတ် တူနေပါရောလား။

အဲဒီအတွက်နဲ့ ရှင့်ကို မျက်နှာသာပေးမယ်လို့တော့ မျှော်လင့်နဲ့ရှင်။ ကျွန်မက ANTONIO BANDERAS ကိုပဲ စိတ်ဝင်စားတာ။ ရှင့်လို ဂျစ်ပစီကိုတော့ စိတ်မဝင်စားပေါင်ရှင်။

သူမက ထိုအတွေးဖြင့် နှုတ်ခမ်းကလေး အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် ကွေး၍ ပြုံးမိသည်။ အဲဒီအချိန်မှာ သူ့ဆိုင်ကယ်က သူမ၏ ကားနံဘေးမှ ဖြတ်တက်လျက်။ ပြီးတော့ သူက ဟဲလ်မက်အောက်မှ မျက်လုံးများဖြင့် သူမအား တစ်ချက် စိုက်ကြည့်လျက် သူမကားကို ကျော်ဖြတ်တက်သွားတော့၏။ လမ်းချိုးကလေးတစ်ခုမှာ သူ့ဆိုင်ကယ်ကွေ့ဝင်သွားစဉ် သူက တစ်ချက်လက်ပြသွားခဲ့ပါသည်။

ထိုအခါ သူမရင်ထဲ ပျင်းရိသလိုလို ဖြစ်ကျန်ခဲ့တာတော့ ထူးဆန်းသားနော်။

***





သွားတော့မယ် ကောင်မလေးရေ။ မင်းအိမ်ကို သိချင်လို့ လိုက်ခဲ့ပေမယ့် ကိုယ့်မှာ အချိန်မရှိဘူးဆိုတာ သတိရသွားဘာနဲ့ မင်းကို မထားချင်ပဲ ထားခဲ့ရပြီ။ ကိုယ့်ဆိုင်ကယ်ကို ပြင်စရာစာလေးတစ်ချို့ ရှိသေးတယ်။ ဒီကောင်ကြီးကို အစွမ်းကုန် သထားမှဖြစ်မှာ။ သူ့အတွက် မနက်ဖြန် အလုပ်ရှိတော့ ကိုယ်က သူ့ကို မသနားလို့ မဖြစ်ဘူး။

မင်းဟာ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့ တစ်နေ့နေ့တော့ နေ့ကို ဆုံရဦးမယ်ဆိုတာ ကိုယ်သိနေတယ်။ ပြီးတော့ ကိုယ်တို့ အတိုင်းအတာတစ်ခုအထိ ရင်းနှီးကြဖို့ မျှော်လင့်တယ်။ အဲဒီအခါ ကျရင် ကိုယ့်ရဲ့ ရူးသွပ်မှုကို မင်း သိလာမှာပါ။

***



www.burmeseclassic.com

www.burmeseclassic.com






ထိုအဖြစ်အပျက်တစ်ခု ဖြစ်ပျက်ပြီး ရက်အနည်းငယ်အကြာတွင် ရွှေစင်ဖြာသည် ANTONIO BANDERAS နှင့် ဆင်ဆင်တူသော ထိုဗရုတ်ခပ်ကျကျလူကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့၏။

အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီးသော တက္ကသိုလ်မှ ဘွဲ့တစ်ခုရပြီးလည်းဖြစ်သော ရွှေစင်ဖြာသည် သာမန် ကြေးရည်တက်မိသားစု၏ သမီးကြီးလည်းဖြစ်သည်။ ဘွဲ့ရ အလုပ်လက်မဲ့ချိန် မိဘကလည်း တတ်နိုင်သူတွေဖြစ်၍ အင်္ဂလိပ်စကားပြောသင်တန်း ကွန်ပျူတာသင်တန်း၊ စက္ကတေရီဟုခေါ်သော အတွင်းရေးအလုပ် လုပ်ရန် ရည်ရွယ်မိလျှင် စက္ကတေရီဖြစ်နည်းသင်တန်းများကိုလည်း တစ်နေ့တစ်နေ့ မအားရအောင် တက်လိုက်သေးသည်။

"ရှိရှိ… မင်းစိတ်ကူးတွေထဲမှာ ကိုယ်ပိုင်ကားဝယ်စီးဖို့တော့





မစဉ်းစားနဲ့… ကိုယ် သဘောမတူဘူး… ကန့်ကွက်တယ် ကိုယ်ပိုင်ကားရှိရင် မင်းအတွက် ဒရိုင်ဘာလိုမယ်… အဲဒီတော့ ဒရိုင်ဘာ ငှားရမယ်… အသက်ကြီးရင်လည်း ခိုင်းရမှာ အားနာလို့ မင်းက ငှားချင်မှာ မဟုတ်ဘူး… အသက်ငယ်ရင်လည်း မင်းနဲ့သမီးတွေချည်း ဖြစ်နေတဲ့ အိမ်တစ်အိမ်ရဲ့ကားကို မောင်းရတဲ့ ဒရိုင်ဘာက ရိုးသေမှာ မဟုတ်ဘူး သမီးတွေအတွက်လည်း စိတ်မချရဘူး… ဒီတော့ ကားဝယ်မစီးနဲ့… ပိုက်ဆံရှိရင် ဘယ်နေရာသွားသွား တက္ကစီလက်လှမ်းတားလိုက်ရုံနဲ့ လိုရာခရီး ရောက်ပါတယ်… ဘယ်လောက် စိတ်ချမ်းသာရလဲ… ကိုယ်ပိုင်ကားရှိရင် ကားဒုက္ခ ဒရိုင်ဘာဒုက္ခ လမ်းမှာ ရပ်ထားရတော့ သူများက လက်ဆော့သွားမှာ… ကားပစ္စည်း ခိုးသွားမှာ စိတ်ပူရတဲ့ ဒုက္ခတွေက ရင်လေးစရာ… ကိုယ်လည်း ဘယ်တော့မှ ကား ဝယ်မစီးဘူး… တက္ကစီတွေပဲ ထည်လဲစီးမယ်… ကိုယ်ပိုင်ကားမောင်းတတ်ပေမယ့် စိတ် အပူပန်းမခံချင်တဲ့အတွက် စိတ်ချမ်းချမ်းသာသာနဲ့ ခရီးဖြောင့်ဖြောင့် သွားရတဲ့ အငှားကားပဲစီးဖို့ ရည်ရွယ်တယ်… ဒီတော့ ရှိရှိ့အနေနဲ့ ကိုယ်ပို့သမျှငွေတွေကို ဖောဖောသီသီသုံးပါ။ သိပ်ပိုနေရင် အိမ်ခန်းတွေ ဝယ်ထား… နှစ်ချုပ်နဲ့ ငှား… ဟုတ်ပြီလား… သမီးတွေလည်း မှာထားဦး… ဘယ်သွားသွား

www.burmeseclassic.com



တက္ကစီငှားစီးသွားလို့ ... ကားမောင်းသင်ဖို့လည်း စိတ်မကူးနဲ့"

"သူများကားမောင်းတာကိုလည်း အားမကျနဲ့လို့ ပြောထား ... အန္တရာယ်များတယ် ... ကားမောင်းသင်မယ် ကားမောင်းကြည့်မယ်စဉ်းစားတိုင်း ... ပင်လယ်ထဲမှာ လှိုင်းဒဏ် ... လေဒဏ်နဲ့ ပင်ပင်ပန်းပန်း အလုပ်လုပ်နေတဲ့ ဖေဖေ့မျက်နှာကိုမြင်ပြီး လုပ်သင့်သလား ... မလုပ်သင့်ဘူးလားဆိုတာ ဆုံးဖြတ်ပါလို့ ... နားလည်အောင်ဆုံးမ သိလား ... ဖေဖေ တစ်နယ်တစ်ကျေး ရောက်နေချိန်မှာ ဖေဖေ တားမြစ်တဲ့အလုပ်ကို လုပ်တဲ့ သားသမီးဟာ လိမ္မာသလား မိုက်သလားဆိုတာ ကိုယ့်ဘာသာ စဉ်းစားတတ်အောင် ရှိရှိကြည့်ဆုံးမထား ..."

ဟူသော ဖေဖေ၏ စာတစ်တန်၊ ဖုန်းတစ်တန် အဆုံး မပြတ် မှာမှုကြောင့် သူမတို့သားအမိတွေမှာ ကိုယ်ပိုင်ကား ဝယ်စီးဖို့ စိတ်ကူးမရှိသေးပါ။

သင်္ဘောကပ္ပတိန်တစ်ယောက်ဖြစ်သည့် ဖေဖေ ကိုယ်တိုင်လည်း သုံးနှစ်တစ်ခေါက် မြန်မာပြည်ပြန်လာတိုင်း ကား ဘယ်တော့မှ ဝယ်မစီး။ အငှားကားတွေကို ငွေတွေနင့်နေအောင် ပေး၊ ကားသန့်သန့်ကိုမှ ငှားစီးလျက် သူသွားလည်ချင်ရာနေရာကို သွားတတ်သူတည်း။





ဖေဖေပြောသော ကိုယ်ပိုင်ကားတစ်စီး ရှိခြင်း၏ ဒုက္ခတွေကြောင့် ဖေဖေ့စကားကို နားထောင်ကာ ရွှေစင်ဖြာတို့ သားအမိတတွေသည် ဘယ်နေရာသွားသွား အငှားကားကိုသာ စီးလေ့စီးထရှိကြပါသည်။ လေးဘီးခေတ်မှ ယခုခေတ် "ကက"နံပါတ် အငှားကားတွေ ပေါ်လာတဲ့အထိပဲ။ ဘယ်တုန်းကမှ ကိုယ်ပိုင်ကား ဝယ်မစီးကြဘဲ အငှားကားကို ထည်လဲစိတ်ကြိုက်စီးရတာကို မိသားစုတတွေ စိတ်သဘောထားချင်း တိုက်ဆိုင်ကြလေသည်။

ထိုသို့ အငှားကားတွေချည်း စီးဖြစ်ခြင်းက သူမ ကိုယ်တိုင် မမေ့လျော့လုလုဖြစ်သော သူ့ကို ထပ်မံတွေ့ဆုံခွင့်ရတာပဲ ဖြစ်လေသည်။ အဲဒီနေ့က ရွှေစင်ဖြာသည် ညီမလေးနှစ်ယောက်နဲ့အတူ သူမ သူငယ်ချင်း၏ ရယ်ဒီမိတ်အင်္ကျီဆိုင်သစ်ဖွင့်ပွဲသို့ သွားခြင်းဖြစ်၏။ အိမ်မှာ တောက်တိုမယ်ရရိုင်းဖို့ အဖော်ခေါ်ထားသည့် အစန်းကို လမ်းထိပ်မှာ ကားသွားငှားခိုင်းလိုက်ခြင်းကလည်း ခါတိုင်းလိုလို ခိုင်းနေကျအတိုင်း ခိုင်းလိုက်တာပင်။

သို့သော် တိုက်ဆိုင်လှစွာပင် အစန်းငှားလာသည့် 92 Model Super Saloon "ကက"နံပါတ် အငှားကားအသစ်စက်စက်ကြီးဖြစ်နေတာ ထားတော့။ ကားထဲကို ညီအစ်မသုံးယောက်သား ဝင်ထိုင်ပြီးချိန်မှာ ကားဒရိုင်ဘာ၏ ပိုနီတေးလ်ကလေးကို မြင်လိုက်စဉ်မှာ ရွှေစင်ဖြာက လွန်ခဲ့သောရက်များအတွင်းက ဆုံခဲ့သည့် သူတစ်ယောက်အား ဖြတ်ခနဲ သတိရဖြစ်အောင် ရှသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဂုတ်သားညိုညိုတို့ကို လိုက်ငေးကြည့်ရင်းမှ သူမျက်နှာကို အသေအချာ မြင်ခွင့်ရချင်လာခဲ့သည်။ ညီအစ်မသုံးယောက်စလုံး ကားနောက်ခန်းမှာ ထိုင်ကြသော်လည်း ရွှေစင်ဖြာကတော့ ဒရိုင်ဘာ၏ နောက်ကျောတည့်တည့်မှာ နေရာယူမိရက်သား။ ထို့ကြောင့် သူမျက်နှာကို ခိုးငေးခွင့်မရ။

အင်း တစ်ခုတော့ရှိသည်။ နောက်ကြည့်မှန်ကလေးမှတစ်ဆင့် ဒရိုင်ဘာက သူမအား မသိမသာ တစ်ချက်တစ်ချက် လှမ်းကြည့်နေမည်ဟု ရွှေစင်ဖြာက အလိုလို ခံစားသိရှိနေသတဲ့။

"မကြီး ... တက္ကစီဒရိုင်ဘာက မိုက်တယ်ဆရာ ... ဒီတစ်ခါ အစန်းကားငှားတာ ချိုးကျူးဖို့ကောင်းတယ် ... ကားက လည်း အသစ်စက်စက် ... ဒရိုင်ဘာကလည်း ခပ်မိမိ ... စီးရတာလည်း ငြိမ့် ... အဲယားကွန်းကလည်း စိမ့်သေး ... ကက်ဆက်ကသီချင်းကလည်း ငွေ့အကြိုက် ... သိလား စိတ်ချမ်းသာလိုက်တာ ... "

ညီမလတ် ငွေစင်ဖြာက ခပ်တိုးတိုး ကပ်ပြောလေ ရွှေစင်ဖြာ ပိုသိချင်လေ။ သူ ဘယ်သူနဲ့တူသလဲဆိုတာကို ငွေစင်ဖြာ သိများသိနေမလား။ ညီအစ်မသုံးယောက်စလုံး အသက်ကလေးတွေက မတိမ်းမယိမ်း။ အကြိုက်ချင်းကလည်း တူ။ အမေရိကန်မင်းသားမှ ကြိုက်တာ။ ခေတ်ပေါ် အဆိုတော်မှန်သမျှ၏ သီချင်းတွေကို အားပေးတာ။ ရုပ်ရှင်ဆိုရင် ဒရမ်မာသန့်သန့်ကလေးတွေ





ကြိုက်တာ။ အင်း အဲဒီလို အကြိုက်တူ။ အမြင်တူကြတာတွေပြောရင် ကုန်တော့မည်မထင်။

အပြောင်းအလဲကလည်း မြန်ကြ၏။ အစက အမေရိကန်မင်းသား ကီနူးရိဗ်ကို ကြိုက်၏။ နောက်တော့ အလိုလို ကြည့်မရဖြစ်လာကာ ဘရက်ဒ်ပိစ်ကို ပြောင်းကြိုက်ကြတာကတော့ Interview with the Vampire ကားကို ကြည့်ပြီးကတည်းကပဲ။ ကဲ အခုတော့ အန်တိုနီရိုဘန်ဒါရက်စ်ကို ကြိုက်ကြပြန်ပြီ။ Assassins ဆိုတဲ့ ကားကတည်းက သဘောကျပြီး သူ့ကားတွေ ငှားကြည့်တာ အခုမှ သုံးကားလောက်လား ကြည့်ဖူးသေးရဲ့။ Despetado နဲ့ နောက်ထပ် Never talk to strangers နှစ်ကားလောက်သာ ကြည့်ရသေးတာကို အားမရပဲ ဖေဖေ့ဆီ လှမ်းမှာထားတဲ့အထိ အကြိုက်တူနေကြပြန်သေး။

အဲဒါကြောင့်ပင် ရွှေစင်ဖြာသည် ...

"ဒရိုင်ဘာက ... အန်တိုနီရိုဘန်ဒါရက်စ်နဲ့တူတဲ့ လူလားဆိုတာ သေသေချာချာ ကြည့်လိုက်စမ်း ငွေ ... ငါ ... သူ့ကို မြင်ဖူးခဲ့တယ်ထင်တယ် ... ဟိုတလောက နေဦး ဟိုဘက်အခြမ်းမှာထိုင်တဲ့ကြွေက ပိုမြင်ရတယ်ထင်တယ် ... ကြွေ့ကို တိုးတိုးကပ်ပြောပြီး ကြည့်ခိုင်းစမ်း"

အလယ်မှာထိုင်နေသည့် အလတ်မ ငွေစင်ဖြာကို အဖော်ညှိမေးမြန်း၊ ပြီးတော့ ဟိုးတစ်ဖက်စွန်းက အငယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကြွေစင်ဖြာကိုပါ ဆက်သတင်းပို့ရန် ကြံစည်စိတ်ကူးမိတော့သတဲ့။

စဉ်းစားကြည့်ရင် ရွှေစင်ဖြာက ကိုယ့်ဘာသာ အဖြေထုတ်လို့တော့မရ။ သို့သော် ဒရိုင်ဘာဟာ အရင်ရက်တစ်ရက် တွေ့ခဲ့ရတဲ့ အမျိုးသားကလေးပါပဲဆိုတာကို အတပ်သိနေလျက် သူမ၏ သိမြင်ခြင်းအား မမှားယွင်းချင်ပြန်။

စက္ကန့်အနည်းငယ်မျှအကြာ ညီအစ်မသုံးယောက်သား လက္ခဏာမပျက်စွာ စုံစမ်းကြတာကို ဒရိုင်ဘာတော့သိမှာမဟုတ်ဘူး။ သူက ကပ်(ပ)ဦးထုပ်ကိုလည်း နောက်ပြန်စောင်းထားသေး။ ဘေးဘီဝဲယာလည်း ဟစ်ချက်မှမလှည့်။ ရှေ့တည့်တည့်သာအာရုံစိုက်။ သို့ပေမယ့် ပြောရင် မယုံမရှိနဲ့။ သူက ရွှေစင်ဖြာ့ကို နောက်ကြည့်မှန်ကတစ်ဆင့် ခိုးကြည့်ပါတယ်ဟု အတပ်ပင် စွပ်စွဲလိုက်ချင်သေး။

"ကြွေကပြောတယ် … ဘေးတိုက်မြင်ရလို့ မသေချာပေမယ့် စတိုင်လ်ကတော့ တူတယ်တဲ့မကြီး … သူက မကြီးတွေ့ခဲ့တုန်းကရော တက္ကစီဒရိုင်ဘာပဲလား …"

ဟင့်အင်း မဟုတ်ဘူး။ သူက တက္ကစီမှ မမောင်းတာပဲဆိုတာ ရွှေစင်ဖြာ သတိရသွား၏။ သူ့မှာ ရွှေစင်ဖြာက အမျိုးအစားမခွဲခြားတတ်သည့်ဆိုင်ကယ်ကြီးရှိမည်။ ထိုဆိုင်ကယ်ကြီးကို သူ ကျင်လည်စွာ ဝီးသွားတာ မှတ်မိသေး၏။ အဲဒါကြောင့် သူ့ဆိုင်ကယ်ပါလို့ အတပ်ပြောလို့တော့မရ။ ဒါပေမယ့် သူက တက္ကစီ





မမောင်းသလား၊ မောင်းသလားကိုလည်း သူမ သေသေချာချာ မသိဘဲ အခု ငှားစီးလာတဲ့ကားရဲ့ ဒရိုင်ဘာက သူပါပဲလို့ ရွှေစင်ဖြာ ဘာကြောင့် ပြောချင်သလဲကွယ်။ တွေးရခက်ပါဘိတော့။

"ရှေ့က လမ်းထိပ်မှာ ကားရပ်လို့ရရင် ရပ်လိုက်ပါ … တက္ကစီဒရိုင်ဘာ … ငွေတို့သွားမဲ့အကျီဆိုင်က အဲဒီလမ်းမကြီးပေါ်မှာပဲ …"

ငွေ၏ အမိန့်ပေးသံကို ခေါင်းတစ်ချက် ဆတ်နာခံလျက် လမ်းဘေးသို့ရပ်ရန် အချက်ပြမီးကလေးကို ပြလိုက်၏။ သူ့မျက်နှာကို သေသေချာချာ မြင်ခွင့်ရဖို့က ရွှေစင်ဖြာ ကားခကျသင့်ငွေ ရှင်းတဲ့အခါမှသာ အခွင့်အရေးရမည်ဖြစ်၍ ရွှေစင်ဖြာသည် သူမ၏ ဆလင်းဘက်ကလေးထဲမှ ကားခကို ထုတ်ယူဟာ ကားရှေ့ခန်းမောင်းသူနံဘေးမှာ ရပ်လိုက်ပါသည်။

"ကားခ ပေးစရာမလိုပါဘူး … မင်းနဲ့ကျွန်တော်နဲ့က ရင်းနှီးပြီးသားတွေပဲ … ကားခထက် ခင်မင်မှုက ပိုအရေးကြီးပါတယ် … ရွှေစင်ဖြာ"

ဘုရားရေ သူ ဟုတ်တယ်။ သူပါပဲ။ အတိအကျမမှားယွင်းစွာ သူမ၏ ထင်မြင်ချက်မှန်ကန်ခြင်းကို ရွှေစင်ဖြာက ကျေနပ်သွားသတဲ့။ ပြီးတော့ သူက ရွှေစင်ဖြာကို နာမည်ကိုတောင် သိပြီးသတဲ့။

ကြည့်စမ်း။ ဘယ်လောက်အံ့ဩစရာကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ။

"သွားလေ … ဆိုင်ဖွင့်ပွဲကို အေးအေးဆေးဆေးသာသွား အပြန်ကားငှားဖို့လည်း မပူနဲ့ … ကျွန်တော် အပြင်က စောင့်နေပေးမယ် … "

"ရှင်စောင့်စရာ မလိုပါဘူး … ကျွန်မဘာသာ တခြားကား ငှားစီးမယ် … ရှင့်ကားမှန်းမသိလို့ စီးမိတာ … သိရဲ့လား ရှေ့ ကားခယူလိုက် … ကားခမယူဘဲ အလကားဓာတ်ဆီ အကုန်ခံ လိုက်ပို့နိုင်လောက်အောင် ရှင်က တော်တော် ပိုက်ဆံပေါနေသလား … "

ရွှေစင်ဖြာသည် သူ့ပေါင်ပေါ်သို့ နှစ်ရာတန်တစ်ရွက် ပစ်တင်ပြီး ရန်တွေ့ခြင်းအား သူမ၏ညီမနှစ်ယောက်က အံ့သြ ငြိမ်သက်လျက် ငေးကြည့်နေကြ၏။

"ကျွန်တော် တက္ကစီဒရိုင်ဘာ မဟုတ်ပါဘူး … ခပ်ပျင်းပျင်း ရှိတာနဲ့ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ အတူတူ ထိုင်ရင်း သူတို့ထဲကတစ်ယောက်ရဲ့ကားကို ခဏလျှောက် မောင်းတာပါ … လမ်းမှာ အငှားခံရတာနဲ့ အဆန်းထွင်ပြီး လိုက်မောင်းပို့ကြည့်တာပါ … ဟဲ … ဟဲ … ကျွန်တော့် အတွက် ကံကောင်းတာက ရွှေစင်ဖြာတို့ငှားလို့ လိုက်ပို့ ခွင့်ရသွားတာပဲ … အဲဒါကို ကျွန်တော် သိပ်ကျေနပ်တယ် အပြန်လည်း ကျွန်တော်ပဲ လိုက်ပို့ပါရစေနော် … အကယ်၍





လိုက်ပို့ခွင့်မရရင် ကျွန်တော်က ရွှေစင်ဖြာတို့နဲ့အတူတူ ဒီဆိုင်သစ်ဖွင့်ပွဲထဲကို အတင်းဝင်လိုက်ရလိမ့်မယ် … ဒီဆိုင် ဖွင့်ပွဲထဲမှာ ကျွန်တော့်မိတ်ဆွေတွေလည်း ရှိတယ်ဆိုတာ ကျွန်တော်သိထားပြီးသား … တကယ်လို့ ကျွန်တော်နဲ့ မင်း ကို သူတို့တွဲတွေ့ရင် ဘယ်လိုဆိုးဖြစ်မလဲဆိုတာ ထည့် စဉ်းစားဦး … "

တွေတွေဝေဝေနှင့် ဒေါသဖြစ်ကာ အံကြိတ်သွား သောသူမကလေးကို မြတ်နိုးစွာ ငေးကြည့်မိ၏။ သူတို့နှစ်ယောက် ၏ ပဋိပက္ခကို နံဘေးမှာ ငြိမ်သက်မှုအတိဖြင့် အံ့သြတကြီး ရပ်ကြည့် နေကြသည့် သူမ၏ ညီမလေးနှစ်ယောက်အား တစ်ချက်နှုတ်ဆက် ပြုံးပြမိလိုက်သေးရဲ့။

မင်းကသာ ရှုပ်ပုပ်ပုပ်ဖြစ်နေပေမယ့် မင်းညီမကလေး တွေက ကိုယ့်အပေါ် ဖော်ရွေကြတာကို မင်း မသိသေးဘူး။ ညီမ ငယ်လေးနှစ်ယောက်၏ ပြုံးယောင်ယောင် မျက်နှာကလေးများ အတွက် သူ ကျေနပ်ပါသည်။

"အဲဒီ့အတွက် … ရှင့်ကို တစ်သက်မကျေဘူး … "

"ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ်"

နွာမြင့်ဖိနပ်သံ တခေါက်ခေါက်မြည်အောင် ခြေ ကောင့်ထွက်၊ ခေါင်းကို ဆတ်ခနဲလှည့်ကာ သူ့ကို ကျောခိုင်းထွက် သွက်ခင် ရန်တွေ့သံကလေးအား တန်ပြန်နောက်ပြောင်၊ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပင့်ပကျရန်ပွဲကလေးအား ပြုံးစိစိဖြင့် တစ်ချက်လှည့်ကြည့်သွားကြသော ညီမလေးများကို သူက ခေါင်းဆတ်၍ ပြန်လည်ပြုံးပြကျန်ရစ်ရသည်။

ဒီနေ့ကလေးဟာ သူ့အတွက် တကယ့်ကို အမှတ်တရ ဖြစ်စေတော့သည့် နေ့ကလေးပဲဖြစ်၏။ သူငယ်ချင်း၏ "ကကနံပါတ်အသစ် ထုတ်ပြီးကာစ" ဆလွန်းကားကို ပွဲစားတန်းမှာ လာရပ်ထားစဉ် သူကလည်း ဆတ်ဆော့ပြီး မှူမောင်းကြည့်ချိန်မှာ လမ်းမှာ ကားတားခံရတာဖြစ်သည်။ ကြုံးတုန်း အငှားကား မောင်းကြည့်ချင်သည့် သူ့စိတ်ကြောင့် သူမကလေးနဲ့ ပြန်ဆုံဖို့ ဖန်တီးခဲ့သော အဖြစ်အပျက်အား ကျေးဇူးတင်မိသေးရဲ့။

ရွှေစင်ဖြာဟူသော အမည်နာမကလေးကို ဘယ်လိုစုံစမ်းသိရှိသလဲဆိုတာကို သူမကလေး မသိသေး။ သူမ၏ မျက်နှာပြင်မှာ သူမ၏ အမည်နာမကို သူခေါ်လိုက်စဉ် အံ့ဩဟန်တွေ အထင်းသားနှင့်ပင်။

သူမကလေးရဲ့နာမည်ကို ဘယ်လိုသိသလဲဆိုတာ ပြီးရင် ပြောပြဦးမှ။

"မင်း သိပ်ချစ်တာကို လိုချင်ခဲ့တာ ... မင်း မေ့ပျောက်သွားမှာ သိပ်အကြောက်ဆုံး ..."

ဟုတ်တယ်။ ကိုယ့်အတွက် သေချာသွားပြီ ရွှေစင်ဖြာ ကိုယ့်ရဲ့ ဒီနေ့ကစတဲ့ မနက်ဖြန်တိုင်းဟာ မင်း သိပ်ချစ်ရတဲ့ချစ်သူ





တစ်ယောက်ဘဝကို ရဖို့ပဲ။

"မင်း ... ထားခဲ့မှာကို ကြိုသိထားတယ် ... ဘယ်လိုနေရမလဲ မင်း မသိနိုင်ဘူး ..."

ကျွတ် မဟုတ်သေးဘူး။ ဒီသီချင်းစာပိုဒ်က သူနဲ့ ဆိုင်ဟု အတ္တဆန်ဆန် ယူဆပစ်လိုက်လျှင် နှုတ်က တိုးတိုး လိုက်ညည်းတော့။ ကားကက်ဆက်ထဲမှာ လေးဖြူအသံနဲ့ စိတ်ကူးယဉ်ခြင်းကို သူ တော်တော်ပဲ နှစ်သက်ပါသည်။

သို့သော် သူ့ဝါသနာကတစ်မျိုး။ အကြိုက်က တစ်မျိုးပင်။ သူက ကားစီးရတာကို ပိုပြီး ဇိမ်ရှိမှန်း၊ အန္တရာယ်ကင်းမှန်းသိပေမယ့် သူ့ရဲ့ ဆိုင်ကယ်ကြီးတွေကို ပိုချစ်တတ်သူတည်း။ ဆိုင်ကယ်နဲ့ကား အကောင်းစားတစ်စီးရွေးဆိုလျှင် သူက ဆိုင်ကယ်ကို ရွေးချယ်ပါမည်။

အဲဒါ တော်လူဝင်းရဲ့ စရိုက်ပါပဲ။

"ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ရင် ဖေဖေက သားလိုချင်တာ ချက်ချင်းဝယ်ပေးမလား ..."

ဟု ဆယ်တန်းကျောင်းသားဘဝမှာ သူ့ဖေဖေနဲ့ လာင်းအစား လုပ်ဖူး၏။

အဲဒီ့အရွယ်တုန်းက အင်မတန်ဆိုးတာ။ ကလေးရိုက် ကျောင်းပြေးတာ၊ ကျောင်းစစ်စာမေးပွဲတွေ ကျတာများလွန်း ဆရာမတွေ အတိုင်အတော ခံရလွန်း။ မိဘတွေကို ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီး ခဏခဏ ခေါ်တွေ့ခံရလွန်း၍ ဖေဖေက သူ့ကို နောက်ဆုံး ဝမ်နင်(Warning)ပေးစဉ်မှာ ဖေ့ဖေနဲ့သူ့ အလောင်းအစား လုပ်ခဲ့တာ ဖြစ်ပါသည်။

"ငါ ... ဒီတစ်ခါ ကျောင်းအုပ်ကြီးကို သွားတွေ့ရတာ နောက်ဆုံးအကြိမ် ဖြစ်ပါစေ ... နောက်တစ်ခါ အသံကြားရင် မင်းကို ကျောင်းထုတ်မယ် ... သားအဖြစ်က စွန့်လွှတ်မယ် ... ပြီးတော့ မင်းဘဝမင်း ရပ်တည်ပေတော့ ... ငါ့အိမ်ပေါ်မှာလည်း နေဖို့ မစဉ်းစားနဲ့တော့ ကြားလား ... တော်လှ ... ဘယ်နှယ့်ကွာ သားနှစ်ယောက်ရှိတာ အကြီးတုန်းက ဘာသံမှ မကြားရသလောက် အငယ်ကျမှ တခြိမ်းခြိမ်း ... ရှက်ဖို့သိပ်ကောင်းနေပြီ ..."

ဖေဖေက ဆူပူကြိမ်းမောင်းခြင်း၊ ကိုကြီးနဲ့ နှိုင်းပြောပြီး အဆူခံရခြင်းကို အငယ်ဗီဇ သူက မကြိုက်ချင်။ မာနကလည်း ခပ်ရှိရှိမို့ ဖေဖေ ဒီလိုပြောတာကို လုံးဝ မခံချင်ပေ။ ဖေဖေ သူ့ကို အထင်သေးသည်ဟု ထင်မြင်ပြီး ဖေဖေ ဖျားသွားအောင် လုပ်ပြီး သူလိုချင်တာကို ရအောင်တောင်းဖို့ ကြံစည်မိတော့တာပဲ။

"အခုတောင် နှစ်ဝက်ကျိုးနေပြီ ... အစမ်းစာမေးပွဲ... လည်း တစ်ခုမှ မအောင်သေးတဲ့မင်းက ရာရာစစ ... လောင်းဦးမတဲ့ ... ကြည့်ကြသေးတာပေါ့ကွာ ..."

ဖေဖေ၏ သရော်မှုများစွာ ပါဝင်သော ရယ်သံ...





သူ့နားထဲမှာ အဖန်ဖန် ကြားယောင်လျက် ဖေဖေမသိအောင် စာကို ကြိတ်ကြိုးစားတော့သည်။ ဖေ့ဖေ့အမြင်မှာတော့ သူက အရင်ကလို ကလေရိုက်ဆဲ။ သို့သော် ကျောင်းတော့မပြေး။ ကျူရှင်လည်း မပြေးတော့။ ဖေဖေ့ရှေ့မှာ ဘယ်တော့မှ စာမကျက်ပြ။ သူငယ်ချင်းအိမ်သွားပြီး ကျက်သည်။

သူကလည်း လူတစ်မျိုး။ ကိုယ်တိုင်ကျက်ရတာထက် တခြားလူတစ်ယောက်က ပြောပြလို့ ထိုင်နားထောင်ရလျှင် ပြီး စာရတတ်သူတည်း။ အဲဒါကြောင့် အရင်က မပေါင်းပဲနေသည့် အတန်းထဲက စူပါဘရိမ်းတွေကို အတင်းကပ်ပေါင်း၊ သူတို့အိမ် စာလိုက်ကျက်။ သူတို့ရှင်းပြတာ နားထောင်နှင့်။

ဆယ်တန်းအောင်စာရင်းထွက်တော့ သူက အောင်ရုံမက ဒီနှစ်ခုပင် ပါလိုက်သေးရဲ့။ မေမေဆို လက်ဖျားခါရော။ ကိုကြီးတုန်းက တစ်နှစ်လုံး အာပေါက်အောင်ဖတ်မှ ဒီကလေး သုံးခုပါ စက်မှုတက္ကသိုလ်ကျောင်းသားဖြစ်ရုံကလေး။ သူကတော့ ဒီနှစ်ခုနဲ့ စက်မှုတက္ကသိုလ်ဝင်ခွင့်အမှတ်တောင် မှီပါရဲ့။

သို့သော် သူ ဝါသနာမပါ။ ကျောင်းအကြာကြီး တက်ရမှာ၊ စာခက်ခက်ခဲခဲတွေ သင်ရမှာ စိတ်ပျက်တာနဲ့ ဖေဖေနဲ့ မေမေ့ဆန္ဒကို ငြင်းပယ်ပြီး ရိုးရိုးမေဂျာပဲ လွယ်လွယ်ကူကူ ယူဖြစ်သည်။

ထိုအဖြစ်အပျက်ကြောင့်ပင် ဖေဖေက သူ၏ ...



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဆိုင်ကယ်တစ်စီးကို ဝယ်ပေးရာကစ၊ ဆိုင်ကယ်ဝယ်ရောင်းလောကထဲဝင်၊ စိတ်ကြိုက်ဆိုင်ကယ်တွေ တစ်စီးပြီးတစ်စီး ပြောင်းစီးရင်း ဆိုင်ကယ်ဘုရင်ဘွဲ့ကို အရယူထားသူလည်း ဖြစ်သေး၏။

သူ့နှလုံးသားထဲမှာ စိတ်ကူးထဲမှာ နေရာယူထားသမျှ ဆိုင်ကယ်တို့၏နေရာကို ဝင်ယူနိုင်သူမှာ ရွှေစင်ဖြာတစ်ယောက်ထဲသာ ရှိသေးခြင်းကို သူမ သိအောင် ပြောပြရဦးမည်။

အင်း ... သူက သူမကို ဘယ်လောက်ထိ စွဲလမ်းသွားတယ်ဆိုတာကို သူမ သိကို သိသွားဦးမှာပါ။

***





"အဲဒီအကလောင်နဲ့ မကြီး ဘယ်တုန်းက ရန်စရှိသွားတာလဲ ... သူကြည့်ရတာတော့ မကြီးကို အီချင်နေပုံရတယ်ပုံစံကြောင့် အတည်လား အပျော်ကြံတာလားဆိုတာပဲ စဉ်းစားစရာ ... "

"ဒါပေမယ့် ... အဲဒီအကလောင်က အန်တိုနီယိုနဲ့ လုံးဝတူတာတော့ ငြင်းမရဘူးနော် ငွေ ... "

ညီမငယ်နှစ်ယောက်က သူမအား တိုင်တည်သောအခါ သူမ ပြုံးချင်ချင်။ အမျိုးသားကလေးတွေကို "အကောင်"ဟု နာမည်ပြောင်ခေါ်ရာမှ "အကလောင်"ဟူ၍ ခေါ်တတ်သောသူမတို့ညီအစ်မသုံးယောက် ပါးစပ်ဖျား၌ သူ့အကြောင်းပြောစရာတစ်ခု ဖြစ်လာခဲ့ပြီ။

လွန်ခဲ့သော ရက်များမကြာမီကလေးအတွင်းက Lisa Light မှာ ဖြစ်ပျက်ခဲ့ရသော ရန်ပွဲကလေး၊ ကြုံဆုံမှုကလေး၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ရဲ့ ခပ်ရဲရဲ ချဉ်းကပ်အရောဝင်မှုကလေးများကို ညီမကလေးများအား ပြန်ပြောပြတော့ ထူးထူးဆန်းဆန်းပင် ရွှေစင်ဖြာရဲ့ဒေါသက လွင့်ပျက်လို့နော်။

ပြီးတော့ သူငယ်ချင်းရဲ့ဆိုင်ဖွင့်ပွဲအပြီးမှာ စောင့်နေမယ်ဟု အနိုင်ယူပြောခဲ့သော သူ့အပေါ် ခုနက ပေါ်ပေါက်ခဲ့သော ဒေါသတွေ၊ မကျေမနပ်ဖြစ်မှုတွေလည်း ဘယ်ချောင်ကပ်သွားပြီလဲမသိ။ အပြန်မှာ သူနဲ့ ထပ်မံရင်ဆိုင်၊ တဖန် သူ့ကို ရန်တွေ့အင်း အဲဒီအဖြစ်တွေကို သူမက ကြိုတင်ရင်ခုန်နေခဲ့သား။

"မကြီး ထွက်ပြေးမှာစိုးလို့ထင်တယ် … ဆိုင်အပေါက်ဝတည့်တည့်မှာ ကားကို အသေပိတ်ရပ်ပြီး ဆိုင်ထဲကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေတယ်ဗျို့ … မကြီးထွက်ပြေးရင် ဟီးလ်ကြီးနဲ့ ချော်လဲမှာ ကြောက်ရတာတစ်မျိုး … ဒါမှမဟုတ် အဲဒီ့အကလောင် လိုက်ဆွဲလို့ လူသိသွားမှာတစ်မျိုးနဲ့ ဒုက္ခပဲတော့ … "

"အလကား စီးရတာပဲဌေးရယ် … ဒီလောက်တောင် အကြိုအပို့လုပ်ချင်နေတာ … မှတ်လောက်သားလောက်အောင် လျှော်က်သွားပစ်လိုက်ရင် ကောင်းမလားမသိဘူး … "

ငွေစင်ဖြာနှင့် ကြွေစင်ဖြာတို့၏ တိုင်ပင်သံသဲ့သဲ့ကိုကြားရသည်။ ဟုတ်တယ် သူ ဒီလောက်တောင် စေတနာတွေရေစီးကမ်းပြိုဖြစ်နေမှတော့ ညီမလေးတွေ ပညာပေးပါစေ။





"ဟယ် … မကြီး အဲဒီ့အကလောင်ကို ဗိုလ်ချုပ်ဈေး လိုက်ပို့ခိုင်းလိုက်ရမလား … နေပူပူကြီးမှာ ကားထဲမှာ အပူခံပြီး ထိုင်စောင့်ခိုင်းလိုက်မယ်လေ … ငွေက သူ့ဆံပင်တွေပေါင်းတင်ပစ်လိုက်ပေါ့ … ကြွေကတော့ ကြွေ့ဂျပန်ဆံတောက်ကို ဆေးနဲ့ ပုံသွင်းမယ် … အဲဒါဆို နှစ်ယောက်ပေါင်းအနည်းဆုံး သုံးနာရီလောက် ကြာမှာဆရာ … မကြီးကရောနှင့်ဆံပင်ကို ဘာပြင်မလဲ … ဈေးသွားဖို့မလိုအောင်လည်း မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ ပိတ်စတွေ၊ ဖိနပ်တွေက အဖေကြီး လိုလေသေးမရှိအောင် ပို့ပို့ပေးနေတော့ ဝယ်စရာကလည်း ခပ်ရှားရှားရယ် … "

"ငါကတော့ ဆံပင်မပြင်တော့ပါဘူး … ဈေးထဲပဲ လျှောက်ကြည့်နေတော့မယ် … ညောင်းရင် သူငယ်ချင်းရဲ့အထည်ဆိုင်ဝင်ထိုင်ပြီး ဒေးလိုက်မယ်လေ … နင်တို့ပြီးမဲ့အချိန်လောက်မှန်းပြီး ငါ ဆံပင်ညှပ်ဆိုင်ဘက် ပြန်လာခဲ့မယ် … "

ကဲ ရှင်တော့ ကျွန်မတို့ ညီအစ်မတွေရဲ့ ဒုက္ခပေးမှုအသီးကို လိုမ့်ခံဖို့ စဉ်းစားပေတော့ရှင်။ ဘယ်လောက်ထိ ခံနိုင်ဦးမလဲ ကြည့်ကြသေးတာပေါ့။

ဆိုင်ဖွင့်ပွဲကလေးပြီးတော့ ဆိုင်ထဲက လူတွေအသီးသီး ထွက်လာကြတာမြင်လျှင် သူက ကြိုတင်၍ ကားအပြင် ထွက်ရပ်နေ၏။ ပြီးတော့ ရွှေစင်ဖြာမျက်နှာမူရာဆီ သူကလည်း ခပ်



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ပင် မျက်နှာချင်းဆိုင် လျှောက်လာရဲ့သူပဲ။

"ကျွန်တော် ကားနဲ့ပို့မယ်နော် ... ထွက်ပြေးဖို့ မစဉ်းစားနဲ့ ထွက်ပြေးရင် အတင်းလက်ဆွဲရလိမ့်မယ် ... "

လူရမ်းကားကလေးက သူမရှေ့၌ ဗိုတ်ရပ်လျက် သို့သော် ရုပ်ပျက်ဆင်းပျက်ပုံစံမျိုးတော့ မဟုတ်ပါ။ မိတ်ဆွေအချင်း ချင်း ရပ်စကားပြောဟန်။ ဒါပေမဲ့ သူ့ပုံစံက သူမသာ သူ့ကားနဲ့ မလိုက်ရင် တကယ်ပဲ လက်ဆွဲပြေးမဲ့ပုံစံမျိုးလို။

အို ... သူ့မျက်လုံးတွေက သိပ်စူးရှထက်မြက်တာ ပဲ။ ပြီးတော့ စိုက်ကြည့်မိတဲ့ ကိုယ့်ကိုယ်ကိုယ် ရှက်ရွံ့ရင်ခုန်သွား စေလောက်အောင်လည်း အစွမ်းထက်နေပြန်တယ်။ သူဟာ ဘာ ကြောင့် ချဉ်းကပ်ပါတယ်ဆိုတာ မိန်းကလေးမို့ သိနေခဲ့ပေမဲ့ သူ့ သွင်ပြင်တွေကြောင့် မယုံရဲသေးပါ။

သို့သော် မှန်တာ ဝန်ခံရသော် ယုံကြည်လိုက်ချင် သားပင်။ ဒါပေမယ့် အချိန်တွေ အများကြီးစောင့်ကြည့်ရဦးမည် သူ့အကြောင်းတွေကိုသိအောင် ကြိုးစားရဦးမည်။ သူ့ရဲ့အကြောင်း အရာတစ်ချို့ကို သိခွင့်ရချင်သေးသည်။

"ကျွန်တော့်ကားနဲ့ လိုက်မယ်မဟုတ်လား ... ရွှေစင်ဖြ

"မလိုက်လို့မရအောင် ရှင်ပဲ ခြိမ်းခြောက်နေတယ် မဟု လား ... အဲဒီတော့ ကျွန်မက ရှင့်ကားပဲ စီးရမှာပေါ့"

သူက သူမ၏ အဖြေစကားအတွက် လက်





တောင်နှစ်ဖက် အနည်းငယ်ကွေး၊ လက်သီးကလေးစုပ်ပြီး ပါးစပ်မှ 'အား'ခနဲ ခပ်တိုးတိုးပြုထာ ပျော်ရွှင်သွားသော ဟန်ပန်ကလေးကို ပြသလျှင် ရွှေစင်ဖြာ ငေးခနဲ ဖြစ်သွားခဲ့သတဲ့။

သူမ နံ့ဘေးမရောက်တရောက် ရှေ့နား ခြေနှစ် လှမ်းအကွာမှာ သူ့ခြေလှမ်းတွေက မြူးကြွသွက်လက်လို့ကွယ်။

ပြီးတော့ ရွှေစင်ဖြာဘက် တစ်ချက်ကလေးမျှ စောင်းငဲ့ကြည့်လိုက်ပြီး ...

"သြော် ... မေ့လို့ ... မေ့လို့ ... ကိုယ်ကိုယ်ကို မိတ်ဆက် ပေးရဦးမယ်ဗျ ... ကျွန်တော့်နာမည် တော်လူဝင်းတဲ့ ... ဟဲ့ ဟဲ ... အလုပ်အကိုင် မရှိသေးတဲ့ ရူပဗေဒဘွဲ့ရ ပညာ တတ်လူပျိုကလေးဆိုတာလည်း ထည့်ကြော်ငြာရင် ပို ကောင်းမယ်လားပဲ ... "

ကြည့်စမ်း။ သူမ ဘာဖြစ်လို့ သူ့ကို မျက်စောင်း ထိုးလိုက်မိသလဲ။ ဒီမျက်စောင်းက မုန်းလို့ထိုးတဲ့မျက်စောင်းတော့ မဟုတ်ခဲ့တာ သူမ သိနေသေးရဲ့။ သူလည်း ယောကျ်ားလေး တစ်ယောက်အနေနဲ့ မသိမဟုတ် သိကိုသိနေဦးမည်။

အင်း ... ခက်ရချည့်သေးကွယ်။ သူနဲ့ပတ်သက်ရင် အစုအရာတွေ ပျက်ယွင်းပြောင်းလဲတာကို သတိထားပြင်နိုင်မှ တော်ကာကျပါ့မယ်။

"ညီမလေးတွေ ... ဗိုလ်ချုပ်ဈေးဝင်ပြီး ဆံပင်ညှပ်မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပို့ပေးပါမယ် ခင်ဗျာ ..."

ထိုနေ့ကို သူ ကောင်းကောင်းမမေ့တော့ချေ။ နေပူကျဲတဲကြီးထဲမှာ သူ့ကို ထားရစ်ကာ သုံးလေးနာရီကြာမျှ ပျောက်သွားသော သူမတို့ ညီအစ်မတတွေ ပညာပေးလိုက်ခြင်းကလည်း တစ်ကြောင်း၊ အနည်းငယ် ရင်းနှီးမှု ရသွားခဲ့သည်ကလည်းတစ်ကြောင်း၊ ပြီးတော့ သူမရဲ့အိမ်ကို သိခွင့်ရသည်ကလည်းတစ်ကြောင်းပင်။

ကားထဲကနေ အပြင်ထွက်ရပ်လိုက်၊ စက်နှိုးပြီး အဲယားကွန်းဖွင့်လိုက်၊ ဟိုနားဒီနား ခဏလျှောက်လိုက်နဲ့ သူမှာ ဒုက္ခရောက်လိုက်သည်ဖြစ်ခြင်း။

အကယ်၍ ကားကို ခဏထားပြီး လက်ဖက်ရည်ဆိုင်ထဲ သွားထိုင်နေမိပြန်လျှင်လည်း သူမကလေးတို့ ညီအစ်မတတွေ ပြန်လာချိန် သူက ကားမှာ အဆင်သင့် ရှိမနေလျှင် စိတ်ဆိုးသွားမှာကိုလည်း သူက စိုးရိမ်သေးသည်။ အဲဒါကြောင့် ကားရပ်ထားရာနေရာနှင့် သိပ်ဝေးဝေး မသွားရဲခဲ့ချေ။

သူငယ်ချင်းတွေကို ပြန်ပြောတော့ သူ အဟားခံတာကို ဘာကြောင့်မှန်းမသိ ကြည့်နူးခဲ့ပါသည်။

"မသိပါဘူးကွာ ... ပွဲစားတန်းမှာ ကားပြဖို့ ခဏလာရပ်တယ် ... မင်းနဲ့တွေ့ပြီး ခဏယူမောင်းမယ်ဆိုလို့ လွှတ်လိုက်ပြီးမှ ... ဒီကောင် ... ပေါ်မလာ မလာနဲ့ ငါမှာ





ချွေးတွေပြန်ပြီး စိတ်ပူလိုက်ရတာ ... ဘယ်နေရာမှာများ တိုက်လို့ သေနေပြီလဲလို့ ... မင်းသေတာ အရေးမကြီးဘူး ငါ့ "ကကာ"ကြီးက ဒီနေ့မှ အသစ်ထုတ်ထားရတာ ... တစ်စစီဖြစ်သွားလို့တော့ ... အိမ်က မားသားကြီးနဲ့ ကွိုင်ပြီပဲမှတ် ..."

"ကောင်မလေးနဲ့ရော ... သူ့ညီမတွေနဲ့ရော တော်တော်အဆင်ပြေလာခဲ့တယ်မဟုတ်လား ... အဲဒါဆို ဖိုးရဲ ကားပေးလိုက်ရတာ ... တန်ပါတယ်ကွာ ... မကြည်လို့ကတော့ မတန်ဘူး ..."

"နေပူထဲမှာ ငါးခြောက်လှမ်းသလို ထားပစ်ခံခဲ့ရတာတော့ အမြတ်ပေါ့ ... တော်လူ ... တော်ဂူ ... သူများအလှည့်တုန်းက လိုက်ဟားပေးသမျှ အခု ခံပေးဦးပေါ့ကွာ ..."

သူငယ်ချင်းများကို ခပ်တိုးတိုး ကျိတ်ဆဲရင်း ...

"တစ်နေ့ကျရင် မင်းတို့ရှေ့ကို လက်ဆွဲခေါ်လာပြီး ... ကြွားစရာကောင်းပါကွ ... သေသေချာချာ မျက်နှာကြည့်ထား အထင်မသေးနဲ့ ... ဒီနေ့ သူက ငါ့ကို မျက်စောင်းတွေ ခဏခဏထိုးပေးမယ့် အဲဒီမျက်စောင်းတွေမှာ ဒေါသမပါဘူးကွ အင်း ... သိပ်ချစ်ဖို့ကောင်းတယ်ကွာ ..."

ဖီလင်တက်ပြလျှင် သူတို့တစ်ဝိုင်းလုံး ရယ်သံတွေ [illegible]အုန်းထနေတော့၏။ နံဘေးက ကားပွဲစားတွေလည်း စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တစား ဝင်နားထောင်ကြတာမို့ ရယ်သံများက လှပသော ကောင်းကင်ပြာကြီးအောက်တွင် ဆူညံနေတော့သည်။

ကဲ ... အချစ်ဟာ ဘယ်လောက်ပျော်မွေ့ခံစားရတဲ့အရာလဲဆိုတာ။ အခုတော့ ဒီ 'အချစ်'ရဲ့ ပျော်ရွှင်ခြင်းကို သူကောင်းကောင်း လက်ခံချင်သွားပြီ။

***





သူမကလေး၏အမည်နဲ့ အကြောင်းအရာတစ်ချို့ကို သူ ဘယ်လိုသိသလဲဆိုတာ ပြောပြရဦးမည်။

အဲဒီအဖြစ်အပျက်ကလည်း တော်တော့်ကို ထူးဆန်းအံ့ဩဖွယ်ကောင်းလှမှာ တိုက်ဆိုင်မှုတစ်ခုပါပဲ။ သူမကလေးနဲ့ Asia Light မှာ ပြသနာစတက်၊ သူက စိတ်ဝင်စား။ တက္ကစီနောက်ကလိုက်မလိုက်ကြ၊ ချိန်းထားသောကိစ္စတစ်ခုကြောင့် မခွဲချင်ဘဲနဲ့ ခွဲထားခဲ့ပြီး နောက်နှစ်ရက်အကြာမှာဖြစ်သည်။

မေမေ့ညီမအိမ်ကို မေမေခိုင်းလိုက်၍ သွားရသည့်နေ့ သူ့အဒေါ်ရဲ့အိမ်အရောက်မှာ သူမအကြောင်းကို သိရဖို့ ဖန်တီးခဲ့တော့တာ။

"ကိုလေး ... ခဏထိုင်စောင့် ... အမေ ဟိုဘက်ခြမ်းက သူ့မိတ်ဆွေရဲ့အဖေဆုံးတာ သတင်းသွားမေးတယ် ... တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာပြန်လာမှာ … လာ … မီးမီးနဲ့ အခွေလာကြည့် … ”

ညီမဝမ်းကွဲနံဘေးက ကုလားထိုင်လွတ်မှာ ဝင်ထိုင်ပြီး တီဗွီဖန်သားပြင်ကို ကြည့်ကာ …

“ဟာ ဘာကြီးလဲဟ … နင့်ဟာက ဇာတ်ကားမှ မဟုတ်တာ မင်္ဂလာဆောင်ခွေလား … အလှူခွေလား … ပါတီပွဲခွေလား”

စိတ်ပျက်လက်ပျက် ညီးတွားမိလိုက်ပါသေး။ ဘယ်သိပ့်ါမလဲ၊ အဲဒီအခွေထဲမှာ သူမကလေး ပါခဲ့လိမ့်မယ်ဆိုတာ သူလုံးဝမသိခဲ့။

“မီးမီး သူငယ်ချင်းမွေးနေ့အခွေပါ … ကိုလေးကလည်း တုံးလိုက်တာ … လေဒီလှလှကလေးတွေ ငမ်းရတာပေါ့ ကြည့်စမ်းပါ … အမေ့ကိုစောင့်ရတာနဲ့အတူတူ အပျင်းပြေ ပါတယ် … ”

ယောက်ယက်ခတ်နေသော ကောင်မလေးရောင်စုံတွေကို စိတ်ပျက်စွာကြည့်လိုက် မကြည့်လိုက်။ သူ့စရိုက်ကိုက မိန်းကလေးချောချောထက် ဆိုင်ကယ်ခန့်ခန့်ကြီးတွေကိုသာ ငေး ချင်တဲ့စရိုက်။

စိတ်မဝင်စားတာနဲ့ မဂ္ဂဇင်းတစ်အုပ်ကို ကောက် လှန်အပြီး ရုတ်တရက် ခေါင်းမော့လိုက်ချိန်မှာ တီဗွီဖန်သားပြင်မှ သူမ၏ရုပ်ရည်လှလှကလေးကို တွေ့လိုက်ရတာဖြစ်၏။ မမေ့ဘူး





ကိုယ် ဒီမျက်နှာကလေးကို၊ ဒီ မျက်လုံးကလေးကို၊ ပြီးတော့ မာန ကြီးတဲ့ နှုတ်ခမ်းကလေးကို လုံးဝ မမေ့ခဲ့ဘူး။

သူ ရင်ဘတ်ထဲ၌ အကျယ်ကြီး ဝန်ခံလျက် ထိုပုံရိပ် ကလေး မပျောက်ကွယ်ခင် ခပ်မြန်မြန်ပဲ …

“မီးမီး … သူဘယ်သူလဲ … ”

ဟု ညီမချောကို မျက်နှာချို သွေး၍ မေးလိုက်တော့ ၏။

“ဘယ်သူ့ကို မေးတာလဲ … ”

“အဲဒီဝိုင်းမှာ … အဝါလေးဝတ်ထားတဲ့တစ်ယောက် … ဟော … တွေ့လား … တွေ့လား … ဆံပင်က ပခုံးထိ အရှည်ရှိတယ် … ဗွီဒီယိုဆရာက သူ့ကို အသေအချာရိုက် နေတာကို ဂရုမစိုက်တဲ့ပုံနဲ့ ပါးစပ်ထဲ ရေခဲမုန့်ဇွန်းကြီး သွင်း ပြီး ဇွန်းကို ပါးစပ်ထဲမှာ အကြာကြီးငုံထားတယ် … တွေ့ လား”

“ဘာလဲ … ကိုလေး စိတ်ဝင်စားလို့လား … ဒါမှမဟုတ် ကိုလေးရဲ့ အိစီကလီလား … ”

အမေးအမြန်းထူကာ သူ့မေးခွန်းကို မဖြေသောညီမ သူက စိတ်မရှည်ချင်။ တီဗွီဖန်သားပြင်မှ သူမ၏မျက်နှာကလေး ကျော်သွားခဲ့ပြီး နောက်တစ်ဝိုင်းတွေ ရိုက်ပြမှသာ သူ့မျက်လုံး တွေ အဲဒီ့ဆီက ခွာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးက ပြုံးစိစိဖြင့် သူ့ကို စိုက်ကြည့်တော့တာ သူက ခံနိုင်ရည်ရှိစွာ နေပြနိုင်ပါသည်။

"သိပ်သိချင်နေရင် ပြောပြမယ် ... သူနဲ့ငါ လွန်ခဲ့တဲ့နှစ်ရက်က Aisa Light မှာ တွေ့ခဲ့တာ ... ငါနဲ့ ပြဿနာတက်သွားတယ် ... ပြဿနာတက်တယ်ဆိုတာက ငါ တမင်လိုက်နှောက်လို့ ဖြစ်သွားတာပါ ... အင်း ... ရှင်းရှင်းပြောရရင် ငါ သူ့ကို မြင်မြင်ချင်း စိတ်ဝင်စားပြီး နှောက်မိတာကြောင့်လည်း သူနဲ့ ပြဿနာတက်ရတာပဲ ... နင် သူ့ကိုသိရင် ပြောပြစမ်းပါ ..."

"ကိုလေးတော့ ... တော်တော့်ကို အံ့သြဖို့ကောင်းနေပြီ အရင်က ... ဆိုင်ကယ်ကလွဲရင် ဘယ်မိန်းမကမှ ကိုလေး ဆိုင်ကယ်လောက် အရေးမကြီးဘူးဆို ..."

"ဆိုင်ကယ်က တကကျွ ... သူက ထကကျွပါဟာ ..."

"သူ့နာမည်က မရွှေစင်ဖြာတဲ့ ... မီးမီးသူငယ်ချင်းမွေးနေ့ရှ ရဲ့အစ်မရဲ့ သူငယ်ချင်း ... အဲဒီအစ်မနဲ့ ရွှေစင်ဖြာတို့က လေး ယောက်တွဲ သူငယ်ချင်းအုပ်စုထဲက နှစ်ယောက်ပေါ့ ... ကျန်တဲ့နှစ်ယောက်က နိုင်ငံခြား ထွက်ကုန်ကြပြီ ... သူ က ... ကျောင်းပြီးသွားကြတာ သိပ်မကြာသေးဘူး ... ကိုလေးနဲ့ တစ်နှစ်တည်းဖြစ်လိမ့်မယ် ... ကျောင်းမှာ တွေ့မိကြပဲ ... အခုမှ တွေ့ကြရတယ်လို့နော် ... အံ့သြ





ပဲ"

ကျောင်းသာပြီးသွားတယ်၊ ကျောင်းတောင် မှန်မှန်မတက်ဖြစ်ပဲ ဆိုင်ကယ်ဝယ်ရောင်းလောကထဲက ပိုပြီးမွေ့လျော်ခဲ့တဲ့အတွက် တစ်နှစ်တည်းကျောင်းပြီးခဲ့ကြရက် မဆုံဖြစ်ခဲ့တာဖြစ်မည်။ မိန်းကလေးတွေက အများအားဖြင့် ကျောင်းတက်မှန်ကြတယ်ဆိုလား၊ သူကတော့ ကျောင်းတက်မမှန်ခဲ့သူပင်။

"အရေးကြီးတဲ့အချက် ကျန်သေးတယ် မီးမီး ... သူ့မှာ ရည်းစားရှိ မရှိက ... ပိုအရေးကြီးတယ်လေဟာ ..."

"လုံးဝမရှိဘူး ... သူတို့အုပ်စုက မစွံတာမဟုတ်ဘူး ... ရည်းစားထားဖို့ စိတ်မဝင်စားဘဲ လေးယောက်သား ကျောင်းပျော်ပွဲ့ခံလိုက် ... လောင်လိုက် ... လျှောက်လည်လိုက်နဲ့တဲ့ ... အခုလည်း ဟိုနှစ်ယောက် နိုင်ငံခြားထွက်သွားကြလို့ နှစ်ယောက်သား ပေါင်ပြီး ကျန်ခဲ့ကြတာ ... သူက သဘောကောင်းပါတယ် ... မီးမီးနဲ့တောင် အဖွဲ့ကျခဲ့သေးတယ် ... သိလား ... ညီအစ်မသုံးယောက်ရှိတယ် ... သူက အကြီးဆုံး ... နောက်နှစ်ယောက်နာမည်က ငွေစင်ဖြာနဲ့ ကြွေစင်ဖြာတဲ့ ... ဘယ်မှာနေသလဲဆိုတာတော့ ... မမေးခဲ့မိဘူး ... ကဲ ... ဒီလောက်ဆို မီးမီးပြောတာ ပြည့်စုံပါတယ်နော် ... ကိုလေး"

"ဘယ်မှာနေလဲဆိုတာပါသိရင် ... ပိုကောင်းမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ဖြာဟူသော အမည်နာမကလေးက သူ့နှလုံးသားထဲမှာ စတင်နေရာယူတော့၏။ ထိုနေ့ကစပြီး နေ့စဉ်နေ့တိုင်းမှာ သွားလေရာ၌ သူမအား ရှာဖွေတတ်ခဲ့ခြင်းအလုပ်တစ်ခုက တော်လှူဝင်းထံ၌ လက်ခံရရှိလာခဲ့ပါသည်။

အခုတော့ မမျှော်လင့်သော တိုက်ဆိုင်မှုတစ်ခုကြောင့်ပင် သူမကလေးနဲ့ ထပ်မံဆုံဆည်းခွင့်ရခဲ့ပြီ။ သူမကလေးထံမှ အသိအမှတ်ပြုမှုတစ်ချို့မှာ ပျော်ဝင်ခဲ့ပြီ။

ပြီးတော့ သူ့ဘဝ၏ နောက်ပိုင်းနေ့ရက်များမှာ သူ့နံဘေးတွင် သူမကလေးရှိနေစေဖို့ သူ စတင်ကြိုးစားရတော့မည်ဟူသောအသိဖြင့် ရှင်သန်နေခဲ့ပြီ။

***








နေ့စဉ်ရက်ဆက်ပင် ဆိုင်ကယ်ကြီးတစ်စီးဖြင့် တစ်နေ့ သုံးလေးကြိမ်ထက်မနည်း အိမ်ရှေ့ကဖြတ်သော အမျိုးသားကလေး၏ရည်ရွယ်ချက်ကို မေမေလည်း သတိပြုမိစ ပြုပြီ။ ငွေနှင်းကြွေ၏ သတင်းပေးချက်အရ ရွှေစင်ဖြာ၏ ဓာတ်လမ်းကလေးမှန်းမေမေသိရှိ။ ဆိုင်ကယ်သံ အကျယ်ကြီးကြားပြီဆိုလျှင် မေမေနှင့်သမီးများရဲ့ တစ်ထပ်ခွဲတိုက်လုံးချင်းကလေးထဲမှာ ရှိသမျှ လူသားအားလုံးယောက်တို့က ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထိုဆိုင်ကယ်ရှင်ကို ချောင်းကြည့်အကဲခတ်တတ်နေပြီ။

"ငွေနှင်းကြွေပြောတော့ ... အန်တိုနီယိုဘန်ဒါးရက်နဲ့ တူသတဲ့ မေမေတော့ ဒီနေ့ထိ ဒီကောင်လေးမျက်နှာ သေသေချာချာ မမြင်ရသေးဘူး ... ဟဲလ်မက် ကြီး အမြဲဆောင်းထားနေကျကိုး ... ဒါပေမဲ့ လေ့လာရသလောက်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးကချေ ဟုတ်ပုံမရပါဘူး ... သူ့ဘာသာ အေးအေး ဆေးဆေးပဲ ... အိမ်ရှေ့က ဆိုင်ကယ်နဲ့ ဖြတ်ပြတာပဲရှိတယ ရှေ့က ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်နော် ... မေမေ ဘယ်တော့မှ သားသမီးတွေရဲ့ အိမ်ထောင်ရေးကို မချုပ် ကိုင်ဘူး ... ဆုံးဖြတ်ချက်တစ်ခုမှားတာနဲ့ တစ်ဘဝလုံး စိတ်ဆင်းရဲရမှာကိုပဲ ဆည့်တွက်ရမယ်ဆိုရင် အကောင်းဆုံး ပေါ့ ... အိမ်ထောင်တစ်ခု တည်ထောင်ရာမှာ ဘာ အရေးကြီးဆုံးလဲ ... ငွေကြေးလား ... ပညာလား မေတ္တာလား ... နားလည်မှုလား ... အဲဒါတွေကို ရှေ့ သေချာချာ စိစစ်ဆုံးဖြတ်နော်”

ယခင် ယခင်ကလည်း မေမေ့ကို သူမနဲ့ပတ်သ ပြီး လာရောက်စပ်ဟပ်သူတွေလည်း ရှိပါသည်။ မေမေက သူမအ ထိုစကားဖြင့်သာ ဆုံးဖြတ်ခိုင်းခဲ့လျှင် သူမက အလွယ်တကူ ဖြတ်နိုင်ခဲ့သည်သာတည်း။ ပြီးတော့ သူ့လိုပဲ လာရောက်ပိုးပန်း တွေနှင့် ပတ်သက်လျှင်လည်း အလွယ်တကူ ခပ်မြန်မြန် ဆုံးဖြ နိုင်ခဲ့ပြန်၏။

အခု သူနဲ့ပတ်သက်ပြီး ဆုံးဖြတ်ရဦးမတဲ့။ မေမေ မေမေပီသစွာပင် သမီးကြီး၏အရိပ်အကဲကို သိမြင်လျက် ခွင့်ပြု စွာ ပြုံးနေတတ်သည်မှာ သူ့ဆိုင်ကယ်သံ ကြားလည်း ကျေနပ်ဖေ အမူအရာများဖြစ်ပေါ်ပြီး တိတ်တဆိတ် ပြုံးနေတတ်သော ရှေ့





ကြောင့်ပင်ဖြစ်ပါသည်။

သူနဲ့ ရင်ဆိုင်တွေ့ကြည့်ချင်သည်။ ပြီးတော့ သူ့ဆီ က ညှို့ငင်သောအကြည့်များနှင့် ရင်းနှီးစွာ ပြုံးတတ်သော အမူ အရာတွေကိုလည်း ရင်ခုန်ရသေးသည်။ တစ်ဖန် ခပ်သြသြ စကား သံများကို အကြာကြီး နားထောင်ကြည့်ချင်ပါရဲ့။

သို့သော် အသက် နှစ်ဆယ့်သုံးနှစ်ကျော်ပြီ ဖြစ်သော အမျိုးသမီးကလေးက ‘အချစ်’ ဆိုသောအရာ၌ အတွေ့အကြုံနည်း ပါးလျက် ရင်ခုန်ရခြင်းတွေကိုလည်း ရင်မဆိုင်ရဲသေးလျက် ရှိနေ ဆဲပင်။

နောက်ပြီးကျတော့ ချစ်သူတစ်ယောက်ကို ချစ် မိသည်ဆိုရာတွင် ဘာတွေများ ပြောင်းလဲသွားတတ်သလဲဆိုတာ ကိုလည်း မဆန်းစစ်တတ်သေးချေ။ တွေ့ကြုံရမည့် အကောင်း အဆိုးတွေကိုလည်း တွေဝေဆဲတည်း။

ဒါပေမယ့် သူကတော့ ရွှေစင်ဖြာ၏ တွေဝေမှုများ အား ဖြိုဖျက်ပေးနိုင်ခဲ့သူပင် ဖြစ်လေသည်။

အဲဒါကတော့ သူ့ထံမှ ဖုန်းဖြင့် ဆက်သွယ်မှုကို လက်ခံရရှိသည့်အတွက်ပင် ဖြစ်၏။ ဆိုင်ကယ်ကြီးတစ်စီးဖြင့် ရက် သတ္တပတ် နှစ်ပတ်လောက် အိမ်ရှေ့က ဖြတ်သည့်အလုပ်ကို သူ ပျက်မကွက် ထမ်းဆောင်ပြီးနောက်၊ တစ်ညမှာ သူ့ဆီကဖုန်းကို သူမ လက်ခံနားထောင်မိခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွေမှာ ညဥ့်နက်အောင် ဗွီဒီယိုကြည့်တတ်သော၊ ဝတ္ထု မဂ္ဂဇင်းတွေ ဖတ်တတ်သော၊ သင်တန်းပေါင်းစုံမှ သင်ခန်းစာတွေ လေ့လာနေတတ်သော၊ ဒါမှမဟုတ် အိပ်ရာထဲ ခြိမ်နဲ့လှဲ ပြာလဲ့လဲ့မီးလုံးကလေးထွန်းကာ အမေရိကန်ကျေးလက် တေးသွားများကို ခပ်တိုးတိုးဖွင့်ကာ ကော်ဖီကို ခြိမ်ဆွဲ၍ သောက်တတ်သည့်အလေ့အထရှိသော ရွှေစင်ဖြာအတွက် ညဆယ့်တစ်နာရီမှာ ဖုန်းသံတစ်ခု၏ နှောက်ယှက်ခြင်းကို စတင်လက်ခံရရှိတော့တာပဲ။

အိမ်ရှိဖုန်းလိုင်း တစ်လိုင်းထဲကို ညီအစ်မ သုံး ယောက်သား ကိုယ့်အခန်းထဲမှာ ဖုန်းတစ်လုံးစီဖြင့် လိုင်းခွဲဆက် သွယ်ထားတတ်တာကြောင့် ဖုန်းသံမြည်လျှင် ငွေနဲ့ကြွေတို့ အိပ် ခန်းတွေထဲကလည်း ကြားရမှာမလွဲ။

ဒါပေမယ့် သူတို့တွေ ရွှေစင်ဖြာနဲ့မတူ။ ဆယ့်တစ် နာရီဆိုသော ညအချိန်မှာဆို ဖုန်းဘယ်လောက်ပဲ အိပ်ရာဘေး မြည်ပါစေ။ နိုးတတ်သူတွေမဟုတ်။ ထို့ကြောင့် သူ ဖုန်းဆက်တာ ရွှေစင်ဖြာတစ်ယောက်သာ လက်ခံရရှိခဲ့တာပင်။

"ရွှေစင်ဖြာလား ... "

ဟူ၍ ဖုန်းကိုင်လိုက်ပြီး ထူးသံမဆုံးခင်မှာ အတ မေးနိုင်ရအောင် သူက သတင်းစုံစမ်းတာ အင်မတန် တော်ပါ သည်။ ဒီအချိန် ဖုန်းကိုင်တတ်သူမှာ ရွှေစင်ဖြာတစ်ယောက်သာ





ကြောင်း သူ ဘယ်လိုသိသလဲဆိုတာ နောက်များမှ သိခွင့်ရပါသည်။

"ဟုတ်တယ် ... အခု ဘယ်သူဆက်တာလဲ ... "

ယောကျ်ားသံတစ်သံမှန်း သိရှိလျှင် လေသံကို ဘမင် မာပစ်လိုက်သေးသည်။

"လေသံကလည်း ... အခုထိ ခပ်မာမာပါပဲလားကွာ"

"ဘယ်သူလဲလို့ မေးနေတယ် ... "

"နေ့တိုင်း ဆိုင်ကယ်နဲ့ လာတဲ့လူ ... "

ထိုအဖြေကြောင့် သူမ အတော်ပင် တုန်လှုပ်သွား တာ သူတော့မသိ။ ဖုန်းကိုင်ထားတဲ့လက်တွေ တုန်ယင်အေးစက် ကျက်။

"ညဆယ့်တစ်နာရီလောက်အချိန်ဆိုရင် ... ရွှေစင်ဖြာတို့ တစ်အိမ်လုံး အိပ်သွားကြပေမယ့် ရွှေစင်ဖြာက ညဥ့်နက်မှ အိပ်တတ်တာကို ကိုယ်သိတာ ဒီနေ့မနက်ကမှ ... ကိုယ့်ညီမ ဝမ်းကွဲ ပြောပြတာလေ ... ကိုယ့်ညီမလေးက ရွှေစင်ဖြာ သူငယ်ချင်း လဲ့လဲ့ရဲ့ညီမနဲ့ သူငယ်ချင်းပေါ့ ... ကိုယ့်ညီမ နဲ့ ရွှေစင်ဖြာတို့ ဆုံဖူးမှာပါ ... သူ့နာမည်က မီးမီးလို့ အိမ် မှာခေါ်ကြတယ် ... အပြင်နာမည်ကတော့ ဆုမွန်ဖြိုးတဲ့ သူက ကိုယ့်အတွက် ရွှေစင်ဖြာ့အကြောင်းတွေကို လဲ့လဲ့ရဲ့ ညီမဆီကတစ်ဆင့် စုံစမ်းပေးနေတဲ့ ... ညီမအလိမ္မာလေး ပေါ့ ... ကဲ ... ဒါဆို ... ဒီအချိန် ဖုန်းကိုင်တာ ရွှေစင်ဖြာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်လို့ ကိုယ် ဘာကြောင့် ... အတပ်သိသလဲဆိုတဲ့ ပဟေဠိနဲ့ ဦးနှောက်စားမနေတော့ဘူး ထင်ပါရဲ့ ... "

သူက သူမ မေးစရာမလိုအောင် ပြည့်ပြည့်စုံစုံပင် ရှင်းလင်းပြောပြရင်း စကားအဆုံးမှာ ခပ်တိုးတိုးရယ်သံကလေးနဲ့ အဆုံးသတ်လေသည်။

"ဖုန်းချပစ်ဖို့တော့ မစဉ်းစားနဲ့နော် ... ကိုယ်က တစ်ညလုံး ဖုန်းခေါ်နေမှာပဲ ... ဒါမှမဟုတ် တစ်ညလုံး ဆိုင်ကယ်သံ အကျယ်ကြီးလုပ်ပြီး ခေါက်တုံ့ခေါက်ပြန် အိမ်ရှေ့က ဖြတ် နေမှာပဲ ... အမေ မနိုးစေချင်ရင် ကိုယ်နဲ့ ဖုန်းပြောမှာကို လက်ခံမှဖြစ်မှာ သိလား ... "

"လူရမ်းကား ... ကလေကချေ ... ရှင် ကျွန်မကို ဘာဖြစ် လို့ စိတ်အနှောင့်အယှက် ပေးနေတာလဲ ... ရှင်နဲ့ကျွန်မမှာ ဘာရန်ငြိုးရန်စမှ မရှိဘူး ... ဘယ်တုန်းကမှလည်း မပတ် သက်ခဲ့ဖူးဘူး ... ရှင် တမင်သက်သက် နှောင့်ယှက်နေတာ ကို လုံးဝ မကျေနပ်ဘူး ... "

"ပတ်သက်မှု ... ဟုတ်လား ... ရှိတာပေါ့ ရွှေစင်ဖြာရဲ့ ... ကိုယ်နဲ့ရွှေစင်ဖြာတို့ မာတိုဗာပုလင်းတွေ အများကြီးထဲ တစ်ပုလင်းကို လက်အတူတူဆုံပြီး ရွေးခဲ့ကြဖူးတဲ့ ပတ် သက်မှု ... ပြီးတော့ ရွှေစင်ဖြာတို့ ညီအစ်မသုံးယောက် လိုရာခရီးတွေကို ... အချိန်ကုန်ခံ လိုက်ပို့ပေးခဲ့ဖူးတဲ့ ပတ်





သက်မှုတွေကို မမေ့ပစ်နဲ့လေကွာ ... ကိုယ်တို့ မိတ်ဆွေ ဖြစ်သင့်နေတာကြာပြီ ... ကိုယ်က ရွှေစင်ဖြာ့အကြောင်း တွေ အကုန်သိပြီးပြီ ... ကိုယ့်အကြောင်းတွေကိုလည်း ရွှေစင်ဖြာ သိစေချင်တယ် ... "

"မလိုဘူးထင်တယ် ... ကျွန်မမှာ လှဲလှဲကလွဲရင် ဘယ် မိတ်ဆွေမှ မထားခဲ့ဖူးဘူး ... ရှိလည်း မရှိဘူး ... ယောကျ်ား လေးမိတ်ဆွေဆိုရင် ဝေးသေး ... သူတို့က ခင်မင်ချင်တယ် ဆိုတာဟာ ကောင်းသော ခင်မင်ခြင်းနဲ့ ခင်ကြတာမဟုတ် ဘူး ... အကြံအစည်တစ်ခုခု အမြဲပါနေလိမ့်မယ်ဆိုတာ ... ကျွန်မ ယုံကြည်တယ် ... "

"ကိုယ့်အကြောင်းတွေကို လုံးဝ မသိချင်ဘူးလား ... "

"ဟုတ်တယ် ... မသိချင်ဘူး"

"ဟာ ... သွားပါပြီကွာ ... "

စိတ်ပျက်လက်ပျက် ညီးတွားသံကလေးအဆုံး၌ သူ့ ဘက်က စကားသံတွေ တိတ်ဆိတ်သွားပါသည်။ အင်း မိန်းကလေး ဆန်ဆောင်လျက် မသိချင်ပါဘူးဟု အိုက်တာခံလိုက်ရသော်လည်း ဘယ့်တကယ်တော့ သိချင်သားပင်။

ရှင် ကျွန်မရဲ့ ဆက်ဆံရေးကျဲမှုကို ဘယ်လောက် အထိ စိတ်ရှည်နိုင်မလဲ၊ ခံရှိနိုင်မလဲဆိုတာ စောင့်ကြည့်ရပါဦးမယ် ဒါကြောင့် တော်လူဝင်းဟူသော အမည်နာမတစ်ခုသာ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရထားသော လူတစ်ယောက်ရဲ့အကြောင်းကို အချိန်ကာလများစွာ ယူလျှက် စောင့်ကြည့်အကဲခတ်ရပါမည်။ အဲဒါဟာမိန်းကလေးတစ် ယောက်ရဲ့ ကျင့်ကြံအပ်သော ဣန္ဒြေသိက္ခာတစ်ခုလည်း ဖြ သေးသည်ကွယ်။

"ကဲ ... ရှင် ဘာမှ ဆက်ပြောစရာမရှိတော့ဘူးဆိုရင် ကျွန် ဖုန်းချလိုက်တော့မယ် ... ရှင် စိတ်ကျေနပ်အောင် ကျွန် ဖုန်းလက်ခံ ပြောပြီးပြီ ... ထပ်ပြီး မနှောင့်ယှက်တော့ တောင်းပန်တယ် ... "

"ကိုယ် ... ညတိုင် ဒီအချိန် ဖုန်းဆက်မယ် ရွှေစင်ဖြာ အနည်းဆုံး ဆယ်မိနစ် ... ဆယ့်ငါးမိနစ်လောက်တော စကားပြောခွင့်ပြုပါ။ ပြီးတော့ ... မနက်ဖြန် ရွှေစင်ဖြ သွားတက်မဲ့ ကွန်ပျူတာသင်တန်းအချိန်မှာ ကိုယ်က အ သင်တန်းရဲ့အောက်ထပ် လက်ဖက်ရည်ဆိုင်ထဲမှာ ကြ နေမယ်ဆိုတာ မှာထားမယ်နော် ... ရွှေစင်ဖြာ ကိုယ့်မျက် နှာကို မတွေ့ချင်ရင် ... ကြိုတင် မျက်နှာလွှဲထားလို့ရတ ပေါ့ ... နောက်ပြီး ရွှေစင်ဖြာ ဘာတ်သမ္မ သင်တန်းတိုင်း အချိန်တွေကို ကိုယ် သိထားသေးတယ် ... ဘယ်နည် မဆို ကိုယ် အမြဲရောက်နေမှာပါ ... ကိုယ့်ရဲ့ ဟွန်ဒါရီဘဲ(လ် ဆိုတဲ့ REBEL SPECIAL ဆိုင်ကယ်ကြီး ရောက်နေပြီဆို ကိုယ်လည်း အဲဒီနေရာမှာ ရှိနေမှာပါ ... ကိုယ် ... အ





ကြောင့် ရွှေစင်ဖြာ့ကို ခင်မင်ချင်သလဲဆိုတာ ... ကြိုသိနေ လိမ့်မယ်ဆိုတာ ကိုယ်လည်း သိပါတယ် ... ကိုယ့်ကို ကြိုက် သလောက် လေ့လာပါ ... ကိုယ့်ဘက်က ရွှေစင်ဖြာနဲ့ ပတ်သက်ရင် အရာရာမှာ ဘာတစ်ခုမှ ဖုံးကွယ်ထားစရာ မရှိပါဘူးဆိုတာတော့ ... ကြိုပြောထားချင်တယ် ... "

"သိပ်သေချာနေတယ်ပေါ့လေ ... ကောင်းပြီ ... ကျွန်မ ရှင့်ကို စောင့်ကြည့်ရသေးတာပေါ့ ... ရှင့်အကြောင်းတွေ တော့ အပင်ပန်းခံပြီး စုံစမ်းနေမယ်လို့တော့ မမျှော်လင့်နဲ့ ရှင့် ... ကျွန်မက သူများအကြောင်း စုံစမ်းရတာ ဝါသနာ မပါဘူး"

သူ့ဆီက အစိပ္ပါယ်မဲ့စွာ ရယ်သံ ...သံ့ကို ကြားလိုက် ရလေသည်။ ဟင်း ... ကိုယ့်ကိုယ်ကိုယ် အရာရာမှာ Perfect ဖြစ် နေတယ်ဆိုပြီး သိပ်ထင်နေတဲ့ ရယ်သံဟု သူမ ကဲ့ရဲ့ပစ်မိ၏။ ပြီး တော့ သူက မာနကြီးတတ်ပြီး တစ်ယူသန်နိုင်မည့် ယောက်ျားမျိုး ဖြစ်မည်လို့လည်း သူမ ယူဆချင်ပြန်သေးသည်။

"ကိုယ့်ဖုန်းကို ... စိတ်ရှည်လက်ရှည် နားထောင်တဲ့အတွက် ကျေးဇူးတင်ပါတယ် ရွှေစင်ဖြာ ... အိပ်မက်လှလှ မက်ပါ စေ ... "

သူ့ဘက်က ဖုန်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။ သူမကေ ဖုန်းကို အကြာကြီး မေ့လျော့၍ ကိုင်ထားမိသေး၏။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သတိရကာ ဖုန်းကို နားမှ ခွာဖြစ်လေသည်။

ပြီးတော့ ဘာကြောင့်မှန်းမသိ၊ တိတ်တဆိတ် ပြုံးနေမိ၏။ အမေရိကန် ကျေးလက်တောသွားကလေး ခပ်တိုးတိုး ပုံ့လွင့်နေသော၊ ပရုပ်နံ့ ခပ်သင်းသင်းဖြင့် ထုံလွှမ်းသော၊ ပြာလဲ့လဲ့ မီးရောင်ကလေးများ ဖြန့်ကြက်ထားသော အိပ်ခန်းငယ်လေးအတွင်း ဝယ် အမျိုးသမီးငယ်လေးတစ်ယောက်ဟာ အိပ်မက်မက်ဖို့ဝေးလို့ အင်မတန် ကြိုးစား၍ အိပ်စက်ရသည့် ညတစ်ညကို ကုန်ဆုံးစေတော့သည်။

အင်း၊ မနက်ဖြန်မနက်ဟာ ရင်ခုန်ခြင်းအတိနဲ့ စတင်ရတော့မယ် ထင်ပါရဲ့။

***





"ကက" အနီနံ့ပါတ်အငှားကားတစ်စီးက သူ့မြင်တွင်းရှေ့မှာ လာရောက်ရပ်တန့်၏။ အဖြူရောင် ကားမှန်ကို ထွင်းဖောက်၍ မြင်လိုက်ရသူမှာ သူမျှော်လင့်ထားသူကလေးပဲ ဖြစ်ပါသည်။

မင်းမသိဘူး။ ကိုယ်ဘယ်လောက်တောင် ရင်ခုန်သွားရသလဲဆိုတာ မင်းမသိသေးပါဘူး ရွှေစင်ဖြာ။ ကိုယ့်ဘဝမှာ ဒါ ပထမဆုံး ရင်ခုန်ရခြင်းပဲ။

မျက်မှန်အနက်ရောင် အဝိုင်းကလေး တပ်ဆင်ထား၍ သူမ၏ မျက်လုံးတွေကို သူက မြင်ခွင့်မရ။ ဒါကြောင့် သူ့ရှိရာကို သူမ လှမ်းကြည့်သလား၊ မကြည့်သလားကို သူ သိခွင့်မရပါ။

မင်း သိပ်လှလည်းကျပါလား။ နေပူတာကို အခွင့်ကောင်းယူ၊ နေကာမျက်မှန်တပ်ပြီး ကိုယ့်ကို တိတ်တခိုးကြည့်နေသိနိုင်မယ်ဆိုတာ ကိုယ်သိမှာ မင်းစိုးရိမ်တယ် မဟုတ်လား ရွှေစင်ဖြာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းမျက်လုံးတွေကို ကွယ်ထားဖို့ ဒီမျက်မှန်ကို တမင် တပ်လာတယ်လို့ ကိုယ် ယူဆချင် တယ်။

မင်းဘာဖြစ်လို့ တက္ကစီတွေပဲ စီးသလဲ။ အဲဒါကို ကိုယ် ခုထိ စဉ်းစားမရသေးဘူး။ ကိုယ်ပိုင်ကားလည်း ဝယ်စီးနိုင် ရက်နဲ့ အငှားကားစီးရတာ မမိုက်သေးပါဘူး။

မိန်းကလေးတွေ ကားမောင်းနေတဲ့ခေတ်ကြီးထဲ မှာ ကားမမောင်းတတ်ရင်ထားတော့၊ ကိုယ်ပိုင်ကားလေးတစ်စီးနဲ့ တော့ သွားလာသင့်တယ်။ စိတ်ချ။ ကိုယ့်ချစ်သူကလေးဖြစ်လာခဲ့ ရင် မင်းကို ကိုယ်ဆိုင်ကယ်နဲ့ အကြိုအပို့ လုပ်ပေးဖို့ ဝန်မလေးဘူး ဆိုတာ မင်းသိစေရမယ်။

လက်ဖက်ရည်ဆိုင်ဘေး လှေကားထစ်တွေကို နင်း ဖြတ်ကျော်တက်သွားသော သူမ၏ ခြေဖဝါးတွေကို လိုက်ငေးမိ သည်။ ညာဘက် ခြေကျင်းဝတ်မှာ Foot Chain ကလေးရှိ၏။

သင်တန်းချိန်တစ်ချိန်လုံးကုန်အောင် ထိုင်စောင့်ဖို့ ကိုယ့်မှာ အချိန်တွေ သိပ်အားနေတယ်လို့တော့ မထင်ပါနဲ့။ ကိုယ့် ရဲ့အချိန်တချို့ဟာ ဆိုင်ကယ်သဖို့၊ ဆိုင်ကယ်စတန့်စီးဖို့၊ စိတ်ကြိုက် ဆိုင်ကယ်တွေတွေ့၍ အလိုက်ပေးပြီး လဲဖို့လည်း ဝန်မလေး။ အဲဒီ လိုနဲ့ တစ်နေ့တစ်နေ့ မအားရာက အခုတော့ ရွှေစင်ဖြာကို စောင့် ကြည့်ဖို့ အချိန်တွေတောင် ပိုတိုးလာရပြီ။

***





"အံမယ် ... အမျိုးသမီး ... ရှင့်မျက်နှာက ပြုံးစိစိနဲ့ပါလား ဘာဖြစ်လာတာလဲ ... တက္ကစီဒရိုင်ဘာက ဈေးလျှော့ယူ လိုက်လို့တော့ ဟုတ်မယ်မထင်ဘူး ... "

လဲ့လဲ့က သူမ ဝင်လာလာခြင်း လှည့်ကြည့်အကဲ ခတ်လျက် သူမက လဲ့လဲ့နဘေးမှာ ဝင်ထိုင်လိုက်လျှင်ပဲ ဤသို့ အမေးခံရလျှင် ရွှေစင်ဖြာ၏ နှုတ်ခမ်းကလေး ပိုမိုကွေးကျ ပြုံးဖြစ် သွားတော့၏။

အင်း ဒီသင်တန်းရဲ့ အောက်ထပ်မှာရှိတဲ့ လက်ဖက် ရည်ဆိုင်ထဲက ဆိုင်ကယ်မင်းသားတလေးအကြောင်း ပြောပြလိုက် ရတော့ လဲ့လဲ့ ဘာဖြစ်သွားမည်မသိ။ လဲ့လဲ့က ကိုယ်တိုင်လည်း ချိုကြီးလုပ်မည်လို့ ကြေညာထားရုံတင်မက သူ့အချစ်ဆုံးဖြစ် သော ရွှေစင်ဖြာကိုပါ အဖော်ညှိချင်သူတည်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ဘယ်ယောကျ်ားတစ်ယောက်ရဲ့ အကြောင်းကိုမှ အမှတ်တရ စကားထဲ ထည့်မပြောတတ်သူ ရွှေစင်ဖြာက ဆိုင်ကယ်မင်းသားကလေးရဲ့အကြောင်းကို ထည့်ပြော လျှင် လဲ့လဲ့ထံမှ စွပ်စွဲချက်တွေတော့ ရနိုင်ကောင်းရဲ့။

အို ဘာပဲဖြစ်ဖြစ် ပြောမပြဘဲနဲ့မှ မနေနိုင်တာ လဲ့လဲ့ကို အနည်းအကျဉ်းလောက် ပြောပြချင်သေးသည်။

"ကျုပ် ... ပြုံးစိစိဖြစ်ရခြင်းကို အကြောင်းရင်းကို ရှင် သိ သိချင်ပါတယ်လို့ ဝန်ခံရင် ပြောပြမယ် ... သိပ်မသိချင်ဘူး ဆိုရင်တော့ မပြောပြတော့ပါဘူး ... ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက ကျုပ်အတွက် တစ်ချိန်ချိန်မှာ အရေးပါချင်လည်း ပါလာနိုင်တယ် ... ဒါမှမဟုတ် အရေးမပါချင်လည်း မ တော့မဲ့ကိစ္စတစ်ခုပဲ"

"ဟယ် ... အဲဒီလိုတော့ မလျှို့နဲ့လေဟယ် ... နင့်အတွက် အရေးပါတဲ့ ကိစ္စဖြစ်ဖြစ် ... မဖြစ်ဖြစ် ငါနဲ့ဆိုင်တာပဲ ... သိခွင့်ရှိတယ် ... ပြော ..."

"ဟုတ်ကဲ့ ... ပြောပါ့မယ်ရှင် ... "

"နင် ... အရင်ကနဲ့မတူဘူး ... ဒီကိစ္စကိုပြောဖို့ သိပ်တ ကြွနေတယ် ... မဟုတ်မှလွဲရော ... ဒါ ရည်စားထားတေ မယ့်ကိစ္စပဲထင်တယ် ... "

"ဟယ် ... နင် သိပ်တော်နေပါလား ... ဗေဒင်ဟော





တောင် ကောင်းနေပြီ ..."

"ကြည့်စမ်း ... နင်က ငါ့ထက် သံယောဇဉ်တွယ်ရမဲ့လူ တွေ့နေပြီပေါ့လေ ... ရွှေစင် ... နင်တော့လား ... ဒုက္ခ တွေ့တော့မယ် ... ငါပြောတာကို နားမထောင်ဘဲ ... တောက် ... လျှောက်လုပ်နေပြီပေါ့လေ ..."

ဘာမှ မပြောရသေးခင် ရှေ့ကို ကြိုတင်တွေးလျက် ယောက်ယက်ခတ် ဆူပူနေသော လဲ့လဲ့ကို တကယ့်ဖြစ်ရပ်မှန်ကို သာ ပြောပြဖို့ ဆုံးဖြတ်ပါသည်။ လဲ့လဲ့ကို နောက်ချင်တာနဲ့ တမင် ဇာတ်လမ်းတွင်မိလို့ကတော့ လဲ့လဲ့ဆီက တဆင့်စကားတွေ ပေါက် ကြားပြီး သူ့နားထဲ ရောက်သွားမှဖြင့်၊ အင်း ... တော်ကြာ သူက အမှတ်တွေယူနေမှ သူ သိက္ခာကျဦးမည်။

ဒါတွေကို တွေးမိလျက် သူမက ဆရာမလာခင်မှာ ပင် သူနဲ့ စတင်တွေ့ဆုံမှုများကို လဲ့လဲ့အား ပြောပြလိုက်၏။ ပြီး တော့ နောက်ဆုံး အဖြစ်အပျက်တစ်ခုဖြစ်သည့် ဒီသင်တန်းရဲ့ မြေညီထပ် လက်ဖက်ရည်ဆိုင်မှာ သူ ရှိနေတယ်ဆိုတဲ့အကြောင်း အရာအထိပင် ပြောပြမိပြန်သည်။

"အဲဒီကောင် ... ဘာအလုပ်လုပ်သလဲ ... ဘယ်သူ့သားသမီး လဲ ... ဘယ်လိုလူမျိုးလဲဆိုတာတွေကို နင် အနီးကပ် လေ့ လာဖို့လိုတယ် ... ဒီလို မအီမလည်ကြီး လုပ်ထားလို့တော့ ဘယ်ဖြစ်မလဲ ... လူတစ်ယောက်ရဲ့အကြောင်းဆိုတာက

www.burmeseclassic.com



သူ့ကို အဝေးက လေ့လာတာထက် အနီးကပ်လေ့လာတာက ... ပိုထိရောက်တယ် ... နင် သူ့ကို စိတ်ဝင်စားတယ်ဆိုရင် သူနဲ့ မိတ်ဆွေဖြစ်ဖို့ အရင်လက်ခံလိုက် ... ပြီးမှ သူနဲ့ ပတ်သက်သမျှတွေ လေ့လာ ... "

"ဟယ် ... ကောင်းပါ့မလား ... ငါနဲ့သူ အမြဲတမ်း တွဲတွေ့နေရင် အလကား နာမည်ထွက်နေဦးမယ် ... "

"ငါလည်း အမြဲတမ်းရှိနေမှာပဲ ... ငါပါ ဝိုင်းလေ့လာပေးမှာပေါ့ ... "

"ဒီလိုကျတော့ ... နင်က ဘယ်ဆိုးလို့လဲ ... ငါ့ကိုချစ်သားပဲ ... "

"အမျိုးသမီးကလေးရေ ... ရှင်ကသာ ကျုပ်ထက် ပိုချစ်ရတဲ့ သူ တွေ့တော့မှာ သေချာတယ်"

လွဲ့လွဲ့၏စကား မှန်နေသလား၊ မမှန်နေသလား ဆိုတာ အခုချိန်မှာတော့ ရွှေစင်ဖြာ မသိသေးပါ။ သေချာတာကတော့ သူနဲ့ မိတ်ဆွေတွေဖြစ်ကြလျှင် သူမ အင်မတန် ရင်ခုန်ရမည့် နေ့တွေကို ရင်ဆိုင်ရတော့မည် ဆိုတာပဲဖြစ်၏။

***





ထိုနေ့ညဘက် ဆယ့်တစ်နာရီတိတိမှာတော့ ...င်ဖြာက သူမအတွက် ရောက်ရှိလာမည့် ဖုန်းသံတစ်သံကို နား...နေမိတာတော့ အမှန်ပဲ။

ဖုန်းသံကလေး တတီတီအကြားမှာ လက်ဖျားခြေ...တွေ အေးစက်သွားခဲ့လေပြီ။ ဖုန်းခွက်ကို ကိုင်၍မသော သူမ၏ ...တို့က တဆတ်ဆတ် တုန်ယင်လို့။ ရင်တွေ တဒိုင်းဒိုင်း ဆောင့်...း ဟန်ပန်မူရာတွေ ပျက်နေတာကို သူ မသိတာ တော်သေး...။ အသံတွေ မတုန်နေစေဖို့တော့ ရွှေစင်ဖြာ ကြိုးစားရပါမည်။

"ရွှေစင်ဖြာ ... ဒီနေ့ ကိုယ့်ကို တွေ့တယ်မဟုတ်လား"

ဟု သူက ဖုန်း ကိုင်လိုက်လျှင်ကိုင်လိုက်ခြင်း သူက ...ခွန်းဖြင့် စတင်ပါသည်။

"တွေ့သားပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"တော်တယ်ကွာ … ကိုယ်က မတွေ့ပါဘူးလို့ ညာပြေ
မယ် ထင်နေတာ … ရွှေစင်ဖြာက ကိုယ့်ကို ညာမပြေ
ဘူးနော် … ဒါပေမဲ့ နေကာမျက်မှန်ကြီး တမင်တပ်ပြီး ကို
ကို ခိုးကြည့်တာတော့ မကောင်းဘူးကွာ … တကယ်
ကိုယ်က ရွှေစင်ဖြာလှမ်းကြည့်မဲ့ မာနခပ်ကြီးကြီး မျက်
တွေကိုပဲ မြင်ချင်တာ … "

"ဘာရယ် … မာနခပ်ကြီးကြီးမျက်လုံးတွေ … ဟုတ်လ
ကျွန်မကို ရှင်ကများ ဝေဖန်ရတယ်လို့ … မဝေဖန်နဲ့ မကြိ
ဘူး … ဒါ နောက်ဆုံးဝေဖန်ခြင်း ဖြစ်ပါစေ … "

"ဟုတ်ကဲ့ခင်ဗျာ … ဟုတ်ကဲ့ … ကျွန်တော် ဆင်ခြ
မယ်ခင်ဗျာ … ဟုတ်ပြီ … ကိုယ် တစ်ခုသိသွားပြ
ရွှေစင်ဖြာ ကိုယ့်ကိုယ်ကိုယ် သူများဝေဖန်တာ ခံရမှာ မကြိ
ဘူးဆိုတဲ့အချက်ကို ကိုယ်သိသွားပြီ … "

သူနဲ့သူမတို့ဟာ မနေ့ကထက်စာရင် ဒီနေ့
ရင်းနှီးသွားကြပြီဟု သူမ ထင်မြင်မိ၏။ သူ့စကားသံများက
ကြွနေခဲ့ပြီး သူမ၏ စကားသံတွေမှာတော့ သူ့ကို အနိုင်ယူခြင်း
ပါဝင်နေလိမ့်မည်။

"အခု … ရွှေစင်ဖြာ ဘာလုပ်နေတာလဲ … အခွေကြည့်
တာလား … သီချင်း နားထောင်နေတာလား … ဝတ္ထု
နေတာလား"





ကြည့်စမ်း။ ရွှေစင်ဖြာကတော့ သူ့အကြောင်းဆို
တစ်ခုတလေမှ သိခွင့်မရသေးပေမယ့် သူကတော့ လဲ့လဲ့ညီမလေး
ဆီကတစ်ဆင့် သူ့ညီမဝမ်းကွဲ စုံစမ်းထားသမျှတွေနဲ့ သူမအကြောင်း
တွေ စေ့စေ့စပ်စပ် သိနိုင်လွန်းလှ၏။

အဲ့ဒါကိုပင် မကျေနပ်သေးတော့ … ဘာပဲဖြစ်ဖြစ်
သူ့အကြောင်းတွေကိုလည်း သူမ သိခွင့်ရချင်ပါသေးသည်။

"အခွေကြည့်နေတာပေါ့ … "

"ဘာခွေလဲ … "

"ဝေါ့လ်ဒစ္စနေရိုက်တဲ့ ကာတွန်းကားခွေ … နေစမ်းပါဦး
ရှင်က ကျွန်မ ညဘက်တွေမှာ စောစောမအိပ်ဘဲ ဘာတွေ
လုပ်တတ်တယ်ဆိုတာကအစ သိနေပါလား … ရှင့်ညီမက
စုံစမ်းစစ်ဆေးရေး တော်တော်ကောင်းတယ် … ကျွန်မ
ချီးကျူးတယ် … သိလား"

"ကိုယ်က စေ့စေ့စပ်စပ် သိချင်လို့ မေးတတ်တာကိုလည်း
ချီးကျူးဦးလေကွာ … "

"မချီးကျူးနိုင်ပါဘူး … ကဲ … ဒီလောက် ဖုန်းပြောရရင်လည်း
ကျေနပ်တော့ … ဒီလိုအခွင့်အရေးပေးတာတောင် လွန်
လှပြီ … ကဲ … ဖုန်းချလိုက်တော့မယ် … "

"စကားပြောရတာ ခဏလေးပဲ ရှိသေးတယ် … ကိုယ်က
အကြာကြီး စကားပြောချင်တာ … ရွှေစင်ဖြာ အိပ်မှ မအိပ်
သေးတာ … ကိုယ်နဲ့ စကားပြောနေပေါ့ … "



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... အလုပ်ရှုပ်ခ်လို့ မပြောနိုင်ပါဘူး ... ညဘက် အေးအေးဆေးဆေး တစ်ယောက်တည်း ကိုယ်လုပ်ချင်တာ လုပ်မလို့ဟာ ... ရှင့်ကို အချိန်တွေ ဖဲ့ပေးနေရတယ် ..."

အမှန်တော့ သူနဲ့ ဒီထက်မက စကားတွေပြောချင် တာပေါ့။ သို့သော် ဒီလောက်ထိ အခွင့်အရေး မပေးသင့်သေးဟု ယူဆလျက် ဤသို့ ဆုံးဖြတ်မိတာဖြစ်သည်။

"မနက်ဖြန်လည်း ... ကိုယ် ရောက်နေမယ်နော် ... ကိုယ့်ကို ဒီတစ်ခါတော့ နေကာမျက်မှန်နဲ့ ကာမထားတဲ့ မျက်လုံး ကလေးနဲ့ကြည့်ပါလို့ တောင်းဆိုချင်တယ် ... ပြော် ... နေဦး ... ကိုယ်တို့ ဘယ်တော့မှ မိတ်ဆွေတွေ ဖြစ်ကြရ မလဲ ..."

"အင်း ... ကြာဦးမယ် ... ထပ်စောင့်လိုက်ဦး ..."

ထို့နောက် သူက 'အိပ်မက်လှလှမက်ပါစေ' ဟု မနေ့ကအတိုင်း နှုတ်ဆက်လျှင် သူမစကားကို နာခံစွာပင် ဖုန်းချ ခဲ့ပါသည်။

သူသည် တဖြည်းဖြည်းနှင့် ရွှေစင်ဖြာ၏ရင်ထဲ နေ ရာတော်တော် ယူလာနိုင်ခဲ့ပြီ။ သူနဲ့ စကားပြောရတာကို စိတ် အနှောင့်အယှက် မဖြစ်မိဘဲ ပျော်နေသတဲ့။ သူလာတာ စောင့်ကြည့် နေမည့် သင်တန်းတက်ချိန်၊ ဆင်းချိန်တွေဟာ အရင်ကထက် ပိုမို အဓိပ္ပါယ် ရှိလာပြီဟု ထင်မှတ်သတဲ့။

ပြီးတော့ ဆိုင်ကယ်သံ ကျယ်ကျယ်ဖြင့် အိမ်ရှေ့က





ဖြတ်သွားတတ်သည့် အချိန်တွေဆိုရင်တော့ သူမက သူ့ကို ချောင်း ကြည့်နိုင်မည့် နေရာကောင်းကောင်းတစ်ခုကိုလည်း ရှာထားနိုင် ခဲ့ပြီ။ ထို့နောက် သူ၏ ကျွမ်းကျင်သော ဆိုင်ကယ်စီးဟန်တွေမှာ နှစ်သက်စွာ ငေးတတ်ခဲ့ပြီတည်း။

တစ်နေ့ကျရင်တော့ သူမနဲ့သူတို့ဟာ ချစ်သူတွေ ဖြစ်သွားကြတော့မည် ထင်ပါရဲ့။

သူမ အဲဒါကို ဘာကြောင့်မှန်းမသိ ရင်ထဲကနေ စိတ် ထဲကနေ အလိုလို သိနေသည်။ သူမစိတ်ထဲတွင် ကြိုသိနေတတ် သော အဖြစ်အပျက်တစ်ချို့တွေဟာ ဘယ်တော့မှ မဖြစ်ဘဲနေသည် မရှိ၊ အမြဲ ဖြစ်ပျက်သွားတတ်တာများ၏။

အဲဒါက သူမ၏ ထူးဆန်းသော စိတ်တန်ခိုးလည်း ဖြစ်ပါသည်။ သို့ပေမယ့် မေးဖူးသော ဗေဒင်ဆရာတချို့ကတော့ သူမအား အစောင့်အရှောက် ပုဂ္ဂိုလ်များက စောင့်ရှောက်လျက် သူတို့က ကြိုပြောပေးနေသည်ဟု ဟောဖူးကြ၏။

ဗေဒင်ဆရာတွေကို မယုံလို့တော့မဟုတ်။ သို့သော် သူမက မိမိစိတ်တန်ခိုးကိုသာ ပိုယုံကြည်သူလည်း ဖြစ်ကြောင်း တစ်နေ့တော့ သူမ၏ချစ်သူ ဖြစ်လာမည့်သူကတော့ သိသွားလိမ့် မည်။

***



www.burmeseclassic.com

www.burmeseclassic.com






သူမထံမှ ရင်းနှီးမှုကို စတင်ရရှိသောနေ့ကို 
တစ်သက်မမေ့။ အဲဒီနေ့ မတိုင်ခင်ကတောင် သူမ၏ သင်တန်း
တချို့မှာ သူ သွားစောင့်သေးပေမယ့် သူမ လာမတတ်ချေ။ 
ဘက် ဖုန်းဆက်သောအခါ သူ လာမကိုင်။

"ရွှေစင်ဖြာ ... နေမကောင်းလို့ အိပ်နေပါတယ် ..."

ဟူသော အဖြေသံတစ်ခုကိုသာ ရင်ဆိုင်ရတာ 
ရက်တင်းတင်း ကျော်ဖြတ်ပြီးသည့်နေ့က သူမထံမှ ရင်းနှီးအား
မှုကို စတင်ရရှိခဲ့တာဖြစ်သည်။

အဲဒီနေ့က သူငယ်ချင်းတစ်ယောက်၏ စာအု
အရောင်းဆိုင်မှ သူ အပျင်းပြေ ဝင်ထိုင်နေခဲ့တာဖြစ်သည်။ တို
ခန်းအောက်ထပ်တစ်ခုကို ငှားယူပြီးဘာသာရပ်ဆိုင်ရာ မှုရင်းစာအု
ကော်ပီစာအုပ်တွေရောင်းသော သူငယ်ချင်းနဲ့သူက ကျောင်း





တက် သူငယ်ချင်းတွေဖြစ်၏။ သူငယ်ချင်းက စီးပွားရေးတွေ နှင်း
နှန်လုပ်နေချိန်မှာ သူကတော့ ဆိုင်ကယ်တစ်စီးနဲ့ လိမ့်လို့ကောင်း


ထိုသို့ သူငယ်ချင်းနဲ့ အပျင်းပြေ စကားပြောနေချိန်
မှာ သူမြင်ကွင်းထဲသို့ ဝင်လာသော မြင်ကွင်းတစ်ခုကြောင့် သူ့
ကာလုံးတွေ မှုန်မှိုင်းရီဝေသွားခဲ့ပါသည်။

မယုံမရှိနဲ့ ... သူ့မြင်ကွင်းထဲမှာ မြင်လိုက်ရတာက
သူ့ရဲ့ မြတ်နိုးရသူကလေးဟာ တစ်ခြားကောင်တစ်ကောင်နဲ့ တွဲ
တတွဲမြင်ကွင်း ဖြစ်နေခဲ့လို့ပဲ။ ထိုပုဂ္ဂိုလ်က တင့်တင့်နှင့် ရွှေစင်ဖြာ
ဘာတွေကပ်ပြောနေသည်မသိ။

ရွှေစင်ဖြာကတော့ ခေါင်းကလေးငုံ့ချလျက် မြေ
ပြင်ကို စိုက်ကြည့်လျှောက်လှမ်းနေပုံကတော့ မသက်သာလာစရာ။
မကြည်ဖြူဘဲ မင်းကို အတင်းလိုက်ကပ်နေတာလား ရွှေစင်ဖြာ
ချက်ချင်းပြေးသွားပြီး မေးလိုက်ချင်သည်။

တကယ်လို့ သူ့အထင် မှားယွင်းလျက် သူမတို့နှစ်
ယောက်ဟာ ကြည်ဖြူပြီးသားချစ်သူတွေပါဆိုရင် သူ ဘယ်လိုနည်း
ရင်ဆိုင်ရပ့ါမလဲဆိုတဲ့စိတ်ကူးက ဝင်လာပြီး တွန့်ဆုတ်နေချင်ပြန်


ထိုအချိန်မှာ ရွှေစင်ဖြာက ခေါင်းတစ်ချက်မော့
လိုက် ဘေးဘီဝဲယာကို ကြည့်လိုက်စဉ်မှာ သူမကို ငေးနေသည့်

www.burmeseclassic.com



သူ့မျက်ဝန်းများနဲ့ ဆုံတွေ့သွားခဲ့တော့တာဖြစ်၏။

ကြည့်စမ်း။ သူမမျက်နှာမှာ ကျေနပ်သွားခြင်း

စိတ်အေးသွားခြင်းတွေ၊ သူ့ကို အားကိုးခြင်းတွေနဲ့ ဝင်းပကြည်လ

သွားလိုက်တာ။ သူထိုင်နေရာသို့ ခပ်သွက်သွက်ဖြင့် လျှောက်လ

လျှင် ထိုပုဂ္ဂိုလ်က သူမနံဘေးမှာ ပါမြဲပါလျက် ...

"ဟွန်ဒါရီဘဲလ်ကြီး တွေ့လိုက်ကတည်းက ... တော်လှ

တော့ ဒီနားမှာ ရှိနေမှာပဲဆိုပြီး ... တမင်လိုက်ကြည့်

ထင်တဲ့အတိုင်းပဲ ... ရှင်က ဒီမှာရောက်နေတာကိုး ...

သူငယ်ချင်းက ပြုံးစိစိဖြင့် သူ့ခါးကို တို့လွှတ်နေ

မို့ သူက ထရပ်ပြီး စာအုပ်ရှုံးကော့စ်ကလေး နောက်ကွယ်မှ အပြ

ကို ထွက်လာခဲ့လိုက်ရသည်။

'ကဲ ... ကိုကျော်ထိုက် ဒီမှာ ကျွန်မ ချိန်းထားတဲ့လူနဲ့ တွေ့

... ရှင့်လမ်း ရှင်သွားတော့ ... ကျွန်မသွားမဲ့ ခရီး

ဒီမှာတင်ပြီးပြီ ... သူနဲ့တွေ့ပြီးမှ တခြားသွားစရာ

ဆက်သွားဖို့ စီစဉ်ရမှာ ... ရှင်က ယုံမှ မယုံဘဲ ... ကျွ

ပြောသား ပဲ ... ကျွန်မမှာ ချိန်းထားတဲ့လူ ရှိပါတယ်ဆို

မှ ... "

"ကောင်းပြီလေ ... ဒါဆို ကျွန်တော်သွားလိုက်ပါဦးမယ်

"ကိုကျော်ထိုက် ... သူ့ကို မှတ်ထားပေါ့ ... သူ့နာမ

တော်လှဝင်းတဲ့ ဒီဆိုင်ကယ်ကြီးတွေ့တဲ့နေရာမှာ သူရှိ





တယ်ရှင့် ... "

ထိုသူက လက်ကမ်းပေးသဖြင့် သူက အလိုက်သင့်

လက်ဆွဲနှုတ်ဆက်လိုက်ချိန်တွင် ရွှေစင်ဖြာကို သူ တစ်ချက် မျက်လုံး

လှန်ကြည့်တော့ သူ့ကို တစ်စုံတစ်ခု ပြောချင်သော မျက်လုံး

ကလေးများနှင့် ဆုံရသည်။

နေ ... မပြောနဲ့တော့ ရွှေစင်ဖြာ။ မင်းရဲ့အခက်အခဲ

ကို ကူညီဖြေရှင်းခွင့်ရလိုက်တာကို ကိုယ် ကျေနပ်ပါတယ်။ ပြီး

တော့ မင်းရဲ့ အားကိုးခြင်းကို ခံလိုက်ရတဲ့အတွက် ကိုယ် ကြည်နူး

တယ်။

ထိုသူက ပြန်လှည့်ထွက်သွားသောအခါ သူက

ရွှေစင်ဖြာ့ကို နားလည်စွာ ပြုံးပြလိုက်၏။ ရွှေစင်ဖြာက ရှက်စနိုး

ပြုံးလျက် ...

"ကျွန်မနဲ့ ကျောင်းတုန်းက သိကျွမ်းဖူးတဲ့လူပေါ့ ... ဘေး

ကနေ ဘာတွေမှန်းမသိဘူး ... ကျွန်မ စိတ်မဝင်စားတဲ့

အကြောင်းတွေကို လိုက်ပြောပြနေတာ ... ဘယ်လို ခါထုတ်

ရမှန်းမသိဖြစ်နေတုန်း ... ဟွန်ဒါရီဘဲလ်ကြီးတစ်စီး တွေ့

လိုက်ရတာနဲ့ ရှင်များရှိမလားလို့ ကမန်းကတန်း လိုက်ရှာ

လိုက်ရတယ် ... တော်သေးတာပေါ့ ... ရှင်က ဒီဆိုင်ထဲမှာ

ထိုင်နေပေလို့ ... အခုလို ကူညီပေးတာ ကျေးဇူးတင်ပါ

တယ်ရှင် ... အကယ်၍ ရှင်သာ အူလည်လည်လုပ်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ အဲဒီလူက ကျွန်မနဲ့ရှင် ချိန်းထားတာကို ယုံမယ်မထင်ဘူး ... အခုတောင် သိပ်ယုံပုံမရဘူး ... ”

“ရွှေစင်ဖြာ ... နေမကောင်းဘူးဆို ... ကိုယ် သင်တန်းမှာ သွားစောင့်နေတာ သုံးရက်တောင်ရှိပြီ ... မတွေ့ဘူး ... လဲ့လဲ့ပဲတွေ့တယ် ... ညဘက် ဖုန်းဆက်တော့လည်း နေမကောင်းလို့အိပ်နေတယ်လို့ ပြောကြတယ် ... ”

“အင်း ဟုတ်တယ် ... ဖျားတာပါ ... တစ်ရက်လောက်ပဲ ဖျားတာ ... ကျန်တဲ့နှစ်ရက် အနားဆက်ယူနေတာလေ ... သောက်ရတဲ့ဆေးတွေကလည်း သိပ်အိပ်လို့ကောင်းနေ တော့ ဘယ်မှ မသွားဖြစ်ဘူး ... ”

“အခုရော ... ဘယ်သွားမလို့လဲ”

“ဒီလမ်းထဲက အကျီချုပ်ဆိုင်လာတာ ... ရှင်ကရော ... ဒါ ရှင့်ဆိုင်တော့ ဟုတ်မယ်မထင်ဘူး ... ဒီတစ်ခါပဲ ရှင့်ကို တွေ့ ဖူးသေးတယ် ... ကျွန်မက ဒီအကျီချုပ်ဆိုင် အမြဲလာနေကျ ဒီစာအုပ်အရောင်းဆိုင်ကိုလည်း ... တွေ့နေကျပဲ ... ရှင့်ကို ဒီတစ်ခါပဲ တွေ့တယ် ... ”

“ဟုတ်တယ် ... ဒါ ကိုယ့်သူငယ်ချင်းဆိုင်ပဲ ... အပျင်းပြေ လာထိုင်နေတာ ... ”

ရွှေစင်ဖြာ၏မျက်နှာ၌ သူ့စကားထဲက စကားအ အနတချို့အတွက် မျက်မှောင်ကြုပ်သွားတာ တွေ့ရသည်။ ဘာ





ဘာစကားကို မင်း မတင်မကျဖြစ်နေသလဲ။

သူက အခုလို တွေ့ဆုံခွင့်ရသော အခွင့်အရေး တစ်ရပ်ကို လက်မလွှတ်ချင်။ ပြီးတော့ ရွှေစင်ဖြာနဲ့ ဒီ့ထက်မက စကားတွေ ပြောကာ ရင်းနှီးချင်သည်။ သူ့စကားတွေထဲမှာ သူမ ဘာကို မတင်မကျဖြစ်သွားသလဲဆိုတာကို သိခွင့်ရချင်ပြန်သည်။

ထို့ကြောင့်ပင် သူမန့်ဘေး၌ လိုက်ပါခွင့်ကို တောင်း ဆိုဖို့ ဆုံးဖြတ်မိတော့သည်။

“ရွှေစင်ဖြာ သွားတဲ့နေရာတွေကို ကိုယ် လိုက်ခွင့်ရှိမလား”

“အပျင်းပြေ လိုက်မယ် ... ဆိုပါတော့ ... ”

ကြည့်စမ်း။ သူမက သူ့စကားတွေထဲက ‘အပျင်း ပြေ’ဆိုတဲ့စကားကို မကျေမနပ်ဖြစ်နေတယ်။ ဘာဖြစ်လို့လဲ။ ဒီ စကားတွေက ဘာများ အဓိပ္ပါယ် သက်ရောက်လို့လဲ။

“အကျီချုပ်ဆိုင်တင်သွားမှာ ... ပြီးရင် ပြန်မယ် ... ခဏလေး လိုက်ရတာနဲ့ ရှင် ဘယ်လိုလုပ် အပျင်းပြေမလဲ ... ”

“အပျင်းပြေလိုက်တာ မဟုတ်ပါဘူး ... တကယ်လိုက်ချင်လို့ လိုက်တာပါ ... ဟော့ ... ရွှေစင်ဖြာ ... ကိုယ်တို့ စကားလည်း နည်းနည်းပြောကြရအောင် ... ကိုယ်နဲ့ရွှေစင်ဖြာတို့ဟာ တွေ့တာဖြင့် သုံးလလောက်ရှိပြီ ... မိတ်ဆွေဖြစ်သင့်တာ ကြာပြီနော် ... ဘယ်လိုလဲ ... ကိုယ်တို့ ဒီနေ့ကစပြီး မိတ်ဆွေဖြစ်ကြရအောင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ... နောက်တစ်ဆင့်ပေါ့ ... ဟုတ်လား ... ရှင့်တို့

လို ယောကျ်ားလေးတွေအကြောင်း မသိရင်ခက်မယ်"

သူမက မျက်စောင်းတစ်ချက် ထိုးလျက် ရှေ့က ကြိ

ထွက်သွားနှင့်၏။ သူက ဘာလုပ်ရမှန်းမသိ။ ရပ်တန့်ကျန်ရစ်လျှ

သူငယ်ချင်းက အတင်းတွန်းထိုးလွှတ်လေသည်။ 'ငတုံး' ဟုလည်း

သူ့ကို ခပ်တိုးတိုး ဝေဖန်လိုက်သံက သူ့နောက်ကျော၌ ကျန်ရစ်

သည်။

ကိုယ်က မင်းရဲ့ အရိပ်အကဲကို မဖမ်းတတ်သေ

တာပါ ရွှေစင်ဖြာ။ မင်း မလိုလားတာကို ကိုယ်လုပ်မိမှာ၊ မင်း

မကြိုက်တာကို ကိုယ်ဖန်တီးမိမှာ စိုးရိမ်တတ်သေးတယ်။

သူမက ခြေလှမ်းသုံးလေးလှမ်း လှမ်းပြီးလျှင် သူ့

တစ်ချက် စောင့်ငဲ့ကြည့်သောအခါ၌ သူက တစ်စုံတစ်ရာ

သဘောပေါက်သွားခဲ့ပါသည်။ သူငယ်ချင်း တွန်းမလွှတ်ခင်မှာ သူ

က သူမနောက်ကို အပြေးလိုက်သွားပြီး ဖြစ်နေခဲ့၏။ နွေးထွေ

သော ခြေလှမ်းပိုင်ရှင် မိန်းကလေးနောက်ကို သူ အလွယ်တကူ

အမှီလိုက်နိုင်ခဲ့ပါသည်။

ကြည့်စမ်း။ သူမနံဘေးမှာ ရပ်တည်လိုက်ပါခွင့်

သူ ဘယ်လောက်မျှော်လင့် တောင့်တခဲ့ရသလဲ။ ဘယ်လော

လိုချင်တက်မက်ခဲ့သလဲ။ ကဲ၊ အခုတော့ ဒီအခွင့်အရေးကလေး

မမျှော်လင့်ဘဲ သူ ရခဲ့ပြီ။ ဘယ်လောက်တောင် ချမ်းမြေ့ခြင်းသ





တိုပြီးတဲ့ အဖြစ်အပျက်တစ်ခုလဲဆိုတာ။

လမ်းပေါ်မှာ သွားနေကြတဲ့လူတွေက သူတို့နှစ်

ယောက်ကို ဘယ်လိုမြင်ကြမလဲ။ သိပ်ပြီး လိုက်ဖက်ညီတဲ့ချစ်သူ

တွဲကလေးလို့ပဲ မြင်ကြမယ်ထင်ပါရဲ့။ အင်း အဲဒါဆို သိပ်ကြည်နူး

စရာကောင်းမှာပဲကွာ။

"အဲကိုချုပ်ဆိုင်က ... ဘယ်နားမှာလဲ ... "

"ဘာလဲ ... မလျှောက်နိုင်တော့ဘူးလား ... အဲဒါဆိုလည်း

ဒီနားကနေ ရပ်စောင့်နေတော့ ... ကိုယ့်သဘောနဲ့ကိုယ်

လိုက်လာပြီးမှ ဆက်မလိုက်ချင်ရင်လည်း နေ ... ရတယ်"

"ဟ ... အသလွတ် ကောနေပါလားကွာ ... ကိုယ်က ပြော

စရာစကားမရှိလို့ ရှာကြံမေးတာကို ... ခုနက အကူအညီ

တောင်းတုန်းကမျက်နှာနဲ့ အခုမျက်နှာ ကခြားစီပဲဗျာ ...

အံ့ရော"

အပ်ချုပ်ဆိုင်တစ်ခု၏ ဆိုင်းဘုတ်နားအရောက်မှာ

သူ့ကို ပြန်စောင့်ငဲ့ကြည့်လိုက်လျှင် လိုက်ဦးမလို့လားဟူ

သောအကြည့်ဖြင့် မေးဆတ်၏။

"လိုက်ချင်တယ် ... လိုက်လို့ရမလား ... ရွှေစင်ဖြာအတွက်

အနှောင့်အယှက် မဖြစ်ဘူးဆိုရင်ပေါ့လေ ... "

"ရှင် ... ငြိမ်ငြိမ်နေမယ်ဆိုရင် ... ပြီးတာပဲ ... "

စကားကို တင်တင်စီးစီးပြောသော၊ မာနကြီးသော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးထံမှ စကားသံတို့ကို သူက ခံနိုင်ရည်ရှိနေခဲ့ပြီး
နားဝင်ချိုနေခဲ့ပြီးဖြစ်သည်။

ထိုနေ့ကလေးက ကြုံဆုံခဲ့ရသော အဖြစ်အပျက်
တစ်ခုကြောင့်ပင် သူမထံမှ သူ မျှော်လင့်ခဲ့ရသော ရင်းနှီးခင်မင်
ဆိုတာကို ပိုင်ဆိုင်ရခြင်းအား ကျေနပ်ပါသည်။

ပြီးတော့ သူမ၏အမိန့်များကို နာခံလျက် သူမ
သူ့ကို ယုံကြည်သွားသည့်အထိပင် သူ့ဘက်က အစစ ပြင်ဆင်ထ
ပါမည်။"

ချစ်သူက ယုံကြည်အားကိုးခြင်းခံရသော ယောက်
တစ်ယောက်ရဲ့ဘဝလောက် ကြီးမြတ်တာမရှိပြီဟုလည်း တော်လူ
ယုံကြည်ထားသေးသတဲ့။

***





ကြည့်စမ်း။ မမျှော်လင့်သော အခြေအနေတစ်ရပ်ကို
သူမက ဖန်တီးမိလိုက်ပြီလား မသိ။ ကျောင်းတုန်းက အနည်းအ
ကျဉ်း သိကျွမ်းဖူးတာကို အကြောင်းရှာ၊ အတင်းလိုက်ရောနေသော
ကိုကျော်ထိုက်ဆိုတဲ့ ဘဲတစ်ကောင်ကြောင့် စိတ်ရှုပ်နေချိန်၊ သူ့ရဲ့
ဟွန်ဒါရီဘဲလ်ကြီးကို တွေ့လိုက်ရစဉ်မှာ ဘယ်ကဘယ်လို ရောက်
လာမှန်းမသိတဲ့ အားတက်သွားရခြင်းကို ပြောမပြတတ်သေး။

ဒီဆိုင်ကယ်ကြီးရှိနေရင် သူလည်း ရှိနေမယ်လို့ ပြော
ပြထားဘူးတဲ့ သူ့စကားတစ်ခွန်းကိုလည်း အမှတ်တရရှိလှစွာ သူ့
ကို ဝေ့ဝဲရှာဖွေကြည့်မိတော့ သူမအား အကဲခတ်သော မျက်ဝန်း
များဖြင့် တိတ်တိတ်ဆိတ်ဆိတ် ငေးနေသည့်သူ့ကို ကျေနပ်စွာ
တွေ့ခဲ့ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ကျေနပ်စဖွယ်ဆိုတဲ့စကားကို ဘာကြောင့် သုံးရသလဲဆိုရင်တော့ တုပ်ကွေးမိပြီး ဖျားနေ၍ သူနဲ့ မတွေ့ဖြစ်တာလည်း သုံးရက်အကြာ၊ ညဘက်တွေမှာ ဆေးသောက်ပြီး အစောကြီးအိပ်ရ၍ သူနဲ့ ဖုန်းပြောခွင့်မရဘဲ သူ့အသံ ကြားခွင့်မရတာ သုံးရက်အကြာ၊ ပြီးတော့ ဆိုင်ကယ်ကြီးနဲ့ အချိန်မှန် ဖြတ်တတ်သော သူ့ကို ထမကြည့်နိုင်၍ မြင်ခွင့်မရတာ သုံးရက်အကြာမှာ ပထမဆုံးအကြိမ် အပြင်ကို အကြောင်းရှာထွက်စဉ် အနိုက်အတန့်၌ သူ့ကို အင်မတန်မှ တမ်းတနေမိ၍တည်း။

ကားစငှားကတည်းက သူမက အရှုံးအမှုး မျှော်လင့်သည်မှာ သူကများ အရင်တစ်ခါလို သူငယ်ချင်းရဲ့ 'ကက' ကားကြီးကို ယူမောင်းလာလိမ့်မလား။ ထိုကားကို သူမများ ငှားမိလိမ့်မလားဆိုတဲ့ မျှော်လင့်ချက်တည်း။

လမ်းတလျှောက်လုံး သူ့ကို တမ်းတခဲ့ရသမျှ သူ့ကို မတွေ့ခင် ရှေးဟောင်းနှောင်းဖြစ်တွေ လာပြောလျက် ရောနှောနေခဲ့သော လူတစ်ယောက်ကြောင့် စိတ်ညစ်နေချိန်မှာ ရွှေစင်ဖြာ တမ်းတမိသူက သူပဲ။ တော်လူဝင်းပဲ။

ကဲ ကိုယ်သိပ်တမ်းတနေသူကို တွေ့လိုက်ရချိန်မှာ ရင်ထဲမှာ ဘယ်လောက် လှိုက်ခုန်ကျေနပ်သွားမလဲဆိုတာ စဉ်းစားသာ ကြည့်တော့ကွယ်။

ပြီးတော့ သူ့ရဲ့ သူမအပေါ် အရေးတယူရှိမှုတွေဟာ





ယ်လောက် ညွတ်နူးတိမ်းမူးချင်စရာ ကောင်းလဲ။ မိန်းကလေးဘာမျိုးက ကိုယ်ဟောက်သမျှ ခံပြီး ကိုယ့်အကြိုက် လိုက်ပြတ်ပြီဆိုရင်ပဲ အလိုလို အမှတ်ပေးချင်တတ်တဲ့ သူတွေပဲ။

ဒါကြောင့် ရွှေစင်ဖြာကလည်း နဂိုကတည်းက ကိုဆို အမှတ်ပေးချင်သူပီပီ မိတ်ဆွေဖြစ်ဖို့အထိတောင် အမှတ် တက်ပေးမိပြီတည်း။

"ကိုယ့်ကို ကော်ဖီတစ်ခွက်လောက်ဖြစ်ဖြစ် ... တိုက်ဖို့ရော စိတ်ကူးမရှိဘူးလား ... "

ဟု သူက အကျီချုပ်ဆိုင်မှအဆင်း လှေကားထစ်၌ အကြောင်းရှာ ဖန်တီးပါသည်။ ဒါကို သိသိကြီးနဲ့ သူမက မဆိုးပြန်ဘူးဆိုပဲ။ အင်း၊ အံ့ဩဖို့ ကောင်းလေစွ။

"အပျင်းပြေ ... လိုက်သောက်ချင်ရင်တော့ မတိုက်ဘူး"

"နေစမ်းပါဦး ... ရွှေစင်ဖြာ ... မင်းက ဘာလို့ကိုယ်ရဲ့ အပျင်းပြေဆိုတဲ့စကားကို ... ခဏ ခဏ ထည့်ပြောပြီး ရန်လုပ်ချင်နေရတာလဲ ... ဒီစကားထဲမှာ ဘာရန်ဖြစ်စရာ ပါလို့လဲ ... "

သူ သူမအလိုမကျသော စကားလုံးများ တစ်ခုကို မိသွားလျက် ဖြောင်ဖွင့်ပြော ... မေးရဲသူလည်း ဖြစ်သည်။

"ဟုတ်တယ် ... အဲ့ဒီ အပျင်းပြေဆိုတဲ့စကားကို ကျွန်မ တော်တော်မုန်းတယ် ... အဲ့ဒီစကားဟာ အလုပ်မရှိတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့စကားလို့လည်း ကျွန်မ သတိမှတ်တယ် တော်လှ ...
အလုပ်ရှိတဲ့လူတစ်ယောက် ... အလုပ်ချိန်တွေနဲ့ ပြည့်နှ
နေတဲ့လူတစ်ယောက်မှာ ပျင်းဖို့ အချိန်တောင် မရှိကြပါဘူ
အထူးသဖြင့် ရှင်တို့အရွယ် ... ဥစ္စာရှာတဲ့အရွယ်လူတွေအ
ကိုယ့်တိုးတက်ရာ တိုးတက်ကြောင်း အလုပ်ကို ရှာကြံလု
နေရမဲ့အချိန်ပဲ ... ပျင်းဖို့ အချိန်မရှိပါဘူး ... ကိုယ့်အလု
ကိုယ်လုပ်ရင် ဘယ်လာ ပျင်းဖို့အချိန် ရှိမလဲ ... အခုတေ
သူများဆိုင်လာထိုင် ... ဖြတ်သွားသမျှ ကောင်မလေးတွေ
ငေး ... တောင်စဉ်ရေမရတွေပြောနဲ့ အချိန်ဖြုန်းနေရတာ
ရှင့်အတွက် ဘာများ အကျိုးရှိသွားသလဲ ... ကျွန်
ကိုယ်တိုင်တောင် ... ပျင်းဖို့ အချိန်မရှိအောင် ကိုယ့်ကို
ကိုယ် အမြဲတမ်း အကျိုးရှိတဲ့ သင်တန်းချိန်တွေမှာ မြှုပ်
ထားတယ် ... အားရင် သင်တန်းကစာတွေ ဖတ်တယ် ...
အင်္ဂလိပ်စကားပြော လေ့ကျင့်တယ် ... ကုမ္ပဏီတစ်ခု
အတွင်းရေးမှူးတစ်ယောက်အဖြစ် အလုပ်ဝင်ချင်သေးတ
မို့ နိုင်ငံခြားက လက်လှမ်းမီသမျှ အတွင်းရေးမှူးအလုပ်
ပတ်သက်သမျှစာအုပ်တွေကို ဖတ်တယ် ... လေ့လာတယ်
ဒါမှ ကိုယ့်လို ဘွဲ့ရပညာတတ် သင်တန်းပေါင်းစုံတတ်ထား
တဲ့ အလုပ်ရွေးခံသူတွေကြားမှာ ကိုယ်က ရင်ဘောင်တန်
နိုင်မှာပေါ့ရှင့် ... ကဲ ... ရှင် စဉ်းစားကြည့် ... ကျွန်မ





ကိုယ့်တိုးတက်ရာ တိုးတက်ရာ တိုးတက်ကြောင်း ရှာကြံ
နေရတာနဲ့ ပျင်းဖို့အချိန်တောင် မရှိတော့ဘူး ... ရှင့်မှာရော
အလုပ်လုပ်ဖို့ အချိန်ရှိရဲ့လား ... အားရင် ဆိုင်ကယ်တစ်စီးနဲ့
အချိန်ဖြုန်းနေတာပဲ တွေ့တယ် ... ”

အခုမှ ခင်မင်မယ်ကြံကာရှိသေး။ ကရားရေလွှတ်
ဆုံးမစကားတွေ တသီကြီးပြောသော သူမကို သူ တော်တော်
နှံ့သွားပါသည်။ ဘာတွေလဲကွာ။ လူအရွယ်ကလေးနဲ့ မလိုက်စွာ
ဘာပေးတတ်လိုက်တာ။

ဘွဲ့ရပြီးကတည်းက မိဘကျွေးတာစား၊ ဆိုင်ကယ်
ရောင်းကို ဖြစ်ဖြစ်မြောက်မြောက်ရယ်မဟုတ် လုပ်ရင်း၊ ကား
တန်း၊ ဆိုင်ကယ်ပွဲစားတန်းတွေမှာ ဝင်အာရိုက်ရင်း အချိန်
ဖြုန်းနေတတ်သလို။ တစ်ခါတရံများစွာတွေမှာတော့ ဗွီဒီယို
ဆိုင်ကယ်စတန့်စီးရမဲ့အခန်းတွေမှာ ဝင်ပြီး ပညာပြတတ်ရ
များနဲ့ သူ့ဘဝကို ကျင်လည်မိခဲ့တာ ကြာပြီ။

သူမနှုတ်ဖျားက ပြောသော ကိုယ့်ဘဝ တိုးတက်
တို့၊ ဥစ္စာရှာဖို့တို့၊ အလုပ်တစ်ခုခု ဖြစ်ဖြစ်မြောက်မြောက် လုပ်
ဖို့တို့ဆိုတာတွေကို သူ တစ်ခါမှ မတွေးကြည့်ခဲ့ဖူးသေးပါ။ ဒါ
ဆုံးကြားရသော စကားပဲ။ ဖေဖေနဲ့မေမေတောင် ဒီလို
ဘူး။ နိုင်ငံခြား သင်္ဘောအင်ဂျင်နီယာကြီးတစ်ယောက်ဖြစ်နေ
ကိုကြီးလည်း ဒီလိုသတိမပေး။ သူမနဲ့ကျမှ ပညာပေးခံရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ … ကော်ဖီလိုက်သောက်ချင်စိတ်ရော ရှိသေး
ရဲ့လား … ဆုံးမစကားတွေ ကြားလိုက်ရတာနဲ့ စိတ်ည
သွားပြီထင်တယ်"

"ဟုတ်တယ် … စိတ်တော့ မညစ်ဘူး … စိတ်ရှုပ်သွားတာ
ကိုယ်တောင် တစ်ခါမှ မတွေးဖူးတဲ့အလုပ်ဆိုတဲ့ကိစ္စကြီး
ကို ရွှေစင်ဖြာ့ဆီက ကြားလိုက်ရလို့ပဲ"

"ရှင့်ကို ကျွန်မ သဘောကျတာတစ်ခုက … စိတ်ထဲမှာ
တာကို အမှန်အတိုင်း ပြောတတ်တာပဲ … ဘယ်တော့
လိမ်ညာမပြောတတ်တာတော့ ချီးကျူးဖို့ကောင်းတယ်"

"ကော်ဖီတော့ … တိုက်မယ်မဟုတ်လား … "

သူမက ဟက်ဟက်ပက်ပက်ပင် သွားဖြူဖြူကလေး
တွေ အကုန်ဖော်ပြီး အသံထွက် ရယ်မောလိုက်လေသည်။ သ
အပြစ်ကင်းစင်သော ရယ်မောဟန်ကလေးဖြစ်၍ သူက ပြော
ပြောင်တင်းတင်းပင် စိုက်ကြည့်ပစ်လိုက်၏။ ရှက်ရွံ့သွားသေ
မျက်ဝန်းကလေးများကို သူချစ်သည်။ ကိုယ် … သိကိုသိနေတယ
မင်းဟာ တစ်နေ့တော့ ကိုယ့်ချစ်သူကလေး ဖြစ်ကိုဖြစ်လာမေ
မယ်။ သိလား ရွှေစင်ဖြာ။

"ဒီကနေ လမ်းလျှောက်သွားရင် … မဟာဗန္ဓုလပန်းခြံလ
ထဲမှာ ကော်ဖီဆိုင်ကောင်းကောင်းလေးတစ်ခုရှိတယ်။ M
Guitar တဲ့ … နိုင်ငံတကာ ကော်ဖီမျိုးစုံ … လက်ဖက်ရည်





စုံရတယ် … ပြီးတော့ ရွှေစင်ဖြာ နှစ်သက်မဲ့ သီချင်းငြိမ့်
ငြိမ့်ကလေးတွေကို တီးခတ်ဖျော်ဖြေမှုတွေလည်းရှိတယ် …
အဆင်သင့်ရင် ထူးအိမ်သင်ရဲ့ အသံငြိမ့်ငြိမ့်ကလေးတောင်
နားထောင်ချင် နားထောင်ရမှာ … သူက ဂစ်တာတီးပြီး
သီချင်းဆိုရတာကို ဓာတ်တော်ရူးသွပ်တယ် ထင်တယ် …
ကိုယ် ခဏခဏ သွားထိုင်ဖူးသမျှ … သူလာအတိုင်းနဲ့ ကြုံ
ပြီး သုံးခါလောက် သူ့သီချင်းကို နားထောင်ခွင့် ကြုံဖူးတယ်
ရွှေစင်ဖြာ ရောက်ဖူးလား … "

"မရောက်ဖူးဘူး … မဂ္ဂဇင်းတွေမှာ ကြော်ငြာတာတွေ တွေ့
ဖူးတယ် … ဆိုင်ဖွင့်ပွဲသတင်းလည်း ဖတ်လိုက်ရသေးတယ်"

"မရောက်ဖူးသေးတဲ့နေရာဆိုရင် … ရောက်ဖူးအောင် သွား
ကြည့်ရတယ်ဗျ … သွားမယ်မဟုတ်လား ရွှေစင်ဖြာ …
ဟင် … "

"ကော်ဖီသောက်မဲ့လူကလည်း ဆိုင်ပါ တစ်ခါတည်း ရွေး
ချယ်ပြီးသား ဖြစ်နေမှတော့ သွားရတော့မှာပေါ့ရှင် … ကဲ
လမ်းမသိ ရှင့်နောက်လိုက် လုပ်ရမှာပဲ … "

အံ့သြဖို့ကောင်းလောက်အောင်ပင် ရွှေစင်ဖြာနဲ့ သူ
သည် အတော်အတန်ပင် ရင်းနှီးခဲ့ကြလေသည်။ ဆိပ်ကမ်းသာ
မ်းမှာရှိသော အကျီချုပ်ဆိုင်မှ မဟာဗန္ဓုလပန်းခြံလမ်းစီ နှစ်
သောက်အတူ တွဲလျှောက်သွားတာကို လှဲ့လှဲ့များ မြင်လျှင် ဘယ်လို
သပ်မည်မသိ။

www.burmeseclassic.com



အခြေအမြစ် ဘာတစ်ခုမှ သိခွင့်မရသေးသော

တစ်ယောက်နဲ့ နှစ်ယောက်တည်း လျှောက်သွားရသလား

အပြစ်တင်ချင်တင်မည်။ စိတ်အလိုလိုက်တာ မကောင်းဘူး

ရွှေစင်ဖြူကို သတိပေးမည်။ ပြီးတော့ သာမာန်မိတ်ဆွေအဆ

နှင့် သူနဲ့အတူတူ ကော်ဖီဆိုင် အတူတူထိုင်ဖို့မသင့်ဟု ဆုံးဖြတ်

လိမ့်ဦးမည်။

သူမကိုယ်တိုင်လည်း ဒါတွေကို နားလည်နေရ

တစ်ခါတရံမှာ စိတ်အလိုလိုက်ရတာဟာ ဘယ်လောက်တော

စိတ်ချမ်းသာရသလဲဆိုတဲ့ ခံစားချက်ဖြင့် သူနံဘေးမှာ အတူယှဉ်

လိုက်ပါမိခြင်းတည်း။

သူက အနီးကပ်ကြည့်လေ Antonio Banderas နဲ့ ပို

လေဖြစ်၏။ သိပ်ပြီး ရင်းနှီးသွားကြတဲ့တစ်နေ့မှာ အဲဒီမင်းသာ

ဖမ်းနေသလားဟု သူ့ကို မေးကြည့်ရဦးမည်။

သူ့ပုံစံက ချောမောသည်ဟု ပြော၍မရ၊ ယော

ဝိုသော မေးရိုးများရှိ၏။ နဖန့်နေအောင် ချောမောတဲ့ ယော

ဝိုသခန့်ညားသော ဒီဇိုင်းနဲ့ဖြစ်ပါသည်။ ဒါပေမယ့် သူ့မျက်လုံး

အပါအဝင် မျက်နှာပြင်တစ်ခုလုံးဟာ ညို့မာတတ်ပြင်းတယ်ပဲ

မလား။ သူ့မျက်နှာကို ကြည့်မိတိုင်း တန်းတန်းစွဲဖြစ်သွားစေ

မလောက် ဆွဲဆောင်မှု အားပြင်းလှသူဖြစ်ကြောင်း ဝေဖန်ပါ

ဦး။

ငါးပေ ဆယ့်တစ်လက်မနီးနီးရှိမည့် အရပ်အမော





အသွင်အပြင်၊ ပြီးတော့ သူ စီးနေကျ REBEL SPECIAL ဆိုသည့်

ကယ်ကြီးနဲ့ ပုံသဏ္ဍာန်ကို မိန်းကလေးတွေ သဲသဲလှုပ်ကြမယ်

ပါရဲ့။

ဟင်း ... မကျေနပ်ချင်စရာ။

သူက ရည်းစားတွေ အတော်များများမှာပဲထင်သည်။

ပုံစံအရကြည့်လျှင် ရည်းစားများမည့်ပုံစံမျိုးကလေးပဲ။ သူ့မှာ

လုပ်အကိုင်မရှိ။ ဘွဲ့ရပြီးပြီဆိုတာလောက်ပဲ သူပြောထားဖူး၍

ပြီးပြီ။ သူမနဲ့ သက်တူရွယ်တူလား။ ဘယ်မှာနေသလဲ၊ အင်း

သိချင်တာတွေ သိပ်များနေပြီ။

ဒါပေမယ့် သူ့ကိုမေးဖို့ မစဉ်းစားပါ။ သူ စိတ်လိုလက်

ပြောပြမှသာလျှင် သူမ နားထောင်ပါမည်။

ခါးသက်သော ကော်ဖီကို အတူတူသောက်ရင်း

တာသံငြိမ့်ငြိမ့်ကလေးနဲ့ သီချင်းသံကို နားထောင်ရင်း၊ ပြီးတော့

ကြည့်များ၏ ညို့ငင်မှုကို ရှောင်လွှဲရင်း၊ ရင်ခုန်ခြင်းဖြင့် ရင်းနှီး

သာ အမှတ်တရနေ့ကလေးပါပဲ။

"အပြန်ကျရင် ... ဘာနဲ့ပြန်မလဲ ရွှေစင်ဖြူ ... "

"တက္ကစီတွေမှ ပေါလွန်းလို့ ... ကားငှားစီးပြန်မယ် ... "

"ကိုယ့်ဆိုင်ကယ်ကြီး စီးကြည့်ဖို့ စိတ်မကူးဘူးလား ... "

"စိတ်မကူးသေးဘူး ... "

"နောက်တော့ ... စိတ်ကူးမယ်ပေါ့နော် ... မျှော်စရာကြီး

ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဆိုင်ကယ်စီးရတာ တော်တော်ဝါသနာပါတ
နော် ... ပြောပြစမ်းပါဦး ... ဆိုင်ကယ်တစ်စီးနဲ့ ကားတစ်
စီးရတာ ဘယ်လိုအရသာ ကွာသလဲ ... ကျွန်မထင်တာ
ဆိုင်ကယ်တစ်စီးထက်စာရင် ကားတစ်စီးက ပိုအသုံး
မယ်ထင်တယ် ... "

"ဘာဖြစ်လို့လဲ ... "

"ဆိုင်ကယ်က မိုးလုံ လေလုံလည်း မဟုတ် ... ပြီးတော့
လူနှစ်ယောက်ထက်အပြင် ပိုစီးခွင့်လည်း မရှိဘူး ... ဆ
ကားတစ်စီးဆိုတာ ဘာပဲဖြစ်ဖြစ် ... ရာသီဥတု အန္တရာ
ကလည်း အေးချမ်းတယ် ... အနည်းဆုံး မောင်းသူအ
အဝင် လူငါးယောက်လောက်ကတော့ စီးလို့ရတယ်
လူသုံးကုန်တစ်ခုအနေနဲ့ ပိုအသုံးကျတာပေါ့ ... နောက်
Accident ဖြစ်တာချင်းအတူတူ ဆိုင်ကယ်ကြောင့်ရ
Accidentမှာရမဲ့အန္တရာယ်က ပိုများမယ်ထင်တယ် ... "

သူမက ဤသည်ဖြင့် ဝေဖန်ပြတော့ သူ လက်ခံ
ပုံမရ၊ သူ့မျက်ခုံးနှစ်ခုစပ်ကြား နှာတံထိပ်ကို လက်ညှိုးဖြင့်ထော
ရင်း သူမအား အကဲခတ်လေသည်။

ပြီးမှ ခပ်တိုးတိုး တုံ့ပြန်သံက မခံချင်ဟန်
အပြည့်နှင့်တည်း။

"ကိုယ့်ရဲ့ဆိုင်ကယ်ကို ... ကိုယ်သိပ်ချစ်တယ် ... မြူတစ်
တောင် အတင်မခံဘူး ... အမြဲ သ,ထားတာ ... ဆိုင်က





စပြီးစီးကတည်းက စိတ်ကြိုက်မတွေ့မချင်း လဲလာတာ ...
ဒီကောင်ကြီးနဲ့ကျမှ ရေစက်ဆုံပြီး ... ကိုယ် အမြဲစီးခဲ့တာ
ဒီဆိုင်ကယ်နဲ့ကိုယ်နဲ့ ဘယ်တော့မှ မကွဲကွာစေရဘူး"

သူမက သူ၏ရှုးသွပ်မှုကို အခုလောလောဆယ်
တော့ အတိုက်အခံမလုပ်လို၍ လက်ခံထားလိုက်ပါမည်။ နောက်
များမှ သူလက်ခံသွားအောင် တရားချဖို့ ဆုံးဖြတ်မိ၏။

ထို့ကြောင့်ပင် သူ့ခံစားချက်ကို တမင် ဆက်မေးခဲ့
သည်။

"အင်း ... ပြောပါဦး ... စီးတော့ ဘယ်လိုအရသာရှိတုန်း"

"ဟာ ... စီးရတာ ငြိမ့်နေတာပေါ့ ... ကိုယ့်အရသာ ကိုယ်
ပဲ ပြောရခက်တယ် ... ရွှေစင်ဖြူလည်း တက္ကစီတောင်
နောက်ဆုံးပေါ် 'ကက' နံပါတ်တွေမှ ငှားစီးချင်တဲ့ ခံစားမှု
မျိုးလိုပေါ့ ... ဒီကောင်ကြီးက ဟွန်ဒါရီဘဲလ်လို့လည်း ခေါ်
တယ် ... REBEL SPECIAL တဲ့ ... သူ့အားက 250 Volt
တောင်ရှိတာ ... အိမ်မှာဆို ကိုယ်က သူ့ကို အမြဲတမ်း တစ်စ
စီ ဖြုတ်ဆေးချင် ဆေးနေတာ ... နောက်ပြီး ကိုကြီးကို
ထပ်မှာထားသေးတယ် ... သူ့ဘော်ဒီကို နည်းနည်းပါးပါး
ပြင်ချင်လို့ မုန့်ဖိုးသပ်သပ်ပို့ပေးပါလို့လေ ... ဖေဖေနဲ့မေမေ
လက်ထဲဆိုရင် ကိုယ့်အတွက် ရတဲ့မုန့်ဖိုးက ဒီကောင်ကြီး
အတွက် ကုန်ရတာချည်းပဲ ... "

"ရှင်က ကိုယ်ပိုင်အလုပ် လုပ်ထားပေါ့ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"အလုပ် ... ဟုတ်လား ... ကိုယ့်မှာ ဒီဆိုင်ကယ်ကြီး စီးနေရတဲ့အလုပ် ... ကြုံရင် တခြားဆိုင်ကယ်တွေ ဝယ်ရောင်းလုပ်ပေးရတဲ့အလုပ်နဲ့ ဗွီဒီယိုကားတွေမှာ စတန့်ဝင်စီးပေးရကဲ့အလုပ်တွေ ရှိနေပြီလေ ... ဘာအလုပ်လုပ်ဖို့ လိုလဲ ... ဖေဖေနဲ့မေမေတောင် ကိုယ့်ကို ဘာမှ မလုပ်ခိုင်းသေးဘူး သူတို့လုပ်ခိုင်းလည်း ကိုယ်စိတ်ပါတဲ့အလုပ်မှ လုပ်မှာ ... စိတ်မပါရင် ဆောရီးပဲ ... ကိုယ်က ကိုယ်စိတ်မပါတဲ့အလုပ်ဆိုရင် ဘယ်တော့မှ အောင်မြင်ပြီးမြောက်အောင် လုပ်လို့မရတဲ့ဗီဇရှိတယ်ကွ ... ဒါပေမယ့် ... ကိုယ့်မှာ လှူ... သေ ရှင်ရှိသေ ဘွဲ့တစ်ခု ရှိပါရဲ့ ... အဲဒီဘွဲ့ကို မသုံးချင်လို့ အိမ်မှာ ဓာတ်ပုံချိတ်ဖို့လောက်ပဲ သတ်မှတ်ထားလိုက်တော့တယ်"

တော်ပါပြီ။ ဒီလောက်ဆို သူ့အကြောင်း၊ သူ့စိတ်နေသဘောထားကို သူ့ဗီဇကို တော်တော်ကြီး အကဲခတ်လို့ ရသွားပြီ...

မဖြစ်သေးဘူး။ သူ့ကို လွယ်လွယ်နဲ့ သူမ ရွေးချယ်လို့မဖြစ်သေးဘူး။ သူဟာ စိတ်ကူးယဉ်ကြည့်ချင်စရာကောင်းတဲ့ လူတစ်ယောက်ကလွဲရင် လောကကြီးမှာ ဘာကိုမှ လေးလေးနက်နက် မထားတတ်တဲ့ လူတစ်ယောက်ပဲ။ သူ့ဘဝမှာ 'အလုပ်'ဆိုတဲ့အရာ၊ 'လူ့ဝတ္တရား' ဆိုတဲ့အရာတစ်ခုကို မေ့လျော့ထားတဲ့လူ... ဒီလူတစ်ယောက်ရဲ့ဘဝထဲကို ဝင်နိုင်ဖို့ဆိုတာ တော်တော်စဉ်းစား... တွေးခေါ်ရဦးမည်။ သူကြည့်ရတာ အရည်အချင်းရှိတဲ့ယောက်ျား...





တစ်ယောက်ပုံစံပါ။ သူ ဘာဖြစ်လို့ တစ်ယူသန် ဖြစ်နေသလဲ။ ဘာဖြစ်လို့ ဆိုင်ကယ်တစ်စီးနဲ့ ဘဝကို ကျေနပ်နိုင်လဲ။ နောင် အနာဂတ်ဆိုတာတွေကို သူ ကြိုတင် မတွေးဘူးလား။ ကြိုတင် ပြင်ဆင်မထားဘူးလား။

သူဟာ တစ်နေ့တော့ ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုဆိုတာကို မလွဲမသွေ ထူထောင်ရမယ်။ ဒါမှမဟုတ်ဘဲ မလွဲမသွေ ကိုယ့်ဘဝကိုယ် ရပ်တည်တဲ့အခါ ဘယ်လိုရပ်တည်မလဲ။

ဒါတွေကို သူ မေ့ထားပြီထင်တယ်။ သူ့ကို တဖြည်းဖြည်းနဲ့ နားဝင်အောင် ပြောင်းဖူကြည့်ချင်သေးသည်။ သူမ၏ စကားများ၌ သူ့ရဲ့အတွေ့တွေ အရည်ပျော်ကျသွားစေချင်သေးသည်။ သူမစကားတွေကို သူ လက်ခံလာစေချင်သေး၏။

ရွှေစင်ဖြာသည် မိုက်မဲစွာပင် ဆိုင်ကယ်တစ်စီးကိုသာ ခုံမင်သော လူတစ်ယောက်၏အတွေးနှင့် မာနများကို သူမ၏ မာနများဖြင့် ယှဉ်ပြိုင်ဖို့တော့ ဆုံးဖြတ်ခဲ့သတဲ့။

***



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကလေး၏ တက္ကစီကားကလေးနောက်သို့ သူမ၏ လမ်းထိပ်အရောက်ပင် သူ့ဆိုင်ကယ်ဖြင့် လိုက်ပို့ပေးခဲ့ သည်။ ချစ်သူနဲ့အတူ တွဲလျှောက်ခွင့်၊ စကားပြောခွင့်၊ ကော်ဖီဆိုင် အကြာကြီးထိုင်ခွင့်၊ ပြီးတော့ ချစ်သူကလေးထံမှ သူ လုံးဝ မစဥ်းစား ဖူးသော အကြောင်းအရာတွေကို နာယူခွင့်ရသည့် ဒီနေ့ကလေးကို သူ ဘယ်တော့မှ မမေ့။

ဘာပဲဖြစ်ဖြစ် ဒီနေ့ကလေးအား ပိုင်ဆိုင်ခွင့်ရသော ဘ၀ကို ကျေနပ်ပါသည်။

***







ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ

အပိုင်း(၂)

ရွှေစင်မြား တော်လှုပ်





www.burmeseclassic.com

www.burmeseclassic.com






သူနဲ့ ရွှေစင်ဖြာတို့ အတော်အတန်ထက်မက မိတ်ဆွေမကျ၊ ရည်းစားမကျ ခင်မင်မှုသက်တမ်းက တော်တော်ပင် ရှည်လာခဲ့ပါပြီ။ ထိုအတောအတွင်း သူ့အကြောင်းတချို့ကို သူမက သူ့အား မမေးမြန်းသော်လည်း သူက စိတ်လိုလက်ရ အမြဲပြောပြတတ်၍ သူမ အတော်အတန် သိခဲ့ပြီ။

"ဖေဖေက ရိုးရိုးကြီးပေါ့ ... အင်ဂျင်နီယာဘွဲ့လေးတစ်ခု အစိုးရဌာနတစ်ခုမှာ ညွှန်ကြားရေးမှူးချုပ်ဆိုတဲ့ ဂုဏ်တစ်ခုနဲ့ အလကားပဲတင်း မာနတွေ ကြီးနေတာဗျ ... အမှန်က ကိုယ်တို့ချမ်းသာတာ မေမေ့ဘက်က ရတဲ့အမွေတွေကို မေမေက တိုးပွားအောင် ကြံဖန်တတ်လို့ပဲ ... မေမေက ယောက်ျားကို ဂျီတိုက်ဖို့ထက် ကိုယ့်စီးပွားကိုယ်ရှာဖို့ စိတ်ဝင်စားတဲ့ မိန်းမမျိုးပဲ ... ဖေဖေ့ဘာသာ ရုံးကားကြီး





စီးပြီး ဘယ်လောက် ဘဝင်လေဟပ်ပါစေ ... မေမေသာ မကူရင် ဘယ် ဒီလို အဆင့်အတန်းနဲ့ နေနိုင်မလဲ ... မေမေ စီးပွားရေးလုပ်တာ တော်လို့ပေါ့ ... ကိုကြီးကလည်း အင်ဂျင်နီယာဘွဲ့ရပေမယ့် ဖေဖေ့အယူအဆဖြစ်တဲ့ ဓိသုကာဘွဲ့ရတစ်ယောက်ပီပီ ကိုယ်ပိုင်ကုမ္ပဏီဖွင့်ပြီး အဆောက်အဦ ကန်ထရိုက်တာအလုပ်ကိုလည်း ငြင်းဆန်ပြီး သူ့ကောင်မလေး အယူအဆဖြစ်တဲ့ နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာအလုပ်ကို လုပ်ခဲ့လေရဲ့ ... ဟား ဟား ရယ်ရတယ် ဖေဖေနဲ့မေမေထက် အစွမ်းထက်တဲ့လူနဲ့ တွေ့သွားတော့ ဖေဖေရော မေမေပါ သူ့သား ... ငါ့သား ပြိုင်စရာမလိုတော့ဘူးပေါ့ ... ရွှေစင်ဖြာ ... "

သူကြည့်ရတာ မိသားစုဝင်တွေ အစ်ကိုကြီးဖြစ်သူ ... ဝိုအားထား၍ နာကြည်းချင်ဟန်လည်း တွေ့ရသည်။

"ဒါဖြင့် ... ရှင်ကရော ဘယ်သူ့သားအဖြစ် ခံယူမလဲ ... "

ဟု သူမက သွေးတိုးစမ်း၍ မေးဖြစ်အောင် မေးမိပါ ... သား။ ထင်သည့်အတိုင်းပင် ...

"အခုထိတော့ ... နှစ်ယောက်စလုံးရဲ့သားအဖြစ် ခံယူတယ် သူတို့ရဲ့ အလုပ်အကိုင် လွန်ဆွဲပွဲထဲကို ထည့်ပြီး မဆွဲကြသေးသ၍တော့ ဒီအတိုင်းပဲ ... ခုချိန်ထိ ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရနေသေးသရွေ့တော့ ဖေဖေနဲ့မေမေ့သားပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့လုပ်နိုင်းတဲ့အလုပ်ဆိုတာလည်း ကိုယ် စိတ်မဝင်စား ဘူး ... ကိုယ့်အတွက် အလုပ်ဆိုတာဟာ ဆိုင်ကယ်တစ်စီး သ,ဖို့လောက် အရေးမပါပါဘူးကွာ ... ”

သူ့ထံမှ မပြောင်းလဲသော ဆိုင်ကယ်ကိုသာ ရှုးသွ သည့်အဖြေကို ရရှိပါသည်။

သူနဲ့သူမတို့သည် အချိန်အတန်ကြာ ရင်းနှီးလာ သည်အထိပင်။ ပြီးတော့ တစ်ယောက်ရင်ထဲမှာ ဘာရှိသလဲဆို ကို ကျန်တစ်ယောက်က သိမြင်လာကြသည်အထိပင်။ သူမက သူ စီးမြဲဖြစ်သော 'ကက'နံပါတ်တက္ကစီတွေကို အသွားအလာအတိုင် စီးမြဲစီးလျက်။ သူကလည်း ဆိုင်ကယ်ဖြင့် နောက်က လိုက်မြဲလို လျက် အလေ့အထကိုတော့ မဖျက်ကြသေး။

တဖန် ညဘက် ဆယ့်တစ်နာရီမှာ ဖုန်းဆက်မြဲ လေ့အထကိုလည်း မဖျက်ကြသေး။ သင်တန်းချိန်တွေမှာ သူ လိုက်စောင့်ကြည့်သည့် အလေ့အထကိုလည်း မဖျက်သေး။

အင်း ... တစ်ခုတော့ ပိုလာပါသည်။ အဲဒါက ဘာ ဆိုတာ သူထိုင်နေတတ်သော သင်တန်းရှိရာ နေရာနားက တစ်ဆိုင်စီကို သူမက လှမ်းကြည့်၍ ပြုံးပြနှုတ်ဆက်တတ်သ သူကလည်း သူရောက်နေကြောင်း လက်ပြတတ်ခြင်း၊ ပြီးတေ သင်တန်းပြီးချိန်တွေမှာ အဲဒီဆိုင်ထဲမှာဖြစ်ဖြစ် အနီးအနား လျှောက်သွားလို့ရမည့် ဆိုင်တစ်ဆိုင်ကိုဖြစ်ဖြစ် အတူတူ တွဲ





ပြီး တစ်နာရီကြာလောက် စကားစမြည်ပြောပြီးမှ လမ်းခွဲ ကြခြင်းတွေတော့ ပိုလာခဲ့ပါသည်။

လဲ့လဲ့နှင့် သူ့ကိုလည်း မိတ်ဆက်ပေးမိပြီးပြီ။

“ရွှေစင်ဖြာရဲ့ ... အတွဲဆုံး သူငယ်ချင်းသုံးယောက်ထဲမှာ ဒီတစ်ယောက်ပဲ ကျန်တော့တာကအစ ကျွန်တော် သိထား ပါတယ် မလဲ့လဲ့ ... ကျွန်တော်က မလဲ့လဲ့ရဲ့ ညီမအရင်း သွဲ့သွဲ့ရဲ့သူငယ်ချင်း ဆုမွန်ဖြိုးရဲ့ အစ်ကိုတစ်ဝမ်းကွဲပါ ... မလဲ့လဲ့က ကျွန်တော့်ကို မသိပေမယ့် ကျွန်တော်က ... ဟဲ ... ဟဲ ရွှေစင်ဖြာနဲ့ ပတ်သက်ပြီး အရင်ကတည်းက သိ ထားပါတယ် ... ”

ဟူ၍ သူ့ရည်ရွယ်ချက်နဲ့ ပက်သက်၍ သိထားရခြင်း ခင် ရှင်းပြတာတော့ မကောင်းပါကွယ်။ တကယ်ဆို 'တွေ့ရ မ်းသာပါတယ်'ဆိုရုံနဲ့တင် ကိစ္စပြတ်ရင် ကျွန်မအတွက် ဘယ် ကျ်နှာပူစရာလိုမလဲ။

အခုတော့ ရှင်က တိုက်ရိုက်လည်းမဟုတ်။ တမင် တ်ကြဲဖန်ပြောလိုက်ခြင်းက ကာယကံရှင် ကျွန်မအဖို့တော့ တော် မျက်နှာပူရတယ်ရှင့်။ ရှင့်ရဲ့စကားသံက 'ဟဲ ဟဲ' ဆိုတဲ့ ရှက်ကန်း အမူအရာနဲ့ ရယ်တဲ့အသံကို မကြိုက်ပေါင်ရှင်။ မေးခဲ့သေး၏။

“နင်တို့ဟာက ဘာတွေလဲဟ ... နင်ပြောတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားမဟုတ်သေးပါဘူးဆိုသေး … သင်တန်းပြီးချိန်တိုင်[illegible]
လည်း တစ်နေ့မှ ဆိုင်မထိုင်ဖြစ်တဲ့နေ့ မရှိဘူး … အအေးဆို[illegible]
တွေ … လက်ဖက်ရည်ဆိုင်တွေ … ကော်ဖီဆိုင်တွေ ပြ[illegible]
တော့ SNACKS ဆိုင်တွေလည်း ဒီနားမှာရှိသမျှ နှင့်[illegible]
မထိုင်ဖူးတာ မရှိတော့ဘူး … ”

“သြော် … ဘာမှ မဟုတ်သေးပါဘူးဆိုတာ တကယ်ပါ[illegible]
သူကလည်း ငါ့ကို ဘာမှ အတိအလင်း ဖွင့်မပြောသေး[illegible]
ငါကလည်း သူ့စရိုက်တွေကို လေ့လာပြီး … ငါပြုပြင်[illegible]
ရမရ စဉ်းစားကြည့်တုန်းဆိုတော့ … အတော်ပဲ … [illegible]
ဖွင့်မပြောတာကမှ ခပ်ကောင်းကောင်း … နောက်မို့[illegible]
သူ့ကို ဒီလို အနီးကပ်လေ့လာလို့ရတော့မှာ မဟုတ်ဘူး[illegible]
သူ ဖွင့်ပြောထားတယ်ဆိုတဲ့အသိနဲ့ … အိုက်တင်ခံရတော့[illegible]
အခုတော့ ရိုးရိုးမိတ်ဆွေတွေပဲ … ဘာလဲ လောကကြီး[illegible]
ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ဟာ မိတ်ဆွေ[illegible]
အဖြစ်နဲ့ တစ်တွဲတွဲ မနေသင့်တာများ ရှိသေးသလား[illegible]
ပြောပြစမ်းပါဦး … အခုလို တွဲတာက ရိုးရိုးသားသား သူ[illegible]
လာတာပဲ … ငါလည်း … ငါ့ဘာသာ တက္ကစီနဲ့ ပြန်မြဲ[illegible]
တိုင်း ပြန်တယ် … သူ့ဆိုင်ကယ်နောက် တစ်ခါမှတော[illegible]
လိုက်မစီးဘူး … သူလည်း အကြံအဖို့ မလုပ်ဘူး … [illegible]
လက်မောင်းကိုလည်း ငါကချိတ်ပြီး တွဲမလျှောက်ဖူးဘူး[illegible]





သူကလည်း ငါ့လက်ဖဝါးကို ဆွဲပြီး လက်တွဲမလျှောက်ဖူး
ဘူး … ဆိုင်တစ်ဆိုင်မှာ အတူတူထိုင်ပြီး စကားပြောကြ
တာပဲရှိတယ် … အဲဒါ သာမန်မိတ်ဆွေတွေပေါ့ … ဘာဖြစ်
လဲ … ”

ထိုအခါ လဲ့လဲ့က ပြောမရလဲနေတော့ဟူသော မျက်
[illegible]များဖြင့် ပြန်ကြည့်လျက် နှုတ်ဆိတ်သွားခဲ့၏။ လဲ့လဲ့ ဘာလို့
[illegible]ဆင်လွဲရသလဲ။ လူတစ်ယောက်ကိုချစ်ဖို့ လက်တွဲဖို့ဆိုတာဟာ
[illegible]ကို အနီးကပ် သေသေချာချာ လေ့လာကြည့်ပြီးမှ ဆုံးဖြတ်တာ
[illegible]တယ်လို့ သူမက ယူဆတာအား လဲ့လဲ့ ဘာကြောင့် လက်မခံ
[illegible]သလဲ။

သို့သော် ရွှေစင်ဖြူက သူမဘာသာ ထင်တိုင်းကြဲ
[illegible]ခြင်းများအား မေမေ့ကိုတော့ အသိမပေးရဲ။ ငွေနှဲကြွေကိုတော့
[illegible]ည်းငယ်မျှ ပြောပြထားဖူးပါသည်။

“တော်လှဝင်းက … အလုပ်တစ်ခုခုကို လုပ်ချင်လာတဲ့စိတ်
ဖြစ်လာအောင် ကြိုးစားကြည့်ပေါ့ … နောက်မို့ ကိုယ်က
လက်တွဲမဲ့ယောက်ျားတစ်ယောက်မှာ အားကိုးအားထား
ပြုစရာ မှီခိုစရာ ဘာအလုပ်အကိုင်မှ မရှိဘူးဆိုရင် မလွယ်
ဘူး … အကယ်၍ မကြီးတို့ ချစ်သူတွေဖြစ်သွားကြရင်
တော်လှဝင်းကို နားလည်အောင် ပြောပြပေါ့ … ”

ငွေက သူမထက် အသက်တစ်နှစ်သာ ငယ်ရွယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မို့ ရွယ်တူတစ်ယောက်ကဲ့သို့ပင် သူမနည်းတူ ဆုံးဖြတ်တတ်ပါသည်။

"ငါကတော့ ... ကိုတော်လှဝင်းက အန်တိုနီယိုနဲ့ သိပ်တူလို့ တော်တော် သဘောကျတယ် ... သူ့အမေနဲ့အတူတူ စီးပွားရေးလောကထဲဝင်ပြီး စိတ်ဝင်တစား လုပ်တော့မယ်လို့သာ သူ ဆုံးဖြတ်ကြည့် ... မကြီး ချက်ချင်းရွေးလိုက်ပေတော့ ကိုတော်လှဝင်းအမေက စာပုံနှိပ်စက်တွေရော စက္ကူထုတ် တဲ့စက်တွေရော ... ရိုးရိုးဗလာစာအုပ်တွေ ထုတ်တဲ့ စက်တွေဟာ စီးပွားရေးနယ်ချဲ့ထားတာ ... အခု ... ကျေ သုံးတဲ့ ဗလာစာအုပ်ကိုပဲကြည့် ... အဲဒါ သူတို့အမေထုတ်တဲ့ ဗလာစာအုပ်ပဲ ... စက္ကူသားတွေကအစ အကောင်းစား အလတ်စား ... အညံ့စား ခွဲပြီး ထုတ်တတ်တာ ... ဆင့် ချမ်းသာမရွေး ဝယ်သုံးနိုင်တာပေါ့ ... ဗလာစာအုပ်ဈေး ကွက်ထဲမှာတော့ ကိုတော်လှဝင်းအမေရဲ့ 'နှင်းဆီ' ဗလာ စာအုပ်က နာမည်ကြီးသတဲ့ ..."

ကြွေကတော့ သူမ၏ သူငယ်ချင်းမ ပိုင်ဆိုင်သော စာအုပ်ထုတ်သည့် စီးပွားရေးနယ်ပယ်ထဲက ကြားရသမျှ အသ ဖြင့် ကျောင်းမှာ အချင်းချင်း မေးမြန်းရရှိသမျှ သတင်းများဖြ တော်လှဝင်း၏အမေကို အထင်ကြီးလျက် ဤသို့ ဆုံးဖြတ်ပေးတ ပါသည်။

ကျွန်မလည်း ရင်မောတာပါပဲ တော်လှဝင်းရှ





ရှင်ဘက်ကသာ အလုပ်တစ်ခုကို ဖြစ်ဖြစ်မြောက်မြောက် မလုပ်ချင် ဘူးဆိုတဲ့ ချုတ်ယွင်းချက်မရှိလို့ကတော့ ရှင့်ဆီက ရေတွေ စီးလာ အောင် မြောင်းဖောက်ပေးဖို့ ဝန်မလေးပါဘူး။ အခုတော့ ဒါတွေ ကို တွေးမိတိုင်း စီးလာမဲ့ရေတွေကို စကားနဲ့ ပိတ်ဆို့ထားရတာ သည်း ကြာလှပြီ။

ကျွန်မက လူတစ်ယောက်ထဲကိုသာ ချစ်ချင်ပြီး အဲဒီ သူကိုပဲ လက်ထပ်ချင်သော မိန်းမတစ်ယောက်လည်း ဖြစ်သေး သည်ကွယ်။

အဲဒါကြောင့် ကျွန်မက ချစ်မိတဲ့ရှင့်ကိုပဲ လက်ထပ် င်တာမို့ ရှင့်မှာ ဒီလို တစ်ယူသန် အတ္တသာ ရှိမနေစေဖို့ ကျွန်မရဲ့ ောင်းဖျခြင်းတွေ ဆက်လက်ကြိုးစားရဦးမည်။

"လူတစ်ယောက်မှာ ... အနာဂတ်ဆိုတာတော့ ရှိတယ် ... အဲဒါကို မေ့ထားလို့မရဘူးရှင့် ... အဲဒီအနာဂတ်အတွက် တော့ တစ်ခုခု ကြိုတင်ပြင်ဆင်သင့်တယ်လို့ ထင်တယ် ... ဥပမာ ရှင့်ရဲ့ အနာဂတ်ဆိုရင် ဘာတွေ ရှိလာနိုင်မလဲ ရှင် ကြိုတွေးကြည့်စမ်း ... အဲဒီအနာဂတ်မှာ ရှင် ဘာလုပ်သင့် သလဲဟင် ..."

ဟု သူမက မေးခွန်းတွေ၊ ဆုံးမခြင်းမြည်သော ားတွေနဲ့ ဖြားယောင်းဖူးပါရဲ့။ သို့သော် သူကတော့ ခပ်ပေါ့ ျင် ...



www.burmeseclassic.com

www.burmeseclassic.com



"မတွေးချင်ဘူးကွာ ... အနာဂတ်ဆိုတာ နောက်မှ ဖြစ်လာ တာ ... အခုတည်းက ကြိုတွေးထားရတာ ပင်ပန်းတယ် ... ဆိုင်ကယ်စီးရတဲ့စိတ်ကူးလောက် မငြိမ့်တာအမှန်ပဲ ... ကိုယ်က ဆိုင်ကယ်ကလွဲရင် ဘာမှ မသိချင်ဘူး ... အဲ ပြီးတော့ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်အကြောင် လည်း ပါသေးတယ် ... ဆိုင်ကယ်ရယ် ... သူ့အကြောင် ရယ်ကလွဲရင် ကိုယ်ဘာမှ မတွေးကြည့်ချင်သေးဘူး ... နောက်မှဖြစ်မှာက နောက်ပို့ထားဦးမယ် ... အတွေး မှာ ..."

ထိုအခါ သူ့ထံမှ ချစ်တဲ့မိန်းကလေးဟူသောစကား အလိုလို သဘောပေါက်လျက် ရေလာဖို့ မြောင်းမဖောက်ပေးမိ ဖို့ သူမပင် နှုတ်ဆိတ်သွားရတော့၏။

တစ်ခုပြောဖြစ်အောင် ပြောမိပါသေးသည်။

"ဘာပဲဖြစ်ဖြစ် ... ကိုယ့်ဘဝကိုယ်တော့ အလေးအန ထားသင့်တယ် ..."

ဒါပဲ။ ချစ်သူကလေးနဲ့ တွေ့လိုက်ရင် တစ်... မျိုး မရှိရအောင် ဆိုးမတတ်တာတွေက ဒါပဲ။ အပ်ကြောင်းထပ် ပြီ။

ကိုယ်က ပြန်မေးချင်တယ်။ မင်းက လူကိုချစ် လား၊ အလုပ်ကို ချစ်မှာလား။ အလုပ်လုပ်တဲ့ယောက်ျားတစ်ယော





...ခု လူရာဝင်တယ်လို့ မင်းယူဆသလား။ ဝင်ငွေမရှိတဲ့ယောက်ျား တစ်ယောက်ကို မင်း အထင်မကြီးဘူး မဟုတ်လား။ လက်မတွဲရဲ ...ဘူးမဟုတ်လား။

သူကလည်း သူ့ဘက်က ထိုမေးခွန်းများနှင့် လုံး ...ည်ချာလည်ဖြစ်လျက် သူမက ငြင်းလိုက်မှာကို မငုံမရဲဖြစ်ပြီး ...ောက်ဆုတ် နေခဲ့ရပေါင်းလည်း များပြီ။ အလုပ်လုပ်သော ယောက်ျားတစ်ယောက်ကိုမှ အထင်ကြီးချင်သော သူမ၏ စကား ...ကိုလည်း နားကြည်းရပေါင်းများပြီ။ အချစ်ဆိုတာကို ဝံမှထား ...ာ 'ဘဝတစ်ခု' တို့၊ 'အနာဂတ်' တို့၊ 'အလုပ်အကိုင်' တို့ 'ဂုဏ် ...ကျာ' တို့ဆိုတာတွေကို ရေလဲသုံးချင်သူ ဤအမျိုးသမီးအား သူ ...ချင်ဘဲနဲ့လည်း နေလို့မရ။

အင်း ခက်တော့ ခက်နေပါပြီ။ ကိုယ်တို့တစ်ခုခုကို ...ပြတ်သားသား ရင်ဆိုင်လိုက်ကြရအောင်လား ရွှေစင်ဖြာ။

***



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နှစ်ယောက်ရဲ့ ပတ်သက်မှုက ဘာလဲ ... ရွှေ
အခုလောလောဆယ် ပတ်သက်မှုကိုပြော ... ကိုယ် အ
ရှင်းရှင်းလင်းလင်းဖြစ်အောင် ဖြေရှင်းချင်နေပြီ ...
တို့ ဒီလို မတင်မကျ အခြေအနေကြီးနဲ့ နေခဲ့ကြရတာ
လောက်ကြာပြီလဲ ...
ကိုယ့်ဘက်က ... မင်းကို သိပ်ချစ်နေပြီဆိုတာ မင်း
သိနေပါတယ် ရွှေစင်ဖြူ ... ကိုယ့်ကို အဖြေတစ်ခု
ကျကျ ပေးတော့ကွာ ... ကိုယ့်မှာ အဲဒီအဖြေအတွက်
လောက်ရူးသွပ်မျှော်လင့်ရသလဲ မင်းမသိဘူး ရွှေစင်
အစကတည်းကပဲ ... မင်းကို စတွေ့တွေ့ချင်းနေ့
က ဒီနေ့အထိ ကိုယ်မျှော်လင့်ခဲ့ဆုံးအရာက ... မင်း
ဘဝကို ရဖို့ပဲ ... ကိုယ် မင်းကို သိပ်ချစ်တယ် ရွှေ





ကိုယ့်ကို အဖြေပေးပါလား"

ဖုန်းထဲကတစ်ဆင့် ရည်စားစကားပြောရတာမို့ တော်လှုဝင်းအသံတွေက တက်ကြွနေခဲ့၏။ မှန်တာပြောရရင် မျက်နှာချင်းဆိုင်တွေ့ပြီးပြောဖို့ မဝံ့မရဲဖြစ်နေခဲ့သော သူ့သတ္တိကြောင့် အခုလို ညဘက် ဖုန်းဆက်ချိန်မှာမှ အရဲစွန့် ဖွင့်ပြောခဲ့ရတာဖြစ်၏။

ထို့ကြောင့်လည်း သူ့အသံတွေက တက်ကြွခြင်း၊ အထစ်အငေါ့မရှိခြင်းတွေ ကင်းမဲ့နေခဲ့တာဖြစ်သည်။ တစ်ဖက်က နားထောင်နေသည့် သူ့ရဲ့ချစ်သူကလေးကတော့ ရှက်စနိုးနဲ့ တိတ်တိတ်ဆိတ်ဆိတ်ကလေး ပြုံးနေမလား။ ဒေါသဖြစ်၍ အံကြိတ်နေတော့မလား။

ဒါမှမဟုတ်ပြန်ရင်လည်း ကိုယ့်အတွေနဲ့ကိုယ် တွေးကြည့်ရရင် ချက်ချင်းများ သူလိုချင်တဲ့အဖြေကို ပေးမလား။ အင်း အဲဒါကတော့ သိပ်မျှော်လင့်လို့မရ၊ သူ့ရဲ့ရွှေစင်ဖြူက မာနကြီးသော မျက်ဝန်းနဲ့ နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်ထားသူပီပီ စိတ်ဓာတ်ကလည်း မာနကြီးချင်ချင် ဖြစ်သူတည်း။

"ကိုယ့်ကို တစ်ခုခုတော့ တုံ့ပြန်ကွာ ... အဲဒီလိုကြီး ငြိမ်နေတာတော့ မကောင်းပါဘူး ... နေရထိုင်ရတာ တစ်မျိုးကြီးပဲကွ ... ရွှေစင်ဖြူက စကားသိပ်များပြီး အခု စကားသံတွေ တိတ်ဆိတ်နေတော့ ကိုယ် မနေတတ်တော့သလိုဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် … ကျွန်မကိုများ စကားများသလေး ဘာလေးနဲ့ ရှင် ဝေဖန်စရာ မလိုပါဘူး … ကျွန်မ စကားများတာက ရှင့်အတွက်ကောင်းဖို့ ပြောရင်းက စကားများသွားရတာ"

"ဟ … ကိုယ်က ဘာတွေ မကောင်းလို့လဲ"

"ဆိုင်ကယ်တစ်စီးကို ရှူးသွပ်နေတာ မကောင်းဘူးလို့ မြင်တယ် … ဆိုင်ကယ်စီးတာလည်းစီးပေါ့ … မြတ်နိုးတာလည်း မြတ်နိုးပေါ့ … ဒါပေမဲ့ လူပီသအောင် ဘဝတစ်ခုကို အဓိပ္ပါယ်ရှိအောင် ဖန်တီးသင့်တယ်လို့ ထင်တယ် … "

သေတော့မှာပဲ။ ရည်းစားစကားပြောပါတယ်ဆိုမှ ထိုးစံအတိုင်း ကြားရမြဲဖြစ်တဲ့ 'ဘဝတစ်ခု'ဆိုတဲ့ ဆုံးမစကားတွေနဲ့ ထိုးနှက်တော့တာပဲ။ ရယ်လည်းရယ်ချင်သည်။ သူမထံမှ တုံ့ပြန်မှုက ဒါပဲဖြစ်လိမ့်မည်ဟု သူ လုံးဝ မမျှော်လင့်ခဲ့။ စဉ်းစားဦးမည် ဖြစ်ဖြစ်၊ နောက်ဘယ်လောက်ကြာမှ အဖြေပေးမယ်ဖြစ်ဖြစ်၊ ခင်မင်မှုကို အခွင့်ကောင်းယူပြီး ဒီစကားမျိုး ပြောရသလား ဘာညာနဲ့ ဟန်လုပ်စိတ်ဆိုးမှာကိုဖြစ်ဖြစ် အဲဒီအရာတွေကိုသာ သူက မျှော်လင့်ထားခဲ့မိတာဖြစ်သည်။

"ဟုတ်တယ်လေ … အဲဒီလို တော်လှဝင်းဆိုတဲ့ လူတစ်ဦးနဲ့ ဘဝတစ်ခုကို အဓိပ္ပါယ်ရှိသွားအောင် ကိုယ်ချစ်ရတဲ့သူကို နံဘေးမှာ ရှိနေစေဖို့ တောင်းဆိုတာပေါ့ … ကဲ … ဘယ်လိုလဲ ရွှေစင်ဖြာ … ကိုယ့်ကို ဝေလည်ကြောင်ပတ်





လုပ်မနေနဲ့တော့ကွာ … ကိုယ် ဘာကို တောင်းဆိုနေသလဲ ဆိုတာကို နားလည်ရက်သားနဲ့ … ကိုယ့်ကို မငြင်းဆဲပါနဲ့ ကွာ … ကိုယ်တို့နှစ်ယောက်ကြားမှာ ရွှေစင်ဖြာ့ဆီက စကားတစ်ခွန်းပဲ လိုတော့တာ … ကျန်တာအားလုံး တစ်ယောက်ရဲ့အတွင်းစိတ်ကို ကျန်တစ်ယောက်က နားလည်ပြီးသားဆိုတာ ကိုယ်တို့နှစ်ယောက် အချင်းချင်းသိနှင့်ပြီးသားပါ"

"ကိုယ့်ဘာသာကိုယ်ယက် တွေးတတ်တဲ့ ယောကျ်ားတွေကို ကျွန်မ မုန်းတယ်ရှင့် … "

"ကိုယ်က ကိုယ့်ဘာသာကိုယ်ယက် တွေးတတ်တဲ့ယောကျ်ား မဟုတ်ပါဘူး … ဟဲ ဟဲ … ဒါဆိုရင် … ရွှေစင်ဖြာက … "

"တော်ပြီ … ရှင့်ကို ဒီလောက်ထိ အရှိန်ကြာကြာ လက်ခံ စကားပြောတာ လွန်ပြီ … ဘယ့်နှယ် … အိပ်ရေးလည်း ပျက်သေး … ရည်းစားစကားလည်း ပြောခံရသေး … အဲဒါ တော်တော် မတရားတာပဲရှင် … "

"မုန်းချတော့မလို့လား … "

"ဟုတ်တယ် … "

ရွှေစင်ဖြာက တမင်ညစ်ပြီဟု သူက သိလိုက်သော်လည်း ခွင့်လွှတ်၏။ မိန်းကလေးပဲ ဒီလောက်တော့ မိန်းမပီပီ ဟန်ရေးပီပီ သူမကို ချစ်ရေးဆိုသော ယောကျ်ားတို့ကို နှိပ်ကွပ်ဦးမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... မနက်ဖြန်မှာလည်း ထိုင်နေကျဆိုင်မှာ စောင့်
မယ်နော် ... ကိုယ်တို့ တစ်နာရီလောက် ထပ်တွေ့ကြ
မယ်နော် ရွှေစင်ဖြာ ... အဲဒီအခွင့်အရေးကိုတော့ ပေး
ပြီးတော့ ... ရွှေစင်ဖြာ့ဆီကအဖြေကို ကိုယ် ဘယ်နေ့
ရမယ်ဆိုတာကိုလည်း သိခွင့်ပေးပါဦး ... "

"ချစ်သူတစ်ယောက် ထားတယ်ဆိုတာ ... ဘာရည်ရွ
ချက်နဲ့ ထားသလဲဆိုတာကို ရှင် သေသေချာချာရော
စားပြီးရဲ့လား တော်လှ ... အပျော်ထားတာလား ... နှ
သားအလိုဆန္ဒရ ထားတာလား ... အိမ်ထောင်တစ်ခု
ထောင်ရာမှာ အဖော်အဖြစ်ထိတောင် ရည်မှန်းပြီး ထား
လား ... အဲဒါတွေ ကျွန်မ သိချင်တယ် ... "

"ကိုယ်က ... "

"နေဦး ... ဖြတ်မပြောနဲ့ ... အဲဒီအဖြေကို ဒီတစ်ည
စဉ်းစားလိုက်ဦး ... မနက်ဖြန်ကျရင် တွေ့တဲ့အခါ အဲဒီအ
ကို ကျွန်မ စိတ်ကျေနပ်နိုင်မဲ့ Perfect Answer မျိုးဖြစ်အော
ရှင် ပြင်ဆင်ခဲ့ပါ ... ရှင့်အဖြေရဲ့ နောက်ဆက်တွဲကိုတော
ရှင့်ဆီကအဖြေ ကြားရပြီးမှ ကျွန်မ ဆက်ပြီး ဆုံးဖြတ်
မယ် တော်လှ ... ကဲ ... ကျွန်မ ဖုန်းချလိုက်ပြီ"

ဟား ဟား။ ရယ်ပဲ ရယ်ရသေး။ ရည်းစားစကားပြော
ပြီး အဖြေတောင်းတဲ့လူကို မေးခွန်းတွေ တသီကြီးနဲ့ အဖြေပြ
နိုင်းခံရတဲ့အဖြစ်ပဲ။





မင်း သိပ်ပြီးတော့ ဦးနှောက်ကောင်းတဲ့မိန်းကလေး
ရွှေစင်ဖြာ။ မင်းလိုချင်တဲ့အဖြေက ဘာလဲ။

ကိုယ့်ဘက်က နှလုံးသားရဲ့အလိုဆန္ဒအရ ဘဝတစ်
ုံးအတွက် လက်တွဲဖို့အထိတောင် ရည်ရွယ်ပြီး မင်းကို ချစ်ပါ
ယ်ဆိုရင် မင်းဆီက ဘယ်လိုစကားလုံးမျိုးတွေနဲ့ ထိုးနှက်လိုက်
ဆိုတာ ကိုယ် သိသလိုလိုနဲ့ မသိသေးပါဘူး ရွှေစင်ဖြာ။

ကိုယ်က မင်းနဲ့ အယူအဆတွေ အမျှော်အမြင်တွေ
ချက်တွေကို နားလည်ဖို့ တော်တော်ကြိုးစားရဦးမယ်။

အဲဒါကို ကိုယ်လည်း သိနှင့်နေခဲ့တယ်။

သို့သော် နားလည်ဖို့ကလည်း ခက်ခဲလေစွ။

***



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ဖြာနဲ့သူသည် ဒီတစ်ခါတော့ တစ်ယောက်ကို တစ်ယောက် ရှက်ရွံ့မနေတော့ဘဲ အကြာကြီး စိုက်ကြည့်နေမိကြ၏။

တစ်ယောက်အယူအဆကို တစ်ယောက် နားမလည်နိုင်မှတော့ ချစ်သူတွေဖြစ်ဖို့ဆိုတာ ဘယ်လွယ်မှာမလဲ။ တဖြည်းဖြည်းနဲ့ နားဝင်အောင် ပြောပြခဲ့သလောက် နားမဝင်ချင်သော သူ့ကို စိတ်ပျက်လှပါပြီ။ တကယ် တကယ်။ မယုံမရှိနဲ့ ရှင်။

"နှလုံးသားထဲက မြတ်မြတ်နိုးနိုး ချစ်မိလို့ ... ကိုယ့်တစ်သက်မှာ ဘယ်မိန်းကလေးကိုမှ ဖွင့်မပြောခဲ့ဖူးတဲ့ စကားကို ဖွင့်ပြောခဲ့တာပဲ ... ကိုယ့်ဘဝရဲ့အဖော်ဟာလည်း မင်းပဲဖြစ်ရမယ်လို့ ကိုယ် ကတိပေးခဲ့တယ် ... အဲဒါကို မင်းက ဘာဖြစ်လို့ ခနဲ့တဲ့ရယ်သံနဲ့ ရယ်သလဲ ရွှေစင်ဖြာ ... ကိုယ်





ပြောတာတွေဟာ ညာနေပါတယ်လို့ မင်း ထင်နေခဲ့လို့လား ..."

ဒေါသအနည်းငယ် ထွက်စွာ သူမေး၏။ သူ့မျက်မှောင်တွေများ ကျုံ့နေတော့တာပဲ။ သူ့မေးကြောကြီးတွေ တင်းခနဲ တင်းခနဲ ထောင်ထနေတော့တာပဲ။

သူ့ဆီက ဒီလို လှိုက်လှိုက်လှဲလှဲ ဝန်ခံမှုကို မကြည်နူးပဲနေမလား။ အင်မတန်ကို ကြည်နူးနေခဲ့တာပေါ့။ စဉ်းစားကြည့်ကွယ်။ ဘယ်မိန်းကလေးမဆို ကိုယ်ဟာ ယောကျ်ားတစ်ယောက်ရဲ့ ထာမဆုံး ချစ်သူဖြစ်ခွင့်ရတဲ့ဘဝ၊ ရင်ထဲကလာတဲ့ မြတ်နိုးမှုအတိနဲ့ ပြီးတဲ့ အချစ်ကို လက်ခံခွင့်ရတဲ့ဘဝကို မကြည်နူးဘဲ နေပါ့မလား။ ဒီ ... သိပ်ကို ကြည်နူးချမ်းမြေ့ခဲ့တာပေါ့ကွယ်။

သို့သော် သူသည် လူကြီးဆန်ဆန် မတွေးဘဲ ချစ်သူကို ချစ်ဖို့လောက် လက်တွဲရဖို့လောက်သာ တွေးတတ်သေးသူ ဖြစ်နေပြန်တာကတော့ အခက်သားပင်။

"ဖြေလေ ... ရွှေစင်ဖြာ ကိုယ့်ကို လှောင်သလို ... ခနဲ့သလို ကြည့်တာကို ကိုယ် သိပ်သိချင်နေတယ် ..."

"သိပ်သိချင်နေရင် ပြောရတာပေါ့ ... တော်လူ ... ရှင်က ကျွန်မကို ရှင့်ဘဝရဲ့ အဖော်အဖြစ်ထိတောင် ရည်ရွယ်ထားတာထားပါတော့ ... ရှင်နဲ့ကျွန်မရဲ့ဘဝကို ဘယ်လိုဆို ထောင်ကြမလဲ ... ယောကျ်ားတစ်ယောက်ရဲ့တာဝန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ... သူရဲ့ချစ်သူဇနီးမယားကို ရှာဖွေလုပ်ကိုင်ကျွေးမွေးရမယ်လေ ... အဲဒီ့အတွက် ရှင့်ကို ကျွန်မက ဘဝတစ်ခုလုံး ပုံအပ်ပြီး ယုံလို့ရတဲ့အခြေအနေမှာ ရှိနေပြီလားဟင်"

"မင်း ... မင်း ... ဘယ်လိုပြောလိုက်တာလဲ ရွှေစင်ဖြာရယ် အချစ်ဆိုတာကို နောက်ပို့ပြီး ... ငွေကြေးဆိုတဲ့အရာကို သိပ်ရှေ့တန်းတင်လွန်းတယ်ကွာ ... "

သူသည် ထိုစကားတစ်ခွန်းဖြင့်သာ တုံ့ပြန်ခဲ့ပါသည်။ ပြီးတော့ သူ့မျက်နှာသည် ဖြတ်ရိုက်ခံရသည့် လူတစ်ယောက်လို လည်ဆင်းသွားခဲ့သေး၏။

သွားပြီ။ သူ့မှာ ဘာအယူခံဝင်စရာစကားမှ မရှိတော့ပြီ။ သူချစ်ရသော သူမသည် အချစ်ကို မေ့ထားတတ်သူ။ အချစ်ဆိုသောအရာထက် ဘဝတစ်ခု ထူထောင်ရာမှာ ဘာလိုအပ်သလဲ၊ ဘာအဓိကကျသလဲဆိုတာကိုသာ ရှေ့တန်းတင်ချင်သူ ဖြစ်နေခဲ့ပြီတည်း။

"ကျွန်မ ... ဘာကို ဆိုလိုသလဲဆိုတာ ရှင်သိမှာပေါ့ ... ရှင်နဲ့ စပြီး ခင်ကတည်းက အပ်ကြောင်းထပ်လောက်အောင် အမြဲပြောနေတတ်တာကို ... ရှင် သဘောပေါက်ဖို့ ကောင်းတယ် ... ဘဝတစ်ခု ထူထောင်ရာမှာ ဆိုင်ကယ်တစ်စီးရှိရုံ ... ကိုယ်ချစ်ရတဲ့မိန်းမ ကိုယ့်အနားမှာ ရှိရုံနဲ့ မပြည့်စုံသေးဘူးရှင် ... ဘယ်အရာ လိုအပ်သေးသလဲဆိုတာ ရှင် ထပ်ဖ





စားကြည့်လိုက်ပါဦးလား တော်လှ ... "

"ကိုယ် ... သိပ်မြတ်နိုးရတဲ့မိန်းမတစ်ယောက်ဆီက ... တုံ့ပြန်မှုဟာ အဲဒါမဟုတ်ဘူး ရွှေစင်ဖြာ ... သူ့ဆီကရမယ့် ကိုယ့်ကို အားကိုးယုံကြည်တဲ့ ချစ်ခြင်းတစ်ခု ... သွားပြီ ကိုယ့်ရဲ့မျှော်လင့်ချက်တွေ အကုန်အရည်ပျော်သွားခဲ့ပြီ ... ရွှေစင်ဖြာ ... ကိုယ် မင်းကို လက်လျှော့လိုက်ပါပြီ ... "

ဆတ်ခနဲ ထရပ်သောသူ့ကို သူမက ခပ်ကြောင်ကြောင် လိုက်ငေးနေမိ၏။ အို ဒီတစ်ခါပဲ ... ဒီတစ်ခါတည်းပါပဲ င်မတန်ကို ရီဝေမှုန်မှိုင်းလွန်းတဲ့ သူ့မျက်နှာကို တွေ့ဖူးခဲ့တာ။ တော့ သူ့မျက်ဝန်းတွေမှာ။ ညို့အားပြင်းတဲ့ သူ့မျက်ဝန်းတွေထဲ ဘုရားရေ ... မျက်ရည်ကြည်တွေတောင် ဝေ့လို့ကွယ်။

ကျွန်မ သိပ်မှားလွန်သွားပြီလား။ ရှင့်ကို ချစ်နေပါယ်ဆိုတဲ့ စကားလေးတစ်ခွန်းကို အဖြေပေးသင့်မှန်း သိရက်မရဲ့ အတ္တတွေနဲ့ ရှင့်ကို အနိုင်ယူခဲ့မိပြီလားရှင်။

ကြည့်စမ်း။ အဖြစ်အပျက်က တကယ့်ကို ခဏလေး သူနဲ့ မတော်တဆ ဆုံခဲ့၊ ခင်မင်ခဲ့၊ နှစ်ဦးသဘောတူ အတူတူ မိဆိုင်ထိုင်ခဲ့၊ အဲဒါတွေ တကယ်ပဲ ဖြစ်ပျက်ခဲ့သတဲ့။

ဟော ... အခုတော့ သူမရဲ့ အတ္တကြီးသော စကားကြောင့် သူနဲ့ မခွဲချင်ပါပဲ ခွဲရတော့မည်တဲ့လား။ ဟော့အေး။ အဲဒီ့လောက်အထိ ဖြစ်ပျက်သွားဖို့ မရည်ရွယ်ခဲ့တာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲရှင် ... ကျွန်မ ကြားချင်တာက ဟုတ်သော်ရှိ၊ မဟုတ်သော်

ရှင့်ဆီက 'ဘဝတစ်ခု ထူထောင်ဖို့ ကိုယ် အလုပ်လုပ်ရမှာပေါ့ ...

ရွှေစင်ဖြာ့ကို ရှာကျွေးမှာပေါ့' ဆိုတဲ့ ယောကျ်ားမာနနဲ့ပြောမ

စကားမျိုးပါကွယ်။

အခုတော့ ... အခုတော့

"ကိုယ်တို့ ... ရှေ့ဆက်ပြီး ဆုံစရာအကြောင်းမရှိတော့တာ

ဒီနေရာမှပဲ ကိုယ် နှုတ်ဆက်ခဲ့မယ် ... "

ဟူသော ပြတ်သားသည့် စကားတစ်ခွန်းထဲ

ရွှေစင်ဖြာ ကျဆုံးခဲ့ရပါတော့သည်။

***








ထိုနေ့မှာ တော်လှုဝင်းနဲ့ ရွှေစင်ဖြာတို့ ဆုံဖြစ်ခဲ့တာ

ဘ်ဆုံးဖြစ်လေသည်။ ထိုနေ့မှစ၍ နောက်ရက်များစွာတွင်

ဆယ့်တစ်နာရီမှာ မြည်နေကျ ဖုန်းသံတစ်ခု၊ သူမအမည်ခေါ်

ခုကို ရွှေစင်ဖြာ ပိုင်ဆိုင်ခွင့် မရတော့ချေ။

ပြီးတော့ တဖန် ...

သူမတက်ရောက် သင်ကြားနေသည့် ကွန်ပျူတာ

န်း၊ အင်္ဂလိပ်စကားပြောနှင့် တရုတ်စကားပြောသင်တန်း၊

ရေးမှုးဖြစ်နည်းပို့ချသည့် သင်တန်းတို့ရှိရာနေရာများ၏

ဘ်ရည်ဆိုင်များ၌ တော်လှုဝင်း၏ မျှော်လင့်တကြီး စောင့်

နေသည့် မျက်ဝန်းများကိုလည်း မြင်ခွင့်မရတော့ချေ။

ထိုအခါ နောင်တ အရကြီးရသွားသူ အမျိုးသမီး

ဘက်ဘဝ ရွှေစင်ဖြာ အလိုလို ရောက်ရှိခဲ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့က ဆိုင်ကယ်တစ်စီးတစ်လေ မတော်ဆ… ဖြတ်သွားခဲ့လျှင် ကျွန်မဆောင်နိုင်လှစွာ ပြေးကြည့်မိသည်အ… သူမ၏ချစ်သူကို မျှော်လင့်တမ်းတတော့သတဲ့။

ကျွန်မ အခုတော့ တကယ် နားလည်သွားပြီ။ ရှ… ခွဲမနေနိုင်လောက်အောင် ချစ်မိနေပြီဆိုတာ တကယ်လက်ခံ… ပြီ။ အရင်ကတော့ ငါ ဒါလုပ်စေချင်တာ မလုပ်ရင် သူ့ကို လ… ဘူးလို့ တင်းထားနိုင်ခဲ့သမျှတွေဟာ မချည်းနှီးဖြစ်မှန်း ကျွန်… လိုက်ပြီ။

ကျွန်မ ရှင့်ကို သိပ်ချစ်ခဲ့ပါတယ် တော်လူ။

ကျွန်မရဲ့မာနနဲ့ အတ္တတွေကိုတောင် အနိုင်ယူ… အချစ်မျိုးနဲ့ သိပ်ချစ်ခဲ့တာပါ။ အဲဒါကို ရှင်မသိသွားခဲ့ပါလား။ … ရဲ့ မိုက်မဲမှုတွေပါပဲလို့ အပြစ်ဖို့ပါရစေဦး။

နေ့တစ်နေ့ရဲ့ နံနက်လင်းတိုင်း သူနဲ့ မတွေ့… ဘယ်နှစ်ရက်ရှိပြီဟု လက်ချိုးရေတွက်နေတတ်ခဲ့ပြီ။ နေ့တစ်… မြဲတိုင်းအလုပ်တွေကို အသက်မပါသော အရုပ်တစ်ရုပ်ပမာ … သန်းလုပ်ဆောင်နေတတ်ခဲ့ပြီ။ ခံစားချက်ကင်းမဲ့သော မျက်… ဖြင့် အရာရာကို ကြည့်နေတတ်ခဲ့ပြီဖြစ်သည်။

"နင် … ဘာဖြစ်နေတာလဲ ရွှေစင် … အခုတလော… ကြည့်ရတာ ကြောင်တောင်တောင်နဲ့ … စကားပြော… လည်း အသက်မပါဘူး … စိတ်နဲ့ခန္ဓာကိုယ် ကင်း…





သလိုပဲ … ငါ့ကို ပြောပြစမ်းပါဦး … နင်နဲ့ဟိုအကလောင်နဲ့ ဘာဖြစ်ထားကြသလဲ … "

လဲ့လဲ့ အကင်းပါးစွာ တစ်နေ့မှာ တိုးတိုးကြိတ်ကြိတ် …ခဲ့ပါသည်။

"သူ … ငါ့ကို ပရိုပိုစ်လုပ်တယ် … အဲဒါ ငါ ငြင်းလိုက်တယ် ငြင်းလိုက်မိပြီးမှ ငါ သူ့ကို သိပ်ချစ်နေခဲ့မှန်း သိခဲ့ရတယ် … ပြင်မရတော့တဲ့ ဆုံးဖြတ်ချက်အတွက် … ငါ နောင်တရနေတယ်လို့ပဲ နင် သတ်မှတ်လိုက်ပါ … "

"အလုပ်အကိုင် ခြေခြေမြစ်မြစ်မရှိဘဲ … မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့လူတစ်ယောက်ကို ငြင်းလိုက်တာ မှားမှ မမှားတာ … ချစ်တာလည်း ချစ်တာတစ်ပိုင်းပေါ့ … နောင်တတော့ ရမနေသင့်ဘူး … အဲဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ရာ ရောက်မယ် … တစ်နေ့ကျရင် နင် သူ့ကို ချစ်ခဲ့တာတွေ မေ့သွားနိုင်လောက်အောင် စွမ်းဆောင်နိုင်မဲ့ … သူ့ထက်ချစ်ရမဲ့သူ နင်တွေ့သွားမှာပါ … စိတ်ချ"

ဟင့်အင်း။ သူ့လောက် ဘယ်သူ့ကိုမှ ချစ်မိမည် …။ ရွေးချယ်သင့်တယ်လို့ မိဘက သတ်မှတ်ပေးပြီး ရွေးချယ်…ကို လက်ခံခဲ့ဖြစ်ရင်တောင် ဒီရွေးချယ်မှုမှာ အချစ်ပါမယ် …ဘူး။ 'အချစ်'တွေအကုန်လုံး သူ့ဆီမှာ။ သူတစ်ယောက်ထံပဲ …သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ရက်ဆက် သူ့ကို လွမ်းပါသည်။ သိပ်လွမ်း
တဲ့နေ့တွေဆိုရင် သူနဲ့ထိုင်ခဲ့ဖူးသမျှ လက်ဖက်ရည်ဆိုင်အသစ်အ
တွေ၊ ကော်ဖီဆိုင် အသစ်အဆန်းတွေ၊ SNACKS ဆိုင်ကလေးတွေ
လူရှင်းတဲ့ အအေးဆိုင်ကလေးတွေမှာ တစ်ယောက်တည်း အ
ကြီးမှ တကယ့်အကြာကြီး သွားထိုင်နေတတ်သေးရဲ့။ အလွန်
သုံးနာရီလောက်တောင် ကြာသွားဖူးတာတွေလည်း ရှိ၏။

ဆိုင်မှာ ထိုင်၊ တစ်ခုခုမှာကာ စားပွဲပေါ် လ
တောင်ပြန်ထောက်၍ လက်ဖဝါးထဲ မေးစေ့တင်ပြီး အဝေးတ
ရာရာကို စိုက်ကြည့်ကာ သူ့အကြောင်း၊ သူနဲ့ သွားလာခဲ့ဖူး
အကြောင်းတွေ သူ့စကားသံတွေ သတိရ တွေးတောမိပြီဆို
ဖတ်ဝန်းကျင်တစ်ခုလုံးလည်း မေ့၊ တစ်လောကလုံးလည်း မေ့
တတ်သည်အထိပဲ။

သုံးလေးနာရီကြာမျှ ထိုင်ပြီး မှာထားသော အ
အစာကို တစ်ချက်မှ မတို့ပဲ ပိုက်ဆံရှင်း၍ ဆိုင်အပြင်ဘက်
သွားသော မျက်လုံးအကြောင်နဲ့ ချစ်စဖွယ်ကောင်မလေး
ယောက်အကြောင်းကိုတော့ ဆိုင်ရှိလူများ အတင်းပြောကျ
တာ များ၏။

တိရစ္ဆာန်ရုပ် မွေးပွဲကျောပိုးအိတ်ကလေးများ
ကာ 'ကက' နံပါတ် တက္ကစီကားတွေကို အမြဲစီးတတ်သော
ကို လွမ်းနေသည့် အမျိုးသမီးကလေး ရွှေစင်ဖြာရဲ့ ညဘက်





နေတွေကတော့ ပိုပြီး ခြောက်ခြားစဖွယ်။

ဖုန်းသံကလေးတစ်ခုကို မျှော်ရင်း အိပ်မပျော်နိုင်
သာ ညပေါင်းများစွာတွေမှာ ခေါင်းအုံးကို မျက်ရည်သုတ်စရာ
ရာဝတ္ထုတစ်ခုအဖြစ် သတ်မှတ်ခဲ့ရပေါင်းလည်း များပြီကွယ်။

"ရင်ထဲမှာ … နေလို့ ထိုင်လို့မရအောင် လွမ်းတယ် …
ဘာနဲ့မှ နှိုင်းပြလို့မရအောင် လွမ်းတယ် … ကျွန်မ … အဲဒီ
လောက်လွမ်း တတ်လိမ့်မယ်တောင် ကိုယ့်ကိုယ်ကိုယ်
မထင်ခဲ့ဘူး … အဲဒါဆို … ရှင်လည်း ဒီလိုမျိုး ကျွန်မ
ခံစားနေရပါတယ်ဆိုတာကို ဘယ်ထင်လိမ့်မလဲနော် …
တော်လှ … တော်လှရယ် … ရှင်သာ ကျွန်မအကြိုက်ကို
မှန်းနိုင်ရက် ဒီအကြိုက်ကို လိုက်ပြောခဲ့မယ်ဆိုရင် အခုလိုမျိုး
ခွဲရလိမ့်မယ် မထင်ဘူး … မိန်းမဆိုတာမျိုးက ကိုယ်ပြော
စေချင်တဲ့စကားကို ပြောရင် … သိပ်သဘောကျတတ်
တဲ့အမျိုးရှင့် … "

ထိုစာပိုဒ်ကလေးကိုတော့ မရည်ရွယ်ပဲ ချရေးဖြစ်
ညှို့နေ့က သူနဲ့ မတွေ့ရတော့ချိန် တစ်လပြည့်သည့်နေ့မှာဖြစ်၏။
ယာရီရေးရတာ ဝါသနာမပါ။ ရေးလေ့ရေးထလည်း မရှိသော
ရွှေစင်ဖြာတို့ ညီအစ်မတစ်တွေမှာ နှစ်စဉ်နှစ်တိုင်း ဖေဖေက မပျက်
ကွက် ပို့ပေးနေကျ ဒိုင်ယာရီတွေက စာရွက်အလွတ်ချည်းဖြင့် အ
ပိတ် ရှိနေတတ်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့။ ဒီနှစ်အတွက် ဖေဖေပို့ပေးထားသည့် ဒိုင်ယာရီကလေးရဲ့ စာရွက်တစ်ရွက်မှာတော့ ရေးခြစ်ဖြစ်သွားခဲ့ပြီ ရှင်။

အဲဒီလို ချစ်သူကို လွမ်းနေချိန်မှာ သူမအတွက် အလုပ်ခေါ်စာတစ်ခုက ရောက်ရှိလာခဲ့ပါသည်။ ဖေဖေ့မိတ်ဆွေ၏ ကုမ္ပဏီမှာ အတွင်းရေးမှူးနေရာ ဝင်လျှောက်ထားခဲ့မိ၍ အဲဒီအ ခေါက်များစွာတုန်းက အင်တာဗျူးဖြေရ ကုမ္ပဏီလူကြီးတွေနဲ့ ဝင် တွေ့ရနဲ့ မအားခဲ့တာ မှတ်မိသေးရဲ့။

မဆီမဆိုင် သတိရလိုက်ရရင် တော်လှဝင်းက သူမ ကို အတိအလင်း ဖွင့်မပြောခင် ရက်ပိုင်းတချို့က ဖြစ်မည်။ သူမ အလုပ်လျှောက်ထားတာကို သူတောင်မသိ။

သိရင် သူက ဘာများ ဝေဖန်ချက် ပေးမှာမှတ်လို့ ‘အလုပ်’တစ်ခု လက်ဝယ်ရှိခြင်း၊ အလုပ်တစ်ခု လုပ်ကိုင်ခြင်းဆိုတဲ့ ဝေါဟာရကိုမှ လက်မခံချင်ခဲ့တဲ့သူပဲ။

ရက်သတ္တပတ် အနည်းငယ်အကြာ၌ ရွှေစင်ဖြူ သည် Export & Import လုပ်ကိုင်သော ကုမ္ပဏီကြီးတစ်ခု၏ အတွင်း ရေးမှူးမကလေးရာထူးကို ကျေကျေနပ်နပ် ဖက်တွယ်လျက် ချစ်သူကိုလွမ်းသော မျက်လုံးများဖြင့် အလုပ် စတင်ဝင်တော့သည်။

***





ကားမှန်နက်တွေ အပြည့်တပ်ထားသော ခန့်ညား ထယ်ဝါသည့် မာစီးဒီကားကြီးကို ကျော်တက်ဖို့က အခွင့်မသာ။ ရာတိုင်းမှာ စိတ်တိုနေသော တော်လှဝင်းက ရှေ့ကကား ဒီ ောက်အနှေးကြီး မောင်းနေတာ မဟုတ်ပဲနှင့် စိတ်တိုနေသတဲ့။

ကျော်တက်ဖို့ တတီတီဖြင့် လမ်းတောင်းသော် ည်း ထိုကားကြီးနံဘေးမှာ ဖြတ်တက်စရာမရှိအောင် နေရာ ည်းမြောင်းနေ၍ သူက ဖြတ်မတက်ချင်။

တော်လှဝင်း၏ အယူအဆက လူကိုထိရင်ထိပါစေ၊ ရဲ့ဆိုင်ကယ်ကြီးကိုတော့ တစ်စက်မှ အပွန်းမခံလို၊ အထိမခံလို ည်း။ အလကားနေရင်း ယာဉ်ထိန်းရဲနဲ့လည်း ပြဿနာမရှာင်း င်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ထို ခန့်ညားထယ်ဝါသည့် ကားကြီး နောက်က စိတ်တိုတိုနှင့် ဖမ်းလိုက်လာရတော့သည်။ သိပ်တော့ စိတ်မတိုလိုက်ရ။ ထိုကားကြီးက မီးတစ်ဖက်ပြ၍ သူချိုးကွေ့မည့် လမ်းရောက်လျှင် ချိုးကွေ့သွားတော့သည်။

သို့သော် အံ့သြစရာကောင်းသည်မှာ ထိုကားကြီး ချိုးကွေ့သောလမ်းနှင့် သူသွားမည့်လမ်းက တူညီနေပြန်ခြင်းဖြစ် ၏။ ဒါတော့ ကိစ္စမရှိ။ ဒီလမ်းထဲမှာ ထိုကား မဖြစ်မနေ ရပ်ကို ရ ရမည်။ အဲဒါဆို သူ ဖြတ်ကျော်ခွင့် ရလိမ့်မည်။

သူ့ရဲ့စိတ္တဇလို့တော့ ပြောရမလား မသိချေ။ သူ ဒီလို ခန့်ညားထယ်ဝါတဲ့ ဇိမ်ခံကားကြီးတွေကိုမြင်လျှင် ဆိုင်ကယ် တစ်စီး၏ အသုံးကျမှုကို နှိုင်းယှဉ်ကာ သူ့ဆိုင်ကယ်ကို ကဲ့ရဲ့ သော ကောင်မလေးတစ်ယောက်ကို မဆီမဆိုင်ပင် အမြဲတမ်း သတိရတတ်မြဲ။

အခုထိပဲ။ ကိုယ် တစ်နေ့မှ မေ့မရခဲ့ဘူး။ မင်းဆီက ဘယ်လိုနည်းနဲ့ တုံ့ပြန်တဲ့စကားတွေပဲ ကြားရပါစေ၊ ကို မနာကြည် နိုင်ခဲ့သေးဘူး။ မင်းက ကိုယ်နဲ့ပတ်သက်ရင် ဘာတွေဖြစ်စေ သလဲဆိုတာ ကိုယ်သိနေခဲ့ရက် မင်းအလိုကိုလိုက်ပြီး မပြော တာကိုပင် ကိုယ့်အမှားပါလို့ အခုတော့ ယူဆနေမိပြီ။

ဘာပဲဖြစ်ဖြစ် မင်း ကိုယ့်ကို အတိုင်းအတာတစ် ထိတော့ ချစ်ခဲ့လိမ့်မယ်လို့ ကိုယ် မျှော်လင့်ယုံကြည်ဆဲပဲ။





မင်းကို သိပ်လွမ်းလာတဲ့နေ့မျိုးတွေဆို မင်းတက် ရတဲ့ သင်တန်းတွေကို လာပြီး မင်းမမြင်နိုင်တဲ့နေရာက ချောင်း ကြည့် ကျေနပ်ရတာကို မင်းမသိပါဘူး ရွှေစင်ဖြူ။ တစ်ခုတော့ ကိုယ့်အတွက် ဝမ်းသာရမဲ့အဖြစ်က ကိုယ့်ကို မသိမသာ ရှာဖွေတတ် တဲ့ မင်းရဲ့ မာနကြီးတဲ့မျက်လုံးကလေးတွေကို ကိုယ်တွေ့ခွင့်ရတဲ့ အတွက်ပဲ။

ကိုယ် ဘယ်လောက် လွမ်းနေခဲ့သလဲ။ မျှော်လင့် မထားခဲ့မိတဲ့ ကွဲကွာရခြင်းအတွက် ကြေကွဲနေခဲ့သလဲဆိုတာ ကိုယ့် ရဲ့အဖော် ဆိုင်ကယ်ကြီးပဲ့ပော့ ကောင်းကောင်းသိတယ်။

ဘာဖြစ်လို့လဲဆိုတော့ မင်းကို သိပ်လွမ်းရတဲ့နေ့ တွေဆိုရင် ကိုယ် နေ့စဉ်မပျက်မကွက် သုံးနေကျဖြစ်တဲ့ ကိုယ့်ရဲ့ ဆိုင်ကယ်ကြီးကိုတောင် မသုံးပဲ ဒီအတိုင်း ပစ်ထားမိတဲ့အထိပဲ။ ကိုယ် အိပ်ရာထဲမှာ ခွေပြီး၊ အခန်းအောင်းပြီး တစ်နေ့လုံး မင်း အကြောင်းတွေ ဖွေးနေတတ်တဲ့အထိပဲ။

အဲ့ဒါတွေ မင်းသိမှာ မဟုတ်ပါဘူး။ ကိုယ် ဒီလိုခံစား ရလိမ့်မယ်လို့လည်း မင်းတွေးမိမယ် မထင်ပါဘူး။

သူ့ရှေ့က ကားကြီးကိုတောင် ကျော်တက်ဖို့ မစဉ်း စားမိတော့ပဲ ဘယ်လိုက ဘယ်လို ရွှေစင်ဖြူအကြောင်း တွေးနေမိ သည်မသိ။ နံဘေးက တခြားကားတွေတောင် သူ့ကို ကျော်ဖြတ် တက်ကာသွားကြပြီးဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က မာစီဒီးကြီးသည် လမ်းဘေးက တစ်နေရာတွင် ဝင်ရပ်တာလည်း ထားတော့။ သူက အဲဒီကားကြီးကို ကျော်တက်ပြီး အမှတ်မဲ့ စောင်းငဲ့ကြည့်မိစဉ်မှာ ကားနောက်ခန်းက တံခါးတစ်ချပ် ဖြတ်ခနဲ ပွင့်လာခိုက် တွေ့လိုက်ရသည့်မျက်နှာကလေးတစ်ခုဟာ သူ့ကို တုန်လှုပ်သွားစေခဲ့ခြင်းကတော့ အင်မတန်မှ အရေးပါသော အဖြစ်အပျက်တစ်ခုပင်။

"ရွှေစင်ဖြာ ..."

ဟု သူ့နှုတ်က ယောင်ယမ်းရေရွတ်မိပါသည်။

သူမကလေးသည် အတွင်း၌ အဖြူရောင် အင်္ကျီခံလျက် အပေါ်မှ ကုတ်အင်္ကျီမီးခိုးရောင်ရင့်ရင့် လုံချည်ကလည်း မီးခိုးရောင်ရင့်ရင့်ကို ဝတ်ဆင်ထား၏။ တစ်လက်မခွဲမျှ အမြင့်ရှိမည့် လေဒီရှူးအနက်ကလေးကို ဆင်မြန်းထားသော သူမ၏ ခြေဖဝါးတွင် ညာဘက် ခြေကျင်းဝတ်မှာ Foot Chain ကလေးနဲ့ ကြည့်ကောင်းနေခဲ့သည်။

ပြီးတော့ သူ့အမြင်မှာ တစ်မျိုးဆန်းနေလောက်အောင် သူမ၏ မျက်နှာပြင်မှာ မခြယ်သစဖူး ရောင်စုံတချို့ ခြယ်သထားခြင်းပင်။ ခါတိုင်း တွေ့နေကျ မျက်ရစ်လိုင်နာကလေး ဆွဲသော၊ နှုတ်ခမ်းဆိုးဆေး အရောင်ဖျော့ဖျော့ဆိုးသော အဆင်အပြင်ထက်တော့ ပိုပြီး ထူးခြားနေ၏။





တဖန် အရင်ကလို ကလေးဆန်ဆန် တိရစ္ဆာန်ရုပ်မွေးပွကျောပိုးအိတ်လည်း လွယ်မထား။ ဣန္ဒြေရသော စလင်းဘက်ကလေးက သူမ၏ ပခုံးထက်မှာ နေရာယူလို့။ လက်ထဲမှာလည်း ပလတ်စတစ်ဖိုင်လ်တချို့ပိုက်လို့၊ ပြီးတော့ ကားရှေ့ခန်းက ဆင်းလာသော ဥရောပဝတ်စုံ ဝတ်ဆင်ထားသည့် ထိပ်အနည်းငယ်ပြောင်နေပြီဖြစ်သော အသက်ငါးဆယ်ကျော်အရွယ် ပုဂ္ဂိုလ်ကြီးတစ်ယောက်အား ရယ်မောပြုံးပြစွာ စကားပြောဟန်တွေ။

ဘုရားရေ ... ရွှေစင်ဖြာ ဘာတွေ လျှောက်လုပ်နေသလဲ။ ကားရပ်ထားရာနေရာကို သူ လှမ်းကြည့်တော့ နာမည်ကြီး Export Import ကုမ္ပဏီကြီးတစ်ခု၏ ဆိုင်းဘုတ်ကို တွေ့ရလေသည်။

ရွှေစင်ဖြာနှင့်အတူ ထိုပုဂ္ဂိုလ်ကြီးသည် စတစ်ကာမှန်တံခါးကို တွန်းဖွင့်ပြီး အထဲကို ဝင်သွားကြ၍ မမြင်ရတော့။ မင်း ဘယ်တုန်းက ကုမ္ပဏီမှာ အလုပ်ဝင်သလဲ။ ကိုယ်တောင် မသိလိုက်ရပါလား။ အေးလေ၊ ကိုယ်တို့ တစ်လခွဲတောင်ရှိပြီ။ မတွေ့ကြရတာ။

မသွားတော့ဘူး။ ဒီနေ့ ဘယ်နေရာပဲ သွားစရာရှိရှိ ဘာကိစ္စပဲရှိရှိ။ မေမေ ဘာပဲ မှာထား မှာထား။ အားလုံးကို တမင် မေ့ပစ်မယ်။ ကိုယ် မင်းရှိနေတဲ့ နေရာတစ်ခုကို တစ်နေ့လုံး စောင့်ကြည့်ပါရစေဦး။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရှိရာ အဆောက်အဦကြီးက အခုမှ အသစ်စက်စက် ဆောက်ပြီးကာစဖြစ်မည်။ သုံးထပ်အဆောက်အဦဖြစ်ပြီး စတစ်ကာမှန်အနက် တော်တော်များများဖြင့် ဖွဲ့စည်းထားပါသည်။

ဒီကုမ္ပဏီမှာ ဘယ်သူတွေ ရှိသလဲမသိ။ လှပသည်ဆိုခြင်းထက် ချစ်စဖွယ် ရုပ်ရည်ကလေးကို ပိုင်ဆိုင်ထားသော သူ့ရဲ့ ကောင်မလေးကို စိတ်ဝင်စားလာမည့်သူတွေ အနည်းဆုံး သုံးလေးဦးလောက်တော့ ရှိနိုင်ကောင်းရဲ့။ စိတ်မချချင်တော့ပြီ။

အဲဒီထဲက အလုပ်အကိုင် လုပ်ရာမှာ အမြော်အမြင်ကြီးပြီး တက်လမ်းတွေ အများကြီးရှိမဲ့ လူတော်တစ်ယောက်ဖြစ်ဖြစ်၊ ကုမ္ပဏီဒါရိုက်တာတွေထဲက သင့်တော်မဲ့ လူပျိုလူလွတ်တစ်ယောက်ကိုဖြစ်ဖြစ် မင်း သဘောတွေ့ပြီး ရွေးချယ်သွားခဲ့ရင်၊ ဘုရား ဘုရား သူ ဒီအဖြစ်မျိုးတော့ မလိုလားချေ။

လုံးဝပဲ။ လုံးဝ လက်မခံချင်လောက်အောင်ပင် သူချစ်သူကို သူပဲ ချစ်ခွင့်၊ သူ့ချစ်သူကလည်း သူ့ကိုပဲ ချစ်ခွင့်ကိုသာ မျှော်လင့်ထားဆဲတည်း။

ကိုယ် ဒီနေ့ မင်းနဲ့ မျက်နှာချင်းဆိုင် ဆုံရအောင်ကို ဖန်တီးမှ ဖြစ်တော့မယ်။ မင်းဆီက တုံ့ပြန်မဲ့ အကောင်းအဆိုးနှစ်ခုထဲက အကောင်းကိုပဲ ကိုယ်လိုချင်တယ် ရွှေစင်ဖြာ။

"ရွှေစင်ဖြာ ..."

"ရှင် ..."





တက္ကစီဒရိုင်ဘာအား ငုံ၍ ဈေးမေးနေစဉ် သူမ၏ နောက်ကျောဘက်မှ ခေါ်သံတစ်ခုကြောင့် နှုတ်က အလိုလို ထူးနေမိလျက်သား။ အိုး ... အဲဒီလို ခပ်မာမာ တောင့်တောင့် ခေါ်သံတစ်ခုကို ကျွန်မ သိပ်ရင်းနှီးခဲ့တာပေါ့။

"ကိုယ် ... စကားနည်းနည်း ပြောချင်တယ် ..."

သူက ပိုင်စိုးပိုင်နင်းပင် ရွှေစင်ဖြာ ဖွင့်ဆောင်းထားသည့် ခေါက်ထီးအောက်ကို ဝင်ရပ်လျက်။

ကြည့်စမ်း။ ကျွန်မတို့နှစ်ယောက်စလုံးရဲ့ မျက်ဝန်းတွေထဲမှာ အရမ်းတမ်းတနေခဲ့တဲ့ အရိပ်တွေနဲ့နော်။ တစ်ယောက်နဲ့တစ်ယောက် တမေ့တမော့ပင် အကြာကြီး စိုက်ကြည့်နေမိကြ၏

အိုး၊ ကျွန်မရင်တွေ ဘယ်လိုခုန်းမှန်းမသိ။ ရင်ထဲမှာ ဘယ်လို ပျော်မိမှန်း မသိပါရှင်။ ရှင်နဲ့ ပြန်တွေ့ခဲ့ရင်ဆိုတဲ့ အတွေးမျိုးလည်း မတွေးမိ။ ပြန်တွေ့ရင် ဘယ်လိုပြောမယ်ဆိုတဲ့ စကားမျိုးတွေလည်း မစီစဉ်ထားခဲ့တာကြောင့် အခုတော့ ကျွန်မ အမူအရာတွေ ဗရုတ်ဗရဲနဲ့နော်။

တစ်ယောက်နဲ့တစ်ယောက် မှတ်သိပ်တောင့်တစွာ အငမ်းမရ စိုက်ကြည့်နေကြတာ နဘေးပတ်ဝန်းကျင်ကိုတောင် မေ့လို့ကိုး။ သူ့မျက်ဝန်းတွေထဲမှာလည်း မျက်ရည်ကြည်တွေ ပြည့်လျှံနေပြီးတော့ သူမရဲ့ မျက်ဝန်းတွေထဲမှာလည်း ထိုနည်းနှင်းကိုး။



www.burmeseclassic.com

www.burmeseclassic.com



ရှင် နားလည်တယ် မဟုတ်လားဟင်။ ကျွန်မ အ...
ပေးစရာမလိုအောင်တောင် ရှင် နားလည်ပြီးသား ဖြစ်မှာပါ။ ကျွန်...
ရင်ထဲက အချစ်တွေကိုလေ။ ရှင် သိနေနိုင်ပါတယ်နော်။

"ကဲ ... အစ်မ ... ဒီနေ့အဖို့ ကျွန်တော့်ကား ငှားဦးမှာလား..."

တက္ကစီဒရိုင်ဘာက ဘာစကားမှ မပြောဘဲ တ...
ယောက်နဲ့တစ်ယောက် အကြာကြီး စိုက်ကြည့်နေကြသူနှစ်ဦးအ...
စိတ်မရှည်စွာ ဝင်ရောက်နှောင့်ယှက်လိုက်လေသည်။ ဘယ့်နှ...
သူတို့ လပ်(ဖ)ဆင်းရိုက်တာ အရေးမကြီးဘူး။ ဒီနေ့အတွက် အုံန...
မကျေဘဲ အချိန်တွေ ပုပ်ကုန်မှာ အရေးကြီးတယ်လို့လည်း တိ...
တဆိတ် ကျိန်ဆဲမိသေး၏။

"မငှားတော့ဘူးဗျာ ... ခင်ဗျား သွားတော့ ... ရှ...
သူ့ကို ကျွန်တော် လိုက်ပို့မှာဗျ ..."

အမျိုးသားကလေးက ဝင့်ကြွားစွာ သူ့ကို ...
ဟောက်ဟောက်ကလေးနှင့် နှင်ထုတ်တာကိုတော့ သူ စိတ်မ...
မိပါချေ။ အေးလေ။ ချစ်နေကြတုန်းတော့ မိုးမမြင်၊ လေမမြင် ...
နေဦးမှာပဲ။ 'ကက'နံပါတ် တက္ကစီဒရိုင်ဘာသည် ထိုချစ်သူစုံတွဲ အ...
ထားရစ်ခဲ့သော်လည်း ကားနောက်ကြည့်မှန်မှတစ်ဆင့် အနည်း...
စပ်စုသည့်အနေနဲ့ လှမ်းကြည့်ဖြစ်အောင် ကြည့်မိပါသေးသည်။

ထိုအခါ ကောင်မလေးလက်ထဲက ခေါက်ထီးကို...
ယူပြီး တစ်ခုခု ငုံ့ပြောသော ကောင်ကလေးနှင့် ကျေနပ်ရှက်ရွံ့...





...ခေါင်းကလေးငုံ့ပြီး ပြုံးနေသည့် ကောင်မလေးတို့ကို တွေ့ရလျှင်
...တောင် သဘောတကျ လေတစ်ချက် ချွန်လိုက်မိခဲ့၏။

"တိုးတို့ ... ထီးလက်ကိုင်ကလေးပေးနော် ... ကိုယ်လည်း
နေပူကြီးထဲမှာ လမ်းအကြာကြီး မလျှောက်နိုင်ဘူး ... ထီး
အရိပ်ခိုပြီး လမ်းလျှောက်ရရင် သက်သာမယ်ထင်တယ် ...
ရွှေစင်ဖြူထီးတို့ ကိုင်ပေးပြီး ထီးကပ်ဆောင်းရရင် နေပူ
ထဲ ... သက်သာမလား မသိဘူး ... ဟင် ... ရွှေစင်ဖြူ ...
နေပူသက်သာမှာလား ..."

...ဟုတ်ချင်းမှ မသိဘူးဟယ်။ ကျွန်မ ဘာတစ်ခုမှ မပြော
...တော့။ အဲဒါ ... ကျွန်မအတွက် ပိုအဆင်ပြေလိမ့်မယ်။

...သို့သော် ...တော်လှဝင်းက သူမ ဖြစ်ရာမလိုအောင်
...သည် သူမ၏လက်ထဲမှ ခေါက်ထီးလက်ကိုင်ရိုးကို လှမ်း
...ပြီးနေခဲ့၏။ ...သည်ထက်ပို၍ သူမ၏ လက်ဖမိုးကို ခပ်
...လေး ဆုပ်ကိုင်ထားခဲ့တာတော့ သူ ရမ်းကားတာပဲ။
... ရွှေစင်ဖြူက ခွင့်လွှတ်သတဲ့လေ။

နောက်ပြီး သူ စတင်ခြေလှမ်းတာနဲ့ ရွှေစင်ဖြူက
...မှာ လိုက်ပါဖို့ ခြေလှမ်းပြင်ပြီးလည်း ဖြစ်နေပြန်သတဲ့။ ခက်
...သေးရဲ့။ ကိုယ် လက်မခံနိုင်ပါဘူးလို့ ငြင်းထားတဲ့ လူ
...ကို မိုက်မိုက်မဲမဲ တွယ်ငြိနေတာတော့ မကောင်းဘူး
...မယ် လူတိုင်းဟာ မကောင်းမှုတစ်ခုခုနဲ့ မွေ့လျော်ချင်



www.burmeseclassic.com

www.burmeseclassic.com



ကြသူများပီပီ ရွှေစင်ဖြာကလည်း ထိုမကောင်းမှုတစ်ခု၌ မွေ့လျော်
နေပါပြီ။

"အား ... နေပူကြီးထဲမှာ ခေါက်ထီးကလေး ဆောင်းခွင့်
သွားတာဟာ အရသာပဲ ... အေးမြသွားသလိုပဲ ... ထီးအရိပ်
ကြောင့်ရယ် ... ဟဲ ဟဲ ... ပြီးတော့ ကိုယ့်ချစ်တဲ့သူတစ်
ယောက် ဘေးမှာ ပါနေလို့ရယ်ဖြစ်မှာ ... ပိုပြီး အေးချမ်း
တယ် ...
ဒီနားမှာလည်း အေးချမ်းတိတ်ဆိတ်တဲ့ ကော်ဖီဆိုင်များ
မလားမသိဘူး ... ပြောပါဦးကွာ ... ကိုယ်က ဒီနား
တော့ သိပ်မကျွမ်းကျင်ဘူး ... ရွှေစင်ဖြာကတော့ ကျွမ်း
ကျင်မယ်ထင်တယ် ... အင်း ... မေးသာမေးရတယ် ...
ဟိုးအရင်တွေတုန်းကလည်း သင်တန်းနားမှာ ကော်ဖီဆိုင်
ကောင်းကောင်း ... Snacks ဆိုင်ကောင်းကောင်းရှိ
တောင် မသိဘဲ ကိုယ်နဲ့တွေ့မှ သိရတဲ့ ကောင်မလေး
ဒါမျိုးတွေမှာ အားကိုးရမယ်၂မထင်ပါဘူး ... "

သူ့အသံတွေက လိုအင်ဆန္ဒပြည့်ဝသော လူ
ယောက်၏ အသံမျိုး ဖြစ်နေခဲ့၏။ ကြည့်စမ်း၊ သူနဲ့ သူမတို့
ယောက်ရဲ့အကြားမှာ 'အချစ်'ဆိုတဲ့ အရာတစ်ခုဟာ ဆွေးနွေး
မလိုပဲ နားလည်မှုနဲ့ ဆက်သွယ်လိုက်ကြပြီလားမသိ။ ဟုတ်သည်
အဲဒါကို ရွှေစင်ဖြာ တကယ်မသိပါချေ။





"စကားထိုင်ပြောစရာ ဆိုင်ကောင်းကောင်း ... ရှိမလား
ဟင် ... ရွှေစင်ဖြာ ... ကိုယ့်ကို တစ်ခုခုပြောပါဦး ... ကိုယ်
တို့ ဒီလိုကြီး ရပ်နေလို့ ဘယ်ဖြစ်မလဲ ... "

သူ့ဆိုင်ကယ် ရပ်ထားရာနေရာအရောက်မှာ သူ
ခြေလှမ်းတွေ ရပ်တန့်ပြီး ရွှေစင်ဖြာ့ကို ငုံ့မိုးစိုက်ကြည့်ကာ မေး၏။

"ရှင်ပဲ ... ခုနက ပြောထားတယ်လေ ... ကျွန်မက ဘယ်
တုန်းကမှ ဘယ်နေရာမှာ ဘာဆိုင်ရှိသလဲဆိုတာ သိမှသိ
မနေတတ်တာ ... ဒီနားမှာ ဘာဆိုင်ရှိသလဲ ... ရှင်ပဲ စဉ်း
စား ... ကျွန်မက ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ပဲ လာတာ ...
ပတ်ဝန်းကျင်မှာ ဘယ်လိုဆိုင်မျိုး ရှိမလဲဆိုတာ ဘယ်လို
လုပ် လေ့လာနိုင်မလဲ ... "

"ရုံးကို ထမင်းဗူး ထည့်လာတာလား ... "

"ဒီမှာ မတွေ့ဘူးလား ... စတီးချိုင့်လေးကိုင်ထားတာ
တော့ မမြင်ဘူး ... ထမင်းပဲ ကိုယ့်ဘာသာ စားရတာ ...
နေ့လည်စာကျတော့ မုန့်နဲ့ကော်ဖီတို့ ... လက်ဖက်ရည်တို့
တိုက်တယ် ... ရေအတွက်လည်း မပူရဘူး ... ကိုယ်လုပ်ရ
တဲ့အလုပ်ခန်းကျယ်ကြီးတိုင်းရဲ့ ထောင့်မှာ ဖရစ်ချ်ထားပေး
ပြီး အဲဒီ့ထဲမှာ ရေသန့်ဗူးတွေမှ အပြည့် ... ကြိုက်သလောက်
ယူသောက်ရုံပဲ ... ဒါကြောင့် ... ကျွန်မ မုန့်ထွက်စားစရာ
မလိုတာမို့ မုန့်ဆိုင်အကြောင်း မသိဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျာ ... ဟုတ်ကဲ့ ... ကျွန်တော် မသိလို့ပါ ... ကဲ ... ဒါဆိုလည်း ကိုယ်ခေါ်တဲ့နေရာ လိုက်မလား ..."

သူ့စကား အလေးကြီးသွားခြင်းအား သူမက အ အန ကောက်လျက် မမြင်ရတာ ကြာပြီဖြစ်သော သူ မြတ်နိုးရသ မျက်စောင်းကလေးဖြင့် တုံ့ပြန်လေသည်။

"ဆောရီး ... ဆောရီး ... ကိုယ်မေးတာက ကိုယ်ခေါ်သွား ချင်တဲ့နေရာကလေးကို ရွှေစင်ဖြာ လိုက်မလားလို့ မေး ပါ ... ကိုယ်တို့ တစ်နေရာရာ သွားကြရအောင်ကွာ ... စကားတွေ အများကြီး ပြောကြရအောင် ... ကိုယ်တို့ ခွဲ ရတာ တစ်လခွဲတောင် ရှိသွားပြီကွ ... မင်း မှတ်မိရဲ့လ ကိုယ်တော့ နေလို့ထိုင်လို့မရအောင် လွမ်းနေခဲ့တာ ... စိမ့်သွားတာပဲ ... တော်ပြီ ... နောက်ဆို ကိုယ့်ချစ်သူ လွမ်းနေရတဲ့အဖြစ်နဲ့တော့ ဘယ်တော့မှ ရင်မဆိုင်ရဲ ဘူး ..."

"ကဲပါ ... တော်ပါတော့ ... အဲဒါတွေ ထားစမ်းပါဦး ... ရှင်က ဘယ်နေရာ သွားချင်တာလဲ ..."

"ဆိုင်ကလေးတစ်ဆိုင်ပဲကွ ... နာမည်လေးက ချစ်ဖို့ ကော တယ် ... F-e-e-L ဖီးလ်(Feel)တဲ့ကွ ... ရွှေစင်ဖြာ သိ

"တီဗွီထဲမှာ ကြော်ငြာတာ တွေ့ဖူးတယ် ... Snacks & D ဆိုင်တစ်ဆိုင် မဟုတ်လား ..."





"ဘာစားစရာရောင်းတဲ့ဆိုင်ပဲဖြစ်ဖြစ် အရေးမကြီးဘူး ... အရေးကြီးတာက နာမည် ... ကိုယ်က ဆိုင်နာမည်တွေလည်း Crazy ဖြစ်တယ် ... သိလား ... ကိုယ့်ခံစားချက်နဲ့ တိုက်ဆိုင်တဲ့နာမည်မျိုးရှိတဲ့ဆိုင်မှ ထိုင်တတ်တာ ... နောက်ဆို ရွှေစင်ဖြာ ကိုယ့်ရဲ့ရူးသွပ်မှုတွေ ဒီ့ထက်မက သိလာပါလိမ့်မယ် ... အခုတော့ ကိုယ်က feel ဆိုတဲ့နာမည်ကလေးကို ချစ်လို့ ... အဲဒီဆိုင်ကို ရွှေစင်ဖြာနဲ့သွားဖို့ ရွေးချယ်တာ"

ထိုသို့ သွားဖို့ပြင်ဆင်သောအခါ သွားဖို့အတွက် ည်းငယ် ပြဿနာရှိနေပြန်၏။ သူကတော့ ဂရုမစိုက်စွာ သူမ၏ က်ထီးကိုပိတ်၍ သူမထံ ကမ်းပေးပြီး သူ့ဆိုင်ကယ်ဟန်ဒယ်လ် ာ ချိတ်ထားသည့် ဟဲလ်မက်ကို ဆောင်းနေချိန်မှာ သူမက ဝေ နေခဲ့၏။

နေစမ်းပါဦး။ အဲ့ဒီဆိုင်ကိုသွားဖို့ဆိုရင် သူ့ဆိုင်ကယ်နဲ့ ာ လိုက်ရတော့မှာပေါ့။ လိုက်သင့်သလား။ မလိုက်သင့်ဘူးလား။ ရော သူမ အလွယ်တကူ လိုက်လျောလက်ခံပြီး သူ့ဆိုင်ကယ် က်မှာ လိုက်မှာကို အထင်အမြင်သေးသွားမလား။

သို့သော် သူကတော့ သူမ၏ တွေဝေမှုကို ဂရုပြုမိ သူ့ဆိုင်ကယ် ဟန်ဒယ်လ်မှာ အပိုပါသည့် နောက်ထပ် ဟဲလ် တစ်လုံးကို ဖြုတ်ယူ၊ ထို့နောက် သူမ၏ ခေါင်းထက်မှာ ပိုင် နိုင်နင်း စွပ်ချပေးလိုက်ပါသည်။ သူ အရင်ကထက် ပိုရဲတင်းလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မတွေ့ရတဲ့ရက်တွေအတွင်း သူ ဘာတွေများ ကြိုတင်ပြ
ဆင် အားမွေးထားမလဲမသိ။

အရင်ကလို သူမကို နာခံလိုခြင်းတွေလည်း မရှိ
သူမ၏ သဘောထားကို သတိတရ မေးတာတွေလည်း မရှိ။ လု
ချင်တာကိုသာ ဇွတ်ဖန်တီးနေတော့၏။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ နာကျင်သွားသည်
ယောကျ်ားတစ်ယောက်၏ သဘောထားများကို မလေ့လာတ
တာကြောင့် သူ ဘယ်လို သဘောထားနဲ့ ဒီလိုအမူအရာ
ပြောင်းလဲသွားသလဲဆိုတာကို ရွှေစင်ဖြာ မခန့်မှန်းတတ်ပါ။

"တက်လေ ... ရွှေစင်ဖြာ ... ပေး ... ထမင်းချိုင့်ကိုင်ထ
ရတာ ခက်နေလိမ့်မယ် ... ဒီ ဟန်ဒယ်လ်မှာပဲ ချိတ်ထ
လိုက်ရင် ... ရတယ်"

"နေပါစေတော့ ... တော်လှ ... ကျွန်မက ရှင့်ဆိုင်က
မစီးတော့ဘူး ... အဲဒီနေရာလည်း မသွားချင်တော့ဘူး
ဘာဖြစ်လို့လဲဆိုတော့ ... အဲဒီနေရာ ရှင့်ဆိုင်ကယ်စီး
ရောက်မှာ ... "

"ကိုယ့်ဆိုင်ကယ်ကို မစီးချင်ဘူး ... ဟုတ်လား"

သူမက ဟဲလ်မက်ကို ပြန်ချွတ်ရန် ပြင်ဆင်လ
သူက ဇွတ်တရွတ်ပင် သူမ၏ လက်များကို ချုပ်ကိုင်ထားလိုက်

"ဘာဖြစ်တာလဲကွာ ... ခုနကတော့ အကောင်း"





"အခုလည်း ကောင်းပါတယ် ... ဆိုင်ကယ်နောက်မှာ လိုက်
မစီးချင်တာပါဆိုနေမှ ... ဟဲလ်မက်ချွတ်မလို့ ... လက်
လွှတ်ပေး"

"ကိုယ် တောင်းပန်တယ်ကွာ ... အနူးအညွတ် တောင်းပန်
တယ် ... ကိုယ်သိပ်ချစ်ရတဲ့ ရွှေစင်ဖြာတစ်ယောက်တည်း
ကိုသာ ကိုယ့်ဆိုင်ကယ်ပေါ်မှာ တင်ဖူးတာကွာ ... တခြား
ဘယ်မိန်းမကိုမှ မတင်ခဲ့ဖူးဘူး ... ကိုယ် ခုနက ရွှေစင်ဖြာ
ကိုယ့်ကို ငေးကြည့်တဲ့မျက်လုံးတွေထဲက အဖြေကို သိပ်
မျှော်လင့်ခဲ့တယ် ... သိပ်လည်း ယုံကြည့်ခဲ့တယ် ... ကိုယ်
ဘဝမှာ ဒီနေ့အပျော်ဆုံး ဖြစ်ရမယ်။ ကိုယ်မြတ်နိုးရတဲ့
မိန်းကလေးကို ကိုယ့်ဆိုင်ကယ်ရဲ့နောက်မှာ တင်ခွင့်ရပြီး
အတူတူ လျှောက်သွားခွင့် ရလိမ့်မယ်လို့ ကိုယ် သိပ်တောင့်
တနေခဲ့မိတာ ... ခုနလေးကပဲ မင်းဆီက စူးစိုက်ကြည့်တဲ့
အကြည့်ကလေးကို ရခဲ့တဲ့ ခုနလေးကပဲ ... ပြောစမ်းပါကွာ
စိတ်ထဲက ဆန္ဒအမှန်တွေကို ဘာလို့ ညာနေရတာလဲ ...
ရွှေစင်ဖြာ ... ဘာအကာအရံတွေ ဘာတံတိုင်းတွေနဲ့ မင်း
စိတ်ကို ပိတ်လှောင်နေရတာလဲ ... ဟင် ... မင်း ကိုယ့်ကို
ချစ်ရက်သားနဲ့ ... ဘာလို့ ကိုယ့်ကိုယ်ကိုယ် ညှင်းဆဲနေ
တာလဲ ... မင်းရော ... ကိုယ်ရော ကွဲနေရတဲ့ တစ်လွှ
အတွင်း ဘယ်လောက်ထိ ခံစားရသလဲဆိုတာ ပြောပြစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုအောင် မင်းလည်းသိနေမှာပါ ... မင်း ... ဘာလို့ ကိုယ့်အပေါ် ဒီလောက်ဆိုးနေရသလဲ ... မာနတွေ ထားနေသလဲကွာ ... ဒါပေမယ့် ... ဟေ့ ... ကိုယ် တစ်ခု အမြဲတမ်း ပေးထားမယ် ... မင်းက ကိုယ့်အပေါ် ဘယ်လောက်ဆိုးဆိုး ... ဘယ်လောက်မာနထားထား ... ပြီးတော့ ဘယ်လောက် အနိုင်နဲ့ပိုင်းပိုင်း ... ကိုယ် မင်းကို ဘယ်တော့မှ မမုန်းဘူး ... အမြဲတမ်း ချစ်နေမယ် ...

ချစ်သူကလေးသည် သူ့စကားရှည်ကြီးကြောင့် မျက်ရည်ကလေးများ ဝေ့ဝဲသွား၏။ သူ့ဆံပင်ထိုးထားသော သူမ၏ လက်ဖျားနှစ်ဖက်ကတော့ အေးစက်နေတာတော့ အမှန်။

မင်း သိပ်ချစ်ဖို့ကောင်းနေပြီ ရွှေစင်ဖြူရယ် မင်း ဘယ်လောက်ငြင်းငြင်း ကိုယ် ဒီနေ့တော့ မင်းကို ကိုယ့်ဆိုင်ကယ်နောက် မပါပါအောင် ခေါ်ဖို့ ဆုံးဖြတ်ပြီးပြီ။ မနောကြီးတဲ့ကောင်မလေးကို ယောက်ရဲ့ ဆိုင်ကယ်အပေါ် တစ်ယူသန် အလိုမကျမှုကို ဖျက်ဆီး ပစ်ချင်သေးရဲ့။

"ဟိတ် ... ကိုယ်တို့ကို လူတွေ ကြည့်သွားတာကို ဒီအတိုင်း ရပ်ပြီးခံမလား ... ဒါမှမဟုတ် ကိုယ့်ဆိုင်ကယ်နဲ့ feel ... သွားမလား ... တစ်ခုခု ဆုံးဖြတ် ... ကိုယ်ကတော့ ကိုယ့် ဆိုင်ကယ်ပေါ်မှာ ဒီနေ့ ရွှေစင်ဖြူမပါရင် ဒီပုံစံအတိုင်း တစ် နေကုန် ရပ်နေဖို့ ဝန်မလေးဘူးနော် ... "





သူက ခြောက်လှန့်လျှင် ခေါင်းကလေး ဆတ်ခနဲ ... ပြီး ဟဲလ်မက်အောက်မှ မျက်တောင်များဖြင့် တုံ့ပြန်သူမှာ ... ဘော်လူဝင်း၏ ချစ်သူကလေးပဲတည်း။

"feel ကိုပဲ ... ရှင့်ဆိုင်ကယ်နဲ့လိုက်မယ် ... အိမ် အပြန်ကို တော့ ကျွန်မဘာသာ တက္ကစီ ငှားပြန်မှာနော် ... "

"ဟာ ... ဖြစ်တယ် ... ဒီလောက်ဆိုရင် ကိုယ်တို့ရဲ့ ညှိနှိုင်း ပွဲ အဆင်ပြေတယ် ... ကဲ ... သွားရအောင်"

သူ့ကျောပြင်နှင့် ခပ်ခွာခွာကလေး ထိကပ်သော ... ကိုယ်နွေးနွေးကလေး၏ အဖြစ်သည်းမှုကို ရယ်ချင်၏။ သို့သော် ... တိတ်လေး ပြုံးရပါသည်။ အသံထွက် မရယ်ရ။

နေဦး။ ကိုယ့်ပခုံးကလေးတစ်ဖက်ကို မင်း မကိုင်ဘဲ ... ကယ်စီးလို့ မရဘူးဆိုတာ မင်းသိသွားမှာမို့ ကိုယ်က ကိုယ့်ပခုံး ... ကိုင်ဖို့ မပြောတော့ဘူး။

ဆိုင်ကယ်စက်နှိုးပြီး သိပ်မကြာပါ။ စက္ကန့်ဝက်အ ... ာ သူမ၏ ခန္ဓာကိုယ်ကလေးက သူ့ကျောပြင်၌ ကြောက်လန့် ... ြား ထိကပ်လာပြီး သူမ၏ လက်ဖဝါးကလေးတစ်ဖက်က ... သူ့ပခုံးကို တင်းတင်းကြပ်ကြပ် အားကိုးတကြီး ဆုပ်ကိုင်လာ ... တော့သည်။

"ဖြည်းဖြည်းမောင်းလေ ... "

ဟု အမိန့်ပေးသေး၏။ ဒါ ကိုယ့်ရဲ့ မိုင်နှုန်းတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အနိမ့်ဆုံးပဲ။ မင်းကလေးပါနေလို့၊ ဒီနေ့ကလေးဟာ တော်လှုဝင်
အတွက် အပျော်တွေပြန်ရသည့်နေ့၊ ချစ်သူကလေးအား သယ်
ဆောင်ခွင့်ရသော သူ့ဆိုင်ကယ်ကြီးရယ်၊ ချစ်သူကလေးထံမှ အချ
ကိုရသောနေ့ရယ်၊ ဘယ်လောက် ပျော်စရာ ကောင်းလဲ။

***





တစ်ခါတရံ မျှော်လင့်မထားသော အဖြစ်အပျက်
များ ဖြစ်သွားတတ်ကြောင်း ရွှေစင်ဖြာ လက်ခံချင်သွားပြီ။

အဘယ်ကြောင့်ဆိုသော် ရွှေစင်ဖြာနဲ့ တော်လှုဝင်း
ဆိုသော လူသားနှစ်ယောက် ဘယ်တော့မှ ချစ်သူတွေ ဖြစ်မလာ
ဘူးဟု ထင်ထားသမျှ ဒီနေ့ရဲ့ အဖြစ်အပျက်တွေကပဲ ပြောင်းလဲ
သွားကိုး။

***



www.burmeseclassic.com

www.burmeseclassic.com





ယခုအခါမှာတော့ ရွှေစင်ဖြာ၏ အလုပ်သွား၊ အလုပ် ပြန်ချိန်တို့တွင် 'ကက' နံပါတ်တက္ကစီကို အထူးတလည် လိုက်ပွား ၍ ပွားစီးစရာ မလိုတော့ပါ။ သူမ၏ ချစ်သူပိုင်ဆိုင်သော ဟွန်ဒါ ရီဘဲလ် ဆိုင်ကယ်ကြီးက ယခုအခါ သူမနဲ့ ယှဉ်ပါးနေပြီ ဖြစ်၏။ တဖန် သူမအား အကြိုအပို့ ဖယ်ရီလုပ်သော တာဝန်ကိုလည်း ထမ်း ဆောင်နေပြီဖြစ်၏။

မနက် ရုံးသွားချိန်တွင်တော့ တော်လူသည် သူမ၏ လမ်းထိပ်တွင်ရှိသော 'စတိုးဆိုင်သေးသေးလေးထဲမှာ စီးကရက် တစ်လိပ်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ချွင်းဂန်းဖြစ်ဖြစ်၊ ဘော်လ်ပန်တစ် ချောင်းဖြစ်ဖြစ်။ Key Chain ကလေးဖြစ်ဖြစ်၊ Note Book ပိစိတွေ ချစ်စဖွယ်အရုပ်တွေပါသည့် စာအုပ်သေးသေးကလေးတွေ ဝယ်ရင်း ဖြစ်ဖြစ် သူမကို စောင့်ဆိုင်းနေတတ်ပြီ။





ထိုအခါ သူ့ရဲ့ ဟွန်ဒါရီဘဲလ်ကြီးကတော့ ထိုစတိုး ဆိုင်ဘေးမှာ အခန့်သား ရပ်ထားတတ်သေးသည်။ စတိုးဆိုင်မှာ မောင်နှမကလေးတွေ အပျော်စုရောင်းသောဆိုင်ဖြစ်၍ လမ်းထဲက ထွက်လာတတ်သည့် ရွှေစင်ဖြာကို စောင့်နေတတ်တဲ့ တော်လူ့ကို မှတ်မိနေခဲ့ပြီ။

တဖန် လူငယ်များပီပီ ရွှေစင်ဖြာနဲ့ တော်လူ့ရဲ့ ဇာတ် လမ်းလေးတစ်ပုဒ်ကိုလည်း စိတ်ဝင်တစား စပ်စုနေတတ်ကြပြီ ဖြစ် သည်။

"ကိုယ့်မှာ ... Key chain တွေ ဝယ်လိုက် ... ဘော်လ်ပန် တွေဝယ်လိုက် ... Note Book ကလေးတွေ ဝယ်လိုက် ... ရွှေစင်ဖြာကို လက်ဆောင်ပေးလိုက်နဲ့ ကလေးဆန်နေပြီ ကွာ ... ကိုယ်က လက်ဆောင်ပေးရင်လည်း လှလှကလေး တွေ ပေးချင်တာ ... အခုတော့ ရွှေစင်ဖြာ့ကို စောင့်စရာ ကလည်း ဒီတစ်ဆိုင်ပဲရှိတော့ အကြောင်းရှာဝယ်ပြီး ကိုယ့် ချစ်သူကိုပဲ မဖြစ်စလောက် လက်ဆောင်လေးတွေ နေ့တိုင်း ပေးနေရသလို ဖြစ်နေပြီ ... "

ဟု သူ့ဘာသာ သူ့အဖြေကို တစ်ခါတရံ ပြုံးစိစိ ပြော တတ်သူမှာ သူမ၏ချစ်သူကောင်းလေးပဲ ဖြစ်ပါသည်။

"ကြံကြံဖန်ဖန် ... လက်ဆောင်ပေးတာပဲ မဖြစ်စလောက် လက်ဆောင်လို့ ပြောရသလား ... ရှင့်စိတ်ကြိုက် ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ရှင့်မျက်စိထဲ သဘောကျလို့ ဝယ်လိုက်တဲ့အရာဝတ္ထုကလေးတွေကို ကျွန်မကို အမှတ်တရ လက်ဆောင်ပေးတာဟာလည်း ... ရှင့်ရဲ့ လှလှပပ လက်ဆောင်ပဲပေါ့ရှင် လက်ဆောင်ဆိုတာ တန်ဖိုးကြီးမှ မဟုတ်ပါဘူး ... ပေးတဲ့သူကိုယ်တိုင် စိတ်ကူးတွေ့ပြီး ဝယ်လိုက်တဲ့ပစ္စည်းတစ်ခုဟာ တန်ဖိုးဖြတ်လို့ မရပါဘူး ... လက်ခံတဲ့လူကလည်း မြတ်မြတ်နိုးနိုး ရှိမယ်ဆိုရင် ဒီလောက်ဆောင်တွေဟာ အင်မတန် အဖိုးတန်သွားပြီပေါ့ ... ”

ထိုအခါ သူက သူမ၏စကားများကို နှစ်ခြိုက်နေတတ်လျက် သူ့အမူအကျင့်အတိုင်း သူ့လက်ဖဝါးတစ်ဖက်ဖြင့် သူမ၏ ငယ်ထိပ်ကို အုပ်ကိုင်ဖိနှိပ်ခြင်းကို ပြုမူတတ်ပါသည်။

အင်း ဘယ်လိုပြောရမလဲ၊ ကိုယ်ချစ်တဲ့သူက ဒီလိုမျိုး ခေါင်းကလေးကို အုပ်ကိုင်တတ်တဲ့ အမူအကျင့်ကို ရွှေစင်ဖြာက စွဲလမ်းပြန်သတဲ့။ ကိုယ့်ချစ်သူရဲ့ အမူအရာကိုး။

“ဒါဆိုရင် ... ကိုယ်ဝယ်ပေးထားတဲ့ ငါးဆယ်ခြောက်ဆယ်တန် ပစ္စည်းပိစိကလေးတွေက နောင်နှစ်ပေါင်းများစွာကြာရင် တန်ဖိုးတော်တော်ရှိသွားမှာကွ ... ဘာဖြစ်လို့လဲဆိုရင် ဝင်ဆာမြို့စားကတော်ကြီးကို သူ့ကိုသိပ်ချစ်တဲ့ မြို့စားကြီးက လက်ဆောင်အဖြစ် ပေးခဲ့တဲ့ ရတနာပစ္စည်းကလေးတွေကို အဲဒီမိန်းမလည်း သေသွားရော ... ကုမ္ပဏီကြီးတွေ





က ကမ္ဘာကျော် လေလံပွဲကြီး ကျင်းပပြီး ရောင်းစားပစ်လိုက်တာ ... တော်တော်ထောသွားတယ်ဆိုပဲ ... ရွှေစင်ဖြာရော အဲဒီလို မတွေးကြည့်မိဘူးလား ... ”

ဟုလည်း မဟုတ်တမ်းတရားတွေ တွေး၍ ပြောချင်ရာ ပြောတတ်ပြန်၏။ ထိုအခါ ရွှေစင်ဖြာသည် ...

“သိပ်သိချင်ရင် ... နောက်နှစ်များစွာကို ရှင်ပဲ စောင့်ကြည့်”

ဆိုကာ စိတ်ကောက်ရတာကိုလည်း ခုံမင်တတ်သူသည်။

မိမိချစ်ရသောသူအား စိတ်ကောက်ခွဲ ချစ်သူက ချော့တာကို ခံစားခွင့်ရတဲ့ဘဝလောက် ဘယ်အရာနဲ့မှ မလဲနိုင်ခဲ့ပါတည်း။

တစ်နေ့တုန်းကတော့ တော်လှူသည့် ထိုစတိုးဆိုင်ကလေးထဲမှ ရွှေစင်ဖြာလမ်းထဲမှ ထွက်အလာအား ရပ်ငေးကြည့်တတ်သည့်အခါတိုင်း ပြုမူနေကျ ထုံစံအတိုင်းပင် ရပ်ငေးခဲ့၏။ ပြီးတော့ သူ့အနား ရောက်ရောက်ချင်း ...

“စိတ်မချနိုင်တော့ဘူး ... ဒီပုံအတိုင်း နေ့တိုင်းဝတ်စားပြီး ကုမ္ပဏီမှာ စက္ကူတေရီမကလေး သွားလုပ်နေတာကို ကိုယ်စိတ်မချနိုင်တော့ဘူး ... ကိုယ့်မျက်စိထဲမှာ ရွှေစင်ဖြာက သိပ်လှပြီး သိပ်ချစ်ဖို့ကောင်းနေတာအမှန်ပဲ ... ရွှေစင်ဖြာကို ကုမ္ပဏီအဖွဲ့ဝင် ဒါရိုက်တာတွေထဲက ဘယ်ဘဲကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



က ငမ်းနေမလဲ ... ဘယ်ကောင်က ကြိတ်ပိုးပိုးမလဲ ...
ပြောင်ပိုးမလဲနဲ့ ကိုယ် တစ်နေ့တစ်နေ့ တွေးပူရတာလည်း
တစ်ဒုက္ခကွာ ... ရွှေစင်ဖြူ ... ဒီအလုပ်ကို ဆက်မလုပ်ရင်
ကောင်းမယ် ... "

ဤသို့ စိတ်ပျက်လက်ပျက် ညည်းတွားခဲ့ပါသော
သည်။ ထိုအခါ သူ့စကားအတွက် ရွှေစင်ဖြူ ဒေါသထွက်လျက်

"ဒါဖြင့် ... ကျုပ်က ဘယ်လိုအလုပ်မျိုး လုပ်ရမလဲ ... ပြော
ပါဦး ... ငွေကြေးအကုန်အကျခံပြီး တတ်ထားသမျှသင်တန်း
တွေကို တမင် အပျော်တက်နေတာ မဟုတ်ဘူးရှင့် ... ဒီ
အဆင့်အတန်းမြင့်မြင့် ရာထူးမျိုးနဲ့ ကုမ္ပဏီမှာ အလုပ်
ချင်လို့ ... သိလား ... ကျွန်မရထားတဲ့ ရိုးရိုးဘွဲ့ကလေး
သာမန် ရုံးစာရေးမလည်း မလုပ်ချင်ဘူး ... ကျောင်းဆရာ
အလုပ်လည်း ဝါသနာ မပါဘူး ... ကုန်သည်လည်း မလု
တတ်ဘူး ... ဒါကြောင့် ဦးနှောက်အပင်ပန်းခံပြီး ငွေ
အကုန်ခံပြီး သင်တန်းတွေ လျှောက်တက်ရ ... ကုမ္ပ
အလုပ်တွေ အပြေးလျှောက်ရနဲ့ ဒီလို ဣန္ဒြေရရ ရာထူး
ခုရောက်အောင် ဘယ်လောက် ကြိုးစားခဲ့ရသလဲ ...
ပိုက်ဆံရှိတဲ့ ဘဲတစ်ကောင်ကိုဖမ်းဖို့ ဒီအလုပ် လုပ်နေ
မဟုတ်ဘူး ... "

ထိုအခါ တော်လူသည် သူ့စကား လွန်သွား





ချင်းသဘောပေါက်ပြီး သူမအား တောင်းပန်ပါသည်။ ဒါပေမယ့်
ပြောသော စကားတစ်ခွန်းကိုတော့ ရွှေစင်ဖြူ တော်တော်
ဝင်မကျချင်။

"ဆောရီးကွာ ... ကိုယ်က ရွှေစင်ဖြူ့သိက္ခာကို စော်ကား
တာ မဟုတ်ပါဘူး ... ကိုယ့်ချစ်သူကလေးကို ကိုယ်ယုံပါ
တယ် ... ဆောရီး ... ဆောရီး ... ဒါပေမယ့် ကိုယ်တစ်ခု
တော့ မေးချင်တယ် ... ရွှေစင်ဖြူက မိဘလည်း ငွေကြေး
ပြည့်စုံရက် ... မိဘကလည်း အလုပ်မလုပ်ခိုင်းရက် ... ဘာ
ဖြစ်လို့ ဒီလောက် အလုပ်လုပ်ချင်နေရတာလဲ ... ကိုယ်
စဉ်းစားမရဘူး ... ကိုယ် အစက ထင်ထားတာက ရွှေစင်ဖြူ
ဒီသင်တန်းတွေကို လိုက်တတ်နေတာဟာ ... ခေတ်ပေါ်
အလုပ်တစ်ခုကို လိုက်လုပ်နေတာပဲ ထင်တာ ... ဒီလောက်
ရည်ရွယ်ချက်ကြီးလိမ့်မယ် မထင်ပါဘူး ... ပြောပါဦး ...
ဘာဖြစ်လို့ အပင်ပန်းခံပြီး အလုပ်လုပ်ချင်ရတာလဲ ... "

ရွှေစင်ဖြူသည် သူမေးလိုက်သည့် စကားတစ်ခွန်း
သူကို အနည်းငယ် အံ့ဩသွားခဲ့ပါသည်။ အလုပ်တစ်ခု လုပ်ချင်း
သည့် ဝါဟာရကို သူ ဘာလို့ နားမလည်သလဲဆိုတာကို တွေး
လူတစ်ယောက်ရဲ့ဘဝမှာ ဘာတွေ လိုအပ်သလဲဆိုတာကို သူ
လို့ မသိသလဲဆိုတာအား စဉ်းစားမရချေ။

ခက်ပဲ ခက်ရချည့်သေးတော့ ... သူ့ကို အခွင့်ပ



www.burmeseclassic.com

www.burmeseclassic.com



ထုန်း နားဝင်အောင် ရှင်းပြချင်သည်။ သို့သော် အရင်ကတည်းက
ဒီကိစ္စကို နားမလည်နိုင်ခဲ့၍ ချစ်သူမဖြစ်ခင် ခွဲခဲ့ရဖူးသော သာ
ကလည်း ရှိနေပြန်သည်။ အခုလည်း သူ့ကို ထပ်ပြီး ရှင်းပြပြန်လျှ
ဘာတွေ ထပ်ဖြစ်ကြဦးမည်မသိ။

ဒါပေမယ့် ရွှေစင်ဖြာက အမှတ်မရှိစွာ ထပ်မံ ပြော
သိမ်းသွင်းချင်သေးသည်။

"တော်လူက ... ကျွန်မ အလုပ်လုပ်တာကို အံ့သြနေတာ
ဟုတ်လား ... ဒီအလုပ်ကရတဲ့ငွေကြေးဟာ ကျွန်မဖေဖေ
က ကျွန်မတို့ညီအစ်မတွေကို တစ်လမုန့်ဖိုးဆိုပြီး သတ်မှ
ပို့ပေးတတ်တဲ့ ငွေလောက်တောင်မရှိပါဘူး ... ဒါပေမ
ကျွန်မ အလုပ်လုပ်တာဟာ ဒီငွေကြေးကို မက်လို့မှ မဟု
တာ ... ရွှေစင်ဖြာဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝကို ဝ
တင်တာလေ ... ဘွဲ့ပညာတတ် ... နိုင်ငံခြားဘာသာ
မျိုးနဲ့ ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်
ကုမ္ပဏီတစ်ခုရဲ့ အတွင်းရေးမှူးဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ကျွန်မ
ကို ကျွန်မ မြှင့်တင်တာ ... လူတစ်ယောက်ရဲ့ဘဝမှာ ယူ
တတ်ရုံ ... ငွေကြေးကလည်း အသင့်ထိုင်စားရုံနဲ့ အဓိပ္ပ
မရှိဘူးရှင့် ... အလုပ်လုပ်တဲ့လူတစ်ယောက် ... အ
အကိုင် ရှိတဲ့လူတစ်ယောက်ဆိုတာပါ ဖြည့်စွက်မှ ပိုအဓိပ္ပ
ရှိတာလို့ ကျွန်မ ထင်တယ် တော်လူ ..."





"အခု လောလောဆယ် တော်လူရော ... ကျွန်မရော ဒီလို
အဆင့်အတန်းနဲ့ ဇိမ်ကျကျ နေနိုင်တာဟာ ... ကိုယ်ပိုင်ဆိုင်
ထားတဲ့ ငွေကြေးဥစ္စာကြောင့်မှ မဟုတ်တာ ... မိဘပိုင်ဆိုင်
ထားတာတွေလေ ... မိဘ အမွေရှိသားပဲလို့တော့ စောဒက
တက်ချင် တက်လို့ရမယ် ... ဒါပေမယ့် အမွေဆိုတာ စား
ဆိုက်မှ စားရတာပါ ... အမွေရခဲ့သည်တိုင်အောင် ဘာ
အလုပ်မှ မလုပ်ဘဲ တစ်သက်လုံး ထိုင်စားနိုင်သည်ထား
တော့ ... ကိုယ့်မှာ ဘာဂုဏ်ပုဒ်တစ်ခုကိုမှ ပိုင်ဆိုင်မထား
ရင် ကိုယ်နဲ့ တန်းတူအချင်းချင်းတွေနဲ့ ယှဉ်ရင် သိမ်ငယ်လိမ့်
မယ်လို့ ကျွန်မ ယူဆတယ် ... အလုပ်မလုပ်တဲ့လူလို့
အပြောခံရမှာကို ကျွန်မက စိတ်ဓာတ်ဖြောရမလား ... အင်မ
တန် ရှက်တတ်တာရှင့် ..."

ပြီးတော့ ... မိန်းမတစ်ယောက်ရဲ့ဘဝမှာ ဘာအလုပ်လုပ်
ရလိုလဲ ... ကိုယ့်ယောကျ်ားက ရှာကျွေးမှာပေါ့ဆိုတဲ့
အဲဒီအယူအဆ ခပ်တုံးတုံး ပိုင်ဆိုင်တဲ့ မိန်းမတွေထဲမှာ
ကျွန်မမပါဘူး ... ကျွန်မက ကိုယ်ပိုင်အလင်းရောင် ... ကိုယ်
ပိုင်စွမ်းအားကိုပဲ ပိုပြီးမက်မောတယ် ... သူများကို မမှီခို
ချင်ဘူး ... အင်း ... တော်လူသိထားဖို့က ကျွန်မက အမြ
ဲမ်း အကျိုးရှိမယ့် အလုပ်တစ်ခုခုကို လုပ်နေကျမို့လို့လား
သိဘူး ... အလုပ်မရှိရင် နေလို့မရဘူးရှင့် ... အင ပ်ာ



www.burmeseclassic.com

www.burmeseclassic.com



"ရတာကို ပျော်တယ် ... အလုပ်ရှိတဲ့လူတစ်ယောက်အ
ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတယ်ရှင် ..."

တော်လူဝင်းသည် အရွယ်ကလေးနှင့် မလိုက် အတွေးအခေါ် ကြီးကြီးမားမားတွေ' တွေးတတ်သော ချစ် လေးကို ချစ်မြတ်နိုးသည်မှန်သော်လည်း ဒီလို ဆရာလု ကိုတော့ မခံချင်။

သူမ၏ အတွေးအခေါ်များကို တစ်ယူသန်သ ဝေဖန်ချင်သည်။ သူနှင့် သူ့ချစ်သူ ကောင်မလေးတို့ဟာ အ အခေါ်တွေ ဘာလို့ ဒီလောက်ခြားနားနေကြသလဲ။ သူ ငယ်ရွယ်ချိန်မှာ ကိုယ်ရူးသွပ် ခုံမင်ရတာကို စိတ်ကြိုက်လု မေမေနိုင်းသမျှ နည်းနည်းပါးပါးကို တစ်ခါတရံ ဝင်ကူညီ ဖေဖေ့ရုံးကားဒရိုင်ဘာ မလာသည့်နေ့တွေမှာ ဖေဖေ့ရုံးကို မောင်းပို့ပေးမည်။

အားရင် သူငယ်ချင်းတွေနဲ့ ကားပွဲစားတန်း ထိုင်ပြီး ဘယ်ကား ဘယ်ဈေး၊ ဘာမော်ဒယ်လဲ၊ ဘယ်နှစ် တာ၊ ဘာနံပါတ်ဆိုတာတွေ အရေမရ အဖတ်မရ ဝင်ပြော ဝါသနာပါရင် ဟိုနားဒီနား ခဏမောင်းကြည့်မည်။ ဒါပေမဲ့ မောင်းရတာကို ဆိုင်ကယ်မောင်းရတာလောက် အရသာ သူက ယူဆလျှင် ကားကြီး ဘယ်လောက်ကောင်းနေနေ လိုချင်တပ်မက်မှုဆိုတာ မဖြစ်တတ်။





သို့သော် ဆိုင်ကယ်ပွဲစားတန်းရောက်လို့ကတော့ ဘယ်ဆိုင်ကယ်ကများ သူ့ရဲ့ ဟွန်ဒါရီဘဲလ်ကြီးထက် ကောင်း ဆိုတဲ့ ချက်လုံးများဖြင့် ရှာဖွေရင်း၊ တခြားဆိုင်ကယ်တွေကို ရောင်းအဝယ် ဝင်လုပ်ပေးရင်း၊ ဆိုင်ကယ်ပွဲစားတန်းမှာ ရှိသမျှ ကယ် အသစ်အဆန်းတွေကို မိတ်ဆွေတွေဆီက ခဏယူစီး ရင်း၊ သူ ပျော်မွေ့နေတတ်တာများ၏။

ဒါပဲ။ လောကကြီးမှာ ဘာလိုလို့လဲ။ ကိုယ်ချစ်ရတဲ့ သူ့ကိုလည်း ပိုင်ဆိုင်ပြီးပြီ။ စိတ်ကြိုက် ဆိုင်ကယ်ကြီးတစ်စီး လည်း ရပြီးပြီ။ နောက်ထပ် ဘာများ သူ့ဘဝမှာ တပ်မက်စရာ လိုသေး။

မေမေ့ကိုတောင် တစ်နေ့က တိတ်တိတ် ကျိတ် ပြောနေတာ ရွှေစင်ဖြာကလေးတောင် မသိ။

"မေမေ ... ကျွန်တော့်မှာ ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ရှိနေပြီဗျ ... ကိုကြီးက ဒီတစ်ခေါက်ပြန်လာရင် မေမေ့အတွက် ချွေးမရအောင် ဖန်တီးတော့မယ်ဆို ... ကိုကြီးပြီးရင် မေမေ့ရဲ့ ဒုတိယသား ... အငယ်ဆုံးသား ... ကျွန်တော်က မေမေ့အတွက် နောက်ထပ် ချွေးမတစ်ယောက်ရအောင် ဖန်တီးခွင့်ရှိမလား ခင်ဗျာ ..."

မေမေက သူ့ကို မယုံသလို သေသေချာချာ ကြည့် တက္ကသိုလ်တက်တာတောင် ရည်းစားမရှိခဲ့တဲ့သူ့ကို။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ဗွီဒီယိုကားတစ်ချို့မှာ မင်းသားနေရာ အစားဝင်
ဆိုင်ကယ်စတန့်စီးသည့်အလုပ်ကို ခံမင်ပြီး ရုပ်ရှင်အနုပညာ
မင်းသမီး အချောအလှတွေနဲ့တောင် အကျွမ်းတဝင်ရှိရက်
တစ်ယောက်နဲ့မှ ရည်းစားမဖြစ်တဲ့သူ့ကို အိမ်မကပ်ဘဲ အ
တစ်နေကို အချိန်ဖြုန်းတတ်ကာ ကြာပြီဖြစ်ရက် ဒီလို ရည်းစ
ကိစ္စ အစအနတောင် သူ့ထံမှ ကြားရလေ့မရှိခြင်းတို့ကြောင့်
မယုံ။

"ဟယ် ... ခွေးကောင်ကလေး ... သားကြီးက နေ
ပြန်လာရင် သူ့ကောင်မလေးနဲ့ လက်ထပ်တော့မယ်
ဆက်ပြောတဲ့နေ့က မေမေ တိတ်တိတ် မျက်ရည်ကျ
နောက်ချင်တာနဲ့ ... မေမေ့ကို တမင် နောက်ထ
ရည်ကျအောင် စ,နေတယ် ...သွားစမ်း ... မင်းရ
ရည်းစားထားမဲ့ရုပ် ... မေမေ အယုံအကြည်မရှိဘူး
ကိုယ်တို့က အဲ့ဒီလောက် တော်လှုကောင်ကလေး
လောက်နဲ့ မျက်ရည် မကျပေါင်တော် ... "

မေမေက သူ့ကို 'တော်လှုကောင်ကလေး'
စနိုး ခေါ်တတ်ပါသည်။ ထိုသို့ ခေါ်ဝေါ်လျက် သူ့ဗိုက်ခေ
လည်း လိမ်ဆွဲသေး၏။ ကျွတ် ... မေမေဟာ တကယ်ပြော
မယုံပြန်ဘူး။

"တကယ်ပြောတာ မေမေရ ... တစ်နေ့ ကျွန်ေ





ကာယ်နောက်မှာ တင်ပြီးခေါ်ချလာမှ မေမေအခန်းထဲ ခိုး
ဝင်ပြီး မျက်ရည်မကျနဲ့ဗျ ... "

"ဟုတ်ပဲ ဟုတ်ပါစေဦးဟယ် ... "

မေမေ့ကြောင့် သူက မခံချိမခံသာဖြစ်ပြီး ရွှေစင်ဖြာ
ကို သူ့အိမ် အလည်ခေါ်ဖို့တောင် စဉ်းစားပြီးပြီ။ အဲဒါကို သူမကလေး
ရ မသိဘဲ သူ့ကို အချိန်တိုင်း အခါအခွင့်သင့်တိုင်း အလုပ်တစ်ခု
လုပ်ရခြင်းရဲ့ ဂုဏ်သရေရှိမှုတွေ အမြဲ တရားဟောတတ်ပါသည်။

ထိုအခါမျိုးတွေ ကြုံရရင် သူမကို သူ့မေမေနဲ့ ပေး
တွေ့ပေးချင်စိတ်တွေ ကုန်ခန်းလျက် အတွေးအခေါ်ခြင်း ဆန့်ကျင်
ဘက်ဖြစ်နေရသော ချစ်သူနှစ်ဦးဘဝကို စိတ်ပျက်ချင်သူမှာ တော်လှု
ကောင်းပဲ ဖြစ်၏။

အလုပ်ဘူးကွာ ဘာဖြစ်သလဲ။ မင်းက ကိုယ့်ကို
အလုပ်လုပ်စေချင်တဲ့ အတွက်နဲ့ ခိုင်းစေတာကို ကိုယ် မနာခံဘူး။
ဒီ 'အလုပ်' ဆိုတဲ့အရာကြီးနဲ့ ချည်နှောင်ခံရမဲ့ မလွှတ်လပ်တဲ့ဘဝ
ကို ကိုယ့်မုန်းတီးတယ်။

ကိုယ့်ရဲ့အလုပ်က ကိုယ့်ရဲ့ဆိုင်ကယ်ကြီးကို မြူတစ်
မှုန်မှ မတင်အောင် သ,နေဖို့ပဲ ဖြစ်သည်။

***



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင်ဖြာရေ ... ဒီနေ့ အန်ကယ်လ့်စာရင်းတွေ မပြီး
ဖြစ်နေတယ် ... ရွှေစင်ဖြာပဲ ဆက်လုပ်ပေးဖို့ အိမ်သယ်သူ
တော့ ... ပြော် ... နေဦး ... အဲဒီစာရင်းပြီးရင် ထည့်
ဖိုင်လ်က အန်ကယ့်အိမ်မှာကွာ ... ရုံးဆင်းရင် အိမ်ကို
ခါတည်း လိုက်ယူနိုင်မလား ... ပြီးရင် ... အန်ကယ်
အိမ်က ကားနဲ့ပဲ ရွှေစင်ဖြာ့ကို လိုက်ပို့ပေးပါ့မယ် ... ဘယ်
လဲ ... အဆင်ပြေမလား ... အကယ်၍ အန်ကယ်လ့်
လိုက်မယူနိုင်ဘူးဆိုလည်း ရတယ်နော် ... ရွှေစင်ဖြာ
ကို လူလွှတ်ပြီး ပို့ခိုင်းလိုက်မယ် ... စာရင်းတွေ အကုန်
မနက်ဖြန် အန်ကယ်လ်တို့ဒါရိုက်တာအဖွဲ့ဝင်တွေ အ
အဝေးမှာ ကိုယ်စီကိုယ်ငှ တင်ပြရမှာမို့ ရွှေစင်ဖြာကိုပဲ
နာနာနဲ့ ခိုင်းနေရတာ ... အားတော့နာပါရဲ့ ..."





ရုံးဆင်းချိန်ကလေးမှာမှ ဒီကိစ္စက ဖြန်းစားကြီး ဝင်
လာတာဖြစ်၏။ ဖေဖေ့မိတ်ဆွေရင်းလည်းဖြစ်၊ ကိုယ့်ကို ငယ်ကထဲ
က ချီပိုးလာခဲ့ဖူးသူလည်းဖြစ်သည့် ဆွေမျိုးရင်းခြာပမာ နေခဲ့ဖူးသူ
မှာ အတွင်းရေးမှူးအလုပ်ရတာလောက် စားသာတာလည်း မရှိ။

ကိုယ့်အတွက်လည်း ရှုံးတိုးရှုံ့တန့် မဖြစ်ရ။ လူမှု
ရေးကိစ္စ ဘာမှ စိတ်မချမရလည်း မရှိ။ တကယ်ပင် တူမရင်းချာ
ပမာ ဆက်ဆံတတ်သူဖြစ်သော အန်ကယ်လ် ဦးထွန်းမြတ်၏
တောင်းဆိုမှုကို သူမက မငြင်းချင်။ သူ့အိမ်ကို မလိုက်နိုင်ပါဘူးဟု
ငြင်းခဲ့လျှင် ရှိုင်းရာကျမည်။ သူမ,လို ကုမ္ပဏီဝန်ထမ်း၏အိမ်
ကို သူမနဲ့သက်ဆိုင်သောအလုပ်ကို အိမ်တိုင်ရာရောက် လာပို့ဟု
ငြင်းလျှင် ရိုင်းရာကျမည်။ သူ့အိမ်ကို လိုက်မယူနိုင်လောက်အောင်
ဖြစ်သည်းသည်ဟု ထင်သွားလျှင် ဒုက္ခ။ ကိုယ့်ကို တူမတစ်
ယောက်၊ သမီးတစ်ယောက်လို ဆက်ဆံသူကို မယုံမကြည် ဆက်ဆံ
ရင် သူ့သိက္ခာကို စော်ကားရာလည်း ရောက်မည်။

ရွှေစင်ဖြာက အဲဒီအချက်ကို တွေးမိပြီး ...

"ဟာ ... ရပါတယ် အန်ကယ်လ် ... ကျွန်မပဲ အန်ကယ့်လ်
အိမ် လိုက်ယူပါ့မယ် ... အပန်းမကြီးပါဘူး ... အန်ကယ့်လ်
ကလည်း ပြန်ပို့ပေးဖို့ တာဝန်ယူထားတော့ နောက်ကျ
လည်း ကိစ္စမရှိပါဘူး ... ကျွန်မ ... အိမ်ကို ဖုန်းဆက်ထား
လိုက်ပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ကွာ ... ရွှေစင်ဖြာက ကိုမြတ်မင်းသမီး ပီ

တယ် ... သမီးအဖေကလည်း အဲဒီလိုပဲကွ အလုပ်

အကြွေးမထားချင်ဘူး ... အန်ကယ်လ်နဲ့ ကျောင်းတုန်း

ဆို သူက အမြဲ ကျောင်းစာတွေ ပြီးနေကျ ... အန်ကယ်

က အခုလို ထုံးစံအတိုင်း အလုပ်တွေ အကြွေးတင်သ

မျိုးပေါ့ ... ကိုမြတ်မင်းမရှိတော့ သူ့သမီးက ငါ့ကူညီ

တယ်လို့တောင် အိမ်မှာ သမီးအန်ကီခင်ခင်ကိုတောင် ပြေ

ပြောနေရတယ် ... သမီးအန်တီတောင် အစားအသော

တွေ ပျက်ပြီး လူက ဖျားချင်ချင်မို့ မနက်က အိပ်ရာ

ခွေနေလေရဲ့ ... အိမ်က သမီးတွေလည်း စာမေးပွဲနီး

သံပြိုင်ဟစ်နေတာနဲ့ ခင်ခင်နေမကောင်းတာနဲ့ ဟုတ်

ဖြစ်နေပြီ"

ရွှေစင်ဖြာက အိမ်ကို ဖုန်းလှမ်းဆက်၍ နောက်

မည့်အကြောင်း မှာပြီးပေမယ့် တစ်စုံတစ်ယောက်အတွက် စိ

က မဖြောင့်ချင်။ တော်လူက လာစောင့်နေမြဲအတိုင်း စောင့်

ရင် ဘယ်လိုလုပ်မလဲ။ 'ခဏလေးအန်ကယ်လ်' ဟု ဣန္ဒြေမရ

တောင်းပြီး သူ့ကို ပြေးပြောရမှာကိုလည်း တွေးမိရုံဖြင့်ပင် ရှက်

မှန်ချပ်များမှတစ်ဆင့် ထွင်းဖောက်မြင်ရသေ

ကုမ္ပဏီအဆောက်အဦးရှေ့ လမ်းမ၊ ဘေးဘီဝဲယာကိုလည်း ဖေ

မသာ အကဲခတ်ပြီးပြီ။ သူက ခုထိ အရိပ်အယောင်ကိုလည်း မ





ရသေး။ တော်လူ ဒီနေ့ နည်းနည်းနောက်ကျမည်ထင်သည်။ ထား

တော့ သူက နောက်ကျတာ အရေးမကြီး။

သူ လာကြိုနေရက် ကုမ္ပဏီဒါရိုက်တာကြီး၏ မာစီး

ဒီးကားပေါ် တက်လိုက်သွားမည့် ရွှေစင်ဖြာကို သူ ဘယ်လို ရွှပ်စွဲ

မလဲ။ ဖေဖေ့သူငယ်ချင်းပါလို့ အတန်တန် ပြောထားခဲ့ရက်တောင်

အလုပ်သဘောအရ တစ်ခါတရံ အန်ကယ်လ်နဲ့ အတူတူ သွားတာ

မျိုးတွေကို သူက ရန်လုပ်ချင်သေး၏။

"မနေ့က ... ရွှေစင်ဖြာ့ ဘော့စ်ငနဲကြီးရဲ့ မာစီးဒီးကားနဲ့

ဆုံလိုက်သေးတယ် ... လမ်းဘေးမှာ ရပ်ထားတာကွ ...

ဘဲကြီးက ဘယ်သွားလဲ မသိဘူး ... ဒရိုင်ဘာက ကက်ဆက်

နဲ့ ငြိမ့်နေတာကွာ ... ကိုယ် စိတ်ပုပ်မွှေးပြီး ကားဘေးတစ်

လျှောက်ကို ကိုယ့်ရဲ့ Key Chain မှာပါတဲ့ သံမဏိသွားက

လေးနဲ့ ခြစ်ပစ်ခဲ့တယ် ... ဒရိုင်ဘာ မသိဘူးဆရာ ... ဘဲကြီး

တော့ သွေးပေါင်ချိန် နှစ်ရာကျော်လောက် တက်သွားပြီ

ထင်တယ် ... ခြစ်စရာ အစင်းကြောင်းကြီးက မထင်မှတ်ဘဲ

တော်တော့်ကို ကြီးသွားတာကွ"

ဟု တစ်ခါကလည်း ရွှေစင်ဖြာ စိတ်ညစ်သွားရစေ

သော ကလေးဆန်ဆဲဖြစ်သည့် အပြုအမူကို လုပ်ခဲ့အပြီး ပြန်ပြော

ပြ၍ သူ့ဘာသာ ကျေနပ်နေတာကို သတိရမိ၏။

အခုလည်း သူနဲ့ရွှေစင်ဖြာ ဘယ်လောက်ထိ စကား



www.burmeseclassic.com

www.burmeseclassic.com



များကြည်းမည်မသိ။ ရှင် ဒီနေ့ ခပ်စောစော ရောက်နေနှင့်ပါလား တော်လူရယ်။ အဲဒါဆို ကြိုတင်ပြီး ဆင်းပြောထားလို့ ရတာပေါ့။ အခုတော့ ကံကြမ္မာက ရွှေစင်ဖြူကို မျက်နှာသာမပေးခဲ့။

ရုံးဆင်းချိန်ကလေးမှာ သူ့ဆိုင်ကယ်ကလည်း ကုမ္ပဏီရဲ့ ဟိုဘက်ခြမ်းနားကလေးမှာ ထိုးရပ်ပြီးဖြစ်နေတာကို မှန်ပြတင်းတွေမှတစ်ဆင့် စိတ်ပျက်စဖွယ် တွေ့လိုက်ရပါတော့သည်။

ရွှေစင်ဖြူသည် သက်ပြင်းကိုသာ ခိုးချရပါသည်။ ကဲ အထင်လွဲချင်ရာလွဲတော့။ စိတ်ဆိုးချင်လည်း ဆိုးတော့။ အပြစ် တင်ချင်လည်း တင်တော့ဟု ဆုံးဖြတ်လျက် အန်ကယ်လ်ဦးထွန်းမြတ် နောက်မှ ဆင်းလိုက်လာခဲ့သည်။

မှန်တံခါးမှ အပြင်ထွက်လိုက်ချိန်တွင် စီးကရက်ကို ပစ်ချပြီး သူ့ဖိနပ်ဦးဖြင့် ဖိနင်းနေသော တော်လူ့ကို တစ်ချက်လှမ်း ကြည့်မိပါသေးသည်။

မတတ်နိုင်တော့ဘူး။ လူကြီးသူမတစ်ယောက်ရှေ့မှာ ဣန္ဒြေပျက်လောက်အောင် သူ့ကို လက်ဟန်ခြေဟန်ဖြင့် ပြမနေတော့ပါဘူး။ အန်ကယ်လ် ခဏဆိုပြီးလည်း ခွင့်တောင်းပြီး သူ့ကို သွားပြောပြမနေတော့ပါဘူး။

မာစီးဒီးကား၏ နောက်ခန်းသို့ ဝင်ထိုင်လိုက်သော သူမကို တော်လူက အကြောင်းသား ရပ်ကြည့်နေခြင်းအား ကား မှန်နက်တွေမှတစ်ဆင့် ထွင်းဖောက်မြင်ရပါသည်။ သူတို့ကားက





သူ့ကို ဖြတ်ကျော်သွားသောအခါ သူက ခါးထောက်ရပ်ကြည့်နေခဲ့၏။

လမ်းကွေ့တစ်ခုအရောက်မှာ သူမသည် နောက်ကို လှည့်ကြည့်မိသည့်အခါ ထပ်ကြပ်မကွာ ပါလာသည့် သူ့ကို မြင်လိုက်ရလျှင် တုန်လှုပ်ခြောက်ခြားသွားရတော့၏။

ဘုရား ... ဘုရား။ သူ ဒီလို နောက်ကလိုက်ရုံကလွဲရင် ဘာမှ မရမ်းကားလိုက်ပါစေနဲ့ဟု ကျိတ်၍ ဆုတောင်းမိသည်။

အန်ကယ်လ် ဦးထွန်းမြတ်၏ ခြံဝန်းထဲဝင်တော့ သူ့ဆိုင်ကယ်ကြီးက တဝေါဝေါ အသံမြည်အောင် တရကြမ်း မောင်းနှင်လျက် ဂငယ်ကွေ့ ပြန်ကွေ့ချကာ လမ်းမဘက် ပြန်ဦးတည်သွားတာ မြင်လျှင် ရွှေစင်ဖြူက ဒီတစ်ခါတော့ တော်လူ့ကို ကျေးဇူးတင်လိုက်ပါသည်။

အန်ကယ်လ် ဦးထွန်းမြတ်အိမ်ကို ဖိုင်လ်တွေ လိုက်ယူမိတာကြောင့် ရွှေစင်ဖြူသည် တော်လူ့အတွက် ပြိုင်ဘက်တစ်ယောက် ရှာပေးခဲ့မိကြောင်း နောက်များမှ သိခွင့်ရခဲ့လေသည်။ ထိုသူနဲ့ တွေ့ဆုံပုံမှာ ...

***



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လ်ဦးထွန်းမြတ်က 'ခဲဟာထိုင်' ဆို၍ ညွှန်းက ဆိုဖာတစ်ခုမှာ ဝင်ထိုင်နေလိုက်သည်။ ဒီအိမ်က သူမနဲ့ အစိမ်းသက်သက်ကြီးတော့ မဟုတ်။ ငယ်ငယ်ထဲကလည်း ဒီအိမ်က ဝင်ထွက်စားသောက်ဖူး၏။ ဖေဖေပြန်လာသည့်အခါတိုင်းတွေမှာ မိသားစုတစ်တွေ အပြန်အလှန် ထမင်းဖိတ်ကျွေးကြရင်လည်း ရောက်ဖြစ်၏။

"ကိုယ်တို့နှစ်ယောက်စလုံးက သမီးတွေချည်း ရှိနေတော့ ဆွေမျိုးတော်လို့ မရဘူးဖြစ်နေတယ် ကိုထွန်းမြတ် ..."

ဟု ဆိုရလောက်အောင် အန်ကယ်လ်၌ သမီးလေးယောက်ရှိပြီး အသက်တွေကလည်း သူမတို့ ညီအစ်မတစ်တွေနဲ့ မတိမ်းမယိမ်းတွေပင်။





အဖေချင်း အတော်အတန် ရင်းနှီးကြသော်လည်း ...းတွေချင်းက ကျောင်းချင်းမတူ။ ကိုယ့်ကိစ္စကိုယ်စီနဲ့ မဆုံဖြစ်...ာများ၍ မိတ်ဆွေရင်းချာတွေ မဟုတ်ကြပေ။ သို့သော် ရင်း...နီးနီးတော့ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းကြပါသည်။

"ဟော ... ရွှေစင်ဖြာရောက်နေပါလား ... အဖေ့အလုပ်တွေ ပုံနေပြန်ပြီထင်တယ် ... အိမ်လိုက်ယူနေရပြန်ပြီ"

"မနက်ဖြန် အန်ကယ်လ်တို့ လူကြီးတွေ အစည်းအဝေး ရှိတယ်လေ ခင်မေထွန်းရဲ့ ... ဒီနေ့အပြီး လုပ်ရမတဲ့ ... ဒီနေ့တစ်နေ့လုံး အန်ကယ်လ်လည်း တကုပ်ကုပ် ... တို့လည်း တကုပ်ကုပ်ပဲ ... ဒါနဲ့ အန်တီ နေမကောင်းလို့ဆို"

အကြီးဆုံးသမီးဖြစ်သည့် ခင်မေထွန်းက သူမနဲ့ ရွယ်အသက်နှစ်ဆယ့်လေးနှစ်နီးပါး ရှိနေပေမဲ့ ဆေးကျောင်းတက်...မို့ ကျောင်းမပြီးသေး။ အခုမှ ကျောင်းက ပြန်လာတာ ထင်...။ သူမလက်ထဲမှာ ထမင်းဗူးတွေ၊ စာအုပ်တွေ၊ သားရေကျော...တ်ကလည်း လွယ်လို့ ပင်ပန်းနွမ်းနယ်နေသည့် မျက်နှာက...နဲ့ သူမကို ညွှန်ခံမည့်သူမရှိ၍ ထိုင်ညွှန့်ခံနေရတာ သနားစရာ။ ...ဖြာက စာနာစွာ ကြည့်မိ၏။

"နည်းနည်းလေး ဖျားတာပါ ... အခုတော့ ကောင်းသွားလေရဲ့ ... သူသိပ်ချစ်တဲ့ သူ့တူက သတင်းလာမေးလိုက်လို့လေ ... မေမေက အဲဒီလိုပဲ ... ကိုကိုဖြင့် မလာတာကြာ...



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုပြီး နှစ်ရက်လောက်ပြော ... အစားအသောက်
ကောင်းဘူးဆိုပြီး နည်းနည်းဖျား ... ကိုကို ... သူကြီးပြ
အကြောင်းသိဆိုတော့ တစ်ပတ်တစ်ခါတော့ အမြဲ
တတ်ပါတယ် ... ကိုကိုလည်း အလုပ်က အမြဲဘယ်အား
မလဲ ... ဘစ်ပတ်တစ်ခါ လာနေကျကလေး ပျက်ကွက်
မေမေက အဲဒီလို ဂဂျီဂကြောင်ဖြစ်ရော ... ကိုကိုက မေ
မမွေးခင် လူ့လောကထဲ ငါးနှစ်စောရောက်ပြီး မေမေ့လ
ပေါ်မှာ ကြီးရတာကိုး ... သားအရင်းလိုပဲ ... မေမေ
ချစ်နေတယ်”

ကိုကိုဆိုတာ သူမက ဒီအိမ်နဲ့ အဆက်အသွယ်
ဖြစ်၍ ကြားဖူးသလိုလို။ ဘယ်လိုရုပ်ပုံလဲတော့ ဖမ်းလို့မရ။ ဒါ
ရင်းရင်းနှီးနှီး သိနေတာ အမည်နာမပဲ။

အခုနောက်ပိုင်း နှစ်တော်တော်ကြာကြာမှာ
မဆုံတာကြာပြီမို့ လူတွေ့ရင်တောင် မှတ်မိတော့မည်မထင်
သော် ထိုကိုကိုကတော့ သူမ ဒီအိမ်ကို စဝင်လာကတည်း
မှတ်မိလျက် သူမအား စောင့်ကြည့်နေခဲ့ကြောင်း မကြာမီပင်
လိုက်ရပါသည်။

အန်ကယ်လ် ဦးထွန်းမြတ်နှင့်အတူတူ အိမ်
အတွင်းဘက်မှ ပြန်ထွက်လာသော အန်တီခင်ခင်က ထား
အန်တီခင်ခင့်နံဘေးက ပြုံးမြမြမျက်နှာဖြင့် သူမအား ဖော်





နီးစွာ ငေးကြည့်နေခဲ့သော လူတစ်ယောက်ဟာ သူမကို အနေခက်
စေတော့တာပဲ။

“ဒီမှာ ... သမီး ... ဗိုင်လ်တွေ အစုံပါတယ် ... နည်းနည်း
ဖတ်ကြည့်ဦး ... မသိတာရှိရင် မေးထားလို့ရတယ် ... ဒါမှ
မဟုတ် အခုမဖတ်ချင်သေးလည်း အိမ်ရောက်လို့ အလုပ်စ
လုပ်နေရင်း မသိတဲ့နေရာရောက်မှ ဖုန်းကောက်ဆက်ပြီး
မေးလိုက်ဟုတ်လား ... ဒီမှာ သမီးအဒေါ်က တွေ့ချင်လို့
ဆိုပြီး ထွက်လိုက်လာလေရဲ့ ... စကားပြောလိုက်ပါဦး ...
သြော် ... အအေးလည်း သောက်လိုက်ဦးလေ ... မေထွန်း
က ညွှသည်ကို ထိုင်စကားပြောပြီး အအေးခွက်တော့ ဒီ
အတိုင်း ချထားတယ်”

ထိုသူ၏ မျက်လုံးများကို မကြိုက်။ လိုအပ်တာ
က် ရင်းနှီးဖော်ရွေလွန်းနေသလား။ ဟိုး ... အရင်ထဲကပဲ သိနေ
သလိုလို ပုံစံဖြင့်။ အင်း ဒီလိုအကြည့်ခံရတာကို တော်လူသိရင်
ဆိုးပြန်ဦးမည်။ တော်လူက သဝန်တိုရာမှာလည်း သူ့လောက်
ဝန်တိုတတ်တာမရှိ။ သူမကို စေ့စေ့ကြည့်သွားသည့် အမျိုးသား
လေးတွေကိုဆို ရန်လိုလို့မဆုံး။ ဆဲရေးလို့ မဆုံး။

“အန်တီခင်ခင် ... အိမ်တောင် လာမလည်တော့ဘူး ...
မေမေက အဖော်မျှော်နေတာ ... အခုရော နေကောင်း
သွားပြီလား ... နည်းနည်းဖျားတယ်ဆို ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသွားပါပြီကွယ် ... သမီးမေမေဆီ နောက်ဆို လ
လည်ရတော့မှာပါ"

ထိုစကားကို သူမ သိပ်သဘောမပေါက်ချေ။ အန်
ခင်ခင့်နံဘေးက လူကတော့ ပို၍ပင် ပြုံးကျသွားသော နှုတ်ခ
များသည် ဘာသဘောပါလိမ့်။ သူ ဘယ်သူလဲ။ သူ့မျက်လုံးနှင့် နှ
ခမ်းများကတော့ သူမအား ရင်းနှီးစွာ နှုတ်ဆက်နေတာတော့ အ
ပင်။

"ရွှေစင် ... ကျွန်တော့်ကို မမှတ်မိဘူးလား"

နောက်ဆုံးတော့ ထိုသူ၏ အပြုံးများကို ပြန်လ
တုံ့ပြန်ခြင်းမရှိသည့် ရွှေစင်ဖြာအား ထိုသူကပင် စတင်နှုတ်ဆ
တော့သည့်အဖြစ်။

ဖဝေဖဝါဖြင့် ထိုသူ့ကို ပြန်ငေးသောအခါ အန်တီ
က အသံထွက်ရယ်၏။ ခင်မေထွန်းက မရှိတော့။ ခုနလေးက
ထသွားနှင့်ပြီ။ အန်ကယ်လ်က အိမ်ထဲ ပြန်ဝင်သွားပြီမို့ ညနေခ
ထိုသူနှင့် အန်တီခင်ခင်သာ ကျန်ရစ်လေသည်။ တကယ်ဆို အ
ကိစ္စတွေလည်း သိပြီးပြီ။ ညနေခံသော အအေးကိုလည်း သော
ပြီဖြစ်၍ ပြန်လိုက်ပို့ပေးမည့် ကားပေါ်တက်ဖို့ ပြန်ရုံပင်။ သို့
မထင်မှတ်ပဲ စကားထွက်ပြောသော အန်တီခင်ခင်ကြောင့် 
ဆက်ထိုင်နေရတာဖြစ်၏။

မှန်တာပြောရရင် ပြန်ချင်လှပြီ။ ဒီနေ့ တစ်နေ





ည်း ပင်ပန်းထားခဲ့၍ ပြီးတော့ တော်လှကလည်း အထင်လွဲ
တ်ကောက်သွား၍ စိတ်တွေက နောက်ကျိချင်ချင်။

"ကိုကိုလေ သမီးရဲ့ ... သမီး ငယ်ငယ်တုန်းက သမီးရဲ့
ကြက်တောင်စည်းကို လိုက်ဆွဲပြီး စ,တတ်တဲ့ ကိုကိုလေ
ငယ်ငယ်တုန်းက ကိုကို့စက်ဘီးနောက် လိုက်အစီးကောင်း
လို့ ဘီးနဲ့ ခြေထောက်ညှပ်သွားဖူးသေးတာ အန်တီ မှတ်မိ
တယ် ... ဒီအိမ်လာလည်တုန်း မောင်နှမတစ်တွေ စက်ဘီး
အစီးကောင်းကြတာလေ ..."

ခုနက ခင်မေထွန်း စကားတွေထဲမှာ ကြားခွင့်ရ
သော အမည်နာမတစ်ခု။ ကြည့်စမ်း။ ထိုသူ့ကို သူမ ဒီအိမ်
တိုင်း မဆုံဖြစ်တာကြာပြီ။ ငယ်ငယ်က ဖေဖေလည်း နိုင်ငံခြား
ဘော်မတက်ခင်ကဆို ဒီအိမ် ခဏခဏ ရောက်ပြီး ခင်မေထွန်း
အစ်ကိုဝမ်းကွဲနဲ့ ဆော့ကစားဖူးတာ ခပ်ရေးရေး မှတ်မိပြီ။

သူမ ဆယ်နှစ်သမီးအရွယ်က ထိုကိုကို အဆွယ်
င်းလို့ စက်ဘီးကယ်ရီယာနောက် တစ်ခါလိုက်စီးဘူးပါတယ်။
က်ထောက် မတော်တဆ ညှပ်သွားခဲ့၍ အခုထိ အမာရွတ်
း ရှိတုန်း။

သူနဲ့ဆုံဖူးတာ ထိုဆယ်နှစ်သမီးအရွယ်ထိပင် ဖြစ်
နောက်ပိုင်း ဖေဖေ သင်္ဘောတက်ရတော့ ဒီအိမ်သိပ်မရောက်
ဖေဖေက သုံးနှစ်တစ်ခေါက် ပြန်ရောက်မှသာ ဒီအိမ်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထွက်ပြန်လျှင် သူနဲ့ မဆုံ။ သူ ဘယ်သွားသလဲဆိုတာလည်း မစပ်စုမိ။ မစပ်စုမိဘူးဆိုရတာကလည်း အဲဒီလောက် ရင်းရင်းနှီးနှီး ခင်ခဲ့ကြတာမှ မဟုတ်တာ။ ငယ်ငယ်က ဒီအိမ်ရောက်တိုင်း မ… ဖြစ်ပဲ ရှိတတ်၏။ အလွန်ဆုံးတွေ့ဖူးလှ ဆယ်ခါထက်တောင် ပိုမည် မထင်။

တစ်ခုတော့ မှတ်မိသည်။ ငယ်ငယ်ကဆို သူ… သူမတို့ထက် ငါးနှစ်ကြီးသူပီပီ ဆရာလုပ်တတ်တာ၊ သူမ၏ ကြ… တောင်စည်းကလေးနှစ်ဘက် နားရွက်နောက်မှာ ချည်ထားတ… လျှင် လိုက်ဆွဲ၍ ခတတ်တာ။ ပြီးတော့ သူ့စက်ဘီးနောက်… တစ်ခါပဲ လိုက်စီးဖူးပြီး ခြေထောက်ညှပ်သွားတာတွေပဲ မှတ်… သည်။

"ရွှေစင်ဖြာ … တကယ်မေ့တတ်တာပဲ … တော်ဓော် … စားယူနေရတယ် ထင်ပါရဲ့ … အကြာကြီး ငြိမ်ပြီး … မှောင်တွေတောင် ကြုတ်လို့ … "

သူက ရင်းရင်းနှီးနှီး နောက်ပြောင်လေသည်။

"နည်းနည်း မှတ်မိပါတယ် … နောက်ပိုင်း ကိုကို့ကိုမှ … မတွေ့ရတော့တာ … တွေ့လိုက်တော့ ဘယ်သူပါလိမ့်… အရမ်းစဉ်းစားနေမိတာပါ … "

"ဘယ်ထပ်တွေ့ရတော့မလဲ သမီးရဲ့ … ကိုကိုက ဆယ်… လည်းအောင်ရော သူ့အဖေအလုပ်နဲ့ နိုင်ငံခြားမှာ ခ…





နေရမယ်ဆိုတော့ လိုက်သွားလေရဲ့ … အဲဒီမှာပဲ စီးပွားရေး ပညာနဲ့ ပတ်သက်တဲ့ဘွဲ့ဆိုလား ယူလာတယ် … မိသားစုက သုံးယောက်ထဲဆိုတော့ သံယောဇဉ် ကင်းတယ်လေ … တစ်ခါတည်း ထွက်သွားလိုက်ကြတာ … အန်တီမှာသဲ့ သားကိုကို့ကို ချစ်တဲ့စိတ်နဲ့ တလွမ်းလွမ်း တဆွေးဆွေး ဖြစ်ကျန်ခဲ့ရတာ … အဲဒီအချိန်ပဲ … ဖေဖေ့တို့ဖေဖေလည်း စပြီး သဘော်တက်ခွင့်ရသွားတော့ ဒီအိမ် အရောက်နည်း ပြီး အဆက်အသွယ်တွေ နည်းကုန်ကြတာလေ … ကိုကိုတို့ အကုန်လုံး ပြန်ရောက်တာက အခုမှ တစ်နှစ်ကျော်လေး ရှိသေးတယ် … သမီးက အခုမှ အနော်ကယ်လို့ဆိမှာ ဟိုက် တိုက်ဆိုင်ဆိုင် အလုပ်ရပြီး ဒီအိမ်ကို ပြန်ဝင်ထွက်ပေမဲ့ တစ်လနေမှ တစ်ခေါက်သာရောက်တာဆိုတော့ ကိုကိုနဲ့ လည်း မဆုံ … အန်တီတို့ကလည်း ကိုယ့်အလုပ်နဲ့ကိုယ် ဆိုတော့ သေသေချာချာ စကားပြောမိကြဘူး ဖြစ်နေတာ"

ခြောက်နာရီခွဲသံ သံ့သံ့ကလေးအား တိုင်ကပ်နာရီ …တစ်ဆင့် ကြားရ၏။ ထိုအသံနဲ့အတူတူ ဒီခြံဝန်းကျယ်ကြီးရှေ့က …ကလေးပေါ် ဆိုင်ကယ်စက်သံ တဝေါဝေါကိုလည်း ကြားနေရ …သည်။ ခက်တာပဲကွယ်၊ ရှင်ဟာ နေရာတကာ ရှင်လုပ်ချင်တာ …လုပ်နေတော့တာပဲနော် ဟု သူမခေါ်ချစ်သူ ပေါ်လွှဆိုသော …င်ကလေးရဲ့ ဆိုင်ကယ်စက်သံအား နားစွင့်ရင်း စိတ်ထဲ၌ …

www.burmeseclassic.com



ရှုတ်နေတာမို့ ကိုကို ဘာမေးလိုက်သလဲဆိုတာတောင် မကြား
နောက်တစ်ခါ ထပ်မေးရသည်အထိပဲ။

"ရွှေစင့် ခြေဖမိုးမှာ စက်ဘီးညှပ်ထားတဲ့ အမာရွတ်ေ
ရှိသေးလားလို့ မေးတာပါ"

"ဪ ... ရှိတာပေါ့ ... အမာရွတ်ဆိုတာ ပျောက်သွ
တတ်တဲ့အရာမှ မဟုတ်တာ ... ဒါပေမဲ့ အမာရွတ်က ေ
သေးလေးပါ ... ခြေဖမိုးမှာပေမယ့် ကျွန်မကိုယ်တိုင်
ကြိုးသိုင်းဖိနပ်တွေ အစီးများသလို ... အခုနောက်ပိုး
အန်ကယ်လ်တို့ကုမ္ပဏီမှာ သတ်မှတ်ထားသလို ဝ
တော့ လေဒီရှူးစီးရတာကြောင့် အမာရွတ်တောင် 
မမြင်ရပါဘူး ... ဟို ... ကိုကိုက ဘာဖြစ်လို့ မေးတာ

သူ့ကို ကိုကိုဟု ခေါ်လိုက်လျှင် ကျေနပ်စွာ ပြုံး
ခြင်းကြောင့် အံ့သြရပြန်၏။ နာမည်ကိုက အမေမွေးကတည်
တင်တင်စီးစီး 'ကိုကို' လို့ ပေးထားတာမို့ ကိုကိုဟုခေါ်ခြင်းအ
သူ့မှာ ဘာများ ထူးခြားသွားပါလိမ့်။

"သိချင်လို့ပါ ... ရွှေစင်က ငယ်ငယ်တုန်းက သမီး 
ကျွန်တော်တို့ကိုဆို နာမ်စားသုံး ပြောတတ်ပေမဲ့ အခု
ကျွန်မတဲ့လား ... တကယ့်ကို လူကြီးဖြစ်နေပြီပေါ့
ရွှေစင့်ညီမလေးတွေရော ... ကျောင်းဘယ်ပြီးဦးမ
ကျောင်းပြီးရင် အလုပ်လိုချင်ရင် မပူနဲ့လို့ ကြိုမှာထား





ကျွန်တော့်ရုံးခန်းမှာ အလုပ်ပေးမယ်လို့ ... "

"ကိုကိုက ... ဘာရုံးခန်း ဖွင့်ထားတာလဲ ... "

"ကျွန်တော့်သူငယ်ချင်းနှစ်ယောက်နဲ့ ရှယ်ယာထည့်ပြီး
စုလုပ်ကြတာလေ ... ရုပ်ပါမားကတ်တစ်ခု ဖွင့်ထားတယ်
သိပ်မကြာသေးဘူး ... ဟိုအပတ်ကမှ စဖွင့်တာ ... အဲဒီ
အတွက် ကျွန်တော်ကိုယ်တိုင်ပဲ စိတ်ကြိုက်နေရာတစ်နေ
ရာ ရွေးဝယ် ... မူလ အဟောင်း အဆောက်အဦကို ဖျက်
ပြီးမှ အင်ဂျင်နီယာနဲ့ညှိပြီး သုံးထပ်ရအောင် ဆောက်လိုက်
တာ ... အောက်ထပ် နှစ်ထပ်က ရုပ်ပါမားကပ်နဲ့ လျော်ညီ
တဲ့ ပစ္စည်းအစုံတင်တယ် ... အပေါ်ဆုံးထပ်မှာ ရုံးခန်းကိုယ်
စီ ဖွင့်ကြတယ် ... သူငယ်ချင်းသုံးယောက် တက်ညီလက်
ညီပဲဗျ ... သူတို့က သူတို့ကိုယ်ပိုင်ငွေထည့်တာ ... ကျွန်
တော်က မာမီ့ဆီက ချေးတယ် ... ရသလောက် ပြန်
ဖွဲ့ဆပ်မယ်လို့ စိတ်ကူးထားတယ်လေ ... ကိုယ်ပိုင်စီးပွား
ရေးလုပ်ငန်းပဲ ဖြစ်စေချင်လို့ပါ ... မီဘပိုက်ဆံနဲ့ အခန့်သား
မလုပ်ချင်ဘူး ... ရွှေစင်အားတဲ့နေ့ လာကြည့်လေ ... Lover's
Dream လို့ နာမည် ဆန်းဆန်း ပေးထားတဲ့ ရုပ်ပါမားကတ်
ကြီးပေါ့ ... "

သူက လိပ်စာကဒ်ကလေး ကမ်းပေး၏။ ဆိုင်
ခေါ်က ခပ်ဆန်းဆန်း။ 'ချစ်သူရဲ့အိပ်မက်' လို့ ယူဆရတဲ့နာမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တော်တော်စိတ်ကူးယဉ်တတ်တာပဲ။ ဒီနာမည် သူပဲပေး
လားဟု သိချင်လာ၏။

"Lover's Dream ကိုရော ကိုကိုပဲ နာမည်ပေးတာလာ
ဟင် ... နာမည်လေးက ဆန်းတယ်"

"ရွှေစင်က အာရုံရတယ် ထင်တယ် ... ဒက်ခနဲနေအော
မှန်နေပြီဗျ ... ဘယ်လိုလုပ်မလဲ"

"ကဲ ... သားကိုကို မင်းက စကားပြောကောင်းနေတ
တော့ ဟုတ်ပါရဲ့ ... ရွှေစင်ကလေး အိမ်ပြန် သိပ်နော
ကျနေပြီ ... ပြန်ပါစေဦး ... နောက်တော့လည်း ခဏခ
ဆုံကြတော့မယ့်ဟာ ... မင်းက သမီးရွှေစင် ပင်ပန်းတာ
ကိုယ်ချင်းမစာ ... အတင်း စကားတွေ များနေတာ
မကောင်းဘူးကွဲ့"

အန်တီခင်က နာရီကို မကြာခဏ ကြည့်နေသေ
ရွှေစင်ဖြာ၏ အရိပ်အကဲကို သဘောပေါက်ကာ စကားဖြတ်
တော့မှသာ ကိုကိုက 'ဟုတ်သားပဲ' ဟု ရေရွတ်တာ တွေ့ရ
သူကြည့်ရတာ ရွှင်မြူးတက်ကြွလွန်းနေသလား။

အင်း ... ဘယ်လိုပြောရမလဲ။ မိန်းမတစ်ယော
မှာ မသင်ပဲတတ်တဲ့ ပညာတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဗ
ကတော့ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ကို ရိုးရိုးကြည့်
လား၊ ဆန်းဆန်းကြည့်သလားဆိုတာ ခွဲခြားသိမြင်နိုင်တဲ့ အတ





ပညာပဲ။ ထို့ကြောင့်ပင် ရွှေစင်ဖြာသည် ကိုကိုက သူမအား ဘယ်လို
သဘောထားနှင့် ကြည့်သလဲဆိုတာအား ခွဲခြားနားလည်လျက်
စတွေ့စက အန်တီခင်ခင်ပြောသည့် အဓိပ္ပါယ်များစွာပါဝင်သော
စကားတို့ကို သိမြင်လာခဲ့ပေပြီ။ 'နောက်ဆို လာလည်ရတော့မှာ
ပါ' ဆိုတဲ့စကားရဲ့ နောက်ကွယ်မှာ ဘာတွေ ပါဝင်နေမလဲ။ ဟင့်
အင်း။ ကြိုမတွေးပါရစေနဲ့ရှင်။ မေမေက ရွှေစင်ဖြာ သဘောမတူဘူး
ဆိုရင် အတင်းအကြပ် စီစဉ်မဲ့မေမေ မဟုတ်။ ရွှေစင်ဖြာပဲ ဆုံးဖြတ်
ဖို့ တာဝန်ပေးဦးမည်။ အဲဒါထားတော့ တော်လှုသာသိရင် ဘာတွေ
ပေါက်ကွဲဦးမည်မသိ။

တော်လှုက ပေါက်ကွဲလွယ်၊ သွေးဆူလွယ်၊ ဒေါသ
ဖြစ်လွယ်သူ။ သူမကလည်း တော်လှုကို အလုပ်တစ်ခုခု လုပ်စေ
ချင်တာနဲ့ ကိုကိုနဲ့ နှိုင်းယှဉ်ပြီး တော်လှုကို တမင် ဒီအကြောင်း
ပြောပြချင်နေသူ။ သူနဲ့ပြိုင်ဘက် ရှိလာရင် တော်လှုတော့ စိတ်
ပြောင်းသွားနိုင်ကောင်းရဲ့ဟုလည်း စိတ်ကူးယဉ်ချင်ချင်။

ရွှေစင်ဖြာသည် ယခုထိပင် သူမချစ်သူ၏ မာနနဲ့
အတ္တများကို သူမ၏ မာနနဲ့ အတ္တတို့ဖြင့် အနိုင်ယူလျက် သူမ ဖြစ်
စေလိုသော အခြေအနေကို မရမက ကြိုးစားချင်ဆဲတည်း။

"ရွှေစင် ... အိမ်ထဲဝင်လာကတည်းက ကျွန်တော် ချက်ချင်း
မှတ်မိတယ် ... ငယ်ငယ်က ဆံပင်ပုံအတိုင်း ... နှုတ်ခမ်း
ရူရူ ... မျက်နှာပုပ်ပုပ် ပုံစံကလေးအတိုင်းပဲမို့ မှတ်မိတာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင် ဘာနဲ့ပြန်မှာလဲ ... ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"အန်ကယ်လ့်ကားနဲ့ ပြန်ပို့ပေးမယ်ဆိုလို့ ဒရိုင်ဘာဦးလေး တောင် မပြန်သေးဘဲ ရွှေစင့်ကို စောင့်နေပါတယ် ကိုကို ဒါကြောင့် ... အန်ကယ့်လ်ကားနဲ့ပဲ ပြန်ခွင့်ပြုပါ ... အန်တီ ခင်ခင် အိမ်လာလည်ရင် ကိုကိုလည်း လိုက်လာပြီးလည် ဖို့ ဖိတ်ခေါ်ပါတယ် ... "

"ကြီးကြီး မပါရင်ရော"

ခပ်တိုးတိုးကလေး လိုက်မေးသေး၏။ ရွှေစင်ဖြာက မသိမသာ သက်ပြင်းချလျက် 'ရပါတယ်' လို့ လေသံကလေးဖြင့် တုံ့ပြန်ခဲ့ပါသည်။ အပြန်လမ်းတလျှောက် ဟွန်ဒါရီဘဲလ် ဆိုင်ကယ် ကြီးက ထပ်ကြပ်မကွာ အိမ်ရောက်သည်အထိ ပါလာခဲ့၏။

တော်လူရေ ဒီအိမ်ကို လိုက်သွားခဲ့တဲ့အတွက် ရှင့် လုံးဝမမျှော်လင့်ထားခဲ့တဲ့ ရှင့်အတွက် ပြိုင်ဘက်ကို ကျွန်မ ဆုံ လိုက်ရတယ်ရှင်။

***







ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ

အပိုင်း(၃)

ရွှေစင်ဖြာ၏ တော်လူဝင်းနှင့် ကိုကို





www.burmeseclassic.com

www.burmeseclassic.com





တော်လူဝင်းသည် Coil ကလေးထည့်၍ ရွှေ့ရသော အရုပ်ညှပ်သည့် စက်သီးကလေး တရွေ့ရွေ့ သွားနေခြင်းကို စိတ်လှုပ်ရှား၏။ သူ ရည်မှန်းထားရာ အရုပ်ရှေ့ရောက်လျှင် အောက်သို့ တဖြည်းဖြည်းချစေ၊ အရုပ်ညှပ်မည့်သံဂွကလေးက ခပ်ကားကား နေသားတကျ အရုပ်ဆီရောက်စေ၊ ထို့နောက် အရုပ်ကို မိမိရရ ညှပ်စေသည်။

သို့သော် ထိုအရုပ်ကလေးက သူ့ကို ညှပ်ယူသည့် သံဂွကလေးနှစ်ခုအကြား ပါမလာခင် အရုပ်၏ နားရွက်ဖျားလေး သည် တဲတဲကလေး ပါလာကာ အပေါ်သို့ မ,တင်၍မှမဆုံးခင် လမ်း ခုလတ်မှာ ပြုတ်ကျသွားလျှင် 'ဟာ' ခနဲ အော်မိသည်အထိ သူ တော်တော် စိတ်ညစ်သွားပါသည်။

"တော်ပါတော့ ... တော်လူရယ် ... ရှင်ဝယ်ထားတဲ့ Coil အကြီးတွေလည်း ဘယ်နှစ်ခု ကုန်သွားပြီမှန်း မသိဘူး ...





အခုထိ ဒီမှန်ခန်းထဲက အရုပ်ကို တစ်ရုပ်မှ မရသေးတာ လည်း စိတ်မပျက်ဘူးလား ... တကယ့်တကယ်ဆို အပြင် မှာဝယ်ရင် ဒီအရုပ်ရဲ့ ရှိနိုင်မဲ့တန်ဖိုးထက်တောင် ရှင် ကုန် နေတဲ့ Coil တွေဝယ်ထားတဲ့ငွေက များနေပြီ ... ကျွန်မ အရုပ်ကလေးတွေ ချစ်တယ်လို့ ပြောမိတာနဲ့ ဒီလို အဓိပ္ပါယ် မရှိရအောင် လုပ်ပြနေတာတော့ မကောင်းဘူး ... သိပ်ဝယ် ပေးချင်ရင် စတိုးဆိုင်တစ်ခုခုမှာ လိုက်ရှာဝယ်ပေးရင်တောင် ကိစ္စပြတ်ပြီ ... အခုတော့ ... စိတ်ပင်ပန်းရ ... ငွေကုန်ရ လုံးဝကို အဓိပ္ပါယ်မရှိဘူးလို့ ကျွန်မ မြင်လာပြီ"

တော်လူဝင်းသည် နံဘေးက ဂျီတိုက်နေသော ချစ်သူကလေးအား ဂရုမစိုက်နိုင်ဘဲ သီချင်းကလေး တစ်ပိုင်းတစ်စ သော ဆိုညည်းနှစ်သိမ့်မိပါသည်။

"တစ်နေ့နေ့ပေါ့ မေရယ် ... ဘဝလေးတစ်ခု တည်ဆောက် မယ် ... တစ်နေ့နေ့ပေါ့ မေရယ် ... တစ်ချိန်ချိန် တို့အဆင် ပြေမယ် ... စိတ်ရှည်လက်ရှည်သာ စောင့်ကွယ် ... မညည်း နဲ့ ... တစ်နေ့နေ့ပေါ့ မေရယ်"

သူ့ရဲ့ ချစ်သူကလေးအတွက်တော့ ဘယ်လိုနေမည် သည်။ ဤသီချင်းက သူ့အတွက်တော့ အင်မတန်မှ အဓိပ္ပါယ်ရှိလှ သည်။ ရင်ဂို၏ 'တစ်နေ့နေ့တစ်ချိန်ချိန်' ဆိုသော သီချင်းတစ်ပုဒ် ၏ ခုနောက်ပိုင်း စွဲစွဲမြဲမြဲ သူ ဆိုညည်းသည်။ ဂစ်တာတီးတိုင်း ချစ်သူကလေး သူ့နံဘေးမှာ ရှိသည့်အခါတိုင်း သူ ဆိုညည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဖြစ်ချင်တာတွေ တစ်နေ့နေ့တော့ ကိုယ် လိုက်လျောမှာပါ။ မင်း ကိုယ့်ကို အလုပ်တစ်ခုခု လုပ်စေချင်နေတယ်ဆိုတာ ကိုယ် နားလည်တယ်။ ဒါပေမဲ့ ကိုယ် မလုပ်ဘူး။

မင်းကို မချစ်လို့ မင်းစကားကို နားမထောင်တာလို့တော့ မထင်နဲ့။ မင်းက ကိုယ့်ထက် အလုပ်ရှိမှဆိုတဲ့ဂုဏ်ပုဒ်ကို မြတ်နိုးလို့ ကိုယ် ဒီလိုဆုံးဖြတ်တာပဲ။ အလုပ်အကိုင်မရှိတဲ့ကောင်တစ်ကောင်ကို မင်း လက်ထပ်ရဲရမယ်။ မင်း ကိုယ့်ကို လက်ထပ်တဲ့နေ့ဟာ ကိုယ်စပြီး အလုပ်လုပ်ဖို့ ဆုံးဖြတ်မဲ့နေ့ပဲ။

ကိုယ် ယောကျ်ားတစ်ယောက်ပါ။ ယောကျ်ားမာန အပြည့်ရှိတဲ့ လူတစ်ယောက်ဆိုရင် ပိုမှန်မယ်။ ဒီအတွက် ကိုယ်ဟာ ဘယ်တော့မှ မိန်းမတစ်ယောက်ရဲ့ အထင်သေးခံရမဲ့ လောင်းရိပ်ကို ဝင်မှာ မဟုတ်တာ အမှန်ပဲ။

ကိုယ်နဲ့မင်းနဲ့ ဘဝတစ်ခုကို တည်ဆောက်ပြီးပြီဆိုရင် ကိုယ်ဟာ ကိုယ့်ခွန်၊ ကိုယ့်အားနဲ့ မင်းဖြစ်စေချင်တဲ့ အလုပ်အကိုင်ရှိတဲ့ ယောကျ်ားတစ်ယောက်ဘဝ ဖြစ်ကိုဖြစ်ရစေမယ်။

အခုထိတော့ ကိုယ် မင်းစကားကို နားမထောင်နိုင်သေးဘူး။ မင်း ကိုယ့်ကို တကယ်ချစ်တယ်မှန်ရင် အလုပ်မရှိတဲ့ကိုယ့်ကို လက်ထပ်ရဲရမယ်လို့ ကိုယ် သတ်မှတ်တယ်ကွာ။

နေပါဦး။ ဒီသီချင်းလေး ညည်းမိတာနဲ့ သူ့အတွေးတွေ ဘယ်ထိ ရောက်သွားပါလိမ့်။

"တော်လှ ... သွားရအောင်ကွာ ... ကျွန်မ သိပ်ညောင်းနေ





ပြီ ... အဲဒီအရုပ်လည်း မလိုချင်တော့ပါဘူး ... ရှင် သိပ်ပြီး မရမက ကြိုးစားချင်ရင်လည်း နောက်နေ့တွေမှ ရှင် တစ်ယောက်တည်းလာပြီး ရအောင်ဆော့တော့ ... ပြီးမှ ကျွန်မကိုပေး ... အခုတော့ ရှင်က ရှင့်နားရပ်မနေလည်း မကြိုက်တော့ ရပ်နေရတာ တစ်နာရီနီးပါးရှိပြီ"

"ရွှေစင်ဖြာကလည်းကွာ ... မင်းမရှိဘဲနဲ့ ကိုယ်က ဒီအရုပ်ကြီးရဖို့ လာဆော့ရတာ ဘယ်လိုလုပ် အဓိပ္ပါယ်ရှိမလဲ ... ကိုယ့်ချစ်သူကို ဘေးမှာထားပြီး အစွမ်းပြချင်နေတာကို"

"အဓိပ္ပါယ်မရှိတဲ့ အစွမ်းအစကြီး"

"ဘာပြောလိုက်တယ် ... ရွှေစင်ဖြာ ... "

သူမ၏ စိန်ခေါ်ကဲ့ရဲ့သော မျက်လုံးများနှင့် နှုတ်ခမ်းများ။ အိုး မင်း ကိုယ့်ကို ဘာလို့ ဒီလောက်ထိ အထင်သေး အမြင်သေး ရှိနေသေးတာလဲ။ အခုနောက်ပိုင်းမှာ မင်းဟာ ကိုယ် အလုပ်မရှိတာကို ပိုပြီး ပုတ်ခတ် ထိပါးလာသလားလို့ ကိုယ် သံသယ မဖြစ်ချင်ဘူး။

'ကိုကို' ဟူသော လူသားတစ်ယောက်ကို သူ့ဘဝထဲမှာ အမြဲ သတိရစေဖို့ သူ့ချစ်သူကလေးကပဲ ဆွဲခေါ်ပေးခဲ့ပေသည်။ သူနဲ့ နှိုင်းယှဉ်ပြီး သူ့ကို အခုမှ ပိုပြီး ထိပါးပုတ်ခတ်လာတယ်လို့တော့ မထင်ရက်ပါဘူး။ ထင်လည်း မထင်ပါရစေနဲ့။

"ပိုက်ဆံပေးဝယ်လို့ရတဲ့ အရုပ်တစ်ရုပ်အတွက် ... သူ့မှာ ရှိတဲ့ တန်ဖိုးထက် အဆပေါင်းများစွာ အကုန်ခံပြီး ကြေးပြား



www.burmeseclassic.com

www.burmeseclassic.com



Coil တွေဝယ် ... ဦးနှောက်အပင်ပန်းခံပြီး ... မျက်
အညောင်းခံပြီး ... နောက်ပြီး ခြေထောက်အညောင်းခံပြီး
တော့မှ အဲဒီအရုပ်ကို ပိုင်ရတဲ့ အခွင့်အစက ဘာလဲ
ကလေးဆန်တာလား ... ပိုက်ဆံဖြုန်းတာလား ... သူမ
အထင်ကြီးအောင် ရှိုးပေးတာလား"

"တောက် ..."

သူသည် ရွှေလက်စ သံဂွကလေးပါသည့် အရုပ်ည
စက်သီးကလေးကို ဒီအတိုင်းလမ်းခုလတ်မှာရပ်တန့်ပစ်လိုက်မိသည်

ကိုယ် မဖြစ်ချင်တဲ့ ပဋိပက္ခကို မင်း ဖန်တီးပြန်ပြီ
နာကျင်စွာပင် စိတ်ထဲ၌ ညီးညူပြီးနောက် သူချစ်သူ၏ လက်ဖ
တစ်ဖက်ကို ဆတ်ခနဲ ဆွဲယူဆုပ်ကိုင်ကာ ထိုနေရာမှ ထွက်
တော့သည်။ ကိုယ် မင်းကို စိတ်ဆိုးနာကြည်းသွားလို့ မရတာကို
ကိုယ့်ရဲ့ဝဋ်ကြွေးပဲ။

အို မင်းဘယ်လောက်ပဲ ကိုယ့်ရဲ့ မာနတွေကို
ကား၊ စော်ကား၊ သိက္ခာတွေကို ခနဲ့ချင် ခနဲ့ပါစေ ကိုယ် ဘာ
မုန်းမရသလဲ။

ကိုယ့်ကို မနေ့တစ်နေ့ကမှ ပြန်တွေ့တဲ့ 'ကိုတိ
တဲ့လူတစ်ယောက်နဲ့ အနိုင်းခံပြီး ဆုံးမတာကို ကိုယ်ဘာလို့ မင်း
နာကြည်းမရသလဲဟင်။ အဲဒီအချက်ကို ကိုယ်သိချင်ပါတယ်။

ဗန္ဓုလပန်းခြံဝန်းအတွင်းရှိ Fantasy World ဟူ
ဓော်ပေါ်ကစားကွင်းကလေးထဲမှ ချစ်သူ့လက်ကို ခပ်တင်း





ဆွဲကိုင်လျက် သူ ထွက်လာခဲ့၏။ စိတ်ကောက်စွာ ရုန်းနေသော
သက်ဖဝါးများကို သူ ဂရုမစိုက်ပါ။

"လွှတ် ... တော်လူ ... ကျွန်မလက်တွေကို အဲဒီလောက်
ဆောင့်ကြီးအောင့်ကြီး ဆွဲခေါ်စရာ မလိုဘူး ..."

"မင်း ရပ်မနေချင်တော့တဲ့နေရာက ဝေးအောင် မြန်မြန်
ဆွဲခေါ်တာလေ ... ဘာဖြစ်လို့ ဒေါသဖြစ်ရပြန်တာလဲ"

"ကျွန်မကို ခနဲ့စရာ မလိုဘူး တော်လူ ... တော်ပြီ ပြန်မယ်
ရှင် ... တကျိကျိပူဆာလွန်းလို့ အားရက်တစ်ရက်ကိုလည်း
ရှင့်အတွက် ပေးရသေးတယ် ... ရှင်က ကျွန်မနဲ့ ပျော်ပျော်
ရွှင်ရွှင်တွေ့ရဖို့အောင်လည်း မလိုက်လျောတတ်ဘူး ... ကျွန်မ
စိတ်ညစ်အောင် အမြဲ ဖန်တီးတယ် ..."

တကယ့်တကယ် အဖြစ်အပျက်ကို စတင်ဖန်တီးသူ
သူမသာဖြစ်ကြောင်း ပြန်ချေပဖို့ မစဉ်းစားတော့ချေ။ ကောင်း
စိတ်ကြိုက် ရန်တွေ့တော့။

"ရှင့်ဆိုင်ကယ်နဲ့ မလိုက်တော့ဘူးနော် ... ကျွန်မ ပြန်တော့
မှာ ..."

တော်လူဝင်းသည် သူမ၏စကားကို ဂရုမစိုက်ပါ။
ဦးထုပ်ကိုသာ သူမခေါင်းမှာ အတင်းစွပ်ချပေးလိုက်ပါသည်။

"ကဲ ... ဆိုင်ကယ်ပေါ်တက် ... မတက်ရင် လူမြင်မကောင်း
အောင် ခါးကနေ ကိုင်မြှောက်ချီပြီး ဆိုင်ကယ်နောက်မှာ
အတင်းတင်ပေးမှဲ့ ကိုယ့်ရဲ့သတ္တိကို မယုံမရှိနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟဲလ်မက်အောက်မှ အထိတ်တလန့်၊ ပြီးတော့

ဒေါသဖြစ်သော မျက်လုံးကလေးများကို ချစ်သည်။ ကိုယ်က မင်းနဲ့

ပတ်သက်သမျှကို ချစ်နေမိတော့လည်း အခက်သား။

"ဘယ်သွားဦးမှာလဲ ... အိမ်ပြန်ပို့ပေးပါဆို ..."

"မပို့တော့ဘူး ... တစ်ခါတည်း ခိုးပြေးတော့မလို့ကွာ ... ကဲ ..."

"ဟင် ... တကယ်လား ... တကယ်ပြောနေတာလား ... တော်လှူ ... အဲဒီလို မိုက်ရူးရဲ မလုပ်နဲ့နော် ... ကျွန် ... သဘောမတူဘူး ... ခုချက်ချင်း ကိုယ့်ကိုယ်ကိုယ် ဘာ ... ဖြစ်လို့ သဘောထားပြီး ဆိုင်ကယ်ပေါ်က ခုန်ချပစ်လိုက် ... မယ် ... ဘာမှတ်လဲ ... ရှင်သာ အဲဒီလို ကြံစည်မယ်ဆို ... ရှင့်ကို တစ်သက်လုံး မုန်းသွားမယ် ... မှတ်"

"အလကားနောက်တာပါကွာ ... ကိုယ် နားလည်ပါတယ် ... ရွှေစင်ဖြူက အလုပ်အကိုင်မရှိတဲ့ယောကျ်ားတစ်ယောက် ... ဇနီးဖြစ်ရမှာကို သိပ်စိုးရိမ်တာကို ကိုယ် နားလည်ပါတယ် ... နောက်ပြီး အချစ်ထက် ဂုဏ်သိက္ခာတရားဆိုတာကို ... အလေးအနက်ထားမှန်း ကိုယ်သိနေခဲ့တာ ကြာပါပြီ ..."

ထိုအခါ သူ့ချစ်သူကလေးသည် ထူးထူးခြား ... တိတ်ဆိတ်လို့ နေပြန်သည်တဲ့။ သူမရဲ့ အားရက်တစ်ရက်ကို ... အတင်းမရမက တောင်းဆိုမှသာ လိုက်လျောလျှက် ဒီတစ် ... နှစ်ယောက်အတူ လည်ပတ်ခွင့်ရချိန်ကလေးမှာ ကိုယ်လည်း ...

... ချင်တာပေါ့။

ဒါပေမဲ့ မမျှော်လင့်တဲ့ အကြောင်းအရာကလေး ... ပဲ ကိုယ်နဲ့မင်းကို အနှောင့်အယှက် ပေးခဲ့ပြီ။ ကိုယ်တို့ရဲ့ ရင်ထဲမှာ ... ကျိတ်အခဲ ကိုယ်စီနဲ့။ ဒီနေ့ ဘယ်လိုလုပ်ပြီးတော့ အပြည့်အဝ ... ပျော်ရွှင်ခြင်းဆိုတဲ့အရသာကို ကိုယ်တို့နှစ်ယောက် စားသုံးလို့ရတော့ ... မလဲ။ ဘယ်သူ့အပြစ်ရယ်လို့လည်း ကိုယ်လက်ညှိုးမထိုးရက်ဘူး။

"ကိုယ်တို့ ... ဗိုလ်ချုပ်ဈေးထဲမှာဖွင့်ထားတဲ့ Mrs.Guitar မှာ သွားထိုင်ရအောင်နော် ... ဈေးဝယ်လာကြတဲ့ ရှိုးခပ်များများလူတွေကို ထိုင်ငေးရင်း Living Colour ထဲမှာရောင်းတဲ့ ဈေးကြီးကြီးပစ္စည်းတွေကို ဝယ်တဲ့လူတွေ ... မဝယ်ဘဲ လိုက်ငေးတဲ့လူတွေကို ဝေဖန်ရင်း အချိန်ဖြုန်းရင်ကောင်းမယ် ... ဩော် ... နောက်ပြီး ရွှေစင်ဖြူအတွက် ကိုယ်ချစ်စရာကောင်းတဲ့ လက်ဆောင်လေးတစ်ခုလည်း ဝယ်ပေးချင်သေးတယ် ... ကိုယ်တို့ ဒီနေ့ ရန်ထပ်မဖြစ်ကြကြေးနော် ..."

တော်လှူဝင်းသည် သူ့ဘက်က အလျှော့ပေးရခြင်း ... ကျေနပ်စွာ တိတ်တိတ်ပြုံးမိ၏။ ငြိမ်သက် တိတ်ဆိတ်မှု ... သူ့နောက်ကျောမှာ ထိကပ်ပါလာတဲ့ ကောင်မလေးတစ် ... ရဲ့ စိတ်ထဲမှာ ဘာတွေများ တွေးနေမလဲဆိုတာကိုတော့ ... စေနဲ့။

***







www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး ရွှေစင်ဖြာ ... ကိုယ့်သူငယ်ချင်းတစ်ယော
များလားလို့ ..."

သူက ထိုသို့ပြောပြီးပြီးချင်းပင် ...

"ဟော့ကောင် ... အိမ်မြှောင် ... အိမ်မြှောင်"

ဟု အထူးအဆန်း နာမည်တစ်ခုဖြင့် ရှေ့က သူ
သူကို အော်ခေါ်လျှင် ရွှေစင်ဖြာက ...

"ဟင် ... ဘယ့်နှယ် သူများနာမည်ကို အမှန်ခေါ်
လူရယ် ... လူကြားထဲ ရှက်သွားဦးမယ် ... နာမည်
ကြီးကို အကျယ်ကြီး မအော်နဲ့လေ ..."

အားနာစွာ ဟန့်တားလိုက်မိ၏။ တော်လူက
ပဲ၊ နေရာတကာ လူငယ်ဆန်ချင်တုန်း။ သူမက ဒီလိုမျိုး တွေ
တိုင်း ထိန်းသိမ်းရတုန်း။ ကဲ ဘယ်လောက် အားမလို





ဖြစ်စရာကောင်းလဲ။

"ဘာလဲ ... မင်းအသံ အကျယ်ကြီးက နားကို အူသွားတာ ပဲ"

အရပ်အနည်းငယ်မြင့်သော်လည်း ပိန်ပိန်ကိုင်းကိုင်း သည့် ကိုယ်ဟန်ဖြင့် တော်လူနဲ့ ရွယ်တူအမျိုးသားကလေးက ာ့ သူ့ကို လူပုံအလယ်မှာ ဒီလိုလှမ်းအခေါ်ခံရခြင်းကို စိတ်ဆိုး န်မပြ။ အံ့ အံ့ဩပါရဲ့။ ဘယ်လို လူစားတွေပါလိမ့်။ ထိုသူက င်ဖြာကို အကဲခတ်ကြည့်၏။ တော်လူက သူမ၏ လက်ဖဝါးကို ထိ ဆုပ်ကိုင်ထားဆဲ ရှိနေသေး၍ သူမအား ဘယ်သူဟု မေးစ လိုဘဲ ထိုသူ အဖြေထုတ်ပြီးလောက်ပြီးဖြစ်၏။

"မင်း ... ဟိုတလောကပြောတာကွာ ... အဲဒါလေးတွေ ရှိသေးလား ... မင်းအိမ်ကို ငါတို့ အခုလိုက်ကြည့်ချင်တယ် သူ့ကို လက်ဆောင်ဝယ်ပေးချင်လို့ ... သူ့အတွက် ဘာ လက်ဆောင် ဝယ်ပေးမလဲ စဉ်းစားရင်း ဦးနှောက်ခြောက် ချင်နေတာ ... မင်းကို လှမ်းတွေ့လိုက်ရတာ အတော်ပဲ"

"ဘာလေးတွေလဲ"

"အိမ်မြှောင် ... မင်းအိမ်မှာ ဘာလေးတွေရှိတယ် ... မွေး နေတယ်ဆိုတာ ငါသိတယ် ... သူ့ကို မသိစေချင်သေးလို့ ငါမပြောတာကို ဖော်ကောင်လုပ်ဖို့ မကြိုးစားနဲ့"

"မင်း အခု တကယ်လိုက်ကြည့်မှာလား ... ဒါဆို အတော်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ... ငါက အမေ့ဆိုင်ကနေ အိမ်တစ်ခေါက်ပြန်ပြီး အ
သယ်ခိုင်းတဲ့ အထည်တစ်ချို့ သွားယူမလို့ ... အတော်
မင်းကွာ ... ငါ့အိမ်ကပဟာတွေထက် ငါ့အမေရောင်
ရတနာတွေထဲက တစ်ခုခုဝယ် လက်ဆောင်ပေးရင်
ရော ... မင်းပေးတဲ့လက်ဆောင်ကို သူ့မှာထိန်းသိမ်းရ
နဲ့ ဒုက္ခများနေဦးမယ် ... "

"ရွှေစင်ဖြာက ငါ့ကို အမိန့်ပေးထားတယ်ကွ ... သူ့ကို
ဆောင်ပေးတဲ့အခါ သိပ်ပြီး အဖိုးတန်တဲ့ပစ္စည်းကလွဲ
ကျန်တာ အကုန်လက်ခံမယ်တဲ့ ... လက်ဆောင်ဆိုတာ
တန်ဖိုးရှိဖို့ထက် ချစ်စရာကောင်းပြီး သူ သဘောကျနေ
ဆိုရင် ဆယ့်ငါးကျပ်တန် ဘော်လ်ပင်နိတစ်ချောင်းက
သူက မြတ်နိုးသတဲ့"

အို၊ ဘယ့်နှယ်။ သူငယ်ချင်းရှေ့မှာ ကိုယ့်ချစ်
ပြောသမျှ ဖောက်သည်ပြန်ချရတယ်လို့။ ဟိုလူ ပြုံးစိစိဖြင့်
တာကို မျက်နှာပူရပါသည်။ ရွှေစင်ဖြာ၏ လက်ဖဝါးတစ်ဖ
အုပ်ကိုင်ထားသည့် သူ့လက်ဖဝါးကိုပဲ ခိုး၍ ဆိတ်လိုက်ဖို့သာ အ
အရေးရ၏။

"ငါကားနောက်က လိုက်ချင်လိုက်ခဲ့ ... ဒါမှမဟုတ်
ဆိုင်ကယ် အမြန်မောင်းနေကျဆိုတော့ ကြိုသွား
လည်း သွား ... "





ထိုသူ့စကားအတိုင်းပင် တော်လူ၏ဆိုင်ကယ် အမြန်မောင်းခြင်းတို့ကြောင့် ထိုသူ့အိမ်ကို ကြိုရောက်နှင့်နေ၏။ အိမ်သားတွေတစ်ယောက်မှ မတွေ့ရပေမယ့် ခြံစောင့်ဖြစ်ဟန်တူသော လူကြီးတစ်ယောက်က တော်လူ့ကို သိနှင့်၍ ခြံတံခါးဖွင့်ပေးလေသည်။

သိပ်မကြာပါ။ အိမ်မြှောင်ဟူသော နာမည်ပြောင်ပိုင်ဆိုင်သည့် တော်လူ့သူငယ်ချင်း ရောက်လာခဲ့၏။ 'တော်လူ လာ' ဟု လက်ဆွဲခေါ်တော့ အိမ်ဘေးက လမ်းကလေးဆီ လိုက်သွားရပါသည်။ အိမ်မြှောင်က ရှေ့မှဖြစ်သည်။ အိမ်ဘေးလမ်းကလေးကတော့ မြက်ခင်းစိမ်းစိမ်းကလေးတွေသာ ရှိ၏။

တစ်နေရာမှာ ... အို ခွေးအိမ်ကလေး ဆောက်ထားလေရဲ့။

တရှီရှီလေချွန်သံပြုလျှင် ခွေးအိမ်ကလေးထဲမှ ပြူတစ်ပြူတစ်လုပ်ကာ ထွက်လာသော ဖြူဖြူဖွေးဖွေး ခေါင်းသေးသေးလေးတစ်ခု၊ အို ... ချစ်ဖို့ကောင်းလိုက်တာကွယ် ... အမွေးနတ်ဖွား ခွေးပုအမျိုးအစားကလေးဖြစ်မည်။ ယခုတော့ ခွေးပေါက်အရွယ်လေး။ ခွေးကလေးက ဖော်ရွေရင်းနှီးသော မျက်နှာပေးဖြင့် ပြေးထွက်လာပြီ။ ထို့နောက် တရှီရှီခေါ်သော သူ့သခင်ဆီမသွား။ ရွှေစင်ဖြာ့ဆီ ပြေးလာကာ ခြေနှုတ်တွေကို နမ်းရှုံ့လျှင် ရွှေစင်ဖြာ မနေနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးဟယ် ... "

ဟု ရေရွတ်ကာ ကောက်ချီမိသွားပြီ။

"သူ့အမေကို ကျွန်တော့်အစ်မ သူငယ်ချင်းလက်ဆောင်ပေး
လို့ အစ်မက ယူလာပြီး မွေးထားတာ ... အစ်မ ယောက်ျား
က မကြိုက်ဘူး ... ခွေးကို ကန်တယ် ... ကျောက်ဟယ်နဲ့
ပြန်လာပို့ထားတော့ ကျွန်တော်က ခွေးမချစ်ဘဲ မွေးထား
တယ်ဗျာ ... အဲဒါ ညီမကို ဘယ်သူ မြှောက်ပေးတယ် မသိ
ပါဘူး ... ဒီကောင့်အမေကို ယောက်ျားပေးစားမယ်ဆိုပြီး
စီစဉ်လေရဲ့ ... ညီမက တိရစ္ဆာန်ဆေးကုတက္ကသိုလ် တက်
နေတော့ သိပ်စမ်းသပ်ချင်နေတာ ... ဒါပေမယ့် ... ဒီကော
တွေ သိပ်ကံဆိုးတယ်ဗျ ... သူတို့သုံးယောက်မွေးပြီးပြီးချင်း
သူ့အမေလည်း လျှောရော ... ကျွန်တော့်ညီမ ဆရာဝ
လောင်းလည်း ဘာမှ မကုတတ်သေးတော့ ဒီအတိုင်း
ထိုင်ကြည့်ရတော့တာပေါ့ ... အဲဒါနဲ့ အမေက ခွေးပေါက်စ
တွေ များလာပြီ ... ကြာရင် လူနေစရာတောင်ရှိမှာ မဟုတ်
ဘူး ... ဘာညာနဲ့ ဂီဃွမ်လုပ်တော့ ကျွန်တော်ပဲ စိတ်
ကောင်းဖြစ်ဖြစ်နဲ့ ရောင်းပေးနေရတယ်"

"တကယ်တော့ ... ကျွန်တော်က တိရစ္ဆာန်မချစ်တတ်
မယ့် နှိပ်လည်း မနှိပ်စက်ရက်ဘူး ... သူတို့မောင်နှမတွေ
လည်း မခွဲချင်ပါဘူး ... ဒီအရွယ်ထိ ကြီးလာအော





ကျွန်တော်ပဲ နို့ဗူးတိုက်မွေးရတာ ... သံယောဇဉ်တောင်
ဖြစ်မိတယ် ... ညီမဖြစ်တဲ့တိရစ္ဆာန်တွေ ဆေးကုမဲ့ဆရာဝန်
လောင်းကတော့ ဂရုစိုက်ဖို့ဝေးရော ... တစ်လသားရတော့
စရောင်းဖို့ စီစဉ်ပြီးပြီးချင်း သူ့အစ်ကို အထီးနှစ်ကောင်က
ရှေ့ဆင့်နောက်ဆင့် အရောင်းထွက်သွားတယ် ... သူက
တော့, အမလေးမို့ မဝယ်ချင်ကြဘူးတဲ့ဗျာ ... ဘယ်သူမှ
မဝယ်ရင်လည်း ကျွန်တော်ပဲ အမွေအဆူခံပြီး မွေးထားမလို့
ပါပဲ ... မရွှေစင်ဖြာကို ဒီကောင်က လက်ဆောင်ဝယ်ပေး
ချင်နေတော့ ... မရွှေစင်ဖြာ သဘောကျမှ ယူပါ ... အားမ
နာပါနဲ့"

ခွေးကလေးနဲ့သူမ တစ်ခဏချင်း ရင်းနှီးသွားကြပြီ။
အစ်ကိုတွေကို လွမ်းနေမှာပဲနော်။ တနာသနားမိကာ ရင်ထဲ
နာကျင်သွား၏။ မင်းကို လုံခြုံနွေးထွေးတဲ့မေတ္တာတွေနဲ့ တို
င့်ရှောက်ပါ့မယ်။ ဘာဖြစ်လို့လဲ သိလား။ မင်းကို တို့ရဲ့ချစ်သူက
တ်တရ ဝယ်ပေးမှာမို့ပဲ။

သူရဲ့လက်ဆောင်ကလေးအဖြစ်လည်း မြတ်နိုး
မိခင်မဲ့ မောင်နှမမဲ့တဲ့ ကောင်မလေးတစ်ယောက်မို့လည်း
စိတ်နဲ့ မြတ်နိုးတယ်။ သိလား။

"ကိုယ့်လက်ဆောင်ကို ... ကြိုက်ရဲ့လား"

"ကျွန်မ သိပ်သဘောကျမိတယ် ... ရှင် ဘယ်လိုစိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



များရပြီး ဝယ်ပေးတာလဲဟင် ... ကျွန်မက ခွေးတို့ ကြော[...]
တို့ဆို သိပ်ချစ်တာရှင့် ..."

"ကိုယ်သိတယ်လေ ... ရွှေစင်ဖြာက တိရစ္ဆာန် သေးသေး[...] လေးတွေ ချစ်မှန်း ကိုယ်သိတယ် ... ဘာဖြစ်လို့လဲဆိုတော[...] ရွှေစင်ဖြာကြည့်တဲ့ ဗွီဒီယိုကားတွေအကြောင်း ပြောပြ[...] အများစုက တိရစ္ဆာန်ကလေးတွေ သရုပ်ဆောင်တဲ့ကား[...] ဖြစ်နေလို့ပဲ ... ဘယ်သူကမှ တိရစ္ဆာန်မချစ်ဘဲ ဒီလိုကား[...] တွေ ခံစားပြီးကြည့်မှာ မဟုတ်ဘူးလို့ ကိုယ် ယူဆတယ်"

"သူ့ကို ကျွန်မ သိပ်ချစ်သွားပြီ"

တော်လှုက သူမ၏ နားနားကပ်လျက် 'ကိုယ့်ထ[...] ရော' ဟု ကလေးဆန်ဆန် မေးနေသေး၏။ ရွှေစင်ဖြာသည် တော်လ[...] မှာ အလုပ်မလုပ်ချင်တဲ့ အပြစ်ကလေးသာမရှိရင် ဘယ်လော[...] ကြည်နူးစရာကောင်းတဲ့ ချစ်သူဘဝဖြစ်မလဲဟု တွေးမိပါသည်။

အမှန်က ကျွန်မ ရှင့်ကို နှိမ်နေတာ၊ ဆရာလုပ်[...] တာ၊ ကဲ့ရဲ့နေခဲ့တာ၊ 'ကိုကို'နဲ့ နှိုင်းပြီး တမင် အထင်သေးပြ[...] တာဟာ ရှင့်ရဲ့ ယောကျ်ားမာနကို ဆွနေခဲ့တာပါရှင်။ အဲဒီ[...] ကလေးသာ ရန်ကြွလာခဲ့ရင် သိပ်ကောင်းမှာပဲ။

ကျွန်မ မျှော်လင့်တဲ့ အနာဂတ်ကို လှလှပပ တည[...] ဆောက်ခွင့် ရသွားမှာပေါ့ ... အဲဒါဆို ဒီနေ့မနက်ကလို ရန်ဖြစ်[...] မလို၊ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲစရာလည်းမလို၊ ယ[...]





မျှော်လင့်ခြင်းအတိပြီးတဲ့ ချစ်သူဘဝကို ရလိမ့်မှာ သေချာရဲ့။

"အခု ... ကိုယ့်ဆိုင်ကယ်က လူတစ်ယောက်နဲ့ ခွေးတစ်ကောင် အပိုခေါ်တင်ရပြီဗျာ ... အမှတ်တရပဲ"

လှပရှင်းသော ခြံလုံးချင်းတွေရှိသည့် ရွှေစင်ဖြာတို့၏ လမ်းထိပ်အတွင်းကျကျ ကွေ့ကလေးမှာ သူက ရွှေစင်ဖြာကို ချထားပေးခဲ့ရင်း၊ ပြီးတော့ ခွေးကလေးပိုက်ထားသော ရွှေစင်ဖြာ၏ နဖူးကလေးအား ရှုပ်ခနဲ လှမ်းနမ်းရင်း သူမ၏ ရင်ခွင်ထဲက ခွေးကလေး၏ခေါင်းကို တစ်ချက်သပ်ကာ ဤစကားကို သူက ကြည်ကြည်နူးနူး ရေရွတ်၏။

"နောက်ဆိုရင် ... ကလေးတစ်ပြုံစာများ တင်ခေါ်ရမလား မသိ ... ဟန်ဒယ်လ်ရှေ့မှာ ခြင်းတောင်းလုပ်ပြီး ကိုယ်တို့ရဲ့ သားသမီးတွေထဲက တစ်ယောက်ကိုထည့် ... နောက်တစ်ယောက်က ဟန်ဒယ်လ်နဲ့ ကိုယ့်ရင်ခွင်ကြားမှာ ထည့် နောက်တစ်ယောက်က ကိုယ့်ကျောကုန်းနဲ့ ရွှေစင်ဖြာ့ကြားမှာ ထည့် ... နောက်တစ်ယောက်ကိုတော့ အခု ခွေးပေါက်ကလေးပွေ့ထားသလို ရွှေစင်ဖြာ ပွေ့ထားရမယ် ထင်တယ်"

"ကဲ ... ရှင် အဲဒါကို ဒီလောက်ထိ စဉ်းစားစရာ မလိုဘူး ဆိုင်ကယ်တစ်စီးထက် ကားတစ်စီးသာ ဝယ်ဖြစ်ရင် ရှင် လိုချင်တဲ့ သားသမီး တစ်ပြုံတစ်မကြီး တင်ခေါ်လို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား ... ”

“ကိုယ်က ကိုယ့်ရဲ့ဆိုင်ကယ်ကိုတော့ ဘယ်တော့မှ လက်တွဲမဖြုတ်ဘူး ... ကိုယ့်အတွက် သူဟာ ‘ပထမ’ ဦးစားပေးနေရာမှာရှိတယ် ... ကိုယ့်ရူးသွပ်သမျှ စိတ်ကူးယဉ်သမျှ ခုံမင်တွယ်တာသမျှတွေကို ‘ပထမ’ နေရာမှာ သူ ရှိတယ်”

ဘုရားရေ။ ဒါဆို ကျွန်မက ဘာလဲ။ သူ့ရဲ့ နေရာပေးမှုဟာ ဆိုင်ကယ်တစ်စီးလောက်တောင် မရခဲ့သေးပါလား။ သူမက အဲဒီဆိုင်ကယ်နဲ့ယှဉ်ရင် ‘ဒုတိယ’နေရာပေ့ါနော်။ ကြည့်စမ်း။ ဘယ်လောက် ခံပြင်းချင်စရာ ကောင်းလဲ။

တော်လှူကတော့ လက်ပြနှုတ်ဆက်သွားခဲ့ပြီ။ သူမသာ လမ်းလယ်မှာ ခွေးသေးသေးလေးတစ်ကောင်ပွေ့၍ ဝက်ဝံရုပ်မွေးပွကျောပိုးအိတ်ကိုလွယ်၍ ဒီနေ့ကြုံရသော အဖြစ်အပျက်များ၌ နောက်ဆုံးနှုတ်ဆက်ချိန်မှာ သူ့ဆီက ကြားရသော စကားတစ်ခွန်းမှာ ခံပြင်းကာ အကြာကြီး ရပ်တန့် ကျန်ရစ်ခဲ့တာဖြစ်သည်။

***








ကိုကိုသည် သူ့နောက်ပါး၌ ပါလာသော ရွှေစင်ဖြာနှင့် သူမ၏ ညီမကလေးတို့အတွက် သူ့ရဲ့ ကုန်တိုက်ကြီးထဲက သူမတို့ နှစ်သက်ရာကလေးတွေကို ကြိုက်တာယူပါလားဟု ပြောရင် ကောင်းမလား။ ဒါမှမဟုတ် လက်ဆောင်ဆိုပြီး သူ့စိတ်ကြိုက်ပဲ ရွေးချယ်ပေးလိုက်ရင် ကောင်းမလား။ အဲဒီလို လက်ဆောင်ပေးရင်ရော သူတို့ကလေးတွေ လက်ခံပါ့မလားဆိုသော အတွေးများဖြင့် ရှုပ်ထွေးနေခဲ့လေသည်။

“ဦးကိုကိုရဲ့ ရုပ်ပါမားကတ်ကြီးက ရေလည်သားနားတယ်နော် ... လာဝယ်သမျှလူတွေကိုလည်း ဗွီဒီယိုကင်မရာကလေးတွေ ကိုယ်စီတပ်ထားတဲ့ နံရံကနေ ရိုက်ယူပြီး ထောင့်ချိုးလေးတိုင်းမှာ တီဗွီထဲက ပြန်ပေါ်နေအောင် ဖန်တီးထားတာ Asia Lights နဲ့ ပုံစံတူတယ် ... အောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကလည်း ကိုယ်လုံးသွယ်သွယ် တစ်ခြမ်းခွဲထားတဲ့ လုံချည်ပုံစံစကပ်ရှည်လေးတွေနဲ့ ဘေးမှာ ခါးစည်းကြိုးဖြစ်အောင် ချည်ထားတဲ့ ဖဲဖြားတွေပေါ်အောင် အပေါ်အင်္ကျီက ခါးတို လက်ပြတ် ... ရင်စေ့အင်္ကျီတွေက ကာယအလှမယ်တွေ ဝတ်တဲ့ပုံစံနဲ့ဆရာ ... ရုပ်တွေကလည်း အပျံစားပဲ အင်္ကျီဒီဇိုင်းက ဘယ်သူ့စိတ်ကူးလဲဟင် ... "

ငွေဟုခေါ်သော ညီမအလတ်က စပ်စု၏။ ဒီကုန်တိုက်တစ်ခုလုံးက ကောင်မလေးတွေ ဘယ်လောက်လှလှ။ သူ မြတ်နိုးသော နှုတ်ခမ်းစူစူ မျက်လုံးအရောင်တောက်တောက် ကောင်မလေးလောက် သူ စိတ်ဝင်စားလို့မရ။ အဲဒါကို သူမ ယုံမှယုံပါ့မလား။

"အင်္ကျီဒီဇိုင်းက ... ကျွန်တော်နဲ့ ရှယ်ယာတူ သူငယ်ချင်းရဲ့ အစ်မက စဉ်းစားပေးတာပါ ... အဲဒီအစ်မက နာမည်ကြီး အပ်ချုပ်ဆိုင်ကြီး ဖွင့်ထားတာလေ ... ရုပ်ရှင်မင်းသမီး ... အဆိုတော် ... မော်ဒယ်လ်ဂဲလ်တွေ အကုန် သူ့ဆိုင်မှာ အင်္ကျီအပ်ကြသတဲ့ ... လူတိုင်းကလည်း အဲဒီအစ်မ ထွင်ပေးတဲ့အင်္ကျီ လုံချည်ဒီဇိုင်းကို သဘောကျတာ တွေ့ရတယ် အဲဒီအစ်မကပဲ သူ့အသိမိတ်ဆွေတွေထဲက ဆယ်တန်းအောင်ပြီးသား ရုပ်ရည်သန့်ပြန့်ပြီး အကျင့်စာရိတ္တလည်းကောင်းမဲ့ အလုပ်လုပ်ချင်တဲ့ ကောင်မလေးတွေကို ရှာပေးတာ ... အင်တာဗျူးလုပ်တော့ သူ ဝင်ပါပေးသေးတယ်"





ကျွန်တော်တို့က ယောကျ်ားလေးတွေဆိုတော့ ယ် နားလည်ကြမလဲ ... ကျွန်တော့်သူငယ်ချင်းရဲ့အစ်မရော ... မေတွေရော ... ပြီးတော့ ကြီးကြီးရော ... ကျွန်တော့်ညီမဝမ်းတွေရော ... ဒီလို အရောင်းကောင်တာမှာထိုင်မဲ့ ကောင်မလေး ွ ရွေးတဲ့နေရာမှာ ဝင်ပါပေးရတော့တာပေါ့ ... သူတို့ပဲ ဓါတ်ပုံ ည့် ... ကိုယ်ရေးရာဇဝင်ကြည့် ... လူတွေ့လေ့လာပေးကြတာ း ပါဘူး ... ကောင်မလေးတွေက အကျင့်စာရိတ္တ ကောင်းကြ တယ် ... ဆက်ဆံရေးလည်း ပြေပြစ်ကြတယ် ... ဒါကြောင့် န်တော့်ရဲ့ Lover's Dream က အချိန်တိုတိုအတွင်း နာမည်ရလာ ာပေါ့ ... ပစ္စည်းတွေကတော့ ကိုယ်စားလှယ်တွေကို မပြတ် ပို့ဖို့ အသစ်အဆန်းမှန်သမျှ ကျွန်တော်တို့ အရင်ဦးအောင် တင် ားနိုင်ဖို့ကိုတော့ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်စလုံး ် ညီလက်ညီ လုပ်ရှားကြတယ်လေ ... "

ရွှေစင်ဖြာက သူပြောသမျှစကားများကို စိတ်ဝင် း နားထောင်နေတာ တွေ့တော့ ကိုကိုက ပီတိဖြစ်သတဲ့။ ံ့မရှိနဲ့ဗျာ။ သူမကလေးရဲ့ မျက်လုံးတွေထဲမှာ သူ့ကို အထင်ကြီး ့ အရိပ်တွေနဲ့။ ကြားဖူးနားဝပြောရရင် မိန်းမတစ်ယောက်ရဲ့ ာကျ်ားတစ်ယောက်အပေါ် ချစ်ခြင်းဟာ ထိုယောကျ်ားအပေါ် ်ကြီး လေးစားမှုက စတင်ပေးတတ်ကြတယ်ဆိုလား။

ကိုယ့်ကို မင်းချစ်လာမယ်လို့ ကိုယ် မျှော်လင့်ပါရ



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုကိုက သူဌေးတွေပဲ ... ရုံးခန်းမှာထိုင်ပြီး ဖုံးတစ်လုံး နဲ့ ဟိုကိုယ်စားလှယ် လှမ်းပြော ... ဒီကိုယ်စားလှယ်လှမ်း ပြောရုံနဲ့ လှုပ်ရှားရတာပဲ ... ဂရမ်ဒီကားကြီးပဲ မောင်းသွား သွားလိုရာခရီး ရောက်တာပဲဟာ ..."

"သူများအမြင်မှာတော့ သူဌေးတစ်ယောက်ဆိုပြီး ပင်ပန်း မှာ မဟုတ်ဘူးလို့ မြင်မှာပေါ့ဗျာ ... စိတ်ပင်ပန်းရတာ ဦးနှောက်ပင်ပန်းရတာကိုတော့ လူတော်တော်များများက မထည့်တွက်ကြဘူး ... ကိုယ့်လုပ်ငန်းအောင်မြင်ဖို့ သူ့ ထက် ရှေ့က ခြေတစ်လှမ်းသာဖို့ဆိုတာက အမြဲတမ်း ဦးနှောက်စားနေရတာဗျ ... တစ်ခါတစ်လေ တွေးရလွန်း ညဘက်တွေတောင် အိပ်ရေးပျက်တယ် ... ဗွေကို ဘြေ ယုံရဲ့လားတော့မသိဘူး ... ကျွန်တော်က အမြဲတမ်း ... အကြောင်း ခေါင်းထဲထည့်ထားတော့ ... ညအိပ်ချိန်တော အိပ်မရဖြစ်ပြီး အမြဲတမ်း အိပ်ဆေးသောက်မှ အိပ်ပျော် ကြာပြီ"

သူ့စကားကို သူမကလေးတစ်ယောက်က နားလည်စွာ ခေါင်းညိတ်ပြုံးပြတာတွေတော့ ရင်ထဲမှာ ဘယ် ငြိမ်းချမ်းသွားပါလိမ့်။ ဒီလိုငြိမ်းချမ်းသွားရတာမျိုးကို တစ်ခါမှ ခံ စားဖူးခဲ့ချေ။





"ကိုကိုက ဘာဖြစ်လို့ ဒီလောက်တောင် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်ချင်ရတာလဲ ... ကျွန်မ သိသ လောက်ကတော့ ကိုကို့မိဘတွေက တစ်ဦးတည်းသောသား ကိုကို့အတွက် အမွေတွေ ပေးခဲ့မှာပဲဟာ ... အဲဒီအမွေတွေ ထိုင်စားပါလား"

"အင်း ... ဘယ်လိုပြောရမလဲ ... လူတစ်ယောက်မှာ ရူးသွပ်မှု တစ်ခုစီတော့ ရှိကြတယ် ရွှေစင် ... အဲဒီလိုပဲ ... ကျွန်တော့် မှာလည်း ရူးသွပ်မှုတစ်ခုရှိတယ် ... ဘာလဲဆိုတော့ လူတိုင်း က အားကျချီးကျူးခံရတဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်ချင် တဲ့ ရူးသွပ်မှုပဲ ... ကျွန်တော့်ရဲ့ လုပ်ရည်ကိုင်ရည်ကို လူတွေ အသိအမှတ်ပြုခံရတာလောက် ကျွန်တော် ဘာမှ မမက် ဘူး ... လူတစ်ချို့က ထင်ကြမယ် ... ဒီလောက်တောင် အလုပ်တွေဖိလုပ်ပြီး စီးပွားရေး နင်းကန်သောင်းကျန်းတယ် ငွေမယ်တယ် ... လောဘကြီးတယ်လို့ ထင်ကြမယ် ... အဲဒါ မဟုတ်ဘူး ရွှေစင် ... ကျွန်တော် ငွေမမက်ဘူး ... လောဘ မကြီးဘူး ... ငွေကို လောဘမကြီးတာပြောတာနော် ... အလုပ်နဲ့ ပတ်သက်လာရင်တော့ လောဘကြီးတယ် ... ဘယ်လိုရှင်းပြရမလဲဗျာ ... အဲဒီရူးသွပ်မှုက ပြောရခက်တယ် ဗျ ... ငွေမမက်ဘဲ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်ချင်ပါ တယ်လို့ ပြောရတာ တော်တော်ခက်တယ် ... လူတွေ

www.burmeseclassic.com



စီးပွားရေးလုပ်ပြီလို့ ဆိုကတည်းက ငွေရှာတာကို မြင်ကြ
တာကိုး"

"ဟင့်အင်း ... ဒါပေမဲ့ ကျွန်မ ကိုကို့သဘောတရားကို နား
လည်တယ် ... ကိုကို ဘာတွေဆိုလိုသလဲဆိုတာကို ကျွန်
အလိုလိုသိနေတယ်ရှင် ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်
ကိုယ်တိုင်လည်း အလုပ်တစ်ခုကို လက်ဝယ်ပိုင်ဆိုင်ရခြင်း
တဲ့ဂုဏ်ပုဒ်ကို ရူးသွပ်ခဲ့တယ် ... ပြီးတော့ ကျွန်မရဲ့ မိတ်ဆွေ
လူတစ်ယောက်ဆီမှာရှိတဲ့ အဓိပ္ပါယ်သိပ်မရှိတဲ့ ရူးသွပ်
တစ်ခုကိုလည်း မျက်မြင်တွေ့ထားတယ်လေ ... ဒါပေ
သူ့ရဲ့ရူးသွပ်မှုက သူ့အတွက် ဘာမှ အကျိုးမရှိနိုင်တဲ့အရာ
ကိုကို့ရဲ့ ရူးသွပ်မက်မောမှုက ကိုယ့်အတွက်ရော ... ကိုယ်
ပတ်သက်ရတဲ့ လူတွေအတွက်ရော အဓိပ္ပါယ်ရှိပါတယ်"

အင်မတန် ဉာဏ်ရည်ထက်မြက်တဲ့ မိန်းကလေး
ပြီးတော့ ကိုယ်နဲ့မင်း အတွေးအခေါ်တွေကလည်း တူနိုင်လှ
လား။ ကိုယ်ရွေးချယ်ထားတဲ့(နှလုံးသားထဲက)မိန်းမတစ်ယော
ဆီမှာ ဒီလို ဉာဏ်ပညာမျိုး၊ ဒီလို စိတ်ကူးအတွေးအခေါ်မျိုး ရှိ
ပြန်တော့ ... ။ ကိုကိုသည် သူ့အတွေးနဲ့သူ ကျေနပ်နေခဲ့ပါသည်

"ငွေနဲ့ကြေးတို့ သဘောကျတာတွေ့ရင် ... လက်ညှိုး
နော် ... ဒီနေ့ ရွှေစင့်အားရက်မှာ တမင် ငွေနဲ့ကြေး
ကြိုတင်မှာထားပြီး ကျွန်တော်ရဲ့ ကုန်တိုက်အကြီးကြီး





ကို ခြေထောက်ညောင်းအောင် အတင်းလိုက်ပြပြီး ကြွားမိ
တဲ့အတွက် ... အကြွားခံနေရတဲ့ ညီအစ်မကလေးတွေကို
အမှတ်တရလက်ဆောင်ကလေးတွေ ပေးလိုက်ပါရစေ ...
အားမနာနဲ့ ... ကိုယ့်စိတ်ကြိုက်တွေ့တဲ့ပစ္စည်းဆိုရင် တန်ဖိုး
ဘယ်လောက်ဆိုတာ ကြည့်မနေနဲ့ ... ယူလိုက် ... သိလား
ရွှေစင်ကရော ... ဘာသဘောကျလဲ ... မယူဘူးလို့ မငြင်း
နဲ့ဗျာ ... အဲဒါဆိုရင် ကျွန်တော်က ကျွန်တော့်မျက်စိထဲတွေ့
တာဆွဲယူပြီး လက်ဆောင်ပေးလိုက်မှာပဲ ... အဲဒီပစ္စည်း
တန်ဖိုးက သိန်းဂဏန်းဖြစ်နေလည်း ကျွန်တော်က ပေးရင်
ရွှေစင် ဘယ်လိုမှ ရပ်ပျက်ဆင်းပျက် ငြင်းမရဖြစ်မယ် ...
ဒီတော့ ခုကတည်းက ရွှေစင်သဘောကျတာတွေ့ရင် ယူ"

သူ့မဏ်မျက်လုံးထဲမှာ တွေ့ရသည့် မာနကြီးစွာ
ငြင်းချင်သော အရိပ်အယောင်များတွေ့လျှင် ကိုကိုက ဤသို့ ခြိမ်း
ခြောက်လိုက်ပါသည်။ ကိုယ် သိတယ်။ မင်းမှာ လိုချင်တပ်မက်
တဲ့၊ လောဘကြီးတဲ့စိတ်၊ ပြီးတော့ ကိုယ်တွေ့ဖူးသမျှ မိန်းကလေး
တွေက ကိုယ့်ကို လူပျိုသူဌေးကလေးမို့ အခွင့်အရေးပေး အရောဝင်
တတ်တဲ့ အမူအကျင့်တွေနဲ့ ခြားနားပြီး ကိုယ့်ကို 'ကိုကို' ဟူသော
လူတစ်ယောက်အဖြစ်သာ မြင်တတ်တဲ့စိတ်။ အို ဘာပြောရမလဲ။
မင်းမှာ တခြားမိန်းမတွေနဲ့ မတူတဲ့စိတ်မျိုး ရှိနေတာကိုက ကိုယ်
ကြီး အထင်ကြီးတယ် ရွှေစင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ကုန်တိုက်ကို မင်း လာလည်ဖို့ ကိုယ် ဘယ် လောက် တောင်းဆိုခဲ့ရသလဲ။ ကြီးကြီးဆီကတစ်ဆင့် ဘယ်လောက် ခွင့်တောင်းခဲ့ရသလဲ။ ရွှေစင့်မေမေကို မျက်နှာပူပူနဲ့ ဘယ်လောက် ခွင့်တောင်းခဲ့ရသလဲ။ လူကြီးတွေပဲ သူ ဘာဖြစ်နေသည်ကို မရိပ် ကြမှာ မဟုတ်။ ပြီးတော့ ... သူမကရော။

ရွှေစင်မြာ၌ ယခုအခါ တွေဝေသောစိတ်ကူးများဖြ ရှိနေခဲ့ပြီ။ ဒီလူဟာ တော်လှူထံမှာ သူမ ရှိစေချင်သောစိတ်ဓာ တွေ အပြည့်အဝ ပိုင်ဆိုင်ထားသူတည်း။ ဘယ်လောက် လေးစ ရာကောင်းတဲ့ စိတ်ဓာတ်မျိုးလဲ။ ကျွန်မ ဖြစ်စေချင်တာ အဲဒီ စိတ်ဓာတ်မျိုးတွေပဲ။ ငွေကြေးကြောင့်မဟုတ်ဘဲ ဂုဏ်သိက္ခာဆို အရာကို အရေးထားတဲ့ စိတ်ဓာတ်မျိုးပဲ ဖြစ်ပါတယ် တော်လ ရှင်လည်း ချမ်းသာတဲ့လူ၊ ကိုကိုဟာလည်း ချမ်းသာတဲ့လူ၊ အတူ ချင်းမှာ ဒီလူနှစ်ယောက်ရဲ့စိတ်ဓာတ်တွေက ဘာလို့ခြားနားနေ သလဲ။

တော်လှူရယ်။ ရှင့်မှာသာ အဲဒီလိုစိတ်ဓာတ်မျိုး လိုက်လို့ကတော့ ကျွန်မ တွေဝေမနေပေါင်ရှင်။ ကိုယ်ချစ်တဲ့သူ ပဲ စိတ်ကြိုက်ရွေးချယ်ကာ ဘဝတစ်ခု ထူထောင်မည်။ ကဲ ဘ လောက် ပျော်စရာကောင်းလိုက်မလဲနော်။

အခုတော့ ရှင့်မှာ ကျွန်မလေးစားတဲ့စိတ်ဓာတ် ရှိမနေဘဲ ကိုကို့ဆီမှာ ရှိနေတာကိုက ကျွန်မရဲ့ တွေဝေခြင်း စ





တော့တာပဲ။

"ဘဝလေး ... တည်ထောင်စ ... ခဏမှာ စိတ်ပျက်ဖွယ် အတွေ့အကြုံတွေရှယ် ... တစ်ချိန်မှာတော့ သင်တန်းတစ် ခုလို ပီပြင်လာမှာပဲ ... ဘေဘီ တစ်ချိန်ချိန်ပေါ့ အချစ်လေး တို့ဘဝလေး ... တည်ဆောက်မယ် ... တစ်ချိန်ချိန်ပေါ့ အချစ်လေးရဲ့ ..."

တိုက်တိုက်ဆိုင်ဆိုင်ပင် ကုန်တိုက် ပရဝုဏ်အတွင်း လွှင့်နေခဲ့သော သီချင်းက တော်လှူ အခုနောက်ပိုင်းမှာ အမြ မ်း ဆိုပြနေကျ သီချင်းဖြစ်နေခဲ့၏။ သူက ဘာကိုဆိုလိုချင်သလဲ။ ဒါကို ရွှေစင်မြာ နားလည်ခဲ့၏။ သီချင်းကလေးနဲ့တစ်ဆင့် သူမ နှစ်သိမ့်၊ သူကိုယ်တိုင်လည်း သူ့ဘဝသူ ရောင့်ရဲလို့။ ဒီလူကလေး ချစ်ဖို့ကောင်းစရာကလွဲရင် အရာရာကို အလေးအနက် မထား တ်သေးတာတော့ သေချာပါသည်။

"ရွှေစင် ... ဘာယူမလဲ ... ငွေကတော့ သူ့ဆံပင်အရှည်ကြီး ဖီးဖို့တဲ့ ... ဘီးလှလှတစ်ချောင်းပဲ ယူတယ် ... ကြွေက ဖုန်းနံပါတ်မှတ်ဖို့တဲ့ ... အရုပ်စာအုပ် ပိစိကလေးယူတယ် ဒီညီအစ်မတွေကတော့ဗျာ ... ကျွန်တော့်ကို အားနာပြီး ဈေးနည်းတဲ့ပစ္စည်းတွေ တမင်များ ယူသလားမသိဘူး ... ကြိုက်တာယူလို့ ပြောထားတဲ့ ကျွန်တော့်စကားနဲ့ကျွန် တော် ဒုက္ခရောက်နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဦးကိုကိုရဲ့ ... ကြွေတို့ဖေဖေက ကြွေတို့ ဒီမှာ ဘာမှ ဝယ်စရာမလိုအောင် အမြဲ ပို့ထားပေးနေတာ ကြွေတို့မှာ ဘာမှ ဝယ်စရာမရှိဘူး ... ဝိတ်စကအစ ... အင်္ကျီတွေ ... မိတ်ကပ်တွေ ဟီးလ်တွေ လက်ကိုင်အိတ် တွေ ... ကျောပိုးအိတ်တွေ ... အဟဲ ... ကြွားတာမဟုတ်ဘူး အိမ်မှာ သုံးမကုန်လို့ ဆွေးမျိုးတွေတောင် ဝေပေးရတယ် ကြွေတို့က အဲဒါကြောင့် ဘာပစ္စည်းမှ ဝယ်မသုံးဖြစ်ဘူး ဘူး ... ဖေဖေ နိုင်ငံခြားသဘော် စလိုက်ကတည်းကပဲ ... ဦးကိုကို စိတ်ချမ်းသာအောင် ကိုယ် အသုံးဝင်မှာလေး ပဲ တမင် ရွေးယူတာပါ ... "

"ဟုတ်ပါပြီ ... ယုံပါတယ် ... ကဲ ... ရွှေစင်ကရော"

"ငွေနဲ့ကြွေကမှ ဟုတ်သလိုလိုပဲ ... ကျွန်မက ဘာမှတော မရွေးတတ်ဘူး ... ဩော် ... သိပြီ ... ကျွန်မရဲ့သမီးလေး ကို လည်ပတ်ကလေး ယူရင်ကောင်းမယ် ... သံကြိုးလှ လေးရှိမလား ... သမီးဖြူဆွတ်နဲ့ လိုက်မဲ့ သံကြိုးကလေး ယူတော့မယ် ... "

"ရွှေစင့်အတွက်ပါဆိုမှကွာ ... "

"အင်းလေ ... ကျွန်မ ယူတယ်လေ ... ပြီးတော့ ကျွန် ချစ်တဲ့ ခွေးကလေးဆီမှာ အမှတ်တရ တပ်တယ်လေ ... ပြီးရောပေါ့"





ကိုကိုသည် ဒီကိစ္စအား သိပ်မကျေနပ်ချင်။ သို့သော် မကျေနပ်မှုများကို ပြောမနေတော့ပါ။ တစ်ခုပဲ ဖြေတွေးရရင် ရွှေစင် ချစ်တဲ့ အရာတစ်ခုဆီမှာ သူ့ရဲ့အမှတ်တရပစ္စည်းတစ်ခုကို အမြဲတမ်း မြင်အောင် တပ်ထားတယ်ပဲ ထားပါတော့။

အဲဒီခွေးပေါက်စနီလေးကို ရွှေစင် တော်တော်ချစ် တာ တွေ့၏။ သူ နှစ်ခါမျှ သူမ၏အိမ်ကို သွားလည်မိတော့ ထို ခွေးကလေးကို ဘယ်တော့မှ အချီမပျက်ခဲ့။ သူနဲ့ ထိုင်စကားပြော တာတောင် ပေါင်ပေါ်မှာ ခွေးပုပေါက်စနီလေးက ခွေခွေလေး အိပ် ၍ပင်။ လက်ဆောင်ရတာဟု သူမ ပြောပြဖူးသည်။ လက်ဆောင် ပေးတဲ့လူဟာ အင်မတန် တော်တာပဲ။ သူ့ရဲ့လက်ဆောင်ကို အမြဲ တမ်း တယုတယဖြစ်စေအောင် ဖန်တီးတတ်သူပဲဟူ၍တောင် ကိုကိုက ချီးကျူးချင်သည်။

"မကြီး ... ဒါလေးနဲ့ဆို ဖြူဆွတ်နဲ့ လိုက်မှာ ... ဒါပဲ ယူ လိုက် ... ပြီးမှ ဖြူဆွတ်နာမည်ကလေးကို ဒီသံကြိုးနဲ့ တွဲ ရက် ဆွဲပြားတစ်ခုလုပ် ... နာမည်ထွင်းပြီး လည်ပင်းမှာ ပတ်ပေးရမယ် ... အဲဒါ ကြွေ့တာဝန်"

"ကိုတော်လူ့ကို ပြီးမှ ဖြူဆွတ်ကို ခေါ်သွားပြီးပြ ... သိလား မကြီး သူဝယ်ပေးတဲ့အကောင်လေးကို ငွေတို့ညီအစ်မတွေ ဝိုင်းဆင်ထားရတယ်လို့လဲ ပြောနော် ... "

ကိုကိုသည် သူမတို့ညီအစ်မကြားတွင် ဆေးမဆုံး

www.burmeseclassic.com



သဲသဲမှု ကြားလိုက်ရသော နာမည်တစ်ခုအတွက် သိချင်စိတ် ပြင်း ပြလာ၏။

ဒီခွေးကလေးက လက်ဆောင်ရတာ။ ရွှေစင့်ကို လက်ဆောင်ဝယ်ပေးတာတဲ့။ ဝယ်ပေးတဲ့လူက 'တော်လူ'ဆိုပါ လား။ ရွှေစင်နဲ့ ဘယ်လိုပတ်သက်သလဲ။ ငွေနဲ့ကြေးတို့ကပါ သိကျွမ်း နှင့်နေကြခြင်းကြောင့် သူတို့၏ ပတ်သက်မှုအတိုင်းအတာဟာ ဘယ်လောက်ထိ တာသွားသလဲမသိရ။ ရင်တွေ ပူလာသည်။ ရွှေစင့်မှာ သူ့ထက်အရင် ရွေးချယ်ရမဲ့လူ ရှိပြီးပြီဆိုရင် သူ ဘယ်လို ရင်ဆိုင်မလဲဆိုတာ တစ်ခါမှ ကြိုမတွေးထားမိပါ။

ကိုကိုသည် အရာရာကို သူနဲ့ပတ်သက်တိုင်း သူဖြစ် လိုတာတွေချည်း ဖြစ်လိမ့်မည်ဟု အမြဲထင်မြင်ထားခဲ့သည်ဖြစ်ရာ ဤတစ်ခါတော့ သူဖြစ်ချင်တာတွေ မဖြစ်ရတော့ဘူးလားဟု မိုးမို တော့သတဲ့။

***





နောက်ထပ် ရက်များမကြာမီအတွင်းမှာပင် ကိုကို ည် အဖြေကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထိုနေ့က ကိုကိုသည် ကိုယ် းလှယ်တစ်ယောက်ထံမှအပြန် ရွှေစင်ဖြာအား သတိရတာနဲ့ သူမ းလှပ်လှပ်သော အနက်ကယ်လီဦးထွန်းမြတ်၏ ကုမ္ပဏီဆီ တမင်ပင် းကို ဦးတည်မောင်းလာခဲ့ပါသည်။

သူသိတာက ဒီအချိန် ရုံးဆင်းကာနီးပြီဆိုတာဖြစ် သူ အဲဒီကုမ္ပဏီရှေ့ရောက်လျှင် ရုံးဆင်းတာနဲ့ အချိန်ကိုက်ပဲ။ ကြေးတတ်နိုင်သူကလေးပီပီ ကုမ္ပဏီက လိုက်ပို့သည့်ဖယ်ရီကို ပဲ 'ကက' နံပါတ်အငှားကားကို ငှားစီးဖို့ ရွှေစင် ဆင်းလာသည့် ချိန် သူကား ရောက်ချိန်တွင် ဘာတွေ ဖြစ်ကြမလဲ။

"ကားကြုံလိုက်ခဲ့ပါ ... လိုက်ပို့ပေးပါရစေ တစ်ခါတလေပဲ"

ဟု အားနာလောက်အောင် အတင်းခေါ်မည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရာရောက် လိုက်ပို့ခွင့်ရတာလောက် ပီတိဖြစ်ချင်စရာမကောင်း
ဘူးလား။

ပြီးတော့ ရွှေစင်က အိမ်ထဲဝင်ပါဦးလို့ ဖိတ်မှာ မလွဲ
ဒါဆို အိမ်ထဲခဏဝင်ထိုင်။ အိမ်ရှင်တွေက ဧည့်ခံမည့် ကော်ဖီဖြ
ဖြစ် အအေးဖြစ်ဖြစ် အကြာကြီးသောက်မည်။ ရွှေစင့်မေမေက မိခ
ပီပီ လေ့လာအကဲခတ်သမျှအား ကျေနပ်စွာ ခံယူချင်သည်။

လူကြီးတွေ အတော်အတန် ရိပ်မိလာပြီပဲ။ အရ
ဆုံး ရွှေစင့်ကို လက်ထပ်ခွင့် တောင်းရမည်။ ရွှေစင် လက်ခံမှသ
မိဘတွေကတစ်ဆင့် ပြောခိုင်းဖို့အထိ သူ ရည်ရွယ်ထားပြီးပြီ။
သည် လမ်းတလျှောက် ထိုစိတ်ကူးများဖြင့် လေကလေး တချ
ချွန်ဖြစ်လာသမျှ ကမ္ဘာဦးရှေ့အရောက်မှာ သူ့စိတ်ကူးတွေ ပြို
သွားခဲ့ရတော့တာဖြစ်သည်။

ကြည့်စမ်း။ ရွှေစင်။ မဟုတ်သေးဘူး။ ရွှေစင်တ
ယောက်တည်း ရပ်နေတာ မဟုတ်ဘူး။

ရွှေစင့်နံဘေး၌ သူမနဲ့ ရွယ်တူလောက်ရှိမည့် အမျိ
သားကလေးပါနေခဲ့သည်။ ထိုအမျိုးသားကလေးသည် ရဲဝံ့ပိုင်
စွာပင် ရွှေစင့်လက်ဖဝါးတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားသေး
ပြီးတော့ မြင့်မားလှသော အရပ်ကြီးနှင့်။ ခပ်ညိုညို ဆံပင်ရှည်
ကတော့ လမ်းသရဲဆန်စွာ နောက်ဘက်မှာ စည်းထားသော်လည်
ဆံပင်က ဖြေချလျှင် သိပ်အရှည်ကြီးဖြစ်မည်မထင်။





အမျိုးသားကလေး၏ သွင်ပြင်က အဆင့်အတန်း
မြင့်မြင့်ထဲကဖြစ်မည်။ မျက်နှာကလေးက အရာရာကို အပူအပင်
ကင်းမဲ့သည့်မျက်နှာမျိုး။ သို့သော် သေချာတာကတော့ ဒီကောင်
ဟာ ရွှေစင့်ကို အရူးအမူးချစ်တဲ့ပုံစံပဲဟု သူ ချက်ချင်း လေ့လာ
သိရှိခဲ့၏။ အဝေးကကြည့်ရကာနဲ့တင် လုံလောက်ပါသည်။ စကား
တပြောပြော၊ ခေါင်းကလည်း ရွှေစင့်ဘက် တစ်ခြမ်းစောင်း တင့်
ငှနှင့်။ ရွှေစင်က ဘာတွေ အလိုမကျနေသည်မသိ။ စူပုပ်ပုပ်မျက်နှာ
ကလေးက နဂိုအနေထက် စူပုပ်လို့တည်း။

ကြည့်စမ်း။ ပိုင်စိုးပိုင်နင်း။ ရွှေစင့်ခေါင်းကို အုပ်ကိုင်
လား အုပ်ကိုင်သေးရဲ့။ ဟာ သူတို့က ချစ်သူတွေပဲ။ ပိုင်စိုးပိုင်နင်း
ဆိုတဲ့စကား မသုံးသင့်ပါဘူး။ သို့သော် ကိုကိုသည် တမင်ပင် ထပ်မံ
သုံးစွဲလိုက်ပါသည်။

အမျိုးသားကလေးသည် ခပ်ကြီးကြီး ဆိုင်ကယ်ကြီး
တစ်ခုအနီးတွင် ရပ်တန့်ကာ ဆိုင်ကယ်လ်ဟန်ဒယ်လ်မှာ ချိတ်ထား
သော ဟဲလ်မက်ကို ဆွဲဖြုတ်ကာ ရွှေစင့်ခေါင်းပေါ်ကတစ်ဆင့် ပိုင်စိုး
ပိုင်နင်း စွပ်ချပေးနေပြန်ပြီ။ နောက်တော့ သူ့အတွက် နာကျင်သွား
ရသည့် မြင်ကွင်းတစ်ခုက ဖန်တီးခဲ့ပေပြီ။

ရွှေစင်သည် ‘ကဂ’နံပါတ် အငှားကားကို မစီး
တော့ဘဲ ထိုကောင်ရဲ့ ဆိုင်ကယ်နောက်မှာ ထိုကောင့်ကျောပြင်
ကို ထိကပ်၍ ထိုင်လိုက်သွားခြင်း။ ရွှေစင့်လက်ဖဝါးတစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်၏ ပန်းတစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်ခြ တို့သည် ကိုကို၏ ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားအောင် နာကျင်သွားခဲ့ပါသည်ဟု ဝန်ခံပါမည်။

ကိုကိုသည် တစ်သက်နဲ့တစ်ကိုယ် သူ လုံးဝမလုပ် ခဲ့သည့် အလုပ်တစ်ခုကိုလည်း ထပ်မံ လုပ်ခဲ့မိပြန်၏။

အဲဒါကတော့ ထိုစုံတွဲ၏ ဆိုင်ကယ်နောက် နောက်ယောင်ခံလိုက်မိခြင်းပင် ဖြစ်ပါသည်။ ရွှေစင်က သူ မှတ်မိချင် မှတ်မိမှာပဲဟု သတိရလျက် မလှမ်းမကမ်းမှပင် လိုက် ၏။

နေဦး ... အခု ငါ ဘာလုပ်နေသလဲလို့ သူကိုယ်သူ လုံးဝ ပြန်မမေးမိပေ။ မမေးမိတာ မဟုတ်။ မေးဖို့ကို သတိမရ ပါ။ အခုအချိန်မှာ သူ့ရဲ့အာရုံတွေဟာ ထိုစုံတွဲဆီမှာပဲ။ သေ သတိထားမိတော့ သူ့ရဲ့ Lover's Dream နားတောင် နီးလာပြီ သိလိုက်၏။

ရွှေစင်။ မင်း ဒီရှေ့က ဖြတ်မယ်ဆိုရင် ကိုယ့်ကို နည်း နည်းမှ သတိမရဘူးလား။ မိုက်မဲစွာ တမ်းတမိပေမယ့် အချည်းနှီး တည်း။ ရွှေစင်သည် lover's Dream ၏ ရှေ့ဘက်မှ ဖြတ်ကျော်သွား ခဲ့သည့်တိုင်အောင် ကုန်တိုက်ဘက်ကို တစ်စက်ကလေးမှ လှည့် မကြည့်။ ကောင်ကလေးရဲ့ ပန်းကိုတောင် မေးစေ့တင်လှမတတ် ကပ်၍ ဘာတွေ ပြောနေသည်မသိပါ။





တကယ်ဆို ကိုယ့်ကို သတိမရရင်တောင်နေပါ။ Lover's Dream ကို သတိရစေချင်သည်။ ဒီကုန်တိုက်မှာ ကိုယ်နဲ့မင်း တို့ ညီအစ်မတစ်တွေ တစ်နေ့ကပဲ လှည့်လည်ကြည့်ရှုခဲ့တာလေ။ မင်းရဲ့ ခွေးကလေး ဖြူဆွတ်အတွက် လည်ပတ်သံကြိုးတစ်ခု မင်း ဆွဲခဲ့တာလေ။ ဒါတွေကိုတော့ အနည်းအကျဉ်း သတိရခဲ့ပါလား ရွှေစင်။

ထိုစုံတွဲ၏ဆိုင်ကယ်ကလေးက Feel ဟု အမည်ရှိ သော ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်သောအခါ ကိုကို၏ကားက လာရာ လမ်းကို ပြန်လှည့်ခဲ့တော့၏။

***



www.burmeseclassic.com




"နောက်တစ်ပတ် ... ကိုယ် ရွှေစင်ဖြာဆီ ရောက်မှာမဟုတ် ဘူး ... ကိုယ့်ဆိုင်ကယ် ဘော်ဒီနည်းနည်းပြန်ပြင်ဖို့ ရှိတယ် ကိုကြီးဆီက ကိုယ့်အတွက်မုန့်ဖိုးသီးသန့် ပို့လိုက်ပြီဗျ ... အဲဒီငွေတွေအကုန် ဒီကောင်းကြီးရဲ့ ဘော်ဒီကို ပြင်တဲ့နေရာ မှာ ကိုယ့်စိတ်ကြိုက် ဝယ်ထည့်ချင်တဲ့ ပစ္စည်းတွေ ဝယ် ထည့်မလို့ ... စီးတော်ယာဉ်ကြီးနားက ကိုယ် ခွဲလို့ မဖြစ် ဘူး ... နေ့တိုင်းဝပ်ရှော့မှာ တစ်နေကုန်မှာပဲ ... မနက်ရောက် သွား ... ညနေမှာ ပြန်ဖြစ်မှာ ... နောက်မို့ ဝပ်ရှော့က ကောင်တွေက ပြောရင် ပြောတဲ့အတိုင်း လုပ်ပေးချင်တာ မဟုတ်ဘူး ... ပိုင်ရှင် မျက်နှာသွားပြနေမှ ... ကိုယ်ကလည်း ကိုယ့်ရဲ့ Rebel ကြီးကို တစ်ကောင်တည်း သူများလက်ထဲ ပစ်ထားရမှာ စိတ်မချပါဘူးကွာ ... ဒါကြောင့် ... ကိုယ်





ရွှေစင်ဖြာဆိုတဲ့ ကောင်မလေးကို အကြိုအပို့ မလုပ်နိုင်ဘူး နော် ... ဟိတ် ... စိတ်ကောက်ပြမနေနဲ့ ... ရွှေစင်ဖြာ စိတ်ကောက်လည်း ကိုယ် ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး အစီအစဉ်က အားလုံး ဆွဲပြီးနေပြီ ... မနက်ဖြန်ပဲ စမှာ"

"ကျွန်မကိုတော့ ... တစ်ယောက်တည်း ထားရက်တယ် ပေါ့ တော်လှ ... ဟုတ်လား ... ရှင့်ဆိုင်ကယ်ကိုတော့ တစ်စီးတည်း ဝပ်ရှော့မှာ ဘာလို့ မထားခဲ့ရက်သလဲ ... သိပ် အဓိပ္ပါယ်မရှိဘူးထင်တယ် ... ပစ္စည်းတစ်ခုကို ပြုပြင် တာပဲ ... ပြင်တဲ့လူလက်ထဲအပ်ထားတော့ ဘာဖြစ်သွားမှာ မို့လဲ ..."

ရွှေစင်ဖြာသည် ရုတ်ချည်း ရုန်းကြွလာသော မခံချင် စိတ်နှင့် ဒေါသစိတ်များကို အတော်ကို ဖိနှိပ်ချုပ်နှိမ်ထားရတာ သူ သိတာလဲမဟုတ်။ သိရက်နဲ့ မာနတွေပြိုင်ပြီး ဖွတ် ဆန့်ကျင်တာ တော့ မကောင်းဘူး တော်လှ။

"မဟုတ်ဘူးလေကွာ ... ကိုယ့်ရဲ့ Rebel က ကိုယ့်ရဲ့ Crazy လေကွာ ... သူ တစ်ခုခု ပျက်စီးသွားမှာ ကိုယ် မလိုလား ဘူး ... ကိုယ်က စေတနာနဲ့ သူ့ကို လှအောင်ပြင်ကာမှ သူများကြောင့် ကိုယ်မလိုအပ်တဲ့ပုံစံမျိုးတွေ ဖြစ်သွားရင် ကိုယ် ဘယ်လောက် ခံစားရမလဲ ... ရွှေစင်ဖြာ စဉ်းစား ကြည့် ... ဖြူဆွတ်ကို ရေချိုးပေးတာ ကြာသွားလို့ ဖျား



www.burmeseclassic.com

www.burmeseclassic.com



တော့တောင် ရွှေစင်ဖြာ စိုးရိမ်တကြီး ကုမ္ပဏီကတော
ခွင့်ယူသေးတာပဲ ... ပြီးတော့ ကိုယ့်ဆီ ဖုန်းဆက်ပြီး
သေးတာပဲ ... ဖြူဆွတ်ကို ရွှေစင်ဖြာ ချစ်သလို ကိုယ်လည်
ကိုယ့်ရဲ့ Rebel ကြီးကို ချစ်တာမျိုးပေါ့"

"အို ... ကျွန်မပြောတာ ဒီကိစ္စတွေမဟုတ်ဘူး ... ဆိုင်ကယ
ကို ကျွန်မနဲ့ယှဉ်တိုင်း ဘာလို့ ဦးစားပေး အရေးတယူ
သလဲဆိုတဲ့ကိစ္စပဲ တော်လှ ... နောက်ပြီး ဖြူဆွတ်ကို ကျွ
ချစ်တာ ဘာကြောင့်လဲ ... သိလား ... ကျွန်မဘာသ
ဝယ်မွေးတဲ့ခွေးဆိုရင်တောင် အဲဒီလောက် ချစ်မှာမဟု
ဘူး ... တော်လှက လက်ဆောင်ဝယ်ပေးတာဆိုတဲ့ အရေ
နဲ့ ရှိသင့်တဲ့ သံယောဇဉ်ထက် ပိုနေတာ နားလည်ရဲ့လား

"ဝမ်းသာပါတယ်ကွာ ... ကိုယ့်ရဲ့ လက်ဆောင်ခွေးကလေ
မို့ အချစ်ပိုရပါတယ်ဆိုတဲ့စကားကို ကိုယ် အရမ်းကြည်
တယ် ..."

"စကားလွှဲမပစ်နဲ့လေ ... ကျွန်မ မေးတာဖြေပါဦး ... ကျွ
နဲ့ ရှင့်ရဲ့ဆိုင်ကယ် ယှဉ်ရွေးပါဆိုရင် ဘယ်သူ့ကို ရွေးမလဲ
တာ အမှန်အတိုင်းဖြေ ... ကျွန်မ ဖြစ်စေချင်တာက ဆို
ကယ်ကို ဝပ်ရှော့မှာ ပစ်ထားခဲ့ပြီး ကျွန်မဆီ နေ့တိုင်း
စေချင်တာပဲ ... အသွားမှာ အရင်ကလို လမ်းထိပ်က စော
ပေါ့ ... တက္ကစီ အတူတူစီးသွားမယ် ... ရုံးဆင်းရင် စေ





စောင့်နေ ... တက္ကစီနဲ့ပဲ ပြန်ကြမယ် ... အဲဒီလို စီစဉ်စေ
ချင်တာ ... အခုတော့ ဘယ်လောက် ခံပြင်းရသလဲ ...
ကျွန်မကိုတော့ ရှင်က တစ်ပတ်တိတိ ခွဲနိုင်ပြီး ... ဆိုင်ကယ်
ကိုတော့ မခွဲနိုင်ဘူးတဲ့လားရှင် ..."

ဖြူဆွတ်သည် သူမတို့၏ ပဋိပက္ခကို မသိရှာ။ တအီ
ဒီ အော်လိုက်။ ခပ်လှမ်းလှမ်းကလေးဆီ ပြေးသွားလိုက်။ သူမတို့
ဆီ ပြန်ပြေးလာလိုက်။ သူမအပေါ် ခုန်တက်လိုက်နှင့် အလုပ်
နေ၏။ ငွေနှဲ့ကြေက ဖြူဆွတ်၏ လည်ပတ်သံကြိုးနှင့် နာမည်
ထားတာ ကြေးပြားကလေးတွေ ဆင်ယင်အပြီး ...

"ကိုတော်လှ ကို သွားပြပါ မကြီးရဲ့ ... သူလည်း ဖြူဆွတ်
ကို ချစ်မှာပဲလို့ ... မကြီးကို လက်ဆောင်ပေးထားတာ
သူက ဖုန်းဆက်တိုင်း ဖြူဆွတ်အကြောင်းကို မေးတယ်ဆို"

ဟု တိုက်တွန်းခဲ့၍ ဒီနေ့လို အားရက်တစ်ရက်
တစ်ပတ်မှာ တစ်ရက်သောအားရက်ဖြစ်သည်)မှာ သူကလည်း
တွေ့ချင်ရင် မှန်တာ ဝန်ခံရင် ရွှေစင်ဖြာကလည်း တွေ့ချင်ချင်မို့
ဆွတ်နဲ့အတူ လျှောက်လည်မည့်အကြောင်း သူမကိုယ်တိုင်ပဲ
ကို ပြောထားခဲ့တာပါ။

"သမီးဖြူဆွတ်ရဲ့မေမေက ဖေဖေ့ဆီ သမီးကို ဒီတစ်ခါပဲ
ခေါ်လာပြသေးတယ်ကွာ ... ဖေဖေ့မှာ သမီးကို ဘယ်
လောက် လွမ်းရသလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



လို့ သူ စတင်၍ ဖြူဆွတ်ကို သူမလက်မှ ဖြေ
ယူရင်း နှုတ်ဆက်တာကိုတောင် သူမက စိတ်ဆိုးပြခဲ့မိသေး။

"ရှင့်ဘာသာ ... ခွေးရဲ့အဖေနေရာ ယူချင်ယူ ... ကျ
တော့ ဆွဲမထည့်နဲ့ ... ခွေးရဲ့အဖေနဲ့အမေက ဘာဖြစ်
ခွေးပဲဖြစ်မယ့်ဟာ ... ဘာလို့ လူစစ်စစ်က ခွေးဖြစ်
တာလဲ ... "

"ဟုတ်ပါပြီကွာ ... ခွေးမဖြစ်ချင်တော့ပါဘူး ... လူပဲ
ချင်ပါတယ် ... လူဖေဖေနဲ့ လူမေမေဖြစ်ပြီး လူသမီးက
တစ်ယောက် ရချင်ပါတယ် ... ဘယ်လိုလဲ လူမေ
မွေးပေးပါ့မလား"

"တော်စမ်းပါ ... လူဖေဖေဝီသအောင် လူတစ်ယော
ဝတ္တုရား ဖခင်တစ်ယောက်ရဲ့ ဝတ္တရားကိုတောင် အ
အချာ နားမလည်သေးပဲနဲ့ ... လူပီသအောင် ဘာ
သင့်တယ် ... ဖြစ်သင့်တယ်ဆိုတာ သိဖို့ကောင်းပြီ ...

"လာပြီ ... ခတ်ပြားဟောင်းကြီး ... ကဲ ... ကဲ
အောင် ... တွေ့တွေ့ချင်း ရန်ပွဲနဲ့စရရင် မကောင်း
ကိုယ်တို့မှာ လျှောက်လည်တိုင်း ရန်ဖြစ်လိုက် ...
လည်လိုက်နဲ့ တစ်ခါမှ ရန်မဖြစ်ဘူးတဲ့နေ့ မရှိဘူး ...

တော်လှူသည် ပြီးစလွယ်ပင် သူမ၏စကား
ဖြတ်တောက်ပစ်ခဲ့တုန်းက အဲဒီလောက် စိတ်မဆိုးမိ။ ယ





မြက်ခင်းစိမ်းစိမ်းတွေပေါ်က ခုံတန်းလျားကလေးမှာ ထိုင်ပြီးပြီး
ချင်း သူ့မှာ ဒီစကားကို စတင်တဲ့အခါမှာ ရွှေစင်ဖြာ၏ ပေါက်ကွဲမှု
တွေ စတင်သွားတော့တာပဲ။

ကြာပြီ။ ကျွန်မ ဒီလို ပြတ်ပြတ်သားသား မေးပစ်
ချင်နေတာ တော်တော်ကြာပြီ။ ဆိုင်ကယ်ကြီးတစ်စီးကို ဦးစား
ပေးလွန်းတာကို ကြည့်မရတာကြာပြီ။ ဒီဆိုင်ကယ်ကို တွယ်တာ
လွန်းနေတဲ့စိတ်ကြောင့် တစ်နေ့တစ်နေ့ သနေတာကြောင့် တော်လှူ
အလုပ်လုပ်ဖို့ စိတ်မကူးတာ၊ စိတ်မဝင်စားတော့တာလို့လည်း
မြင်မြင်နေတာ ကြာပြီ၊ အဲဒီဆိုင်ကယ်ကို။ အဲဒီ Rebel ကြီးကို။

အခုတော့ ရွှေစင်ဖြာ၏ တိကျပြတ်သားသော မေး
ခွန်းကို ဖြေလိုဟန်မပြပဲ မြက်ခင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချ
လျက် မြက်ပင်တွေကို ဆွဲဖြတ်နေခဲ့သည်။ မြက်ပင်တွေကို စိုက်
ကြည့်နေခဲ့သည်။ ဖြူဆွတ်က သူ့ပေါ်တက်လာတော့ လက်တစ်
ဖက်ဖြင့် ပွေ့ချီ၊ ကျန်တစ်ဖက်က မြက်ပင်တွေ ဆွဲဖြတ်နေဆဲ။ ကဲ
ဘယ်လောက် ဆွဲဆောင့်ပစ်ချင်စရာကောင်းတဲ့ ပုံစံလဲကွယ်။

"ဖြေလေ ... တော်လှူ ... ကျွန်မ စိတ်မရှည်ဘူးနော် ... ဒီ
မေးခွန်းက အလွယ်တကူ ဖြေလို့ရရက်နဲ့ တော်လှူ့အတွက်
အင်မတန် ခက်ခဲနေတာကို ကျွန်မ အံ့သြတယ်"

"ကိုယ်တို့ ရန်မဖြစ်ဘဲ နေကြရအောင်လား"

"ဒါ ... ရန်ဖြစ်တာမှ မဟုတ်တာ ... ကျွန်မ သိချင်တဲ့မေး



www.burmeseclassic.com

www.burmeseclassic.com



ခွန်းကိုမေးတာလေ ... ဖြေ ... မနက်ဖြန်ကစပြီး ကျွ
ရုံးတက်ရမယ့် တစ်ပတ်လုံးလုံး တော်လှု ကျွန်မကို အပြ
အပို့မပျက် လုပ်နိုင်မလား ... "

"သိပ်ဆိုးတဲ့ ကောင်မလေးပဲကွာ ... "

ဖြူဆွတ်က သူ့ပေါ်မှ ပြန်ဆင်းသွားသောအခါ
သည် လွှတ်ပေးလိုက်ပြီးမှ ဤသို့ ခပ်တိုးတိုး ရေရွတ်၊ နောက်
ခုံတန်းလျားပေါ်တွင် ထိုင်နေသော သူမ၏ မေးစေ့ကလေးကို
ချက် ဆွဲဖျစ်လိုက်ပြီးမှ မြက်ပင်တွေကို လက်ထောက်၍ ထ
လေသည်။

ပြီးတော့ ရွှေစင်ဖြူနှံဘေး ကပ်ထိုင်ကာ သူ
တစ်ဖက်ကို နောက်မှီခုံတန်းပေါ် ရွှေစင်ဖြူ ကျောဘက်မှာတ
လက်ချောင်းများက အကျီလက်ပြတ်ဝတ်ထားသော သူမ၏
ထပ်လေးအား နှစ်သိမ့်သောအနေနဲ့ ခပ်ဖွဖွ လာထိထားပါ
ကျွန်မကို အဲ့ဒီလို ညို့ငင်ဖြားယောင်းမှုတွေနဲ့ မချော့နဲ့။ အ
ရပေါင်း များပြီ။ စိတ်ကောက်ပြေရပေါင်း များပြီ။ ဒီတစ်ခါအပြ
လုံးဝ စိတ်ပြေချင်စရာမှ မရှိတာကွယ်။ တော်လှုက သိပ် တ
စွဲလန်းလွန်းနေလို့ အစွဲချွတ်တာပါ။ တော်လှုကို မဆိုးချင်
"အင်းလေ ... သိပ်ဆိုးတဲ့ ကောင်မလေးကို ချစ်တော
အလိုကျ ကိုယ်လိုက်လျောရမှာပေါ့ ... စိတ်ချ ...
ဝတ္တရား မပျက်စေရဘူး ... "





ရင်ထဲမှာ လှိုက်ခနဲ ကျေနပ်သွားခဲ့တာ ဟအားပဲ။
ိုယ် ဘယ်လောက် ကျေနပ်သွားရသလဲ ရှင်မသိပါဘူး တော်လှု
ည်။ ကျွန်မဘက်က တစ်ဆင့် အောင်မြင်ပြီးနောက်။ နောက်ထပ်
စ်ဆင့်ပဲ၊ အဲ့ဒီအဆင့် ကျန်သေးတယ်။ ရှင် အလုပ်လုပ်ဖို့ပဲ။ ရှင့်
တ်ကသာ ...

"မမေရဲ့ ပုံနှိပ်တိုက်ကို ... ကိုယ် ဦးစီးပြီး လုပ်တော့မယ်"
လို့သာ ပြောလာကြည့်။ ကျွန်မဘဝမှာ စာမေးပွဲ
အောင်တာထက်၊ ကိုယ်လိုချင်တဲ့ ရာထူးမျိုးနဲ့ အလုပ်ရတာထက်
ပောင် ဝမ်းသာမှာပါ တော်လှု။ အဲ့ဒီလို အလုပ်နဲ့ ပတ်သက်တဲ့
ားမျိုးကိုပဲ ကြားချင်လို့ စောင့်နေခဲ့တာလည်း ကြာပြီ။

ကိုကိုနှင့် နှိုင်းယှဉ်လိုက်တိုင်း ယူကြုံးမရ ဖြစ်ရတာ
နဲ့ပဲ။ တော်လှုမှာ ကိုကို့စိတ်ဓာတ် တစ်ဝက်ပိုင်ရင် အရာရာမှာ
န်မ တွေဝေစရာ မလိုတော့ဘူးပေါ့။ ကိုကိုဆိုတဲ့လူရဲ့ ချဉ်းကပ်
တွေကို ကျွန်မ ဘယ်ဂရုစိုက်တော့မလဲပေါ့။ အခုတော့ ကျွန်မက
ိတို့ကို လေးစားအားကျနေမိတော့တာမို့ သူ့ရဲ့ ချဉ်းကပ်မှုကို
င်ကလို မရှောင်ခဲ့မိတဲ့အတွက် အပြစ်ရှိသလား။

ကိုကိုက ပိုချမ်းသာလို့ ရွေးချင်သလားလို့ မစွပ်စွဲ
ရှင်နဲ့ကိုကိုတို့မိသားစု ချမ်းသာကြွယ်ဝမှုဟာ အတူတူလောက်
ာ။ ကျွန်မ ခန့်မှန်းရသလောက်ပေါ့။

သို့သော် ကိုကိုက တစ်ခုသာတယ်။ အဲဒါက သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် တစ်ခုကို အောင်မြင်အောင် လုပ်ချင်တဲ့ ယောကျ်ား မာနမျိုး ရှိနေတာပဲ။

"ဟိတ် ... ငြိမ်မနေနဲ့လေ ... ကိုယ်တို့ ရန်မှ မဖြစ်တော့တာ စကားပြောရအောင် ... ရန်မဖြစ်နိုင်တဲ့ စကားတွေကို ရှောင်ပြီးတော့လေ"

တော်လှပခုံးထက်မှာ ခေါင်းမှီချရင်း တော်လှနဲ့ ရန် မဖြစ်နိုင်မဲ့ စကားတချို့ ရွေးပြောရသော်လည်း ရွှေစင်ဖြာ၏ စိတ် တွေက အနာဂတ်ကိုပဲ ကြိုတင်တွေးနေသတဲ့။

***





တကယ့်တကယ်မှာတော့ တော်လှသည် သူမကို ဆိုင်ကယ်နှင့်ယှဉ်လျှင် ဦးစားမပေးခဲ့ကြောင်း နောက်တနေ့ တွင်ဘဲ သိခွင့်ရလိုက်ပါသည်။ သူမ၏ အလုပ်ချိန်တွေကို လာ တိုင်း ဘယ်တော့မှ နောက်ကျလေ့ မရှိတဲ့ တော်လှ နောက် တာတည်းက စိတ်ထဲမှာ ထင့်ခနဲ ဖြစ်လိုက်ရပြီ။

စတိုးဆိုင်ကလေးနားရပ်၍ ဟိုကြည့်ဒီကြည့် လုပ် ဆယ့်ငါးမိနစ်အထိ စောင့်မိပါသေးသည်။ ထို ဆယ့်ငါးမိနစ် အချိန်ထက် ပိုစောင့်ဖို့ သူမ စိတ်မဝင်စားပါ။ ဒီထက် နောက် င် အလုပ်ချိန်က နောက်ကျသွားမှာ သေချာသည်။

ဆယ့်ငါးမိနစ်ကျော်သောအခါ သူမသည် လမ်းမ တွင် အဆင်သင့် တွေ့လိုက်ရသည့် 'ကက'နံပါတ် တက္ကစီ ကို လက်လှမ်းတားပြီးခဲ့ပြီ။ ထို့နောက် တက္ကစီနောက်ခုံ ထိုင်လျက် ရင်ထဲမှာ တော်လှ ညာရက်လေခြင်းဟု ယူကြုံး



www.burmeseclassic.com

www.burmeseclassic.com



မရခြင်း၊ မိမိကို သူ့ဆိုင်ကယ်လောက်တောင် မြတ်နိုးမှု မရှိခြ
တွယ်တာမှု မရှိခြင်းတွေကို တွေးမိလေ ဒေါသဖြစ်ရလေပင်။

သေချာသည်။ သူ့စိတ်ကူးတွေ၊ ရူးသွပ်မှုတွေ၊ ခုံ
တွယ်တာမှုတွေကို ဆိုင်ကယ်တစ်စီးပေါ်မှာသာ ပေးအပ်ထား
ယောကျ်ားတစ်ယောက်ဟာ တော်လှူပဲ။

သူမဟာ ချစ်သူထံမှ ချစ်ခြင်းဟူသမျှကို ပိုင်ဆိုင်
ရလိုသော မိန်းမတစ်ယောက်ဖြစ်ကြောင်း ဝန်ခံပါရစေဦး။ ချစ်သူ
စိတ်ကူးများ၊ ရူးသွပ်မှုများ၊ ခုံမင်တွယ်တာမှုများ၊ ချစ်မြတ်နိုးမှု
အိုး ... အားလုံး အားလုံးပဲပေါ့။ အဲဒီ သက်ဆိုင်ခြင်းများကို
ပေးတဲ့အခါ သူမဟာ ပထမနေရာမှာ ရှိချင်သူလည်း ဖြစ်သေးသ

စဉ်းစားကြည့်။ ချစ်သူ၏ ဂရုစိုက်ခံရမှုများ၊ သ
သည်းလှုပ် ဖွဲ့လမ်းခြင်း ခံရမှုများနှင့် ပြည့်စုံကြွယ်ဝထားတဲ့ မိ
တစ်ယောက်ရဲ့ဘဝလောက် ကျေနပ်စရာကောင်းတာမရှိ။ အ
ဟာ သူမ တော်တော်ပဲ လက်ခံထားခဲ့သည့်အချက်ပင် ဖြစ်ပါသ

သို့သော် လက်တွေ့မှာတော့ သူမ၏ချစ်သူသ
သူ့အား မြတ်နိုးချစ်ခင်ခြင်း မှန်သော်လည်း သူမ လိုလား
ချစ်သူက ပထမနေရာပေး၍ ဂရုစိုက်ခံရခြင်းကို မရခဲ့ပေ။

သူမသည် အမြဲတမ်း ချစ်သူဘက်မှ ဂရုစိုက်
ဒု ိယနေရာ၌သာ ထားရှိခံစားရသူ ဖြစ်နေခြင်းမှာ အရာ
 စ်ခုကြောင့်ပင် ဖြစ်ပါသည်။





ထိုအရာဝတ္ထုကား သူမအမြင် ဝေဖန်ရသော် အသုံးကျခြင်း နည်းပါးလျက် အဆင်မသင့်လျှင် အသက်အန္တရာယ် ထိခိုက်ဖို့ အခွင့်အလမ်း များလွန်းသည့် ဆိုင်ကယ်တစ်စီးပင် ဖြစ်ပါသည်။

ထိုဆိုင်ကယ်က သူမ၏ချစ်သူပိုင်ဆိုင်သော ဆိုင်ကယ်တစ်စီး ဖြစ်သောအခါ။

ရွှေစင်ဖြာသည် မနေ့က စိတ်ကူးနဲ့ကျေနပ်ခဲ့မိသမျှတွေ၊ သူ့စကားကို ယုံကြည်မိသမျှတွေအားလုံး အဓိပ္ပါယ်မရှိခဲ့ပါလား ဟု သိရှိလျက် သူ့ကို ချစ်ခြင်းတစ်ဝက်၊ မုန်းခြင်းတစ်ဝက်ဖြင့် ထိုနေ့ တစ်နေ့လုံး အလုပ်လုပ်ရာတွင် အမှားမှား အယွင်းယွင်းတွေနှင့် ဖြစ်ခဲ့ပြီ။

နောက်ဆုံးတော့ ရွှေစင်ဖြာသည် ကိုယ့်စိတ်ရဲ့ စေစားမှုကို မနိုင်ခဲ့ချေ။ ရုံးခန်းအတွင်းဖုန်းကို အသုံးပြု၍ သူ့အိမ်သို့ ဖုန်းဆက် စုံစမ်းကြည့်မိပါသည်။

"တော်လှူဝင်း မရှိဘူးကွယ် ... ဆိုင်ကယ်ပြင်ဖို့ဆိုလား ... ဝပ်ရှော့သွားတယ် ... အဲဒီလိုပြင်တာ တစ်ပတ်ကြာမယ်တဲ့ ... အန်တီသိရသလောက်က ဒါပါပဲ ... အရေးကြီးတဲ့ ကိစ္စရှိလို့လား ... အန်တီ့ကို မှာခဲ့လေ ... သမီးလေးနာမည်လေး ပြောပြပါဦး ... အန်တီ အရမ်းအံ့သြနေလို့ ... သားဆီကို ဖုန်းဆက်တာ သမီးက အန်တီ ပထမဆုံးသိခွင့်ရတဲ့

www.burmeseclassic.com



သားရဲ့ မိန်ကလေးမိတ်ဆွေ ဖြစ်နေလို့ပဲ”

အဲဒါကို ကျွန်မ ကြည်နူးရမလား အန်တီ။ ကျွန်မက သူ့ရဲ့ ပထမဆုံး မိန်းကလေးမိတ်ဆွေတဲ့လား။ ဂုဏ်ယူရမဲ့စကားလား။ရှင်ဟု မေးမိတော့မလို ဖုန်းခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း တော်လှူမေမေပြောတဲ့စကားကြောင့် မျက်ရည်များ စိမ့်အိုင်လာမိပြီ။ ဒါပေမယ့် အန်တီမသိတာက သူ့ဘဝမှာ ကျွန်မက သူ့ဆိုင်ကယ်လောက် အလေးထားစရာ မဟုတ်ဘူးဆိုတာပဲလို့ ပြောပြတိုင်တည်ချင်မိသည်။

“ရွှေစင်ဖြာလို့ပဲ ... ပြောလိုက်ပါအန်တီ ... ကျွန်မကို ရှိုင်းတယ်လို့တော့ မထင်ပါနဲ့ ... သူ့ဆိုင်ကယ်ပြင်ဖို့ ဝပ်ရှော့သွားတယ်ဆိုတာ သိလိုက်ရပြီမို့ ကျွန်မမှာ အန်တီ့ကို သူ့အတွက် မှာစရာစကား မရှိတော့ပါဘူး ... အဲဒါပါပဲ အန်တီ ကျွန်မ ဖုန်းချလိုက်ပါပြီ”

ဖုန်းချပြီးသောအခါ ရွှေစင်ဖြာသည် သူမ၏ အလုပ်စားပွဲရှိရာထံ ခပ်လေးလေး လျှောက်လာခဲ့သည်။ အန်ကယ်လ် ဦးထွန်းမြတ်က မှန်တံခါးကို တွန်းဖွင့်ဝင်လာတော့ သူမသည် ဟန်ဆောင်ပြုံးဖြင့် နှုတ်ဆက်ဖို့ အဆင်သင့် ဖြစ်နေခဲ့လေပြီ။

“ခင်ခင်တောင် ... ဒီနေ့ သမီးမေမေဆီ ဝင်လည်မယ်ဆိုလို့ အသွားမှာ အန်ကယ်လ် ဝင်ပို့ခဲ့ရသေးတယ် ... သူတို့အခုတလော ပြန်ပြီး တွဲကြတာ ဘာအကြံအစည်ရှိလို့လဲ





မသိဘူးဟော့ ... အန်ကယ်လ်ထင်တာ ပြောရရင် ကိုမြတ်မင်းတော့ မျက်ခုံး ခပ်လှုပ်လှုပ်ပဲ ထင်ပါရဲ့”

ကိုကိုနဲ့ ပတ်သက်၍ ဦးထွန်းမြတ် နောက်ပြောင်သည့်စကားဟု ရွှေစင်ဖြာ နားလည်လိုက်ပါသည်။ အဲဒီအတွက် ရွှေစင်ဖြာ စိတ်ရှုပ်ရလွန်းလို့ ရူးသွပ်သွားတော့မယ် ထင်ပါရဲ့။ မေမေက ရွှေစင်ဖြာနှင့် တော်လှူအကြောင်းလည်း သိနေသည်။ ကိုကို့ဖက်က ဘာတွေ ခြေလှမ်းချင်သလဲဆိုတာလည်း သိနေသည်။ ရွှေစင်ဖြာအတွက် အနေးနဲ့အမြန် ရင်ဆိုင်ရတော့မည်မှာ သူမ၏ 'ရွေးချယ်မှု'ပင် ဖြစ်နေလေပြီ။

ထို 'ရွေးချယ်မှု' ဆိုတဲ့ ဝေါဟာရကြောင့်ခုကပဲ သူမကို အကူပေးမှာဖြစ်ကြောင်း ရွှေစင်ဖြာ ကြိုတင်တွေးမိလျှင် ဦးနှောက်တွေတောင် ချာချာလည်ချင်သည်။

ရုံးဆင်းချိန်မှာတော့ သူမသည် မနက်ကလောက် တော်လှူကို မျှော်လင့်မထားတော့ပေ။ သိနေခဲ့ပြီ။ မနက်ကအဖြစ်အပျက်နဲ့ပင် တော်လှူဟာ သူပြောထားတဲ့ စကားအတိုင်း ဆိုင်ကယ်ပြင်ပြီးသည့် တစ်ပတ်ကြာ အချိန်အထိ သူမကို လာတွေ့နိုင်တော့မည်မဟုတ်။ သူ့ဆိုင်ကယ်ကြီးနံဘေးမှာ သူ့ဆိုင်ကယ်ကို ဘာသာ ထိုင်ငေးနေရလျှင် သူမကိုတောင် မေ့မည့်လူစားဖြစ်ကြောင်း ရွှေစင်ဖြာ သဘောပေါက်သွားခဲ့ပေပြီ။

ကုမ္ပဏီရှေ့မှာရှိသည့် ပလက်ဖောင်းမှာ ရပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



'ကက' နံပါတ်ရှိသည့် တက္ကစီကို တမင်စောင့်ငှားနေရင်း တော်လှ ဝေဖန်ဖူးသည့် စကားတစ်ခွန်းကို သတိရနေသေးသတဲ့။

"ရွှေစင်ဖြာလည်း တက္ကစီတောင် 'ကက' နံပါတ်ပါတဲ့ ဆလွန်းကား တက္ကစီတွေမှ ရွေးစီးသလို ... ကိုယ်လည်း ဆိုင်ကယ်စီးရတာကိုပဲ သဘောကျတာပေါ့"

တဲ့လေ။ အင်း သူပြောတာလည်း ဟုတ်သား။ သူမ ကိုယ်တိုင်ကလည်း ဘာကြောင့်မှန်းမသိ။ အဲဒီလို 'ကက'နံပါတ် ပါသည့် အငှားကားမှ စီးချင်သည်။ လေးဘီး တက္ကစီလည်း မစီး။ နံပါတ်အနီပြောင်းထားသည့် အငှားကားလည်း မစီးတာ ကြာပြီ။ အရင်က အဲဒီနံပါတ်တွေ မပေါ်ခင်က လေးဘီးတို့၊ ပရိုက်ဗိတ် တက္ကစီတို့ စီးဖြစ်ပါရဲ့။ အခုမှ ညီအစ်မတွေအားလုံး စိတ်တူစွာ 'ကက'နံပါတ်ပါသည့် တက္ကစီတွေသာ ရွေးချယ် ငှားစီးလေ့ရှိမည် ဒါဟာ တော်လှုကဲ့သို့ တယူသန် ရူးသွပ်ခြင်းတစ်ခုများ ဖြစ်နေ လားဟု ကိုယ့်ကိုယ်တိုင် မဆန်းစစ်ကြည့်မိသေး။

"ရွှေစင် ... ဘာရပ်စောင့်နေတာလဲ"

အတွေးလွန်ကာ ခပ်ဝေးဝေး လမ်းမကြီးဆီ ငေးနေ မိချိန်တွင် ရွှေစင်ဖြာ မျှော်လင့်မထားခဲ့သော လူတစ်ယောက်က သူ့ကားနှင့်အတူ သူမရှေ့မှာ ရပ်တန့်နေခဲ့ပေပြီ။

"ကိုကိုပါလား ... ဘယ်လာတာလဲ"

သူက မလုံမလဲ ပြုံးလိုက်၍ ရွှေစင်ဖြာက သူ ဘာ





ကြောင့် ဒီလိုပြုံးသလဲဆိုတာ တွေးရှိမရ။

"အရောင်းကိုယ်စားလှယ်တစ်ယောက်ဆီမှာ ကုန်တိုက် အတွက် ပစ္စည်းအသစ်အဆန်းတွေ မှာထားတာ ရောက်နေ လို့ ... သွားကြည့်ပြီး ပြန်လာတာ ... ရွှေစင်တို့ အလုပ် လုပ်တဲ့ ကုမ္ပဏီရှေ့မို့ ... တမင် ခပ်ဖြည်းဖြည်းမောင်းပြီး ရွှေစင်များ ရှိမလားဆိုပြီး ကြည့်လာလို့ ပလက်ဖောင်းမှာ ရပ်နေတဲ့ ရွှေစင့်ကို တွေ့သွားတာ ... နောက်မို့ တွေ့မှာ မဟုတ်ဘူး ... ကျွန်တော်က ကားမောင်းကြမ်းတယ် ... ကားမောင်းရင် ဘေးဘီကိုလည်း ကြည့်လေ့ကြည့်ထ မရှိ တော့ တော်ရုံဆို မြင်မှာ မဟုတ်ဘူး"

ကိုကိုသည် မျက်နှာခပ်ညိုးညိုးကလေးဖြင့် ရပ်နေ သော အမျိုးသမီးကလေး၏ အရိပ်အကဲကို အစောကြီးကတည်း က စောင့်ကြည့်နေခဲ့၍ ရိပ်မိနေခဲ့ပြီးပြီ။ ဘယ်လောက် ရယ်စရာ ကောင်းတဲ့ သူ့အဖြစ်လဲ။ နေ့စဉ် ရွှေစင် ကုမ္ပဏီအလုပ်ဆင်းချိန် တိုင်း ရွှေစင်နဲ့ သူ့ကောင်းလေးတို့ အတူတွဲပြန်သွားလေ့ရှိခြင်း မြင်ကွင်းကို မရှိုးနိုင်စွာ နေ့တိုင်း လာချောင်းတတ်သတဲ့။

ပြီးတော့ အဲဒီစုံတွဲရဲ့ ဆိုင်ကယ်နောက်က ကားနဲ့ နေ့တိုင်း လိုက်ကြည့်၊ လိုက်ငေး၊ အိမ်ရောက်ရင် စိတ်ထိခိုက် ကြေ ကွဲနေတတ်သတဲ့။ အံ့သြဖို့ကောင်းတဲ့ သူ့အဖြစ်ကို သူကိုယ်တိုင်ပင် ဘယ်လို ဝေဖန်ရမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



မိမိ ချစ်မြတ်နိုးသော မိန်းကလေးက မိမိ မျက်

ရှေ့မှာ သူမ၏ ချစ်သူနှင့် အတူတွဲသွားတတ်တာကို သိပြီးကတည်း

က နေ့စဉ် မနေနိုင် မထိုင်နိုင် စောင့်ကြည့်ရ၊ ကြေကွဲရနှင့် ဖြ

သန်းခဲ့ရတဲ့ ညနေပေါင်း ဆယ်ရက်တိတိရှိပြီ။

သူမအပေါ် စိတ်ပျက်သွားတာမျိုးလည်း မဖြစ်

ချစ်မြဲ ချစ်နေမိလျက် ထိခိုက်ကြေကွဲစွာ ထိုမြင်ကွင်းကို ခပ်ကြ

ကြောင် လာကြည့်မိခြင်းမှာ သိပ်တော့ အဓိပ္ပါယ်မရှိလှပါဘူး။

သော် ကိုကိုကတော့ ထိုအဓိပ္ပါယ်မရှိသော အလုပ်ကို လုပ်နေ

သည်မှာ ဆယ်ရက်ရှိခဲ့ပြီ။

ဒီနေ့တော့ ဆိုင်ကယ်မင်းသားကလေးလည်း ရော

မလာခဲ့။ ဒီနေ့ နောက်များ ကျသလားဆိုပြီး သူ စောင့်ကြည့်နေ

ပါသေးသည်။ သို့သော် သူမပုံစံက နာရီတကြည့်ကြည့်နှင့် စော

နေသည့် အမူအရာလည်း မတွေ့ရ၊ ကုမ္ပဏီ လှေကားထစ်တွေ

မှ ဆင်းလာကတည်းကကို ခပ်ငိုင်ငိုင်အမူအရာနှင့်၊ တွေဝေနေသ

အမူအရာတွေနှင့်၊ ခြေလှမ်းတွေကလည်း တက်ကြွခြင်းမဲ့လို့

တစ်စုံတစ်ယောက်အား မျှော်နေသည့် အမူအ

တွေ မရှိတာ သေချာသည်။ သူမပုံစံက စိတ်နဲ့ ကင်းကွာနေသလို

မဖြစ်တော့ဘူး၊ ကိုယ် ဒီလောက်ထိ မင်းအကြာကြီး ကြောင်

ရပ်နေတာကို ကြည့်နေနိုင်တဲ့အင်အားတွေ ကိုယ့်မှာ မရှိဘူးလို့ ရော

ရှုးသွေးတန်း ရွှေ့တ်မိသည်လား သူ မမှတ်မိ။





သူ မှတ်မိလိုက်ချိန်တွင် သူကားသည် သူမရှေ့မှာ ရပ်တန့်ခဲ့ပြီတည်း။

"ရွှေစင် ... ဘယ်သူ့ကို စောင့်နေတာလဲ"

မေးမိပြီးမှ သူ့မေးခွန်းများ မှားသွားသလားဟု ဆန်းစစ်မိပြီး မိမိကိုယ်ကို အပြစ်တင်မိပြန်သည်။

"ဟင့်အင်း ... ကျွန်မ ဘယ်သူ့ကိုမှ မစောင့်ပါဘူး ... တက္ကစီ စောင့်နေတာပါ ... ဖြတ်သွားသမျှ တက္ကစီတွေက 'ကက' နံပါတ်မဟုတ်လို့ မငှားတာလေ ... ကိုကိုသိပါတယ် ... ကျွန်မတို့ ညီအစ်မတစ်တွေက အဲဒီနံပါတ်နဲ့ကားတွေ ပေါ်ကတည်းက 'ကက' နံပါတ်တတ်တဲ့ တက္ကစီမှ စီးချင်ကြတဲ့ စိတ်ကူးအထူးအဆန်း ရှိတယ်လေ"

"ကဲ ... ကဲ ဒါဖြင့် ကျွန်တော်က တစ်ခု ခွင့်တောင်းမယ် ဒီနေ့တော့ တက္ကစီ ငှားစီးပြီး အိမ်ပြန်မနေပါနဲ့ ... ကျွန်တော်နဲ့ ကြုံသွားတဲ့အတွက် ကျွန်တော် လိုက်ပို့ပေးပါရစေလို့ ခွင့်တောင်းမယ်ဗျာ ... ရွှေစင့်ကို အိမ်လိုက်ပို့ပေးပါရစေ"

"လမ်းမကြုံဘဲနဲ့ ကိုကိုရယ် ... တကူးတကကြီးပါ ... ကျွန်မ ဒီလိုပဲ ကားငှားစီးပြီး ပြန်နေကျပါ ... ရပါတယ် ကိုကိုက တမင် တကူးတကကြီး လိုက်ပို့နေရလိမ့်မယ် ... ကျွန်မသိတယ် ... ကိုကို့အိမ်နဲ့ ကျွန်မအိမ်က တစ်လမ်းစီ ... လမ်းမှ မကြုံတာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းကလေး ညာတတ်တယ်။ ဆိုင်ကယ်တစ်စီး... နောက်လိုက်ပြီး အိမ်ပြန်နေကျဆိုတာ ကိုယ် မသိဘူး မှတ်နေ... လား။ ကိုကိုသည် ဘာရယ်မဟုတ် ခပ်ပြုံးပြုံး ဖြစ်သွားခြင်းအ... ရွှေစင်ဖြာက အခံနေခက်သွားကြောင်း ရိပ်မိလျှင် ခပ်မြန်မြန် ... နာ ပြန်တည်ပိုက်ရသည်။ စိတ်ချ။ ကိုယ်က မင်းစိတ်ညစ်အောင် ဘယ်တော့မှ မလုပ်ဘူး ရွှေစင်။

"လမ်းမကြုံဘဲ လိုက်ပို့မယ်ဗျာ ... ဘယ့်နှယ် ... ကိုယ့်မိတ်ဆွေအချင်းချင်း လမ်းမှာတွေ့ရက် တမင်ထားခဲ့ပြီး အိမ်တိုင်ရာရောက် လိုက်မပို့ဘူးဆိုရင် ဘယ်ကောင်းမလဲ ... ကျွန်တော့်အတွက် ဘာမှ အပန်းကြီးတာမှ မဟုတ်ဘ... ဓာတ်ဆီလည်း အပိုကုန်စရာ မရှိပါဘူး ... ရွှေစင်ရယ်မဟုတ်... ပါဘူး ... ဘယ်မိတ်ဆွေပဲတွေ့တွေ့ ကျွန်တော် လိုက်ပို့ပေးမှာပါ ... အခု ကျွန်တော် လိုက်ပို့ပေးရမဲ့မိတ်ဆွေ ရွှေစင်ဖြစ်နေတော့ ကျွန်တော့်အတွက် ပိုပြီး အဓိပ္ပါယ်ရှိသွားတာပေါ့ ... ကဲ ... တက်ပါ ရွှေစင် ... တစ်ခါတလေ လမ်းကြုံတာပဲ လိုက်ပို့ပေးပါရစေ"

ကိုကိုသည် တစ်ဖက်ဘေးက ကားတံခါးကို အသ... သင့် ဖွင့်ထားပေးလိုက်၏။ ရွှေစင်က သူ့ကားရှေ့မှ ပတ်ပြီး ... အသင့်ဖွင့်ထားသည့် ကားတံခါးမှတစ်ဆင့် သူ့နံဘေးထိုင်ခုံပေါ် ... ထိုင်လိုက်လေသည်။ ကိုယ့်ရင်ထဲမှာ ကိုယ့်နံဘေးကို မင်း ရောက်...





...ခဲ့ပြီဆိုတာ သိလိုက်ရုံနဲ့တင် ဘယ်လောက် ချမ်းမြေ့သွားရသလဲ ...ဆိုတာ ကိုယ်တိုင်တောင် မခန့်မှန်းတတ်ပါဘူး။

ခက်ပါလား။ ချစ်သူရှိပြီးသား မိန်းမတစ်ယောက်ကို ...ဘာလို့ ချစ်နေမိသလဲ။ ကိုယ် မင်းကို ပိုင်ဆိုင်ခွင့် ရချင်နေတာ ...တော့ အမှန်ပဲ။ ကိုယ် မညာဘူး။ မင်းလက်ထပ်ရင် ဘယ်လိုလူမျိုး ...ကို ရွေးချယ်လက်ထပ်မလဲဆိုတာ ကိုယ် သိချင်နေပြီ။

အဲဒီအတွက်ကြောင့်ပင် ကိုကိုသည် အရဲစွန့်၍ မေး...ကြည့်ဖို့ ဆုံးဖြတ်တော့သည်။ သူမ၏ သဘောထားက ဘယ်လို...ပါလိမ့်ဟု ပြတ်ပြတ်သားသား သိချင်နေသည်။

"ရိုင်းတယ်လို့ မထင်နဲ့နော် ရွှေစင် ... ရွှေစင့်အသက် ဘယ်လောက်ရှိပြီလဲ ... ကျွန်တော် ခန့်မှန်းထားတာကတော့ ရွှေစင်က ကျွန်တော့်ထက် ငါးနှစ်ငယ်တဲ့ ခင်မေထွန်းနဲ့ အသက်အတူတူဆိုတော့ အသက် နှစ်ဆယ့်လေးနှစ်ရှိပြီလို့ ကျွန်တော် ထင်ထားတာ မှန်သလားဟင်"

"မဆိုးပါဘူး ... ကိုကိုခန့်မှန်းတာ မှန်ပါတယ် ... ကျွန်မ အသက် နှစ်ဆယ့်လေးနှစ် ရှိပါပြီ"

"အသက် နှစ်ဆယ့်လေးနှစ်ရှိပြီဖြစ်တဲ့ ... တက္ကသိုလ်မှာလည်း ဘွဲ့ရပြီးဖြစ်တဲ့ ကောင်မလေးတစ်ယောက်ဆီမှာ ချစ်သူတစ်ယောက်ယောက်များ မရှိနိုင်ဘူးလား ... ခင်မေထွန်းကတော့ သူတို့နဲ့ အတန်းအတူတူ ကောင်ကလေးနဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ တစ်နှစ်ရှိပြီတဲ့ဗျာ ... အစ်ကိုကို လာပြော
တယ် ... အဲဒီတော့ ကျွန်တော်တွေးမိတာက ... ခင်မေ
နဲ့ ရွယ်တူကောင်မလေးရွှေစင်မှာ ချစ်သူရည်စား ရှိမ
ဘူးလားဆိုတဲ့ အတွေးပဲ"

အင်း။ ရွှေစင်ဟာ ဒီလောက် သူ့ စမေးရုံနဲ့ သူ
ကြောင့် ဒါကို သိချင်သလဲ။ ဒီစကားကို အစပျိုးသလဲဆိုတာ
မရိပ်မိဘဲ နေမှာမဟုတ်။ သူ့သဘောထားက ဘယ်လို သ
ထားဆိုတာကိုလည်း ရိပ်မိနေလောက်ပြီ။ ဒီစကားရဲ့နောက်
မှာ ဘာတွေ ပါလာတော့မလဲဆိုတာကိုလည်း သိနှင့်နေလော
ပြီ။ ဘာဖြစ်လဲ။ ချစ်သူရည်းစားရှိပြီးသား မိန်းကလေးကို သူ
မက ဘယ်ယောကျ်ားလေးမဆို လွတ်လပ်စွာ ချစ်ရေးဆို
သေးတာပဲ။ သူမကို ပိုင်ဆိုင်ထားတဲ့သူမှ မရှိသေးတာ။ ကိုကို
သူ ဘာကြောင့် ဒီလိုစိတ်ဓာတ်တွေ ဖြစ်လာသလဲဆိုတာ
ထုတ်ဖို့ မလိုလားပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့အချစ်က သူမ
ဘာအကြောင်းကြောင့်နဲ့မှ ပြောင်းလဲမှေ့ပျောက်ခဲ့လို့မှ မ
တာဟု ဆင်ခြေတက်ချင်သားပင်။

"ဘာဖြစ်လို့ အဲဒီလို တွေးမိတဲ့သူဟာ ... ကျွန်မဖြ
သလဲဟင်"

ဘုရားရေ။ သူမရဲ့ ပြန်မေးခွန်းထုတ်မှုကို သူ
ကြိုတင် မပြင်ဆင်ထားမိခဲ့ပါလား။ မထူးပါဘူး။ ရိပ်မိနေမှ





"ကျွန်တော့်အတွေးထဲမှာ အမြဲတမ်းရှိနေတဲ့ မိန်းကလေးက
ရွှေစင်ဖြစ်နေလို့ပဲလို့ ... ကျွန်တော် ဝန်ခံရင် ကောင်းပါ့
မလား ... ကားကြုံတင်ခေါ်ပြီး ရိုသဲ့သဲ့စကား ပြောတယ်
လို့ ရွှေစင်ယူဆသွားမှာ စိုးရိမ်တယ်ဗျာ ..."

သူမ ပြုံးလိုက်သလားဟု သူ့မျက်ဝန်းထောင့်များမှ
တ်ခနဲ တွေ့လိုက်ရ၏။ ဘာကြောင့် ပြုံးရသလဲ။

"မစိုးရိမ်ပါနဲ့ ... ကျွန်မ ကိုကို့သိက္ခာကို ယုံကြည်ပါတယ်
ကိုကို ဒီလို အမှန်အတိုင်း ဝန်ခံရဲတာကို ကျွန်မ သဘောကျ
တယ် ... အင်း ... ဒါပေမဲ့ ကိုကို့အတွေးထဲမှာ ကျွန်မကို
ထည့်မထားပါနဲ့တော့လား ... ကျွန်မအပြင် တခြားမိန်းက
လေးတစ်ယောက်ယောက်ကိုဖြစ်ဖြစ် ကိုကို့အတွေးထဲမှာ
ထည့်ထားရင် ... ကိုကို့အတွေးတွေ ပိုပြီး အဓိပ္ပါယ်ရှိလိမ့်
မယ်"

"အဲဒါ ... ဘာကို ဆိုလိုတာလဲ ... ကျွန်တော် နားမလည်ဘူး
ကျွန်တော် နားလည်တာက ... ကိုယ်စိတ်ဝင်စားတဲ့
မိန်းကလေးတစ်ယောက်ရဲ့အကြောင်းကို စိတ်ကူးထဲမှာရော
အတွေးထဲမှာပါ အမြဲထည့်ထားရတဲ့အရသာဟာ ဘာခံစား
ချက်နဲ့မှ မတူဘူးဆိုတာပဲ"

ကြည့်စမ်း။ ဒီလိုမျိုး စိတ်ဓာတ်တွေကို သူမရှိစေ
သူ့ထံမှာ ရှိမနေဘဲ ကိုကို့ဆီမှာ ရှိနေသတဲ့လား။ တော်လှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတွေ၊ အတွေးထဲမှာ သူမတစ်ယောက်ထဲ နေရာယူ
ခဲ့တဲ့ ရွှေစင်ဖြူရဲ့ဆန္ဒက မပြည့်ခဲ့။ သို့သော် ကိုကိုရဲ့ စိတ်ကူး
အတွေးတွေမှာတော့ သူမတစ်ယောက်တည်းသာ ရှိနေတော့
အခါ ရွှေစင်ဖြူသည် ပိုမို၍ တွေဝေသွားရတော့၏။

"ကျွန်မ ... မညာချင်ဘူး ကိုကို ... ကျွန်မမှာ ချစ်
တစ်ယောက်ရှိတယ် ... ကျွန်မတို့ ချစ်သူဖြစ်တာလည်း
နှစ် ပြည့်ခါနီးပါပြီ"

"ရှိနေသေးတာလား ... ရှိခဲ့တာလား"

"ဟင် ... ဘာကို မေးတာလဲ"

"ရွှေစင် စိတ်မဆိုးနဲ့ ... ကျွန်တော် အဲဒီကိစ္စကို သိနှ
တယ် ... ဒါပေမယ့် ... ဒီနေ့ ရွှေစင်မျက်နှာ ညှိုးနေ
လာကြိုနေကျ လူတစ်ယောက်ကို မျှော်နေတဲ့ အ
ရောင် မတွေ့ရတော့ ချစ်သူရှိနေသေးသလား ... 
အထိရှိခဲ့တာလား ... ဒီနေ့ထိ ရှိနေသလားဆိုတာ
ပြားပြား မေးတာပါ"

"ကိုကို ... ဟင် ... ရှင် အကုန်သိနေတယ်"

ကိုကိုသည် သူ့နာမည်ကို ရေရွတ်လိုက်၏၊ 'ဟင်'
အာမေဋိတ်သံဖြင့် သူ့အား အလန့်တကြား လှမ်းကြည့်လိုက်
ရွှေစင့်ကို တစ်ချက်လှည့်ကြည့်၍ နှစ်သိမ့်သောအပြုံးဖြင့်
လိုက်ပါသည်။





သူတို့နှစ်ယောက် အသံတိတ်သွားသောအခါ ကား
တွင်းဘက်တစ်ခုလုံး ငြိမ်သက်သွားတော့သည်။ ငြိမ်သက်မှုကို
သာ မလိုလား၍ Laser Dis တစ်ခု အသင့်ထည့်ထားနှင့်ပြီးသား
တ်ဆက်ခလုတ်ကို နှိပ်လိုက်၏။ မင်း စကားမပြောတော့တာ
ကိုယ် နားလည်ပါတယ်။ မင်း အနေမခက်စေရအောင် ကိုယ်
င်ပဲ သီချင်းသံနဲ့ ကိုယ်တို့နှစ်ယောက်ကြားက တိတ်ဆိတ်မှုကို
ဖျက်ပေးခဲ့တာပါ။

"Have I told you lately ... that I love you"

ဟူသော သီချင်းစာသားအရောက်တွင် သူ အလိုလို
ရင်ထဲ၌ နာကျင်သွားခဲ့သည်။ ကိုယ်ကတော့ ဒီလို မေးစရာ
အောင် နောက်ကျခဲ့ပြီနော်။ မင်းကို ကိုယ်ချစ်နေပါတယ်လို့
ပြောခွင့်တောင် မကြုံအောင် ကိုယ့်ရဲ့ချစ်ခြင်းက နောက်ကျ
ခဲ့ပြီ ရွှေစင်။ ရွှေစင့်ချစ်သူနာမည်ဟာ ကိုယ်မှန်းဆရရင် ကိုယ်
ခါက သဲ့သဲ့မျှ ကြားလိုက်ရတဲ့ 'တော်လူ' ဆိုတဲ့ နာမည်နဲ့လား
ကိုယ် မမေးချင်တော့ပါဘူး။

သူတို့နှစ်ယောက်သည် သီချင်းသံသဲ့သဲ့က ပျံ့လွင်
ကားတစ်စီးအတွင်း၌ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေခဲ့ကြ
ရွှေစင့်အိမ်ရှေ့မှာ ချပေးသောအခါမှသာ ရွှေစင့်ထံမှ အရင်ဆုံး
ရသော အသံကလေးမှာ ...

"အိမ်ပေါ်တက်ပါဦးလား ကိုကို ... ကော်ဖီတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



လောက် သောက်သွားပါဦး"

ချိုသာသော ဖိတ်ခေါ်သံကလေးပဲ ဖြစ်ပါသည်
ဒါပေမယ့် မင်္ဂလာဝထဲကို ဝင်ဖို့ ဖိတ်ခေါ်တဲ့အသံမှ မဟုတ်
ကိုယ် ဘယ်လိုလုပ် ကြည်နူးနိုင်မလဲ ရွှေစင်ကလေးရယ်။

"မတက်တော့ဘူး ရွှေစင် ... ကျွန်တော်တို့ ဒီနေ့စကား
အများကြီး ပြောပြီးပြီလေ ... ရွှေစင်လည်း ဦးနှော
ခြောက်သွားပြီ ... ကျွန်တော်လည်း ... အင်း ထားပါ
ကျွန်တော့်ကဗျာကို မပြောတော့ပါဘူး ... ကျွန်တော်
ပေါ် မတက်တဲ့အတွက် ရွှေစင် ခွင့်လွှတ်ပါနော် ... အ
ကိုလည်း ရွှေစင်ပဲ ကြည့်ပြောလိုက်ပါ ... ကျွန်တော်
အရမ်းပြန်ချင်နေပြီ ... သိလား"

"ဟုတ်ကဲ့ ... ကျွန်မ နားလည်ပါတယ် ကိုကို ... အ
အိမ်ကို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဩော် ... တစ်ခုတော့ မှာထားခဲ့မယ် ရွှေစင် ... ကျွန်
မေးထားတဲ့ မေးခွန်းနဲ့အဖြေကို ကျွန်တော် သိချင်
တယ် ... မနေ့ကအထိ ရှိသေးတာလား ... ဒီနေ့က
မရှိတော့ဘူးလားဆိုတဲ့ ရွှေစင့်ချစ်သူအကြောင်းကို တ
နေ့တော့ ကျွန်တော့်ကို ရွှေစင် အဖြေဖော်ပေးနိုင်လိမ့်
လို့ မျှော်လင့်ပါရစေ ..."

"စိတ်မပျက်သေးဘူးလားရှင် ..."





"အခုထိ ... ကျွန်တော့်စိတ်ကူးတွေရော ... အတွေးတွေ
ရော ... ကျွန်တော်နဲ့ သက်ဆိုင်သမျှ အရာရာတိုင်းမှာ
ရွှေစင်က နေရာအပြည့် ယူထားသေးတယ် ... အထူးသဖြင့်
ကျွန်တော့်ရဲ့ နှလုံးသားထဲမှာပေါ့ ... ကဲ သွားပြီ ရွှေစင်"

ဘုရားရေ။ တော်တော့်ကို အံ့ဩရတဲ့အဖြစ်တစ်ခုပါ
ါ ဒါကို သူမက တကယ် မျက်မြင်ကြုံတွေ့လိုက်ရပြီ။ ချစ်သူရှိပြီး
သားပါလို့ သူကိုယ်တိုင်လည်း သိထားနှင့်တာတောင် သူက ရွှေစင်
ကိုပဲ စိတ်ကူးယဉ် မျှော်လင့်သေးသတဲ့။ ချစ်နေခဲ့သေးသတဲ့။
ဤသို့ သိခွင့်ရခြင်းက ရွှေစင်ဖြာ၏ 'ရွေးချယ်မှု' ကို ပိုမိုခက်ခဲစေ
ပြီဖြစ်ကြောင်း သူမ အလိုလို သိမြင်လာတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်မ ... ကိုကို့ကို မညာချင်ပါဘူး ... သူ့ကို ကျွန်မ တကယ်ချစ်ခဲ့မိတယ် ... စတွေ့ကတည်းကပဲထင်တယ် ... ဒါပေမဲ့ ... သူ့စရိုက်နဲ့ အယူအဆတွေကို အနီးကပ် လေ့လာကြည့်မိတဲ့အခါမှာ ကျွန်မဆန္ဒတွေ အယူအဆတွေနဲ့ မကိုက်ညီတာကို တွေ့ခဲ့ချိန်မှာ ကျွန်မ အင်မတန် ဝမ်းနည်းခဲ့ရတာပေါ့ ... ကျွန်မ သူ့ကို သိပ်ချစ်နေခဲ့ရက်နဲ့ သူ ဖွင့်ပြောလာတဲ့နေ့မှာပဲ သူ့မှာရှိတဲ့ ကျွန်မ မကြိုက်တဲ့အချက်တွေကို ထောက်ပြပြီး ကျွန်မဖြစ်စေချင်တာတွေနဲ့ယှဉ်ပြီး သူ့ကို ငြင်းခဲ့တယ် ... လှောင်ခဲ့တယ် ... သူ အဲဒီနေ့မှာ ကျွန်မကို မုန်းသွားပြီလို့ ကျွန်မယူဆခဲ့မိအောင်ပဲ သူပဲ စတင် နောက်ဆုတ်တဲ့စကားကို ပြောခဲ့တယ် ... "

"အင်း ... ဘာပြောရမလဲ ... သူ့ဘက်က ပြတ်ပြတ်သား ဖြတ်တောက်သွားပြန်တော့ ကျွန်မက ကိုယ့်ရဲ့ အတ္တကြောင့် ကိုယ်ချစ်ရတဲ့သူတစ်ယောက်ကိုတောင် ချစ်နေခဲ့ရက်နဲ့ စွန့်လွှတ်လိုက်မိတဲ့ ကိုယ့်ကိုယ်ကိုယ် ငါဟာ သိပ်မိုက်မဲတဲ့မိန်းမလို့ နေ့တိုင်း အပြစ်တင်မိတော့တယ် ... သူ့ကို မတွေ့ရတဲ့ရက် ကြာလာလေလေ နေလို့ထိုင်လို့ မရအောင် လွမ်းလေလေ ဖြစ်လာတယ် ... ချစ်သူကို သိပ်ချစ်ခဲ့ရက် 'ချစ်တယ်' ဆိုတဲ့ စကားတစ်ခွန်းတောင် မပြောခဲ့ပဲ ဘဝတွေ ... အလုပ်အကိုင်တွေ ... အနာဂတ်တွေနဲ့ တမင် နှိပ်စက်ခဲ့တဲ့အတွက် ... ကျွန်မကိုယ်တိုင် နောင်တရခဲ့မိတာပေါ့ ... ကိုကို"

"တကယ်တော့ ... ကျွန်မသူငယ်ချင်း ခွဲလွဲပြောခဲ့တာ သိပ်မှန်တယ် ... နင် ဒီလို နောင်တမျိုး ရ ဘာမှားတယ်လို့ သူ ဝေဖန်ခဲ့တယ် ... သူ့ထက် ချစ်ရမဲ့သူကို ကျွန်မတွေ့မှာတဲ့ ... ထင်မြင်ချက်ပေးခဲ့တယ် ... လွဲလွဲက ... ဒါပေမဲ့ လွဲလွဲရဲ့ထင်မြင်ချက်လည်း မမှန်ခဲ့ပါဘူး ... ကျွန်မရဲ့ နောင်တလည်း သိပ်မကြာလိုက်ရပါဘူး ... သူနဲ့ အဲဒီလို ကွဲကွာပြီး တစ်လခွဲအကြာမှာ သူ ကျွန်မကို လာတွေ့တယ်လေ ... ကျွန်မသိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်ကို မမျှော်လင့်ပဲ ပြန်တွေ့ရချိန်မှာ ကျွန်မ ဘယ်လိုလုပ် ဟန်ဆောင်နိုင်မလဲ ... သူ့ဆီမှာ ကျွန်မ မနှစ်မြို့တဲ့ စိတ်ဓာတ်တွေရှိ





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်းသိရက် မိုက်မိုက်မဲမဲ ကျွန်မ ချစ်ခဲ့တယ် ... သူ့ရဲ့ချစ်သူ
အဖြစ် ကျေနပ်ခဲ့တယ် ... သူ့ကို နားလည်လာအောင်
တဖြည်းဖြည်း ဖျောင်းဖျမယ်လို့ စိတ်ကူးယဉ်စိတ်တွေနဲ့
ချစ်ခဲ့တယ် ... ဒါပေမဲ့ သူက ကျွန်မကို ဘယ်လောက်
ချစ်သည်မှန်ပါစေ ... သူ့ရဲ့စိတ်ဓာတ်ကိုတော့ ဘယ်တော့မှ
ပြောင်းလဲမဲ့လူစားမဟုတ်ခဲ့ဘူး ... အမြဲတမ်းပဲ ယောက်ျား
တစ်ယောက်ဖြစ်ပြီး အလုပ်အကိုင် မယ်မယ်ရရ တစ်ခု
လုပ်ဖို့ပြောမိတိုင်း စကားများရတယ် ... သူက မိဘပိုက်ဆံ
ရှိတာကို ထိုင်သုံးချင်တဲ့လူစား ... ကျွန်မက မိဘပိုက်ဆံ
ကို မမက်မောဘူး ... ကိုယ့်အင်ကိုယ်အားနဲ့ရတဲ့ ငွေကြေး
ကိုပဲ မက်မောတယ် ...”

“အဲဒါတွေကလည်း တစ်ကြောင်းပေါ့ ... အခုနောက်ပိုင်း
ကျွန်မ ပိုပြီး ခံပြင်းလာတာက သူဟာ သူ့ရဲ့ဆိုင်ကယ်
သိပ် ဦးစားပေးလွန်းခဲ့တာပဲ ... ကျွန်မထက် သူ့ဆိုင်ကယ်
ကို ရှေ့တန်းတင် စဉ်းစားတယ် ... သူ့စိတ်ကူးတွေ အလုံး
အဲဒီဆိုင်ကယ်ကပဲ ဝါးမြိုပစ်နေလို့ သူ အလုပ်လုပ်ဖို့ စိတ်
မဝင်စားတာလို့ ကျွန်မထင်တာ ထားတော့ ... ကျွန်မ
ပေးတဲ့ ကတိတစ်ခုကို ဒီဆိုင်ကယ်နဲ့ယှဉ်တွေးပြီး ဖျက်
ခြင်းခံရတာကို ကျွန်မ အရမ်း နာကြည်းခဲ့မိတော့တာပဲ”

ကိုကိုသည် သူမနှင့်ဆုံပြီး နောက်ထပ်နှစ်ရက်





အကြာ တတိယမြောက် ညနေခင်းမှာ သူ့စိတ်၏ စေစားမှုအရ
သူမ၏ အလုပ်ဆင်းချိန်မှာ သွားစောင့်မိခဲ့သည်။ ထိုအခါ အထီး
ကျန်စွာ တစ်ယောက်တည်း ပလက်ဖောင်းမှာရပ်၍ ကားငှားရန်
ပြင်ဆင်နေသော အမျိုးသမီးကလေးနှင့် ဆုံရပြန်သည်။

ကားကြုံခေါ်ခဲ့ပြန်သည်။ သို့သော် ဒီနေ့တော့ ကိုကို
သည် သူမကို အကြာကြီး စကားပြောခွင့်ပြုရန် ခွင့်တောင်းမိခဲ့ပါ
သည်။ သူမက ခွင့်ပြုခဲ့၍ ယခုလို အေးအေးချမ်းချမ်းရှိတဲ့ သစ်ပင်
ရိပ်များ ပေါများရာနေရာ၌ ကားရပ်ကာ တစ်ယောက်အကြောင်း
တစ်ယောက် ဖလှယ်မိတဲ့အခါ သူမ၏ ခံစားချက်တချို့ အကြောင်း
အရာတချို့ သိခွင့်ရခဲ့တာဖြစ်ပါသည်။

“ဒါဆို ... တော်လှူဝင်းနဲ့ မတွေ့တာ ဒီနေ့ဆို သုံးရက်ရှိပြီ
ပေါ့ ...”

“ဟုတ်တယ် ... ဆိုင်ကယ်ကို ပြင်တာဆင်တာ တစ်ပတ်
ကြာမယ်လို့ သူပြောခဲ့တယ် ... တစ်ပတ်ကြာရင် သူ ကျွန်မ
ကို လာချော့ဦးမှာပါ ... ဒါပေမဲ့ ... ဒီတစ်ခါ ကျွန်မ သူ့ကို
လွယ်လွယ်နဲ့ အရှုံးမပေးတော့ဘူး ... ကျွန်မဖြစ်စေချင်တဲ့
ဆန္ဒတွေ သူဖန်တီးပေးနိုင် မပေးနိုင်ကို ကျွန်မ ပြတ်ပြတ်
သားသား မေးတော့မယ် ... သူ့ဘဝမှာ ဘယ်အရာက
အရေးကြီးဆုံးလဲဆိုတာ သိဖို့ အချိန်တန်ပြီဆိုတာ ကျွန်မ
ဆုံးဖြတ်ပေးတော့မယ် ... ကျွန်မကို ဒီတစ်ပတ်ဆုံး သူပေး

www.burmeseclassic.com



တဲ့ ဆူးတစ်ဆူးက ကျွန်မစိတ်ကို ဒဏ်ရာရစေခဲ့ပြီဆိုတာ သူမသိသေးဘူး ... အဲဒီဒဏ်ရာကို ပျောက်ဖို့ သူ့ဖက်က ဘာတွေ ပေးဆပ်ရမလဲဆိုတာတွေ ကျွန်မပြောပြမှ ဖြစ်မယ် ... ”

“တော်လှုဝင်းက ရွှေစင်ဆန္ဒတွေကို လိုက်လျောမယ်လို့ ထင်နေသေးသလား ... ”

ထိုအခါ ရွှေစင်ဖြာက နာကျင်သောအသံဖြင့် ခြောက်ကပ်စွာ ရယ်လိုက်မိသည်။ ကြည့်စမ်း ကိုကိုကတောင် တော်လှုဟာ သူမဆန္ဒတွေကို လိုက်လျောမယ်လို့ ထင်မထားတဲ့ လေသံမျိုးနဲ့ မေးနေခဲ့ပြီ။ သူမကရော၊ အင်း ... အခုထိ မိုက်မဲနေတယ်ပဲ ဝေဖန်ရမလား။ ဒီတစ်ခါတော့ နောက်ဆုံးအကြိမ်အဖြစ် မျှော်လင့်ချင်နေသေးသည်ကွယ်။

“ကိုကို ... အဲဒီမေးခွန်းကို မမေးဖို့ ကျွန်မ ကန့်ကွက်ပါတယ်”

“ဩော် ... ဩော် ... ရပါတယ် ... ကျွန်တော် သိပ်စပ်စုရာ ရောက်သွားပြီထင်တယ်”

“ကျွန်မက ကိုကို့အကြောင်း ပြန်စပ်စုရမလား ... ”

ကိုကိုသည် သူ့အကြောင်းဟု ကြားလိုက်လျှင် ဘာကို ကြေကွဲမှန်းမသိ ကြေကွဲသွားခဲ့ပြန်သည်။ ကိုယ့်ဘဝမှာ ဘယ်မိန်းမကိုမှ သေသေချာချာ ချစ်ခဲ့ဖူးတာ မဟုတ်ဘူး။ မင်းတစ်





ယောက်ကိုပဲ။ မင်းကိုပဲ ချစ်ခဲ့ဖူးတာဆိုရင် မင်း ယုံမယ်မထင်ဘူး။ ဒါပေမဲ့ ကိုယ် ညာမပြောချင်ပါဘူး ရွှေစင်။

“ကျွန်တော့်အကြောင်းလား ... ပြောရရင် ရယ်ရတယ်ဗျာ ဒီမှာဆယ်တန်းအောင်ပြီးပြီးချင်း နိုင်ငံခြားမှာ သွားနေရတော့ ကျွန်တော့်ဓာတ်လမ်းက တစ်မျိုးကြီးပေါ့ ... ဆယ်တန်းအထိ ကျွန်တော် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်တစား မကြည့်ခဲ့မိဘူး ... ယုံလား ... စိတ်ကစားတဲ့အရွယ်မှာတောင် ဘယ်သူ့ကိုမှ ချစ်မကြည့်ခဲ့တာအမှန်ပဲ ... နိုင်ငံခြားရောက်တော့ ... အင်း ... အထူးသဖြင့် ကျွန်တော် နေခဲ့ရတဲ့နိုင်ငံက အမေရိကန်နိုင်ငံလေ ... မြို့ကြီးပြကြီး မဟုတ်တဲ့ ဖလော်ရီဒါနေရာမျိုးပေမဲ့ သိပ်လွတ်လပ်တဲ့နိုင်ငံဆိုတော့ ကျောင်းတက်ရင်း တွေ့ခဲ့တဲ့ Girl Friend တွေက အများကြီးပဲ ... ကိုယ်နဲ့ လူမျိုးချင်း မတူလို့လားမသိဘူး သူတို့နဲ့တွဲရတာ ကျွန်တော့်ရင်ထဲမှာ ဘာခံစားချက်မှ ဝင်မလာခဲ့ဘူး ... အရွယ်ရောက်တဲ့အထိ မြန်မာပြည်မှာပဲ နေလာတော့ မြန်မာမျက်စိပဲဖြစ်နေပြီ ... သူတို့ နေပုံထိုင်ပုံကို သိပ်သဘောမကျတာနဲ့ ကောင်မလေးတွေကို တွဲရုံအပြင် မပိုခဲ့ဘူး ... စိတ်ချ ဘယ်သူ့ကိုမှ Date လုပ်ပြီးတောင် လျှောက်မလည်ခဲ့ဘူးဗျာ ... ကျောင်းမှာတွဲတာလောက်ပဲ ကျွန်တော် အင်မတန် ရိုးခဲ့ပါတယ်ဆိုရင် ကိုယ့်ဂုဏ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်သလို ဖြစ်နေဦးမယ် ... ဖေဖေ့အလုပ်ကိစ္စ မြန်မြန်ပြီး
ပါစေလို့ပဲ ဆုတောင်းရတယ် ... ကံကောင်းတာက ဖေဖေ
လည်း သူ့အလုပ်အကိုင် စာချုပ်သက်စေ့ပြီး ကျွန်တော်
လည်း စီးပွားရေးဆိုင်ရာ ဘွဲ့ရပြီး အဲဒီမှာ အလုပ်လုပ်တာ
တော်တော် အတွေ့အကြုံရချိန်ကျမှ ဒီပြန်လာခဲ့တော့
စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ကျွန်တော် အခက်
အခဲမရှိခဲ့တော့ဘူး ... ဒါပဲ ... ကျွန်တော့်ဇာတ်လမ်းက
ရိုးရိုးလေး ... ဒီရောက်ပြီး တစ်နှစ်အကြာမှာ ရည်စားရှိပြီး
သားဖြစ်တဲ့ ကောင်မလေးတစ်ယောက်ကို သွားချစ်မိတဲ့
အထိပဲ ... ကျွန်တော့်ဇာတ်လမ်းက ရှိပါတယ်ဗျာ"

"အဲဒီ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး ... ကိုကို"

ထို့နောက် ဘာရယ်မဟုတ် သူတို့နှစ်ယောက် ရယ်
လိုက်မိကြပြန်သည်။ ကိုကိုသိသည်က သူ့ရယ်သံက အရှုံးကို ရင်ဆိုင်
သားလူတစ်ယောက်ရဲ့ နှစ်သိမ့်ရယ်သံဟု ယူဆသည်။ ရွှေစင်ဖြူ
ကတော့ သူမ၏ ရယ်သံမှာ မျှော်လင့်ချက်တစ်ခုကို မျှော်လင့်သည့်
အတိုင်း ဖြစ်မလာခဲ့လျှင်ဟူသော စိုးရိမ်မှုများဖြင့် ရောပြွမ်းသော
ရယ်သံဟု ယူဆလေသည်။

ကိုကိုနှင့် သူမတို့သည် ဟိုးအရင့်အရင်တွေကထက်
ပိုမို၍ ရင်းနှီးသွားကြပြီဟု အလိုလို သိနားလည်သွားကြသည်။ ကိုကို
ကတော့ စိတ်ပုပ်မွေးတယ်ပဲပြောပြော တော်လူဝင်းဟာ ရွှေ





ဆန္ဒတွေကို ဖြည့်ဆည်းမဲ့ကောင် မဟုတ်ပါဘူးဟု တွေးကြည့်နေဆဲ
ဖြစ်၏။ သို့သော် ရွှေစင်စိတ်မကောင်းဖြစ်သွားမှာကို မလိုလား၍
သူ့အတွေးတွေကို ပြောမပြခဲ့တော့ပါ။ သူက တိတ်တခိုး မျှော်လင့်
နေဆဲဖြစ်သည်ကို ရွှေစင်မသိရှာသေး။

ရွှေစင်ဖြူကတော့ အမှတ်မရှိစွာ မိုက်မိုက်မဲမဲပင်
တော်လူ၏စိတ်ဓာတ်ကို ပြင်ဆင်ဖို့ ဆုံးဖြတ်နေဆဲတည်း။

***



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ ပြင်ဆင်ပြီးသည့် ဆိုင်ကယ်ကြီးသည် ယခုအခါ အရင့်အရင်တွေကနဲ့မတူအောင် ပိုမိုသားနားသွားပြီ တော်လှဝင်းက နံနက် အိပ်ရာနိုးနိုးချင်း ပြေးကြည့်ပြီး ကျေနပ် တွေးလိုက်မိသည်။ ပြီးတော့ စုပုပ်ဒေါ်ပွ ကောက်ချိတ်နေမည့် ခပ်ကြီးကြီး မျက်နှာပေးနှင့် ကောင်မလေးကို နေ့စဉ် သတိရ ကြအတိုင်း သတိရတော့ ပြုံးချင်သွားသည်။ မထင်မှတ်ဘဲ မင်း မတွေ့ဘဲနေခဲ့တာ ဆယ်ရက်တောင်ကျော်။ အစက ဒီကောင် ပြင်တာဆင်တာကို ကိုယ်က တစ်ပတ်ပဲ တွက်ထားတာ။ အခု ပိုကြာသွားတော့ မင်းကို ကိုယ်ပိုလွမ်းရုံအပြင် ကိုယ်လည်း ဘာ မတတ်နိုင်တော့ဘူး။

အလွယ်တကူ ကတိပေးမိသော ကိုယ့်အဖြစ် လည်း သိပါသည်။ သို့သော် မတတ်နိုင်။ သူ့စိတ်က ဘာလို့မှန်း





ဒီကောင်ကြီးကို သူ့ကွယ်ရာမှာ သူများလက်ထဲ ထားခဲ့ရမှာကို စိတ် ချချင်။ ရွှေစင်ဖြာ သက်သက် အယူအဆလွဲတာ။ ဆိုင်ကယ်ကို သဝန်တိုစရာမရှိ ရှာကြံသဝန်တိုတာဟုလည်း သူက ယူဆမိသေးရာ သူမ၏ အမိန့်ဆန္ဒတို့ကို သွေဖီမိတာဖြစ်သည်။

အဲဒီအတွက် ဆယ်ရက်လုံးလုံး ပစ်ထားရသည့် စိတ် ကောက်နေသော ချစ်သူကလေးကိုချော့ဖို့ ဒီနေ့တော့ ဆိုင်ကယ် ဘီးစွတွေလည်း အားလုံးပြီးပြီမို့ သွားတွေ့ရဦးမည်။ သူ့ကို ကြာကြာ စိတ်ကောက်နိုင်တာလည်း မဟုတ်ဘဲနှင့် တမင် နွဲ့ဆိုးဆိုးမည့် ချစ်သူလေးကို စိတ်ရှည်ရှည် ချော့မည်။ ပြီးတော့ သူတို့နှစ်ယောက် ခုင်ကအတိုင်း ပျော်ရွှင်စရာနေ့ရက်တွေကို ဖြတ်သန်းမည်။

"ရွှေစင်ဖြာဆိုတာ ... သားငယ်ရဲ့ ကောင်မလေးလား ... မေမေ့ကို မှန်မှန်ပြော မေမေ သိချင်တယ် ..."

ဟု သူမကလေး ဖုန်းဆက်စဉ် မေမေနှင့် စကား ပြောဖြစ်သွား၍ သူ့ကို မေမေ စစ်မေးခဲ့သည်။

"ဟုတ်တယ် ... မေမေ ... သူက သားလိုပဲ ဘွဲ့တစ်ခု ရပြီးပြီ ... သားထက် သာတာက နိုင်ငံခြားဘာသာ နှစ် မျိုးလောက် တတ်ထားတယ် ... ကွန်ပျူတာကို အဆင့် မြင့်မြင့် တတ်ထားတယ် ... အခုတော့ ကုမ္ပဏီကြီးတစ်ခု မှာ အတွင်းရေးမှူးမကလေး လုပ်နေလေရဲ့ ... အမှန်က သူ အဲဒီလို အလုပ်လုပ်စရာမလိုအောင် သူတို့မိသားစုက



www.burmeseclassic.com

www.burmeseclassic.com



မြည့်စုံသူတွေပါ ... ဒါပေမဲ့ သူက အလုပ်လုပ်ရတာ ဝါသ
ပါသတဲ့လေ ... "

"မေမေ့ဆီ ဘယ်နေ့ ခေါ်လာမလဲဟေ့ ... အသံကလေး
ကြားကတည်းက မေမေ တွေ့ချင်တာ ... မင်းပြန်လာ
အချိန်ကို ထိုင်စောင့်ရတာ အကြာကြီးလို့တောင်ထင်တယ်"

"ခေါ်လာမှာပေါ့ မေမေရဲ့ ... ကဲ ... အခု မေမေ
မဟုတ်လား"

မေမေကတော့ မမြင်ရသေးခင်မှာပင် သူ့ချစ်
ကလေးကို သူနဲ့ ကြိုတင် သဘောတူနေခဲ့သေးသည်။ မှတ်မိ
သေးသည်။ အဲဒီညက ဖုန်းဆက်တော့ ရွှေစင်ဖြာက စိတ်ကော
သည့်အနေဖြင့် ဖုန်းမကိုင်။

"မကြီးကပြောတယ် ... သူနဲ့ တစ်ပတ်မတွေ့ရင် တစ်
လုံး ဖုန်းဆက်စရာ မလိုပါဘူးတဲ့ ... နောက်နေ့တွေလည်း
သူ ဖုန်းကိုင်မှာ မဟုတ်ဘူး ... ငွေနဲ့ကြေ တစ်ယော
ယောက်ပဲ ကိုင်မှာ ... ပိုဆိုးတာက မေမေကိုင်မိ
ကိုတော်လူတော့ အကောခံရမှာပဲ ... ညကြီးမိုးချုပ် ဖုန်း
ဆက်တဲ့အတွက် မကြီးလည်း ကိုတော်လူနဲ့ ပတ်သက်
မေမေဆူတာ ခံရမှာပဲ ... အဲဒီတော့ ငွေပြောတာကို နာ
လည်ရင် ကိုတော်လူ ဖုန်းဆက်ဖို့ မစဉ်းစားပါနဲ့တော့
မကြီး မှာသလို သူ့ကို လာတွေ့တဲ့နေ့ဟာ သူ ဖုန်းလက်





စကားပြောတဲ့နေ့လို့ပဲ မှတ်ထားလိုက်တော့ ... "

ရွှေစင်ဖြာ၏ ညီမအလတ်အသံကလည်း ရွှေစင်ဖြာ
နှင့် ထူးမခြားနား။ ခပ်မာမာ ခပ်ဟန့်ဟန့်အသံနဲ့ သူ့ကို ဆရာလုပ်
ခြင်း ခံရပါသည်။

ရွှေစင်ဖြာ တမင်မှာထား၍ သူမ၏ ညီမလတ်က
အိပ်ဘဲ သူ ဖုန်းဆက်မည့်အချိန်ထိ စောင့်ပြောပေးခဲ့တာဖြစ်မည်။
ခါတိုင်းဆိုလျှင် ထိုညီမတွေက အိပ်နှင့်ကြပြီလို့ ရွှေစင်ဖြာ ပြောပြ
ထားဖူး၏။ သူကလည်း ဒီလောက်ကလေး ဖျက်ကွက်တာကို ရေး
ကြီးခွင်ကျယ် စိတ်ကောက်ချင်သည့် ရွှေစင်ဖြာ့ကိုရွဲ့ပြီး နောက်နေ့
တွေ ဖုန်းမဆက်ခဲ့တော့ချေ။ ထင်ထားသည်ထက် သုံးရက်ပို၍
သူတို့ အဆက်အသွယ် ပြတ်တောက်သွားခဲ့ခြင်းက သူ့ဘဝကို တစ်
ချိုးတစ်ဖုံ ပြောင်းလဲစေခဲ့ကြောင်း မကြာမီမှာပင် သိခွင့်ရခဲ့ပါသည်။

စောင့်နေကျအတိုင်း ပျက်ကွက်ခဲ့သည့်တာဝန်ကို
ဒီနေ့မနက်မှာ စတင်သည်။ စတိုးဆိုင်ကလေးရောက်တော့ ခါတိုင်း
သာစောင့်နေကျ အချိန်ထက်တောင် အများကြီးစောနေခဲ့၏။

"လျှပ်စီးလက်သလို အလင်းမျှင်စလေးတောင် လက်မ
လွှတ်နဲ့နော် ... ဒါကို ဖမ်းယူဆုပ်ကိုင်တာလေ ... ယုံကြည်
ရာခရီး ရှေ့ဆက်စို့မေ ... နေရောင်ခြည်က အရှေ့မှာသေချာ
အမှောင်တွေ တဖြည်းဖြည်း အားနည်းနေအချစ်ရေ ... ယုံ
ကြည်လိုက်(ယုံလိုက်ကွယ်) အိုး ... တစ်နေ့နေ့ပေါ့မေ့ရယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်ပေါ့ ... အချစ်လေးရဲ့ ... တစ်ချိန်ချိန်ပေါ့ အချ
လေးရယ် ... "

ဆိုင်အတွင်း၌ ထိုသီချင်းကလေးကို ဖွင့်ထား
သူက စီးကရက်ခဲရင်း ခပ်တိုးတိုး လိုက်ညည်းနေမိသေးသည်။

အဲဒီ 'တစ်နေ့နေ့ တစ်ချိန်ချိန်' ဆိုတဲ့သီချင်းကလေး
ကို ကိုယ် ဘာလို့ ကြိုက်သလဲဆိုတာ မင်းသိမှာ မဟုတ်ဘူး
ရွှေစင်ဖြာ။ ကိုယ့်အတွက်တော့ သိပ်အဓိပ္ပါယ် ရှိနေခဲ့တာပေါ့။ မင်း
က ဖြစ်ချင်တဲ့ဆန္ဒတွေကို ချက်ချင်းဖြစ်ရမှ ကျေနပ်တတ်တဲ့ မိန်း
ခတ်မျိုး ပိုင်ဆိုင်သူ။ ကိုယ်ကတော့ ခပ်အေးအေးပဲ တစ်နေ့
တစ်ချိန်ချိန်ကျရင် ကိုယ်ဟာ မင်းဖြစ်စေချင်သလို ဖြစ်လာရပါ
မယ်လို့ ကိုယ့်ဘာသာ ကတိပေးထားပြီးပြီ။

လက်ပတ်နာရီကို ကြည့်တော့ ရွှေစင်ဖြာ လမ်းထိပ်
ကို ထွက်လာလေ့ရှိသည့် အချိန်ထက် အနည်းငယ် လွန်လာပြီ
ကြောင်း သတိပြုမိ၏။ ဘာလဲ၊ ဒီနေ့ အလုပ်သွားစရာမရှိလို့လား
ဒါမှမဟုတ် ဘော့စ်က အရေးကြီးတဲ့ကိစ္စဆိုပြီးခေါ်လို့ သူ မလာ
လေးတင် အစောကြီးများ ကြိုထွက်သွားသလား။ ဒါမှမဟုတ် နေ
မကောင်းလို့ ရုံးကများ ခွင့်ယူပြီး နားနေသလားဟူသော အတွေး
များဖြင့် စတင် စိတ်လှုပ်ရှားရတော့သည်။ ရွှေစင်ဖြာက ဘယ်တော့
မှ အလုပ် နောက်ကျလေ့ရှိသူမဟုတ်။ ဒီနေ့ ဘာလို့ နောက်ကျသလဲ

"ညီလေး ... ဟိုကွာ ကိုယ် လာလာစောင့်နေကျ အစ်





တစ်ယောက် ဟိုနေ့တွေကရော ရုံးသွားဖို့ ကားထွက်ငှား
တာ တွေ့သလား ... သူ ခုချိန်ထိ ထွက်မလာသေးဘူး"

သူတို့ခြာတ်လမ်းကို သိနေသည့် လမ်းထိပ်က စတိုး
ဆိုင်မှာ အမြဲထိုင်နေတတ်သော ပိုင်ရှင်ဖြစ်နိုင်မည့် ကောင်ကလေး
ကို နောက်ဆုံးတော့ မနေနိုင်စွာ မေးလိုက်ရပါသည်။

ကောင်ကလေးက ပြုံးစိစိဖြင့် ဖြေပါတည်း။

"ဟိုနေ့တွေကတော့ ကားထွက်ငှားပါတယ် ... ဒါပေမဲ့ ဒီ
တစ်ရက် နှစ်ရက်လောက်ကတော့ ကားထွက်မငှားဘူးဗျ
အင်း ... မနေ့ကတော့ ထွက်ငှားသေးတယ် ... အပြန်ကို
တော့ ဘာနဲ့ပြန်သလဲ မသိဘူး ... မတွေ့လိုက်မိဘူး ...
ဒီနေ့လည်း အစ်ကိုမလာခင်အထိ အဲဒီအစ်မ ထွက်မလာ
သေးတာတော့ သေချာတယ် ... ကျွန်တော် မနက်တည်း
က ဆိုင်ဖွင့်ပြီး ဒီကနေ ဘယ်မှမသွားဘဲ ထိုင်နေတာမို့
ဘယ်သူ ဘယ်ထွက်သွားတယ်ဆိုတာ အကုန်မြင်ပါတယ်"

"အေးကွာ ... ကျေးဇူးပဲ ... ဒါဆို ဒီနေ့ ဘာလို့ အလုပ်
မသွားလဲမသိဘူး ... အလုပ်ချိန်တောင် တော်တော်လွန်
နေပြီ ... ကိုယ် ... သူ့အိမ် ဖုန်းလှမ်းဆက်လိုက်ဦးမယ်"

"ဆက်ပါ အစ်ကို ... ရပါတယ်"

အခကြေးငွေနဲ့ ဆက်ရသော ဖုန်းကလေးက အဆင်
သင့် ဆိုင်မှာ ရှိနေ၍ အဆင်ပြေသွားသည်။ ဖုန်းလာကိုင်မည့်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူများ ဖြစ်မလဲ။ သူချစ်သူကလေးသာဆို သိပ်ကောင်းမှာ
ဟု မျှော်လင့်တကြီးဖြင့် ဆုတောင်းမိပါသည်။ သို့သော် ဆုတောင်း
က မပြည့်ခဲ့။

"ရွှေစင်ဖြာလား ... အလုပ်သွားပါတယ်ကွယ် ... သူ
ထွက်သွားတာ သိပ်မကြာသေးဘူး ... မောင်ကိုကို
အန်တီ့ဆီမှာ ခွင့်တောင်းပြီး သူ့ကားနဲ့ လာခေါ်သွားတယ်
ကွ ... မင်း ဘယ်သူလဲ ... ရွှေစင်ဖြာတို့ရုံးကနေ လှမ်းဖုန်း
ဆက်တာလား"

"မဟုတ်ပါဘူး ခင်ဗျာ ... ကျွန်တော် တော်လှဝင်းပါ"

"ဪ ... ဪ ... တော်လှဝင်းလား ... အန်တီက
က ကောင်လေးတစ်ယောက်ကများ သမီး ရုံးနောက်
နေလို့ လှမ်းဖုန်းဆက်မေးသလားလို့ ... မင်းကို အန်
သိပါတယ် ... အေး ... မင်းလိုပဲ မောင်ကိုကို့ကိုလည်း
အန်တီ သိတယ် ... အန်တီက သမီးရဲ့ အနာဂတ် ရွှေ
မှုအတွက် သိသင့်တဲ့ သမီးနဲ့ ပတ်သက်တဲ့ လူနှစ်ယော
စလုံးကို သိနေတယ်"

"ဟုတ်ကဲ့ ... အန်တီ ကျွန်တော့်ကို ဖုန်းချခွင့်ပြုပါခင်
သူ အလုပ် သွားမသွား သိချင်လို့ ဖုန်းဆက်မေးမိတဲ့အတွက်
နှောင့်ယှက်ရာ ရောက်သွားတယ်ဆိုရင် တောင်းပန်
တယ်"





ရွှေစင်ဖြာ၏မေမေက ရယ်သံသွဲ့သွဲ့ဖြင့် အရင်ဖုန်းချ
သွားသည်။ ထိုရယ်သံကို သူနားထဲ၌ ထပ်ဖန်တလဲလဲ ကြားယောင်
တာ မခံချိ မခံသာ ဖြစ်ရသည်။ ရွှေစင်ဖြာက ကိုကိုဆိုတဲ့ကောင်ရဲ့
ကားနဲ့ လိုက်သွားသတဲ့လား။ ဆိုင်ကယ်တစ်စီးထက် ကားတစ်စီး
ကိုသာ ပိုပြီး အထင်ကြီးတဲ့ သူချစ်သူကလေးဟာ ဆိုင်ကယ်ပိုင်ရှင်
ထက် ကားပိုင်ရှင်ကိုပဲ အလေးသာတော့မည်လား။

ဟင့်အင်း။ မင်းကို ကိုယ်ချစ်တယ်။ မင်းက ကိုယ့်
ကို ချစ်တဲ့အချစ်ကို ယုံတယ်။ ဒါဟာ မင်းမေမေရဲ့ တိုက်တွန်းမှု
ကြောင့် ကိုကိုဆိုတဲ့ကောင်ရဲ့ကားနဲ့ မင်း လိုက်ဖြစ်သွားတာပါလို့
ကိုယ် ယူဆပါရစေ။ ကိုယ့်ရဲ့ လမ်းသရဲပုံစံမို့ မင်းမေမေက မကြည်
ဖြူဘူး ထင်ပါရဲ့။ လမ်းမပေါ်မှာ အလေလိုက်နေတဲ့လူထက် ရုံးခန်း
ကြီးထဲမှာ ဟန်အပြည့်နဲ့ ထိုင် အလုပ်လုပ်တဲ့လူကို မင်းမေမေက
ဘာပဲဖြစ်ဖြစ် လူကြီးပီပီ ကြည့်လို့ရမှာပဲ ထင်ပါရဲ့။

သူသည် နေမထိ၊ ထိုင်မသာ ဖြစ်ကာ ရွှေစင်ဖြာတို့
ရုံးခန်းကို ထပ်မံ ဖုန်းဆက် မေးမိပြန်သည်။

"ဦးထွန်းမြတ် စကားပြောနေပါတယ် ... ဘယ်သူလဲ"

"ကျွန်တော် ... ရွှေစင်ဖြာရဲ့မိတ်ဆွေပါ ... သူ့ကို ခဏ
စကားပြောလို့ရမလားခင်ဗျ"

"မင်းနာမည် ... "

"တော်လှဝင်းပါ ... သူသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှ ခေတ္တမျှ တိတ်ဆိတ်သွားပြီးချိန်ကို ...
ရင်ခုန်စွာ စောင့်စားရပါသည်။

"ကဲ ... အန်ကယ်လ် ရွှေစင်ဖြာကို မေးကြည့်ပြီးပြီ ... မင်းနဲ့ စကားပြောလိုစိတ် မရှိဘူးတဲ့ ... ပြီးတော့ အခုလောလော ဆယ် အန်ကယ်လ်ခိုင်းထားတဲ့အလုပ်တွေနဲ့ သူ အလုပ်များ နေလို့ ... အန်ကယ်လ်ကိုယ်တိုင်လည်း သူ့ကို ဖုန်းပြောတာ နဲ့ အချိန်မဖြုန်းစေချင်တာအမှန်ပဲ ... ဒီတော့ မင်းဖုန်းပြော လိုတဲ့ အမျိုးသမီးကလည်း မင်းနဲ့ ဖုန်းပြောဖို့ လက်မခံဘူး သူ့ရဲ့ အလုပ်ရှင်ဖြစ်တဲ့ အန်ကယ်လ်ကလည်း ဖုန်းမပြော ချင်ဘူးဆိုတော့ ... မင်း နောက်ထပ် ဖုန်းဆက်ပြီး မေးမြန်း ဖို့ မစဉ်းစားနဲ့တော့ ... ဟုတ်ပြီလား ... ပြီးရင် အန်ကယ်လ် တို့အားလုံး အစည်းအဝေး တက်စရာရှိတယ် ... နိုင်ငံခြား ဧည့်သည်တွေ လာမှာမို့ ဧည့်ခံစရာရှိတယ် ... ဘယ်သူမှ မအားကြဘူး ... အဲဒီတော့ ရုံးခန်းထဲအထိ လိုက်လာပြီး စကားပြောဖို့လည်း မကြိုးစားနဲ့ ... ခွင့်မပြုဘူး ... ဒီ မောင်ရင်ကလေး ကိုယ့်စိတ်ဝင်စားတဲ့ အမျိုးသမီးရဲ့သိက္ခာ ကို မကျအောင် သူ့ကို တန်ဖိုးထားတယ်ဆိုရင် ... မင်း ကြောင့် အလုပ်ထဲမှာ သူ အရှက်ကွဲတာမျိုးလည်း မဖန်တီး သင့်ဘူးလို့ အန်ကယ်လ် ကြိုမှာထားမယ် ... ဟုတ်ပြီလား မင်းတို့လူငယ်ချင်းကိစ္စတွေကို နောက်မှ အပြင်မှာ အေး





အေးဆေးဆေး ဆွေးနွေးကြပါ"

သူ့ကို သဟောက်သဟန့်သံလိုလို၊ နှစ်သိမ့်သံလိုလို၊ သတိပေးသံလိုလို၊ ဆုံးမသံလိုလိုဖြင့် တောက်လျှောက်ပြောကာ တစ်ဖက်မှ ချက်ချင်း ဖုန်းချပစ်လိုက်လေသည်။ သူသည် မကျေ မနပ် ကျိန်ဆဲပစ်လိုက်၏။ ဒီနေ့မနက် တစ်မနက်လုံး ကိုယ့်ချစ်သူရဲ့ ဒေါသသံဖြစ်ဖြစ်၊ ဆူပူစိတ်ကောက်သံဖြစ်ဖြစ်ကိုတောင် ကိုယ့်မှာ ကြားခွင့်မရ။

ကြားခွင့်မရလျှင် ပိုကြားချင်သည်။ မနက်ခင်းတစ် ခုမှာတင် သူ့ကို ခနဲ့သော ရယ်သံ၊ လေသံဖြင့် ဆက်ဆံခြင်းကို သူချစ်သူရဲ့မေမေထံမှ သူကြားခွင့်ရခြင်း၊ ပြီးတော့ သူ့ကို တားမြစ် ခြင်း၊ အလိုမကျခြင်းများစွာ ပါဝင်သော ချင်း...ရဲ့ဘော့စ်အသံကို သာ ကြားခွင့်ရခြင်းတွေက သူ့ကိုပိုပြီး စိတ်အား...နှောင့်အယှက်ပေး လေသည်။ ကိုယ်ကြားချင်တာ ဒီအသံတွေမဟုတ်ဘူး။ မင်းရဲ့အသံ။ မင်းဆီက ဘယ်လိုပုံစံမျိုးနဲ့ ဆက်ဆံတဲ့အသံပဲဖြစ်ဖြစ်ပေါ့။

ကိုယ်နဲ့ ဘာလို့ ဖုန်းမပြောချင်ရတာလဲ။ တကယ်ဆို ဒီဘော့စ်ကြီး လှမ်းခေါ်တာကို မင်းငြင်းမပစ်သင့်ဘူး။

"ရှင်နဲ့ကျွန်မ ဆွေးနွေးစရာရှိတယ် ... အဲဒါ ပြီးမှပြောကြ ရအောင် ... ရုံးဆင်းမှ ပြောမယ်"

ဆိုရင်တောင် အင်း ဒီလောက်အသံနဲ့ တုံ့ပြန်တာမျိုး ရှင်တောင် ကိုယ် ကျေနပ်သွားမှာပါ။ ချစ်သူဆီကကြားရမဲ့ ရန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သံတွေတော့ သူ့ရုံးဆင်းရင် နားထောင်ဖို့ အဆင်သင့် ဖြစ်နေမယ်ဆိုတဲ့အသိနဲ့ ကိုယ် ကျေနပ်နေခဲ့မိမှာ အမှန်ပဲ။ အခုတော့ ရုံးဆင်းရင်တောင် တွေ့ခွင့်ရပါ့မလားဆိုတဲ့ ပူပန်စိတ်တောင် ဖြစ်လာရပြီ။

တစ်နေ့လုံး ဘယ်မှ လျှောက်မသွားတော့ဘဲ ချစ်သူကလေး၏ ကုမ္ပဏီကြီးအနီးမှာရှိသော လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်နေလိုက်တော့သည်။ တစ်နေကုန် ထိုင်နေသောသူ့ကို စားပွဲထိုးတွေက ကွက်ကြည့်ကွက်ကြည့်၊ ကောင်တာက ဆိုင်ရှင်ဟု ထင်ရသောလူက လှမ်း၍ ကြည့်နေခဲ့သဖြင့် သူ့ကို ကျေနပ်အောင် နိုင်ငံခြားဖြစ်စီးကရက်များထဲမှ တစ်ဗူးပြီးတစ်ဗူး မကုန်သေးဘဲ မကြာခဏ ထဝယ်ရသည်။ တစ်နာရီခြားတစ်ခါလောက် နက်စ်ကော်ဖီ ခါးခါး မှာသောက်လိုက်၊ လက်ဖက်ရည်တောင် ရိုးရိုးလက်ဖက်ရည် မမှာသောက်ဘဲ တီးမစ်(Tea Mix) မှာသောက်လိုက်၊ ကော်ဖီမစ် (Coffec Mix) မှာ သောက်လိုက်ဖြင့် အချိန်ဖြုန်းရသည်။ ဟုတ်တယ်လေ။ ချစ်သူ့အသံကလေးကို ကြားချင်ပါတယ်ဆိုမှ ကြားခွင့်မရဘဲ နေမထိ ထိုင်မသာ ဖြစ်နေခဲ့မှတော့ ကိုယ် ဘယ်နေရာကိုမှ သွားချင်စိတ်မှ မရှိတော့တာ။ မင်းနဲ့ အနီးဆုံး ဖြစ်နိုင်မဲ့နေရာတစ်ခုမှာ ရွေးချယ်ပြီး အေးအေးဆေးဆေး ထိုင်စောင့်နေချင်ခဲ့ပြီ။

***





"ဟော ... ငါ့သား ကိုကိုကတော့ဟေ့ ... ရုံးဆင်းချိန်မှ ရွေးပြီး ဒီဖက်လမ်းကြုံပြန်ပြီထင်တယ် ... "

မှန်တံခါးကို တွန်းဖွင့်ဖွင့်ချင်း အန်ကယ်လ်အသံက သူ့ကို ဆီးကြိုနေလေသည်။ ရှေ့စင်က တစ်ခုခု ငုံ့ရေးနေရာမှ မျက်လုံးလှန်ကြည့်၍ မသိမသာပြုံးတော့ ကိုကိုက ရင်ခုန်မိသတဲ့။ အဲဒါ ကိုယ့်ကို ကြိုဆိုတဲ့အပြုံးလား။

"ဒီတစ်ပတ်အတွင်းမှာ ... မင်း ဒီဘက်လမ်းကြုံတာ ဘယ်နှစ်ခါ ရှိပြီလဲကွ ... ငါ မသိလို့ မေးပါရစေ ... မင်း ဘယ်နေရာတွေက ဘယ်လိုလမ်းရွေးပြီး ပြန်လာလို့ ဒီအချိန် လမ်းကြုံတတ်တာလဲ"

"အန်ကယ်လ်ကလည်းဗျာ ... ဒီနေ့ လမ်းကြုံတာ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး … တမင် ဝင်ခေါ်တာပါ … မနက်ကထဲက ရွှေစင့်ကို မှာလိုက်ပြီးပြီ … အပြန်ဝင်ခေါ်မယ်လို့ … သူက ခွင့်ပြုလို့ လာခေါ်တာပါ … ပြီးတော့ ရွှေစင့်မေမေဆီမှာလည်း ခွင့်တောင်းထားပါသေးတယ်”

“ဒါကြောင့် … ခုတလော ခင်ခင် ဘာရောဂါမှ မဖြစ်အားဘဲ ရီရီတို့အိမ် ရောက်ရောက်သွားတာကိုး … ကဲ သမီး အဲဒီတစ်ခွက်ပြီးရင် … လက်စသတ်တော့ … အန်ကယ်ထလည်း ပြန်ဖို့ စဉ်းစားနေတာ … သမီးလည်း လာကြိုမဲ့သူ ရောက်နေပြီ … အတော်ပဲ”

“အလုပ်မပြီးသေးရင် ရပါတယ် … ကျွန်တော် ထိုင်စောင့်ပါ့မယ်”

“ပြီးပါပြီကွ … ငါလည်း မင်္ဂလာဆောင်တစ်ခုသွားစရာရှိလို့ … ခင်ခင် အလုပ်ပြင်ပြီး မျှော်နေတော့မှာ … နောက်ကျရင် ရန်ဖြစ်နေရဦးမယ်”

ကိုကိုသည် ခပ်ရှက်ရှက် အမူအရာဖြင့် အန်ကယ့်ရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရတော့သည်။ နှစ်ဖက်လူကြီးတွေကတော့ သိနေကြပြီ။ ကိုယ့်အဖြစ်ကိုလေ။ ဒါပေမဲ့ သူတို့မျှော်လင့်သလို ဖြစ်မလာမှာကို ကိုယ် မတွေးရဲဘူး။ သူများ ချစ်ခြင်းကိုခွဲတယ်လို့ သတ်မှတ်ချင် သတ်မှတ်။ သူကတော့ ရွှေစင်နဲ့ တော်လှုဝင်းတို့ကို အခုလို အမြဲတမ်း အဆက်အသွယ် ပြတ်သွားစေချင်သည်





ရွှေစင်က တော်လှုဝင်းကို စိတ်နာမှ နာသေးရဲ့လားမသိ။ သူ့ကိုပြောတော့ တော်လှုဝင်းရဲ့ဆိုင်ကယ်ပြင်တာ တစ်ပတ်ကြာမည်ဖြစ်၍ တစ်ပတ်လုံးလုံး သူမထံ တော်လှုဝင်း လာမှာမဟုတ်လို့ ပြောပြထားဖူးသည်။ ကဲ့ အခုတော့ တစ်ပတ်ကျော်သွားပြီ။ မဆီမဆိုင် သူက လက်ချိုးရေတွက်ပေးနေခဲ့တာမို့ ဆယ်ရက်တောင်ရှိပြီဟု သတိထားမိသည်။

အပြုံးအရယ် ရှားပါးသွားခဲ့သော မျက်နှာကလေးမှာတော့ တစ်ခုကို လေးလေးနက်နက် တွေးတောနေသည့် အရိပ်တွေ ဒီရက်ပိုင်းမှ ပိုထင်ရှားလာသလိုပဲ။ ကိုယ့်အတွေ့အရ တွေးကြည့်ရင် ရွှေစင်ရဲ့ဦးနှောက်ထဲကပဲရွေးရွေး၊ ကိုကိုဆိုတဲ့လူကို ရွေးသင့်တယ်လို့ တွေးတောတာပဲ ဖြစ်ချင်ပါရဲ့။

“ကိုကို့ကို … ကျွန်မ ပြောစရာရှိတယ်”

အပေါ်ထပ် လှေကားထစ်တွေပေါ်မှအဆင်းတွင် ရွှေစင်က စတင် စကားပြော၏။ ဘာပြောစရာများပါလိမ့်။

“တော်လှုလေ … ဒီနေ့ သူ ကျွန်မကို လာစောင့်နေလိမ့်မယ်ထင်တယ် … မနက်က ရုံးခန်းထဲကို ဖုန်းဆက်တယ် အန်ကယ်လ်နဲ့ အရင်ပြောဖြစ်တယ် … ကျွန်မ စကားပြောချင်စိတ်မရှိလို့ သူနဲ့ ဖုန်းမပြောခဲ့ပါဘူး … ဒါပေမဲ့ သူ ကျွန်မကို ညနေ စောင့်နေလိမ့်မယ်လို့ ထင်တယ်”

ထိုစကားတစ်ခွန်းသည် ခုနက ပိုင်ဆိုင်ထားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ပျော်ရွှင်မှုအားလုံးကို ဆိတ်သုဉ်းသွားစေသလိုပဲ။

"ရတယ်လေ ... ဒါဆို ကျွန်တော့်ဘာသာပဲ တစ်ယောက်တည်း ပြန်တော့မယ် ... ရွှေစင် ... သူနဲ့တွေ့ချင်ရင် တွေ့ပါ ... သူ့ဆိုင်ကယ်နဲ့ပဲ လိုက်သွားချင် လိုက်သွားပါ ... ကျွန်တော့်ကို အားမနာပါနဲ့"

"ကိုကိုကလည်းနော် ... ကျွန်မ မဆုံးဖြတ်ခင် ကြိုတင်ဆုံးဖြတ်တယ် ... ကျွန်မ ကိုကို့ကားနဲ့ပဲ လိုက်မှာပါ ... ကိုကိုက အရင်ကြိုပြီး မနက်ထဲက ခွင့်တောင်းခဲ့သလို ကျွန်မကိုယ်တိုင်လည်း ကျေကျေနပ်နပ် ခွင့်ပြုထားတာလေ ... ကိုကို့ကားနဲ့ လိုက်ပါ့မယ်လို့ ကတိပေးထားတာကို မဖျက်ပါဘူး ... ပြီးတော့ ... သူနဲ့လည်း တွေ့ချင်စိတ် မရှိသေးပါဘူး ... ကိုကိုလာခေါ်တာတောင် အတော်ပဲဖြစ်နေတယ် ... နောက်မို့ ကျွန်မ သူနဲ့မတွေ့ချင်ဘဲ တွေ့နေရဦးမှာရှင့် ... ကျွန်မက သူ စောင့်နေလိမ့်မယ်လို့ ကိုကို့ကို ကြိုပြောထားတာပါ"

"အဲဒီလို မတွေ့ပဲနဲ့တော့ မနေနဲ့လေ ရွှေစင် ... ပြဿနာတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ဖို့ သူနဲ့ တွေ့သင့်တယ် ... သူ့ဆီက ရွှေစင်လိုချင်တဲ့ ကတိတွေ ... ရွှေစင် တောင့်တတဲ့အဖြေတွေ ... ရွှေစင်ပြည့်စေချင်တဲ့ဆန္ဒတွေ ပြည့်ဖို့ သူနဲ့တွေ့ဖို့ လိုတာပေါ့"





"သိပါတယ် ... သူနဲ့တွေ့ပြီး စကားပြောဖို့ကိုတော့ နောက်တစ်နေ့ညနေကို သတ်မှတ်ပြီးပြီ ... ဒီနေ့က ကိုကို့ကို ကျွန်မကိုယ်တိုင် လာကြိုဖို့ ခွင့်ပြုထားတယ် ... ပြီးတော့ ကိုကိုနဲ့ပဲ ဒီနေ့ပြန်ဖို့ အစီအစဉ်ရှိတာကို သူ့ကြောင့်တော့ မဖျက်ဘူး ... သူတောင် ကျွန်မကို အလွယ်တကူ ကတိတွေပေးပြီး ဆိုင်ကယ်တစ်စီးကြောင့် အဲဒီကတိကို မေ့ပစ်သေးဟာပဲ ကျွန်မရင်ထဲမှာ ဒဏ်ရာတစ်ခု ရသွားသလို ..., သူ့ကိုလည်း ဒီနေ့ သူ့ရင်ထဲမှာ ဒဏ်ရာတစ်ခု ကျန်သွားစေချင်တယ် ... ကျွန်မ သိတယ် ... သူ ကျွန်မကို သိပ်တွေ့ချင်နေမှာပဲ သိပ်မျှော်လင့်နေမှာပဲ ... အဲဒါမျိုး ကျွန်မ လွန်ခဲ့တဲ့ ဆယ်ရက်ရဲ့ ပထမနေ့မှာ ခံစားရပြီးပြီ။ အခု သူလည်း အဲဒီလိုမျိုး ပြန်ခံစားစေရမယ်"

ဒါဟာ တော်လှုဝင်းကို မုန်းတာမှ မဟုတ်တာ။ အချစ်ကြီးလို့ အမျက်ကြီးတာ၊ အရွဲ့တိုက်တာဟု သူ ထင်မြင်ယူဆသော်လည်း ကိုကိုသည် အရာရာတိုင်းမှာ ရွှေစင့်အလိုကျ ဖြစ်စေမှုကိုသာ ဆုံးဖြတ်မိပါသည်။

သူက ချစ်သူနှစ်ဦးနဲ့ အားပြိုင်ပွဲမှာ အသုံးချခံနေရသလားဟူ၍ မေးမိသည်။ သို့သော် ဤအဖြစ်ကို သူကိုယ်တိုင် ဘာသို့ ကျေကျေနပ်နပ် လက်ခံနေသလဲ။ ရွှေစင့်ဆီကအဖြေတစ်ခုကို နောက် အဆုံးအဖြတ်တစ်ခုကို မျှော်လင့်နေတာရော မှားသလား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြေက သူ့အတွက် အရှုံးဆိုရင်ရော ဒါတွေ အဖန်ဖန်အခါခါ ကိုယ့်ကိုယ်ကိုယ် မေးပြီးပါပြီ။ ကိုကိုဟာ ရွှေစင့်ကို ချစ်တဲ့စိတ်တစ် ခုတည်းနှင့်ပင် ဖြစ်လာမည့် အဆိုးအကောင်းထဲမှ တစ်ခုခုကို လက် ခံဖို့ အင်း ဟုတ်သည်။ ကျေကျေနပ်နပ် လက်ခံဖို့တော့င် ဆုံးဖြတ် မိတော့သတဲ့။

ကြီးကြီးဟု သူကခေါ်သော ရွှေစင်က အနက်တီခင်ခင် ဟု သူကခေါ်သော သူ့ကိုချစ်သည့် အခေါ်သာသိလျှင် သူ့ကို 'အရူး' ဟု အပြစ်တင်မှာ သေချာသည်။ ရည်းစားရှိသော၊ ရည်းစားနှင့် ခ စိတ်ကောက်နေသော ကောင်မလေးတစ်ယောက်ကို လူကြီးတွေ အသိခံပြီး သည်းသည်းလှုပ် ဖြစ်ပြတာကို ဘယ်သူကမှ လက်ခံချင် ကြမည်မထင်။ ပိုဆိုးတာက ကိုကိုသာ ကျွန်ရစ်ဖြစ်လို့က ကြီးကြီး ခမျာ သူ့အကြံအစည်နှင့်သူ ရွှေစင့်မေမေ့ဆီ သွားခဲ့ စကားထည့်ခဲ့ တာတွေအတွက် ကိုကို့ကိုပဲ ဆူပူမှာဖြစ်သည်။

"သူ ရပ်စောင့်နေတယ် ကိုကို … ကိုကို သူ့ကို မကြည့်လိုက် နဲ့နော် … ကျွန်မလည်း သူ့ကို မကြည့်ဘူး"

ကိုကိုသည် သူကိုယ်တိုင်လည်း တော်လှုဝင်းပုံ အမည်သိထားသော ရွှေစင့်ချစ်သူ၏မျက်နှာကို ကြည့်လိုက်ဖို့ စိတ် ကူးမရှိပါ။ တမင် အနိုင်ယူသည့်အကြည့်မျိုး ဖြစ်သွားမှာကို အလိုလို စိုးရိမ်၍တည်း။

***





ကိုကို့ကိုသာ တိတ်တိတ်ထိ ကြိတ်မှာခဲ့ပေမယ့် ကိုကို ကြို့ဖွင့်ပေးထားနှင့်သော သူ့ကားထဲ မဝင်ခင်မှာ ရွှေစင်ဖြာသည် ဆံပင်တွေကွယ်၍ သူ့ကို ခိုးကြည့်မိပါသည်။

အံ့သြသော၊ ဝေခွဲမရသော၊ မယုံကြည်နိုင်သော၊ တွေဝေသွားခဲ့သော၊ ဆုံးဖြတ်ရခက်သော မျက်နှာပြင်တစ်ခု။ နောင်တရသွားသော မျက်လုံးအရိပ်များ။ အရင်ကလို ခိုးခန့် ဖက် နဲ့ မိုက်မိုက်ကန်းကန်း သူမကို လာဆွဲခေါ်ဖို့တော့င် ခြေလှမ်း ဖြင့်ရဲတော့သည့်လူတစ်ယောက်ရဲ့ တွန့်ဆုတ်သွားမှု။ အဲဒါတွေကို ရသာရှိရှိကြည့်ပြီး ဖြစ်ပေါ်လာသော ကျေနပ်မှုတစ်ခုကို မြို့သိပ် တိတ်တဆိတ် ပြုံးမိ၏။

နောက်က တစ်ချိန်လုံး ထပ်ကြပ်မကွာ လိုက်လာ ပြီးနောက် ရွှေစင်ဖြာ၏ အိမ်ရှိရာ လမ်းချိုးမှာ ရပ်ကျန်ခဲ့သည့် တော်လှုဝင်းကို သူမ ဒီတစ်ခါ အနိုင်ရတော့မည်ဟု ရွှေစင်ဖြာက ဒီနေ့မှာ အကြီးအကျယ် ယုံကြည်သွားခဲ့ပြန်သည်။

***



www.burmeseclassic.com

www.burmeseclassic.com






တော်လှုဝင်းသည် သူ့ရှေ့က အမျိုးသမီးထံမှ အေး စက်စက်မျက်နှာကို မယုံကြည်နိုင်စွာ ငေးကြည့်နေမိ၏။ ပြောင်း သွားလိုက်တာ။ ကိုယ်တို့ မတွေ့ရတာ ဘယ်လောက်များ ကြာ သေးလို့လဲ။ မင်း ပြောင်းလဲသွားလိုက်တာ။ ဘယ်အရာကများ မင်း ရဲ့ ကိုယ့်အပေါ် တွယ်တာခြင်းတွေကို ဒီလောက်ထိ ပြောင်းလဲ ခဲ့သလဲ။

"စကားပြောမလို့ဆို ရွှေစင်ဖြာ … ပြောလေ"

မနေ့ကညနေမှာ သူကြုံခဲ့ရသည့် မြင်ကွင်းတစ် အကြောင်း တမင်မမေးဘဲ မေ့ပစ်လိုက်၏။

"မနက်ဖြန်မနက် … ရှင် လာကြိုချင်ကြိုပါ … ကျွန် လက်ခံတယ် … ဒါပေမဲ့ ကျွန်မ အလုပ်အပျက်မခံနိုင် အတွက် ရှင်နဲ့စကားပြောဖို့ အချိန်မပေးနိုင်ဘူး … ဒီ ညနေဖက်လာကြိုတဲ့အခါမှသာ ရှင့်ကို အချိန်ပေးပြီး စကား ပြောနိုင်မယ် … ရှင့် ပြောစရာတွေ ရှိရင်လည်း ရှိမယ် … မရှိရင်လည်း မရှိဘူး … ဒါပေမဲ့ ကျွန်မမှာတော့ ပြောစရာ တွေ အများကြီးရှိနေတယ်"





အဲဒီနေ့ပဲ ညဖက်မှာ သူ အရဲစွန့်ပြီး ဖုန်းဆက်တော့ မထင်မှတ်ခဲ့ပေမယ့် ရွှေစင်ဖြာက သူ့ဆီကဖုန်းကို စောင့်နေကြောင်း သိခွင့်ရသည်။ တစ်နေ့လုံး တောင့်တခဲ့ရတဲ့ချစ်သူအသံဟာ သူ့ အတွက် ချိုမြမနေခဲ့ပါဘူး။ သို့သော် တော်လှုဝင်းကတော့ အဲဒီ အသံကလေး ကြားခွင့်ရတာနဲ့တင် တစ်နေ့လုံး ခံစားခဲ့ရသမျှတွေ မေ့သွားသတဲ့။ ဘယ်လောက် အံ့ဩစရာကောင်းသလဲ။

အခုတော့ ဒီနေ့မနက်မှာ ခပ်တည်တည် အေးစက် စက်မျက်နှာကလေးနဲ့ သူ့ကို တစ်ချက်မှ ရယ်ပြခြင်းမရှိသောချစ်သူ ကို သူ့ဆိုင်ကယ်ဖြင့် ရုံးအရောက် လိုက်ပို့ခွင့်တော့ ရခဲ့ပြီ။ ညနေဖက် မှာ သူမ ကြိုတင်ပြောထားခဲ့သည့်အတိုင်းပင် သူမဘက်မှ တိုင်ပင် ဆွေးနွေးမည့်စကားတွေကို နားထောင်ပေးဖို့ သူက အဆင်သင့် ပြင်ဆင်ထားခဲ့ပြီးပြီဖြစ်၏။

"အရင်ဆုံးပြောချင်တာက … ရှင် ကျွန်မကို ဘာရည်ရွယ် ချက်နဲ့ တွဲနေသလဲဆိုတာ သိချင်တယ်"

ဘာရည်ရွယ်ချက်နဲ့ တွဲသလဲတဲ့။ အင်မတန်ရိုးသားတဲ့ မေးခွန်းပဲ ချစ်သူကလေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝမှာ ... ငါ့ကိုယ် တကယ်မချစ်ဘဲနဲ့ ဘယ်မိန်း
လေးကိုမှ တွဲဖို့ မစဉ်းစားခဲ့ဘူး ရွှေစင်ဖြာ ... ကိုယ် မင်း
ချစ်လို့ ကိုယ့်ရဲ့ တစ်ဦးတည်းသောချစ်သူအဖြစ် လက်
တာပေါ့ ... ဘာရည်ရွယ်ချက်များ ရှိဦးမလဲ"
"အင်းလေ ... ယုံရဦးမှာပေါ့"
"ဘယ်လိုပြောလိုက်တာလဲကွာ ... ကိုယ့်မှာ ဘာမယုံကြ
စရာ အချက်တွေ့နေလို့ ဒီလို ခနဲ့တာလဲ"
"ရှင့်ကို ကျွန်မ ယုံလိုက်ရမှာ ကြောက်သွားပြီ ... အင်
သိပ်မကြာသေးဘူး ... လွန်ခဲ့တဲ့ ဆယ်ရက်ကျော်
ကဇာည်းကပဲ ... အဲဒီနေ့ကတည်းကစပြီး ရှင်ပြော
စကားတွေ ရှင်နဲ့ သက်ဆိုင်သမျှတွေ အရာရာတိုင်းကို
ရမှာ ကြောက်သွားပြီရှင့်"
"ကိုယ် ... အဲဒီလိုဖြစ်ဖို့ မရည်ရွယ်ပါဘူး ... ရွှေစင်ဖြ
ကတိပေးချိန်အထိ ကိုယ့်စိတ်ရင်းအမှန်အတိုင်း ကတိ
ခဲ့တာပါ ... ဒါပေမဲ့ ... နောက်တစ်နေ့မနက်မှာ ကိုယ့်
ကယ်ကိုယူပြီး ဝပ်ရှော့သွားပို့ချိန်ရောက်တော့ သူ့ကို
ခဲ့ရမှာ ကိုယ် အရမ်းစိတ်မချ ဖြစ်သွားခဲ့မိတယ် ...
ခြေလှမ်း ငါးလှမ်းတောင်မပြည့်ခင် ကိုယ် နောက်ကြော
ပြန်လှည့်မိတယ် ... ကိုယ့်ဆိုင်ကယ်ကြီးကို ဝပ်ရှော့
တွေ ဝိုင်းကြည့်တာထားတော့ ... အဲဒီထဲက ဆပ်





ကောင်က ယူစီးမှာ ... တစ်ခုခု မလိုလားအပ်တာတွေ
အဲဒီကောင်ကြောင့် ဖြစ်သွားမှာ ကိုယ် မလိုလားဘူး ...
ကိုယ့်ဆိုင်ကယ်ကို ပြင်တိုင်း အမြဲတမ်း ကိုယ့်ဝပ်ရှော့မှာ
တစ်နေကုန်နေကျပဲ ... သူ့ကို ကိုယ့်မျက်စေ့အောက်က
ဘယ်တော့မှ အပျောက်မခံခဲ့ဖူးဘူး ... ကိုယ်မရှိဘဲနဲ့ သူများ
လက်ထဲ မထားခဲ့ဖူးဘူး ... အဲဒီလို စိုးရိမ်စိတ်တွေရဲ့ ဖိစီး
တဲ့ဒဏ်ကို ကိုယ်တောင် မခံနိုင်ခဲ့ဘူးကွာ ... သူ့ဆီ နောက်
ကြောင်း ပြန်လှည့်မိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခြင်း
တစ်ဝက် ... ရွှေစင်ဖြာ့ကို သတိရခြင်းတစ်ဝက်နဲ့ အဲဒီရက်
တွေကို ဒီဆိုင်ကယ်ကြီးနားမှာ ကုန်ဆုံးခဲ့တဲ့အတွက် ကိုယ့်
ကို ရွှေစင်ဖြာ စိတ်ဆိုးနေလိမ့်မယ်ဆိုတာ ကိုယ် နားလည်
ပါတယ်"

ရွှေစင်ဖြာသည် နာကျည်းစွာ မဲ့ပြုံးပြုံးလိုက်မိ၏။
ဒင့်အင်း။ ရှင့်ကို စိတ်ဆိုးဖို့ မလိုတော့ဘူး။ ရှင့်ရဲ့ စိတ်ရင်းအမှန်
ကို သိသွားရတဲ့အတွက် ကိုယ့်စိတ်ကို တမင်ညှင်းဆဲရာရောက်တဲ့
စိတ်ဆိုးဒေါသထွက်ခြင်းတွေကို ကျွန်မ တကယ်ပဲ မေ့ထားလိုက်
ပြီတွဲ့။

သူက စားပွဲပေါ် ယှက်တင်ထားသော သူမ၏
လက်ဖဝါးများဆီ သူ့လက်အစုံဖြင့် အုပ်ကိုင်နှစ်သိမ့်ဖို့ ကြိုးစားလေ
သည်။ ရွှေစင်ဖြာက ဆတ်ခနဲ သူ့လက်တွေအောက်မှာ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို ရုန်းထွက်ပြီးနှင့်ပြီ။ ထိုအခါ သူ့မျက်လုံးတွေ
တောင်းပန်တိုးလျှိုးမှုအပြည့်နှင့် ငေးကြည့်နေခဲ့၏။

"ရှင့်မှာ ကိုယ်တကယ် ချစ်မြတ်နိုးပါတယ်ဆိုတဲ့ မိန်း
တစ်ယောက်ကို ပိုင်ဆိုင်ချင်တဲ့ စိတ်ဆန္ဒကော ရှိရဲ့လား
ကျွန်မ အမှန်အတိုင်း သိချင်တယ် ..."

"ဘယ်သူမဆို ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ချင်တဲ့စိတ်
ရှိမှာပဲ ... ကိုယ်လည်း ကိုယ့်ချစ်သူကို ပိုင်ဆိုင်ချင်တဲ့ စိတ်
ဆန္ဒအပြည့်နဲ့ပေါ့ ... မယုံရင် ကိုယ့်ကို အခု လက်ထပ်လို
ပါလား ... ကိုယ် မင်းကို လက်ထပ်ဖို့ နောက်တွန့်နေ
မဟုတ်ဘူး ... သူများလက်ထဲကို ကိုယ့်ချစ်သူတော့ အပ
မခံနိုင်ဘူး ... ဒီနေ့ဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ် မေမေ့ကိုပြော
ပြီး မိန်းမ တောင်းခိုင်းရတော့မလား ... ပြော ... ရွှေစင်
နဲ့ကိုယ့်အကြောင်း မေမေ့ကိုတောင် ကိုယ် အသိပေးထား
ပြီးတာ သိပ်မကြာသေးဘူး ... ကိုယ့်ကို ဘာလို့ မယုံကြည်
ရသလဲ ... ကိုယ် စဉ်းစားမရဘူးကွာ ... ကိုယ် ရွှေစင့်
ကို တကယ်ချစ်တာပါ ... လက်ထပ်ဖို့အထိတောင် ရည်
ရွယ်ထားတာပါ ... အပျော်တွဲတာ မဟုတ်ပါဘူး ...
နောက်ထပ် ဘာစကားလုံးတွေသုံးပြီး ကျိန်ပြရဦးမလဲ"

"လွယ်လိုက်တာ ... မိန်းတစ်ယောက်ကို ဒီလိုပဲ အမေ
တောင်းခိုင်းပြီး လက်ထပ်ယူဖို့ ကြံစည်တဲ့ အကြံအစည်





လောက် လွယ်တာမရှိဘူးနော် ... ကဲ ... ထားပါတော့
အဲဒါကို ... အကယ်၍ လက်ထပ်ကြပါပြီတဲ့ ... ရှင့်မှာ အဲဒီ
မိန်းမ အထင်ကြီး အားကိုးစရာ အရည်အချင်း ဘာရှိသလဲ
ဦးနှောက်သိပ်မသုံးတဲ့ မိန်းမတွေကတော့ မိဘချမ်းသာ
တာကို အထင်ကြီးပြီး မိဘအမွေတွေကိုရမယ်ဆိုဟဲ့
မျှော်လင့်ချက်နဲ့ လက်ထပ်ဖို့ စိတ်ကူးရင် စိတ်ကူးကြလိမ့်
မယ် ... ကျွန်မကတော့ မိဘချမ်းသာတာကို မမက်မောဘူးရှင့် ... ကျွန်မက အလုပ်အကိုင် မယ်မယ်ရရရှိတဲ့
ယောကျ်ားတစ်ယောက်ကိုသာ ယုံကြည်မယ် ... အထင်
ကြီးမယ် ... အားကိုးချင်တယ် ... အလုပ်လက်မဲ့ ယောကျ်ား
တစ်ယောက်နဲ့တော့ လက်မထပ်ပါရစေနဲ့ ... အလုပ်တစ်ခု
ကို လက်ကြောတင်းအောင် မလုပ်လိုတဲ့ ယောကျ်ားတစ်
ယောက်လက်ထဲ မိဘအမွေပုံကြီး ရောက်လာတော့ရော
သူက ထိုင်စားနေရုံကလွဲရင် ဘယ်လို ရင်းနှီးလုပ်ကိုင်ရမလဲ
ဆိုတာကိုမှမသိတာ ... ပိုဆိုးတာက သူ့ယောကျ်ားက ဘာ
အလုပ်မှ မလုပ်ဘူးလို့ လူတွေ ဝေဖန်ကြမှာကို ကာယကံ
ရှင်က ရှက်မရှက်တော့မသိဘူး ... ကျွန်မတော့ အလွန်
ရှက်တာရှင့် ..."

"ရှင်းရှင်းပြောပါ ... ကိုကိုဆိုတဲ့ လုပ်ငန်းရှင်ကြီးကို အထင်
ကြီးတယ် ... ကိုယ့်ကိုတော့ ဆိုင်ကယ်တစ်စီးနဲ့ ကာလ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နေတဲ့သူမို့ အထင်မကြီးဘူးဆိုတဲ့သဘောပဲ မဟုတ် လား"

တော်လူဝင်းသည် နာနာကြည်းကြည်းပင် ထို စကားကို မေးပစ်လိုက်တော့သည်။

"ကျွန်မ အစထဲက ပြောသားပဲ … ကိုကိုဆိုတာ မတွေ့ခင် ကတည်းကပြောတာ … ရှင်နဲ့ ချစ်သူမဖြစ်ခင်ရော … ချစ်သူ ဖြစ်ပြီးတော့ရော တစ်ချိန်လုံး ပြောနေတဲ့စကားလေ … ယောကျ်ားတစ်ယောက်ကို ပိုက်ဆံရှိရုံနဲ့ အထင်မကြီးဘူး သူဟာ … အရည်အချင်းရှိပြီး အလုပ်တစ်ခုကို လုပ်ချင်တဲ့ စိတ်လည်းရှိရမယ် … ယောကျ်ားမာန အပြည့်လည်း ရှိရ မယ် … အဲဒီလိုယောကျ်ားမျိုးဆိုရင် ကျွန်မက အလိုလိုနေ ရင်း အထင်ကြီးပြီးသား"

သူသည် မာနကြီးစွာပင် သူ့ရင်ထဲမှာ အဆင်သင့်ရှိ ခဲ့ပြီးဖြစ်သော စကားလုံးများကို တမင် မြို့ချပစ်လိုက်တော့၏ လောကကြီးမှာ ကိုယ့်အပေါ် တစ်စက်ကလေးမှ အထင်ကြီးစိတ် အားကိုးစိတ်၊ ယုံကြည်စိတ်မရှိတဲ့မိန်းမတစ်ယောက် ယုံအောင် သူ ဘယ်စကားနဲ့မှ ထပ်၍ ကျိန်ဆိုမပြလိုတော့ချေ။

မင်းက အချစ်ဆိုတာကို နောက်ပို့ထားတတ်တယ် ကိုယ်က တစ်ယောက်နဲ့တစ်ယောက် ယုံကြည်ချစ်မြတ်နိုးကြခြင်း တည်းဟူသော အကြောင်းအရာကိုသာ ဦးစားပေးတတ်တယ်။





ကိုယ်ကလည်း ယောကျ်ားမာနရှိတဲ့ ယောကျ်ား တစ်ယောက်ပါ။ ဒါပေမဲ့ မင်းဆီက ကိုယ့်ကို အထင်သေးတဲ့စကား တွေ စပြီး ကြားလိုက်ရကတည်းကိုက ကိုယ်ဟာ မင်းသိအောင် ကိုယ် အလုပ်တစ်ခုလုပ်ဖို့ ကြံစည်ကြိုးစားနေပြီဆိုတဲ့အကြောင်း ပြောမပြချင်လောက်အောင် စိတ်ပျက်ခဲ့မိပြီ။

မင်းက ကိုယ့်ကို တကယ်ချစ်ရိုးမှန်ရင် ကိုယ်ဟာ အလုပ်အကိုင်မရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်ပါစေ။ မင်း လက်ထပ်ရဲရမှာပေါ့။ ကိုယ့်မှာရှိနေတဲ့ မဖြစ်စလောက် အပြစ်တစ်ခု ကို လျစ်လျူရှုနိုင်ရမှာပေါ့။ ကိုယ့်ကို ခွင့်လွှတ်နိုင်ရမှာပေါ့။

ကိုယ်က အဲဒီလို သတ်မှတ်တယ်။

သို့သော် မင်းကတော့ ကိုယ် သတ်မှတ်သလို ဖြစ် မလာခဲ့။ သူ့အပေါ် ချစ်ခြင်းဆိုတာကို တမင် မေ့ထားရက်သူတည်း။ သူ့ကို အမြဲ အယုံအကြည်ကင်းမဲ့ကာ အထင်သေးချင်နေသူတည်း။ ရက်စက်တဲ့ ရွှေစင်ဖြူပဲ။

မင်းကသာ ကိုယ့်ကို ယုံယုံကြည်ကြည်နဲ့ လက်ထပ် မယ်ဆိုရင် ကိုယ်ကလည်း မခံချင်စိတ်ရှိတဲ့ ယောကျ်ားတစ်ယောက် မို့ မင်းကို ချစ်ရသော သူတစ်ယောက်မို့ ချစ်သူရဲ့ လိုအင်ဆန္ဒ ဟူ သမျှကို ဖြည့်ဆည်းလိုသော ယောကျ်ားတစ်ယောက်မို့ မင်းဖြစ်စေ ချင်သလို ဖြစ်လာရပါစေ့မယ်လို့ အာမခံရင်ရော မင်း ယုံပါဦးမလား။ ပြောတော့။ လက်ထပ်ပြီးသောအခါ သူဟာ သူမရဲ့အားကိုးရာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ထိုက်သော ယောကျ်ားတစ်ယောက် ဖြစ်လာစေရမယ်ဆိုတဲ့ အကြံအစည်များကို သူမ သိအောင် မပြောတော့ပါ။

ရွှေစင်ဖြာသည် သူ့ကို တကယ် အပြည့်အဝ ချစ်ခဲ့သည်မှန်လျှင် သူ့ကို အလုပ်အကိုင်မရှိမှန်းသိရက် လက်ထပ်ရဲရမည်။ နောက်ပိုင်း အဖြစ်အပျက်များကို သူက ကြိုပြောမပြထားချင်။ သူမနဲ့ လက်ထပ်ပြီးတဲ့အခါမှသာ သူ ဘာတွေ လုပ်ကိုင်နေခဲ့ပြီးပါပြီဆိုတာ သူမ သိပြီး အံ့ဩသွားစေချင်သည်။

ယခုတော့ သူနဲ့သူမတို့၏ မာနချင်း အားပြိုင်မှုက မသိမသာရော သိသိသာသာပင် ကြီးထွားလာခဲ့ပေပြီ။

"တော်လူ ... ရှင် အခုထိ အလုပ်တစ်ခုခုလုပ်ဖို့ မစဉ်းစားသေးဘူးလား ... ဒါမှမဟုတ် အခုထက်ထိ အလုပ်လုပ်ဖို့ ဘာတစ်ခုမှ မပြင်ဆင်ဘူးလား ... ဟင် ... တကယ်ဆို ကျွန်မကိုချစ်ရင် ကျွန်မ ဘာကို တန်ဖိုးထားသလဲ ... အဲဒါကို ရှင် နားလည်ပေးနိုင်ရမှာပေါ့ ... ကျွန်မရဲ့ ဆန္ဒတချို့ကို ဖြည့်ဆည်းပေးနိုင်ရမှာပေါ့ ... နောက်ပြီး ကျွန်မတို့ရဲ့ အနာဂတ်အတွက် ပြင်ဆင်သင့်တာပေါ့ တော်လူရယ် ... အဲဒါကို နားလည်စမ်းပါ ... "

"ကိုယ့်မှာ အလုပ်ရှိတယ်လေ ... ဒီဆိုင်ကယ်ကို သယ်ဖို့ အလုပ် ... ရုပ်ရှင်မင်းသားတွေ မရိုက်ရဲတဲ့ ဗွီဒီယိုကားထဲက ဆိုင်ကယ်စတန့်စီးခန်းတွေမှာ သူငယ်ချင်းတွေ တိုက်တွန်း





ရင် ဝင်လုစားထိုးပေးတဲ့အလုပ် ... ပြီးတော့ ချစ်သူတစ်ယောက်ကို အကြိုအပို့ လုပ်ပေးဖို့အလုပ် ရှိနေသားပဲ ... တခြား ဘာအလုပ်ကိုလုပ်ဖို့ ကိုယ် စိတ်မဝင်စားဘူး ... ရွှေစင်ဖြာက အဲဒီ့အတွက် ကိုယ့်ကို အထင်မကြီးဘူးမဟုတ်လား ... ရပါတယ် ... ကိုယ်က မိန်းမတစ်ယောက် အထင်ကြီးဖို့အတွက် ရုံးခန်းထဲမှာထိုင်ပြီး ဖုန်းတစ်လုံးနဲ့ စကားပြောရ ... ဦးနှောက်စားတဲ့ စီးပွားရေးပညာတွေကို တွက်ချက်ရတဲ့အလုပ်မျိုးကို စိတ်အပင်ပန်းခံပြီး လုပ်မပြနိုင်ဘူး ကိုယ့်စိတ်တွေကို ချုပ်နှောင်မထားချင်ဘူး ... ကိုယ်က စိတ်ထင်ရာကို ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားနေချင်တာ ... တစ်နေရာထဲမှာ ဣန္ဒြေကြီးနဲ့ ထိုင်မနေချင်ဘူး"

ရွှေစင်ဖြာသည် ယခုထိတိုင် ခေါင်းမာနေဆဲဖြစ်သော သူမ၏ချစ်သူကောင်ကလေးအား လက်လျှော့လိုက်ခဲ့ပြီ။ ဘာကို အရွဲ့တိုက်ချင်မှန်းမသိ အရွဲ့တိုက်နေတာကိုလည်း နားလည်နေခဲ့ပြီ။ သူဟာ ဘယ်တုန်းကမှ သူမရဲ့စကားကို နားမထောင်ခဲ့သူ။ သူမရဲ့ဆန္ဒတွေကို လိုက်လျောခြင်း နည်းပါးခဲ့သူ။ 'ကတိ'တစ်ခုကို လွယ်လွယ်ပေးတတ်ပြီး လွယ်လွယ်ဖျက်တတ်သူလည်း ဖြစ်နေသေးရာ သူက စိတ်ပြောင်းပြီး အခု သူမလိုချင်တဲ့ ကတိမျိုးပေးပါပြီတဲ့။ သူ့ကို ယုံသင့်ပါတော့မလား။ ပြီးတော့ သူ့ဘဝမှာ သူမထက် ဆိုင်ကယ်တစ်စီးကို ပိုတွယ်တာ မက်မောနေခဲ့သေးရာ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လို အဖြစ်အပျက်ကိုက တော်တော်မခံချင်စရာကောင်းလှပါသည် ဟု ရွှေစင်ဖြာက ယူဆပြန်သေးသည်။

"တစ်နေ့နေ့မှာ ... ကိုယ်စိတ်ပြောင်းပြီး ရွှေစင်ဖြာ အထင်ကြီးတဲ့ အလုပ်အကိုင်ရှိတဲ့ ယောကျ်ားတစ်ယောက်ဘဝထို ခံယူချင်ရင်လည်း ခံယူမိမှာပဲ ... အခုထိတော့ ကိုယ် အလုပ်လုပ်ဖို့ စိတ်မဝင်စားသေးတာ အမှန်ပဲ"

"တော်လူ ... ရှင်ဟာ ကျွန်မရဲ့ ဒီလောက်ကလေး လိုလားတောင့်တတဲ့ဆန္ဒကိုတောင် မဖြည့်ပေးချင်ရင် ရှင့်ကို အချစ်ဆိုတာကိုရော ကျွန်မက ယုံရတော့မလား"

"မယုံရင် ကိုယ့်ကို လက်ထပ်လေ ... ကိုယ့်ဘဝမှာ ကိုယ်တကယ်ချစ်တဲ့မိန်းမကိုမှ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားပြီးသား ... အဲဒီမိန်းမက မင်းပဲ ... မင်းကလွဲရင် ဘယ်သူမှလည်း မချစ်ဘူး ... လက်လည်း မထပ်ဘူး ..."

"ဒါဖြင့် ... အခုလောလောဆယ် ရှင့်စကားတွေက အမှန်တွေပါလို့ ကျွန်မ ယုံကြည်သွားအောင် ရှင် တစ်ခုတော့ ကျွန်မကို လိုက်လျောပေးနိုင်မလား ... ရှင့်ရဲ့ အသုံးမကျတဲ့မာနတွေကို မေ့ပြီးတော့လေ"

သူ တစ်ချက် တွေဝေသွား၏။ သူ့မျက်လုံးတွေက ဘာများပါလိမ့်ဟု တွေးဆကြည့်နေဟန်ရှိသည်။ ရွှေစင်ဖြာကတော့ နောက်ဆုံးအကြိမ်၊ အင်း ဟုတ်သည်။ အဲဒီနောက်ဆုံးအကြိမ်ဆိုတဲ့





စကားကို ဘာလို့ သုံးရသလဲဆိုတော့ ဒီတစ်ခါ သူမရဲ့တောင်းဆိုချက်ကိုမှ သူ့ဘက်က မလိုက်လျောနိုင်ခဲ့ဘူးဆိုလျှင် သူ့ကို လမ်းခွဲဖို့သာ ပြင်ဆင်ရတော့မည်ဖြစ်၍တည်း။

ထို့ကြောင့်ပင် ရွှေစင်ဖြာသည် သူမ၏ နောက်ဆုံးအကြိမ် တောင်းဆိုသော သူ့ဘက်က လိုက်လျောရမည့် သူမ၏ဆန္ဒတစ်ခုကို ဓမ္မာ်လင့်တကြီး တောင်းဆိုခဲ့မိတော့သည်။ အို၊ သူ့ဆီက အဖြေကို ရင်ခုန်ခဲ့ရဘိတော့ကွယ်။

"ရှင် ... ဆိုင်ကယ်ကြီးကို ကျွန်မနဲ့ယှဉ်တိုင်း ရှင်က ဦးစားပေးလွန်းလို့ ကျွန်မ မုန်းတယ် ... ဒီတော့ ... ရှင် ကျွန်မကို တကယ်ချစ်ရင် အဲဒီဆိုင်ကယ်ကြီးကို ဒီရက်ပိုင်းတွေအတွင်း ရတဲ့ဈေးနဲ့ ရောင်းပစ်လိုက်ပါ ... သူ့ကို ရောင်းပြမယ်ဆိုရင်တော့ ရှင့်ကို ယုံကြည်မိမှာပဲ ... ဘာဖြစ်လဲ ... ရှင့်မှာ စီးစရာဆိုင်ကယ်မရှိတော့ရော ဘာဖြစ်လဲ ... ကျွန်မကို အရင်ကလို လာကြိုမြဲတိုင်း ကြိုလေ။ ကျွန်မတို့နှစ်ယောက် သွားချင်တဲ့နေရာတွေဟာ ဆိုင်ကယ်ရှိမှ သွားလို့ရမှာမှ မဟုတ်တာ ... ငှားစီးစရာ တက္ကစီတွေမှ ပေါလွန်းလို့ ... နော် ... တော်လူ ... အဲဒီဆိုင်ကယ်ကို ရှင် တွယ်တာနေသမျှ အလုပ်လုပ်ဖို့ စိတ်ကူးမိမှာလည်း မဟုတ်ဘူး ... ဒီတော့ သူ့ကို သံယောဇဉ်ဖြတ်ပြီး ရောင်းပစ်လိုက်ပါ"

"အဲဒါဆိုရင် ရွှေစင်ဖြာက ကိုယ်အလုပ်မရှိလည်း ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မယ်ပေါ့ ... ဒီလို အပေးအယူနဲ့လား"

ရွှေစင်ဖြာသည် ဖြစ်ချင်ရာဖြစ်တော့ဟု ဆုံးဖြတ်လျက် သူ့အမေးကို ခေါင်းညိတ်ပြလိုက်ဖို့ ဝန်မလေးခဲ့ပါ။

"ဟုတ်တယ် ... ရှင့်ဆိုင်ကယ်ကို ရောင်းတဲ့နေ့ဟာ ကျွန်မ ရှင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်တဲ့နေ့ပဲ"

သူသည် ခြောက်ကပ်ကပ်အသံဖြင့် ရယ်လိုက်လေသည်။ သူ့ချစ်သူကလေးဟာ အခုထိ အမိပွါယ်မရှိတဲ့ ရူးသွပ်မှုတွေနဲ့ သူ့ကို နှိပ်စက်ချင်တုန်းပဲ။ ဘာဖြစ်လို့ သက်မဲ့ဆိုင်ကယ်တစ်စီး အပေါ် မလိုမုန်းထားရှိချင်သလဲ။ သူမနဲ့ဆိုင်ကယ်နဲ့ ယှဉ်ရင် ဆိုင်ကယ်ကို ပိုဦးစားပေးလွန်းသတဲ့။ အဲဒါတော့ ကိုယ့်ရဲ့ ပြင်မရတဲ့ အားနည်းချက်ပဲ ရွှေစင်ဖြာ။

"ကိုယ် တစ်ခုမေးပါရစေ ... အကယ်၍ မင်းက ကိုယ့်ကို လက်မထပ်ရင် ... ဟို ကိုကိုဆိုတဲ့လူကို လက်ထပ်ဖို့ ဆုံးဖြတ်မှ မဟုတ်လား"

သူမသည် သူ့မေးခွန်းကို ရဲရဲဝံ့ဝံ့ပင် အမှန်အတိုင်း ဖြေခဲ့သည်မှာ မယုံကြည်နိုင်စရာပင် ဖြစ်တော့သည်။

"ဟုတ်တယ် ..."

ဟု သူမ ဝန်ခံသွားခဲ့သည်။

ထိုအခါ သူ့ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားတော့ မတတ် အက်ကွဲနာကျင်သွားခဲ့လေသည်။ ကြည့်စမ်း။ ဘယ်





လောက် ထင်မှတ်ထားစရာမကောင်းတဲ့အဖြစ်လဲ။ တော်လူဝင်း ဆိုတဲ့ ယောကျ်ားတစ်ယောက် သည်းသည်းလှုပ် အရူးအမူး တွယ် တာခဲ့တဲ့ ချစ်သူကလေးရဲ့ နှလုံးသားထဲမှာ၊ နောက်ပြီး ဦးနှောက် ထဲမှာ သူတစ်ယောက်တည်းကို နေရာပေးထားခဲ့တာမှ မဟုတ် တာ။

နောက်ထပ် ယောကျ်ားတစ်ယောက်ကို အထင် ကြီးပြီး သူမရဲ့ဦးနှောက်ထဲမှာ နေရာပေးပြီးနေခဲ့ပြီ။ နောက်တော့ ဦးနှောက်နဲ့ ဆုံးဖြတ်မှုနဲ့ နှလုံးသားထဲမှာပါ နေရာပေးဖို့ ပြင်ဆင် နေခဲ့ပြီ။

သူ့အတွက် ပြိုင်ဘက်ဆိုတာကို သူမကပဲ ရှာဖွေပေး ခဲ့တာ။ သူ့ချစ်သူကလေးကပဲ အဲဒီပြိုင်ဘက်ကို သူ့ထက်သာ ... အမှတ်တွေ ပေးခဲ့တာ။ ဘယ်သူ့ရဲ့ ဆုံးဖြတ်ချက်မှ မပါတဲ့ သူမရဲ့ ဆုံးဖြတ်ချက် အစစ်အမှန်နဲ့တဲ့။ ရွှေစင်ဖြာရဲ့မေမေ စောင့်ကြည့်နေ သော ရွှေစင်ဖြာရဲ့ ရွေးချယ်မှုတဲ့။

တော်လူဝင်းသည် အတ္တကြီးတယ်ပဲ ပြောပြော။ သူ့ ချစ်သူဟာ သူ့ကို တကယ်ချစ်သည်ဆိုလျှင် သူ့အတွက် ပြိုင်ဘက် တောင် မရှိအောင် သူ့တစ်ယောက်ထဲကိုသာ စဉ်းစားရွေးချယ်စေ ချင်သူတည်း။

"ရှင့်မေးခွန်းကို ကျွန်မ ဖြေပြီးပြီ ... ကျွန်မ မေးခွန်းကိုတော့ ရှင် မဖြေသေးပါလား ... တော်လူ ... သိပ်ခက်ခဲနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အင်မတန်မှ ခက်ခဲနေခဲ့တယ် ... ကိုယ့်ဘ မှာ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်အတွက် ကိုယ် စွဲလမ်း တွယ်တာတဲ့ အရာဝတ္ထုတစ်ခုကို စွန့်လွှတ်ရမဲ့အလုပ်ဟာ တခြားလူတော့ မသိဘူး ... ကိုယ့်အတွက်တော့ အဖြေ ရ ခက်တယ် ... ဒါပေမဲ့ သိပ်မကြာစေရပါဘူး ... ကိုယ် မင်းအတွက် အဖြေကို ပေးဖြစ်အောင် ကြိုးစားမှာပါ"

"ဒီရက်ပိုင်းအတွင်း ... တော်လူ ကျွန်မကို လာကြိုစရာမ ပါဘူး ... လိုက်ပို့စရာလည်း မလိုဘူး ... ကျွန်မကို လာ တွေ့စရာလည်း မလိုဘူးလို့ ကြိုတင်မှာထားမယ် ... တော်လူ ကျွန်မကို လာတွေ့တဲ့နေ့ဟာ ကျွန်မ တောင်းဆိုထားတဲ့ ဆန္ဒတစ်ခုကို လိုက်လျောပြီးတဲ့နေ့ပဲ ဖြစ်ချင်တယ် ... ဘ ဘောပေါက်လား တော်လူ ... ရှင့်ဆိုင်ကယ်ကြီးကို ရောင်း ပြီးတဲ့နေ့ဟာ ရှင်နဲ့ကျွန်မ ပြန်တွေ့ရမဲ့နေ့ပဲ ... ကဲ ... ပြန် ရအောင် ... ကျွန်မဘာသာ ကားငှားပြီး ပြန်တော့မ အလာတုန်းက ကျွန်မမုန်းတဲ့ ဒီဆိုင်ကယ်ကို မစီးချင် စီးခဲ့ရပြီးပြီ ... အပြန်မှာ မစီးပါရစေနဲ့ ... သူ့ကို ကျွန်မ မလိုလားဘူးလို့ ပြောပြီးပြီမို့ ကိုယ်မလိုလားတဲ့ အရာဝ တစ်ခုနဲ့ လုံးဝ သက်ဆိုင်ဖို့ မလိုတော့ဘူးလို့ ကျွန်မ ယူ တယ် ... ဒီတော့ ကျွန်မဘာသာ တက္ကစီနဲ့ပဲ အိမ်ပြန်တော့ မယ်"





"ကိုယ် ... အနောက်က ပုံက်လာခွင့်ရှိမလား"

ရွှေစင်ဖြာသည် တော်လူ့ထံမှ အားပျော့သော အသံ သဲ့သဲ့ကလေးကို တွေခနဲ တစ်ချက်ဖြစ်သွားရ၏။ ဟင့်အင်း၊ မတွေ ဝေနဲ့တော့။ ဒီတစ်ခါ တွေဝေရင် ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်ဖို့ ပဲ ကောင်းလိမ့်မည်။

"သဘောပဲ ... လိုက်ချင်လိုက်ပေါ့"

ရွှေစင်ဖြာသည် သူ့ပုံရိပ်ကလေးကို မကြာခဏ လှည့်ကြည့်ကာ ပြန်ခဲ့ရသော အိမ်အပြန်လမ်းကို တစ်သက်မမေ့ တော့။ သူ့ကို နှလုံးသားထဲမှာ နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့သည် မှန် သော်လည်း သူ့အတ္တကိုတော့ မုန်းသည်။ သူမနဲ့အပြိုင် မာန ထား တတ်သော သူ့ကို မဟုတ်ဘူး။ သူ့မာနများကိုသာ သူမ မုန်းတာဖြစ် ပါသည်။

သူနဲ့သူမ၏ မာနအားပြိုင်မှုမှာ ဘယ်သူ အနိုင်ရမှာ ပါလိမ့်။

***



www.burmeseclassic.com

www.burmeseclassic.com






ဤအဖြစ်အပျက်များ ဖြစ်ပျက်ပြီး တစ်လခန့် သူ သူမတို့ မတွေ့ဖြစ်ကြသည့်အကြောင်းက ပြောစရာမလို။ သူ ဆိုင်ကယ် ရောင်းတဲ့နေ့ဟာ သူမနဲ့သူတို့ ပြန်တွေ့မဲ့နေ့ သူလို သော သူမနဲ့သူ့ကို လက်ထပ်ဖို့ကို သူမက လက်ခံမည့်နေ့ပြ သူ လာမတွေ့မချင်း ဘာကြောင့် လာမတွေ့သေးသလဲဆိုတာ ဝမ်းနည်းစွာ နားလည်လျက်ပင်။

ချစ်သူနဲ့ ဆိုင်ကယ်တစ်စီးကို ယှဉ်ရွေးရာမှာ ကြောင့် ဒီလောက် တွေဝေနေသလဲ။ တကယ်ဆို တွေဝေမနေ တဲ့ ကိစ္စတစ်ခုပဲ။

ဘဝမှာ ဘာအရေးကြီးလဲဆိုတာ သူ သိဖို့ တယ်။ ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရခြင်းကသာ အရေး ဆုံးဖြစ်ကြောင်း သူ ဘာလို့ မဆုံးဖြတ်နိုင်သလဲ။





သူ့စိတ်ကူးထဲမှာ၊ သူ့အတွေးထဲမှာ သူ့ဦးနှောက်တွေထဲမှာရော သူ့နှလုံးသားထဲမှာပါ သူမတစ်ယောက်တည်းသာ ရှိမှန်းလည်း သိပါရဲ့။ သို့သော် ဆိုင်ကယ်တစ်စီးအပေါ် ရူးသွပ်တွယ်တာမှုနဲ့ယှဉ်လျှင် သူမကို လျစ်လျူရှုတတ်တာတော့ မကောင်းဘူးဟု ထင်မြင်ယူဆပါသည်။

ရွှေစင်ဖြူသည် ချစ်သူကို လွမ်းဆွတ်လျက် ဖြတ်သန်းရသော အထီးကျန်နေ့ရက်တွေ မကြာခဏ ပိုင်ဆိုင်နေရသော်လည်း သူမကိုယ်သူမတော့ ဒီတစ်ခါဆုံးဖြတ်ချက် မမှားဘူးဟူ၍ နှစ်သိမ့်နေဆဲတည်း။

ရွှေစင်ဖြူ၏ချစ်သူက အဖြေတစ်ခုကြောင့် သူမအား လာမတွေ့ခဲ့သော်လည်း တစ်ပတ်လျှင် နှစ်ရက်မျှ အလုပ်ဆင်းချိန်တိုင်း လာကြိုနေတတ်သူတစ်ယောက်တော့ ရှိပြန်ပင်။

သူက သူမ၏ချစ်သူရဲ့ပြိုင်ဘက်ဖြစ်သော 'ကိုကို' ပင် ဖြစ်လေသည်။

"ရုပ်ရှင်ထဲမှာဆိုရင်တော့ ကျွန်တော့်နေရာက လူကြမ်းနေရာများ ဖြစ်နေမလား မသိဘူး ... ပရိတ်သတ်က မင်းသားနဲ့ မင်းသမီးကို သိပ်ပေါင်းပေးချင်နေတဲ့အချိန်မှာ ကျွန်တော်က ကြားဝင်ရှုပ်သလိုများ ဖြစ်နေမလား ... ရွှေစင်"

ဟူ၍ သူက တစ်နေ့မှာ မလုံမလဲတော့ ပြောသည်။ သို့သော် ကိုကိုဟာ သူ့ကိုယ်တိုင် မလာဘဲလည်း နေနိုင်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပဲနှင့် ဤသို့ အရှက်ပြေ ပြောခြင်းပင် ဖြစ်ပါသည်။ တစ်ပတ် အ
ချိန်အတွင်းမှာ နှစ်ရက်လောက်တော့ ရုံးဆင်းခါနီးတိုင်း သူ ရော
လာလေ့ရှိ၏။

ကိုကိုက သူမကို တော်တော်ပဲ နားလည်ပေ
သည့် လူတစ်ယောက်ဖြစ်ကြောင်း ဝန်ခံချင်သည်။ ပြီးတော့
မျက်လုံးတွေ၊ အဲဒီမျက်လုံးတွေထဲမှာ သူမကို တန်ဖိုးထား မြ
မှုတွေ ဖုံးကွယ်လို့တောင်မရ၊ ချစ်သူရှိပြီးသား မိန်းတစ်ယော
ကိုကို ဤကဲ့သို့ တွယ်တာနေခြင်းမှာ အဘယ်ကြောင့်နည်း။

"ရွှေစင်က တော်လူဝင်း လာတွေ့မဲ့နေ့ကို ဘယ်လော
အတိုင်းအတာအထိ ကန့်သတ်ထားမလဲ ... ဘယ်လော
အထိ မျှော်နေမှာလဲဟင် ... ကျွန်တော် သိခွင့်ရှိမလား

ကိုကိုက ထိုသို့မေးသောနေ့မှာ ရွှေစင်ဖြာ သ
လိုက်သည်မှာ တော်လူသည် နှစ်လနီးပါးကြာပြီဖြစ်တာပေ
သူမအား လာမတွေ့သေးခြင်းပဲ ဖြစ်သည်။

မကြာသင့်ဘူးကွယ်။ ချစ်သူတစ်ယောက်ကို
ဆိုင်ရဖို့ ဆုံးဖြတ်ရာမှာ ဒီလောက်ထိ မကြာသင့်တာ အ
တော်လူရဲ့။

"တော်လူ့ကို ... ကျွန်မ မေ့သွားတဲ့နေ့အထိလို့ သ
ထားချင်တယ် ကိုကို ... သူ လာမတွေ့တဲ့နေ့တွေ အင်
ကို ကြာသွားရင် ကျွန်မ သူ့ကို မေ့သွားမှာပါ"





"ထင်လို့လား ရွှေစင် ... ကျွန်တော်ပြောရဲတယ် ... ရွှေစင်
သူ့ကို မျှော်လင့်နေသမျှ ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး
ပြီးတော့ ... သူ့ကို ရွှေစင်က သိပ်ချစ်ခဲ့တာဆို ... အဲဒီ
ချစ်သူနေရာကို အစားထိုးနိုင်မဲ့လူ မတွေ့မချင်း ရွှေစင် သူ့ကို
မေ့မယ်မထင်ဘူး ... ကျွန်တော့်စိတ်ထဲမှာရှိသလို အမှန်
အတိုင်း ဝန်ခံရရင် ကျွန်တော် သူ့ကို မနာလိုဘူးဗျာ ...
သူက ရွှေစင့်အချစ်တွေ အကုန်ရသွားတဲ့သူပဲ"

"ကိုကို ဘာများပြောချင်လို့ ဒီစကားတွေနဲ့ လမ်းခင်းနေ
တာလဲ"

"မင်းသိပါတယ် ရွှေစင် ... ကျွန်တော် ရွှေစင့်ကို ချစ်နေ
ခဲ့မိလို့ပဲ ... ကြီးကြီးရဲ့အိမ်မှာ စတွေ့ကတည်းကပဲ ...
ကျွန်တော် ချစ်သွားခဲ့မိတာ ... ရွှေစင့်မှာ ချစ်သူရှိနေခဲ့
လည်း ကျွန်တော် မေ့ပစ်လို့မရတဲ့အထိ ဆက်ချစ်နေခဲ့မိ
တယ် ... ရွှေစင့်ဘက်က ကျွန်တော့်ကို ပေးစရာ ဘာအချစ်
မှ ရှိမနေတော့ဘူးဆိုတာ ကျွန်တော် သိပါတယ် ... ဒါပေမဲ့
ကျွန်တော့်မိတ်ဆွေ အမျိုးသမီးတစ်ယောက်ရဲ့ အယူအဆ
ကလေးကိုတော့ ရွှေစင်သိအောင် ပြောပြပါရစေ ... အဲဒီ
အယူအဆကလေးကို ရွှေစင် လက်ခံစေချင်တယ် ... အဲဒါ
က ဘာလဲဆိုတော့ ပညာတတ်မိန်းမတွေဟာ ချစ်သူကို
တော့ နှလုံးသားနဲ့ ရွေးချယ်တတ်ကြပြီး ... အိမ်ထောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဦးနှောက်နဲ့ ရွေးချယ်တတ်သတဲ့ ... သူ့ရဲ့ အယူ အဆက အဲဒါပဲ ... အဲဒီအယူအဆကလေးသာ ရွှေစင့်မှာ ရှိရင်ဆိုတဲ့ စိတ်ကူးနဲ့ ကျွန်တော်က ရွှေစင့်ကို မျှော်လင့်နေ ခဲ့တာ ... ဒါဆို ရွှေစင် ကျွန်တော့်ကို နားလည်နိုင်မယ်ထင် ပါရဲ့"

ကိုကိုသည် သူမအပေါ် အဲဒီလောက်အထိပင် မျှော် လင့်ချက်တွေနဲ့ စောင့်နေနိုင်ခဲ့သူပဲ ဖြစ်လေသည်။ ကိုကို့ထံမှ ဝန်ခံ မှုကြောင့် ရွှေစင်သည် သူ့အတွက် အဖြေတစ်ခုခု ပေးလိုက်ချင် တော့သည်။ တစ်ခုခုပေါ့။

သို့သော် ... ထိုတစ်ခုခုကိုပေးဖို့အတွက် သူမ၏ ရစ်ပတ်ချည်နှောင်ထားသည့် နှောင်ကြိုးတစ်ချောင်းကြောင့် ရွှေစင်ဖြာ၏အဖြေမှာ ကိုကို့အတွက် မရေမရာရှိလှ၏။

"ကိုကိုပြောသလို ကျွန်မ စဉ်းစားပါ့မယ် ... ပြီးတော့ တော်လူ့ကို စောင့်မဲ့အချိန်ကိုလည်း အတိုင်းအတာတစ်ခု အထိ သတ်မှတ်နိုင်ဖို့ ကျွန်မ ကြိုးစားကြည့်ပါဦးမယ် ..."

ထိုနေ့မှစ၍ ရွှေစင်သည် များပြားရှုပ်ထွေးလှသော ပုစ္ဆာပေါင်းများစွာ၏ မေးခွန်းများကို တွေးတောအဖြေထုတ်နေ သည်မှာ ခက်ခဲလွန်းလေစွ။

အချိန်အတိုင်းအတာတဲ့။ အဲဒီအတိုင်းအတာ သတ်မှတ်ရာမှာ သူမဘက်က များယွင်းသွားမှာကို မလိုလားနိုင်





... သူမ ဆုံးဖြတ်သတ်မှတ်ပြီးကာမှ တော်လူ့ဘက်က ပြောင်း လဲသွားလျှင် တော်လူက သူမ၏ဆန္ဒတွေကို လိုက်လျောသည်အထိ ပြောင်းလဲသွားခဲ့လျှင် တော်လူ နောက်ကျသွားပြီလို့လည်း ပြောမ ထွက်နိုင်ရက်ပြီ။

ပြီးတော့ ကိုကိုပြောပြထားသည့် အယူအဆတစ်ခု ကိုလည်း ရွှေစင်ဖြာ တော်တော်ပင် လက်ခံချင်သွားသည့်စိတ်ဓာတ် ကလည်း တစ်ဒုက္ခ။ သူ့ စိတ်ကြိုက်ပင် နှလုံးသားနှင့် ရွေးချယ်ခဲ့ သော ချစ်သူတစ်ယောက်ဟာ အိမ်ထောင်ဘက်ဖြစ်နိုင်ဖို့ အရည် အချင်းနဲ့ မပြည့်စုံတဲ့အခါ ပညာတတ်မိန်းမတစ်ယောက်ပီပီ သူမ ဘာကို ရွေးချယ်သင့်သလဲ။ ဦးနှောက်ထဲမှာ လက်ခံထားနှင့်ပြီး ခဲ့သည့် ကိုကို့ကိုပင် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရတော့ မည်လား။ ထို စိတ်လွန်ဆွဲပွဲကလည်း သူမကို အင်မတန် ဒုက္ခပေး နေခဲ့ပြီ။

ထို့ကြောင့်ပင် နောက်ဆုံးတော့ ရွှေစင်ဖြာသည် သူမ၏ချစ်သူကို သူမဘက်မှ ပထမဆုံး စတင်ပြန်ဆက်သွယ်မိ သည့်နေ့မှာ သူမတို့ မတွေ့ဖြစ်ကြတာ နေ့ပေါင်းခြောက်ဆယ်ကျော် ကျော် ကြာသွားသည့်နေ့များ၏ တစ်ရက်ပင်ဖြစ်သည်။

"သားငယ်လား ... မရှိဘူး သမီးရဲ့ ... အရင်တစ်လလုံး တော့ အိမ်မှာ အခန်းအောင်းပြီး ခြေငြိမ်နေသား ... အရင် တစ်ပတ်ကမှ သူ့မိတ်ဆွေ ဒါရိုက်တာတစ်ယောက်ရဲ့ ဆိုင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



စတန့်စီးပေးဖို့ အကူအညီတောင်းလို့ဆိုလား ... ပြင်ဦးလွင်မှာ ကားသွားရိုက်ရသတဲ့ ... အန်တီ့ကို ခွင့်တောင်းပြီး သွားလေရဲ့ ... ထွက်သွားတာကြာပြီ ... ဘယ်နေ့ပြန်ရောက်မယ်တော့ မသိဘူး ... သမီးက ရွှေစင်ဖြာမဟုတ်လား — အန်တီ သမီးကို သိတာကြာပါပြီ"

ရွှေစင်ဖြာသည် သူမချစ်သူ၏မေမေနှင့်သာ ဖုန်းပြောခွင့် ကြုံရပြန်ပါသည်။ သူ့ အခုထိ ဆိုင်ကယ်အပေါ် သံယောဇဉ် မဖြတ်နိုင်သေးပါလားဟု တွေးမိလျှင် သူမ၏ အဓိပ္ပါယ်မရှိသော မျှော်လင့်ချက်များကို ရပ်တန့်ပစ်ချင်လာခဲ့သည်။ ကြည့်စမ်း သူဟာ ဘယ်လောက်တောင် ညံ့ဖျင်းလွန်းတဲ့ မိန်းမတစ်ယောက်ဆိုတာ။ တွေဝေနေတဲ့ ချစ်သူတစ်ယောက်ဆီက အဖြေကို အတွေးဆန်စွာ မျှော်လင့်ခဲ့မိသတဲ့။ ချစ်သူဟာ သူမဘက် အလေးသာမှာပဲလို့ တစ်ယူသန်ခဲ့သတဲ့။

ကိုကို့ကို သူမ၏ အယူအဆတစ်ခု တင်ပြဖို့ ထိုနေ့ညမှာပင် အတိအလင်း ဆုံးဖြတ်လိုက်ပါသည်။ ထိုအယူအဆသည် သူ့ဘဝတစ်ခု နောင်တရမသွားစေသည့် အယူအဆ။ ပြီးတော့ သူ့စိတ်ကြိုက် လက်ခံသော အယူအဆပင်ဖြစ်ကြောင်း ကိုကို့ထံမှ ဝန်ခံတော့မည်။

တော်လူ ဆုံးဖြတ်ဖို့ အချိန်ကာလဆိုတာကို သတ်မှတ်မပေးတော့ပါ။ သူက သူမသတ်မှတ်ပေးသည့်အချိန်ကာလ





အထိပင် ဆုံးဖြတ်နိုင်ဦးမည်မဟုတ်ဟု သူမ အလိုလို သိသွားခဲ့သည်။

သို့သော် ကိုကို့ကို သူမ၏ အယူအဆ မပြောပြခင် ရက်ပိုင်းအတွင်းမှာ သူမထံသို့ အပြာရောင်စာအိတ်ကလေးတစ်ခု စာတိုက်မှတစ်ဆင့် ရောက်လာခဲ့၏။ ထိုစာအိတ်ကို သူမ အလောတကြီး ဖွင့်မိသည်မှာ ပေးပို့သူ၏အမည်သည် တော်လူဝင်းဖြစ်နေခဲ့ပြီး ခေတ္တပြင်ဦးလွင်မြို့ဟု သူ့လိပ်စာကိုပါ စာအိတ်ပေါ်တွင် ဖော်ပြထား၍တည်း။

စာအိတ်အတွင်း၌ စာရွက်ပြာကလေးတစ်စောင်သာ ပါသည်။ ထိုစာရွက်ကလေးမှာ ထူးဆန်းစွာပင် ရုပ်ပုံတစ်ပုံပေါ်တွင် မျဉ်းကြောင်းကလေးတွေပါသည့် စာရေးစက္ကူ အပြာရောင်ပင်ဖြစ်၏။ စာကြောင်းတွေက အနည်းငယ်မျှသာ ရေးထားခဲ့၏။

ရွှေစင်ဖြာ ...

ကိုယ့်ဘဝမှာ ဘာအလိုအပ်ဆုံးလဲဆိုတာ ကိုယ်ဖြေပါ့မယ်။ အဲဒီအတွက် ရွှေစင် ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။

ကိုယ့်ဘဝမှာ အလိုအပ်ဆုံးက ကိုယ်အချစ်ဆုံး ချစ်သူတစ်ယောက်ရယ်၊ ဆိုင်ကယ်တစ်စီးရယ်၊ ပြီးတော့ ရင်ဂိုဆိုထားတဲ့ 'တစ်နေ့နေ့ တစ်ချိန်ချိန်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သီချင်းတစ်ပုဒ်ရယ်ရှိရင် ကိုယ့်ဘဝ ပြည့်စုံသွားပြီ။ အဲဒါ … ကိုယ့်ရဲ့အဖြေပဲ။

တော်လှ

ထိုစာကြောင်းအနည်းငယ်တို့၏အောက်က ပုံရိပ်ကလေးကို မရမက စူးစမ်းကြည့်တော့ ချစ်သူစုံတွဲကလေးကို တွေ့ရလေသည်။ ကောင်ကလေးက ကောင်မလေး၏ နားထင်မှာ သူ့နှုတ်ခမ်းကို ဖိကပ်၍ ကောင်မလေး၏ ပုခုံးအား ယုယုယယ သိုင်းဖက်ထားသည့်ပုံက ထားတော့။ ကောင်ကလေး မှီရပ်နေသောအရာမှာ ဆိုင်ကယ်ကြီးတစ်စီးဖြစ်နေခြင်းတည်း။

"တစ်နေ့နေ့ပေါ့မေရယ် … ဘဝလေးတစ်ခု တည်ဆောက်မယ် … တစ်နေ့နေ့ပေါ့ မေရယ် … တစ်ချိန်ချိန် တို့ အဆင်ပြေမယ် … စိတ်ရှည်လက်ရှည်သာ စောင့်ကွယ် … မညည်းနဲ့ တစ်နေ့နေ့ပေါ့ မေရယ်"

ဟူသော သီချင်းစာသားတချို့ကို ရွှေစင်ဖြာက ပြန်လည် ကြားယောင်မိသောအခါ မွမွကြေနေခဲ့သော အသံဖြင့် ရယ်ပစ်လိုက်မိ၏။ ဒါပေမဲ့ မျက်ရည်တွေ ရစ်သိုင်းနေခဲ့တာတော့ မဆန်းဘူးနော်။

***





ကိုကိုသည် သူချစ်သော အမျိုးသမီး၏ တည်ငြိမ်စွာ ဝန်ခံသော အယူအဆတစ်ခု၌ သူ့ဘဝကိုသူ ကျေနပ်သွားခဲ့ပါသည်။

"ကိုကို့မိတ်ဆွေ အမျိုးသမီးပြောပြခဲ့တဲ့ အယူအဆကို ကျွန်မလိုလိုလားလား လက်ခံပါတယ် ကိုကို … ပြီးတော့ ကျွန်မရဲ့ အယူအဆတစ်ခုအဖြစ် ကိုကို့ကို ဝန်ခံခွင့်ပြုပါ"

"ကိုယ် … နားလည်ပါတယ် ရွှေစင်ကလေးရဲ့ … ဝန်ခံစရာ မလိုပါဘူး … ကိုယ်က အဲဒီအဖြစ်ကိုသာ မျှော်လင့်ခဲ့တာပဲ ကိုယ် ကျေနပ်ပါတယ် … "

"ဒါပေမဲ့ … ကျွန်မ ဝန်ခံလိုက်ရမှဖြစ်မှာ ကိုကိုရဲ့ … ကိုကို ကျွန်မအပေါ် သံသယရှင်းသွားအောင်လေ … ရွှေစင်ဖြာ ဆိုတဲ့ ပညာတတ်မိန်းမတစ်ယောက်က ချစ်သူကိုတော့

www.burmeseclassic.com



နှလုံးသားနဲ့ ရွေးချယ်ခဲ့ဖူးပါတယ် ကိုကို ... ဒါပေမဲ့ အိမ်ထောင်ဘက်ကိုတော့ ဦးနှောက်နဲ့ ရွေးချယ်ခဲ့တယ်ဆိုတာ ကိုကို လက်ခံရဲ့လား"

"လက်ခံပါတယ်ကွာ ... လက်ခံပါတယ် ... ရွှေစင် အဲဒီလို ဆုံးဖြတ်နိုင်ခဲ့အောင်လည်း ကိုယ် သိထားတဲ့ အကြောင်းအရာတစ်ခုကို ရွှေစင့်ကို တမင် ပြန်ပြောခဲ့တာပဲပေါ့"

"ကျွန်မကို အစစအရာရာ နားလည်ပေးနိုင်ခဲ့တဲ့အတွက် ကိုကို့ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

ထို့နောက် ကိုကိုသည် သူ့ပခုံးပေါ်မှာ မျက်နှာကို မှောက်ချငြိမ်သက်နေသော အမျိုးသမီးကလေး၏ ဆံစပျော့ပျော့များကို နှစ်သိမ့်စွာ၊ ချစ်မြတ်နိုးစွာ၊ ပီတိဖြစ်စွာ၊ ညင်သာနူးညံ့စွာ ပွတ်သပ် ချော့မြှူနေခဲ့ပါသည်။

ထိုနေ့မှ မဝေးတော့သော နေ့တစ်နေ့မှာတော့ ကိုကိုနဲ့သူ၏ချစ်သူ အမျိုးသမီးကလေးတို့၏ မင်္ဂလာလက်ထပ်ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပဖြစ်ကြလေသည်။ မင်္ဂလာဧည့်ခံပွဲ၌ အမျိုးသမီးကလေး၏အလိုကျ ဆိုင်ကယ်တစ်စီးကို ရှူသွပ်သော အမျိုးသားကလေးတစ်ယောက်ကို သူ ဖိတ်ကြားခွင့် ပြုခဲ့ရပါသေးသည်။

***







ကောင်းကင်ပေါ်က ချစ်သူတို့ရဲ့ပွဲ

အပိုင်း(၄)

နိဂုံး





www.burmeseclassic.com

www.burmeseclassic.com



ပန်းဆီရောင်တောက်နေသော သတို့သမီးကလေး၏ အပြုံးက ရင်ထဲကလာသော အပြုံးရော ဟုတ်ရဲ့လား။ ထိုအပြုံး ဟာ တကယ်ရော လှိုက်လှိုက်လှဲလှဲ ရှိရဲ့လား။

နေဦး ... အဲဒါတွေထားတော့။ သေချာတာက သူမရဲ့အပြုံးမှာ ခနဲ့ခြင်းတွေ၊ မထေ့မဲ့မြင်ခြင်းတွေ၊ လှောင်ပြောင် ခြင်းတွေ အနိုင်ရယူခြင်းတွေနဲ့ တောက်ပနေခဲ့တာတော့ အမှန်ပဲ

ဟုတ်တယ်။ ဒီခန်းမတစ်ခုလုံးမှာရှိသမျှ ပရိတ်သတ် တွေထဲမှာ [illegible]တစ်ယောက်သာ ခွဲခြားစိတ်ဖြာ သိရှိနိုင်တဲ့ အပြုံး မျိုးကို သူမရဲ့ ပန်းဆီရောင် နှုတ်ခမ်းဖျားမှာ တင်ထားလေရဲ့။ ဒီလို ပြုံးရတာကို မင်း ကျေနပ်တယ် မဟုတ်လား ... ရွှေစင်ဖြာ။ အထူး သဖြင့် ကိုယ့်ရှေ့မှာ ဒီလိုပြုံးနေရတာကို မင်း ပီတိဖြစ်တယ် မဟုတ် လား ... အဲဒီအတွက် ကိုယ်က မင်းအစား ဝမ်းသာပေးရမှာပေါ့





"ကိုကို ... သူက ကျွန်မ မိတ်ဆွေရင်းချာတွေထဲက တစ် ယောက်ပဲ ... ဆိုင်ကယ်မင်းသားပေါ့ ... ဆိုင်ကယ်စတန့် စီးတာ သိပ်ကြည့်ကောင်းတယ်ကိုကိုရဲ့ ... သူ့ဘဝမှာ ဆိုင်ကယ်ကိုတော့ ဘယ်အရာနဲ့မှ နေရာလဲမပေးနိုင်တဲ့ အထိ ရူးသွပ်တာလေ ... နောက်ကြုံရင် သူ့ဆိုင်ကယ်ကြီး ကိုကို့ကို ယူလာပြဖို့ ကျွန်မတောင် မှာမလို့ စဉ်းစားနေ တာ ... ဘယ်လိုလဲ တော်လှ ... ရှင့်ဆိုင်ကယ်ကြီး အခု ရော ပါမှ ပါရဲ့လား ... ခြစ်ရာပွန်းရာမပြောနဲ့ မြူတစ်မှုန် တင်တာတောင် သူက မကြိုက်ဘူးရှင့် ... ကိုကို အံ့သြပြီ မဟုတ်လား ... သူ့နာမည်က တော်လှဝင်းတဲ့ ကိုကို"

သူ ပြုံးလိုက်မိသည်ထင်သည်။ သူ့ကို ခနဲ့သော စကားပေမယ့် သူ ခံနိုင်ရည်ရှိစွာ၊ ပြီးတော့ သူ မြတ်နိုးသော မိန်းမ တစ်ယောက်က သူ့မဟုတ်သော အခြားယောက်ျားတစ်ယောက်၏ လက်မောင်းကို တွဲချိတ်နွဲ့မှီနေခြင်းကို မလိုလားနိုင်ခဲ့ပေမယ့် ဟန် ဆောင်ကောင်းစွာ သူ ပြန်လည်ပြုံးပြနိုင်ခဲ့ပါသည်။

ပန်းဆီရောင် တောင်ရှည်ချိတ်ပုဆိုး၊ ပိုးရင်ဖုံးတိုက် ပုံအဖြူကို ဝတ်ဆင်ထားသော သတို့သားက သူ့ကို ညာလက် ကမ်း ပေး၏။ ထိုသူ့လက်ဖဝါးတွေကို သူ မုန်းသည်။ ထိတောင် မထိချင်။ သူ မြတ်နိုးရသော မိန်းမတစ်ယောက်ကို သူ့လက်ထဲက ဆွဲခေါ်သွား တော့မည့် လက်ဖဝါးတွေ။ ဖြစ်နိုင်ရင် ထိုလက်ဖဝါးတွေကို ခား



www.burmeseclassic.com

ထက်ထက်နဲ့ ဖြတ်တောက်ပစ်လိုက်ချင်၏။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုတော်လှုဝင်း ... ခင်ဗျား အကြောင်းတချို့ကို ကျွန်တော် မဂ္ဂဇင်းမှာ ဖတ်ဖူးတယ် ထင် ထင်တယ် ... ဗွီဒီယိုကားတွေမှာ ဆိုင်ကယ်စတန့် မင်းသားအဖြစ် ပါဝင်နေကျ ... ဆိုင်ကယ်ဝါသနာအိုးတစ် ယောက်မဟုတ်လား ... ကြည့်စမ်း ရွှေစင့်မိတ်ဆွေ ဖြစ်နေ လိမ့်မယ်ဆိုတာ ကျွန်တော် လုံးဝ တွေးမထားခဲ့မိဘူး"

"ကျွန်တော်တို့ ခင်နေကြတာ ကြာပါပြီ ... လူချင်းခင်ပေ မဲ့ ရွှေစင်ဖြာက ကျွန်တော့်ဆိုင်ကယ်ကိုတော့ မခင်ဘူးဗျ သူက ကျွန်တော့်ဆိုင်ကယ်ကို မုန်းသတဲ့ဗျာ ... ဈေးကြီး ပေးရတာခြင်းအတူတူ လူနှစ်ယောက်ပဲ စီးခွင့်ရလို့ ကား တစ်စီးနဲ့ယှဉ်ရင် လုံးဝ အသုံးမကျဘူးဆိုပြီး သူက ဝေဖန် နေကျပေါ့ဗျာ ..."

ရိုးသားစွာ ပြုံးတတ်သော သတို့သားနှင့် သူတို့ လက်ဆွဲနှုတ်ဆက်ကြလေသည်။ သူမက ခပ်တည်တည် မာနကြီး သောမျက်လုံးများ၊ သို့သော် နှုတ်ခမ်းများက အနိုင်ပြုံးကို ဆင် လျက် သူ့ကို စိုက်ကြည့်နေခဲ့၏။

ပန်းဆီရောင် အသွေးကြွသော မိတ်ကပ်မျက်နှာ ကလေးကို နောက်ဆုံးတစ်ချက် ငေးကြည့်လိုက်သည်။ မာနတို တစ်စက်မှ မလျှော့သော မျက်နှာကလေးကို သူ စပြီးချစ်ခဲ့တာ





ပြီးတော့ မာနကြီးသော စကားသံကလေးတွေကို သူ စပြီး စွဲလမ်း ခဲ့တာ၊ ပြီးတော့ မာနကြီးသူကလေးရဲ့ နှလုံးသားထဲမှာ နေရာရဖို့ သူပဲ အတင်းကြိုးစားခဲ့တာ။

ကဲ အခုတော့ သူမ၏မာနကြောင့်ပင် သူ မလိုလား ခဲ့သော အဖြစ်အပျက်တစ်ခုက ဖြစ်ပွားခဲ့လေပြီ။

"ရှင်လည်း ... မာနကြီးတာပါပဲ တော်လှု"

ဟု သူမက စွပ်စွဲခဲ့လေသည်။

မဟုတ်ဘူး။ ကိုယ် မာနကြီးတာ မင်းအပေါ် မာန ထားတာမဟုတ်ဘူး ရွှေစင်ဖြာ။ အဲဒါကို မင်း ဘယ်တော့မှ သဘော ပေါက်မှာ မဟုတ်ဘူး။

ကိုယ်က ကိုယ့်ရဲ့စွဲလမ်းရူးသွပ်မှုကို လက်မလွှတ် နိုင်ခဲ့တာပါ။

သူသည် သူ့ချစ်သူကို တစ်ချက် ပြုံးပြနှုတ်ဆက်ကာ မင်္ဂလာခန်းမဆောင်ကြီးကို ကျောခိုင်းထွက်ခဲ့လေသည်။ မြရိပ်ညို ရှိုင်ရယ်ဟိုတယ်လ်ကြီး၏ ဆင်ဝင်အောက်အရောက်တွင် ဝတ်ထား သော တိုက်ပုံကိုချွတ်၍ ပခုံးပေါ် ဖြစ်သလိုတင်လိုက်၏။ အပြင် ဘက်က အပူရှိန်ထက်ပြင်းသော အပူစတစ်ခုက သူ့နှလုံးသား တစ် ခုလုံးကို လောင်မြိုက်နေခဲ့တာတော့ အမှန်ပဲ။

ထိုအပူမီးတစ်ခုဟာ သူ့ဘဝတစ်ခုလုံးကို အမြဲပြတ် ပူလောင်နေအောင် လောင်မြိုက်နေတော့မှာဖြစ်သည်။

www.burmeseclassic.com



ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ကြရက် ဘာဖြစ်လို့ ကွဲကွာခဲ့ကြရတာလဲ။ ရှေ့စင်ဖြာကို မေးလျှင် သူက သူမနဲ့ အပြိုင်မာနထား၍ဟု သူမက အဖြေပေးမည် ထင်သည်။

ကိုယ်ကတော့ အဲဒီလို မယူဆဘူး။ ကိုယ်တို့နှစ်ယောက်ဟာ ကိုယ့်ယုံကြည်စွဲလမ်းရာ အကြောင်းအရာတစ်ခုစီရဲ့ လွှမ်းမိုးမှုအောက်က ရုန်းမထွက်နိုင်ခဲ့လို့ပဲလို့ သူက ယူဆချင်သားပင်။

တော်လှုဝင်းသည် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်လ်ကြီးကို တစ်ချက်မျှ ငေးကြည့်လိုက်၏။ ထို့နောက် ဟွန်ဒါရိုဘဲလ်ကြီးကို တရှူကြမ်းမောင်းထွက်၍ အရာရာကို ကျောခိုင်းပစ်လိုက်တော့သည်။

***





ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးသည့်နောက်
နှစ်အနည်းငယ်မျှ ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် တစ်ယောက်နဲ့တစ်ယောက် အသီးသီး ကျောခိုင်းထွက်သွားကြသူများ ဖြစ်ကြသော်လည်း ကမ္ဘာကြီးက လုံးဝန်းနေသည့် သဘောတရားကြောင့်ပင် တစ်နေ့ရာရာ၌ မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့ကြသည်။ မယုံမရှိနဲ့။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါလို့ ဆိုရိုးစကားအတိုင်းပင်။ ကျဉ်းမြောင်းလှသော ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်ကြသော သူတို့နှစ်ယောက် တစ်ကြိမ်တစ်ခါတော့ ဆုံဖြစ်ခဲ့ကြပါသည်။

"နေကောင်းလား ... အခု ဘာတွေ လုပ်နေလဲ"

ဟု အမျိုးသမီးကလေးသည် ချစ်စဖွယ်ကလေးလေး တစ်ယောက်ကို ချီထားရင်းမှ သူ့ကို အာဃာတ ကင်းမဲ့သောမျက်လုံးများဖြင့် နှုတ်ဆက်ကာ ရိုးသားစွာ မေးမြန်းလေသည်။

"ဒါ ကျွန်မသမီးလေ ... အခုမှ နှစ်နှစ်ပြည့်မှာ ... သူ့ဖေဖေ





က မွေးနေ့လုပ်ပေးမလို့တဲ့ ... မွေးနေ့ ဖိတ်စာလာရိုက်တာလေ"

အမျိုးသမီးက သူမ၏ သမီးငယ်ကလေးကို လှမ်းကြည့်သော သူ့မျက်လုံးများကို နားလည်စွာ သူမ၏ သမီးငယ်ကလေးအကြောင်း မိတ်ဆက်ပေးလေသည်။

အမျိုးသမီးကလေး၏ မျက်လုံးများထဲမှာ တွေ့ရလေ့ရှိသော မာနတရားများက အခု မရှိတော့ပြီ။ သူ့ကို နှစ်လိုစွာ ပြုံးပြနေသော နှုတ်ခမ်းစူစူကလေး၌ မာနတရားများလည်း မရှိတော့ပြီ။ သူသည် နာကျင်စွာ ကြိုးစားပြုံးပြရင်း ...

"ကျွန်တော် ... အခုထိ ဆိုင်ကယ်တစ်စီးကို ရှူးသွပ်ဆဲ ... ရင်ဂိုရဲ့ တစ်နေ့နေ့တစ်ချိန်ချိန်ဆိုတဲ့ သီချင်းကို နှစ်သက်ဆဲ နောက်ပြီးတော့ ... ကျွန်တော် ချစ်မြတ်နိုးခဲ့ရတဲ့ အချစ်ဆုံးချစ်သူတစ်ယောက်အကြောင်းကို စိတ်ကူးယဉ်အိပ်မက်မက်လို့ ကောင်းနေဆဲပဲဗျာ"

ထိုသို့ အဖြေပေးလိုက်သောအခါ အမျိုးသမီး၏ မျက်နှာ၌ ပြောင်းလဲဖြစ်ပေါ်သွားသည့် အရိပ်အရောင်များကို တွေ့လိုက်ရ၏။

ဘာဖြစ်လို့ ထိုသို့ အမှန်အတိုင်း ဝန်ခံချင်စိတ်ရှိနေခဲ့သလဲဆိုတာ သူ့ကိုယ်သူ တွေးမရခဲ့ပါ။

တွေဝေငြိမ်သက်သွားသော အမျိုးသမီးကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြနှုတ်ဆက်တာ သူ ကျောခိုင်းထွက်သွားခဲ့မိပါသည်။ မိမိချစ်သော အမျိုးသမီးတစ်ယောက်ကို စိတ်အနှောင့်အယှက် ပေးခဲ့မိတဲ့ စကားလားဟု မဆန်းစစ်ကြည့်ချင်သူမှာ တော်လှဝင်းဆိုသည့် အမျိုးသားကလေးပဲ ဖြစ်ပါသည်။

✱✱✱





ကိုကိုသည် တွေဝေစွာ ရပ်ကျန်ခဲ့သည့် သူ့ဇနီးသည်၏လက်ထဲမှ သမီးကလေးကို သူ့လက်ထဲပြောင်း၍ ချီလိုက်သည်။ သူ့ကို မော့ကြည့်သော မျက်လုံးကလေးများ၏ စကားသံကို သူ နားလည်နိုင်ခဲ့သည်။

"ကိုယ်တို့သမီးကလေးအတွက် မွေးနေ့လက်ဆောင် ဘာဝယ်ပေးရင် ကောင်းမလဲ ... စဉ်းစားပါဦးကွာ ... ကိုယ်ဦးနှောက်ခြောက်နေလို့"

ထိုစကားဖြင့် သူ့မအား ပစ္စုပ္ပန်သို့ သူက ပြန်ခေါ်တော့ သူ့မသည် သူ့အား ကျေးဇူးတင်သော အပြုံးများဖြင့် ပြုံး၍ သူ့လက်မောင်းကို အားကိုးတကြီးပင် တွဲခိုလိုက်ပါသည်။

✱✱✱



www.burmeseclassic.com

www.burmeseclassic.com



လုံးဝန်းသောကမ္ဘာကြီးပေါ်တွင် နေထိုင်နေကြသော သူတို့နှစ်ယောက်သည် နောက်ထပ် ဘယ်နှစ်ကြိမ်လောက်များ ဤကဲ့သို့ မျက်နှာချင်းဆိုင် ဆုံဖြစ်ကြဦးမည်မသိ။



ရှင်မိုး(သေးတက္ကသိုလ်)



www.burmeseclassic.com